# &ivumc&pOiusr;

## ယေရှု၏ဘဝဖြစ်စဉ်အကြောင်းကို ရှင်လုကာရေးသားတင်ပြခြင်း

၁ ချစ်သော သော်ဖိလု၊ များစွာသောလူတို့သည်
ငါတို့ဝန်းကျင်၌ ဖြစ်ပျက်ခဲ့သော သမိုင်းဖြစ်
ရပ်များကို ရေးသားတင်ပြရန် ကြိုးစားခဲ့ကြသည်။
၂ သူတို့ရေးသားချက်များမှာလည်း လူအချို့တို့ထံ
မှ ငါတို့ ကြားသိခဲ့ရသောအကြောင်းအရာများနှင့်
ထပ်တူဖြစ်၏။ ထိုသူတို့သည် ထိုဖြစ်ရပ်များကို အစ
မှအဆုံးတိုင် မြင်တွေ့ခဲ့ရသူများဖြစ်သည်။ သူတို့
ပြောပြခဲ့သောအရာများကို လူတို့ထံပြန်လည် ပြော
ပြခြင်းသည် ဘုရားသခင်၏အမှုတော်ကို ဆောင်
ရွက်ခြင်းဖြစ်သည်။ ၃ ငါကိုယ်တိုင် ကိုယ်တော်ရှင်
ဘုရား၏ကောင်းမြတ်ခြင်းတို့ကို အစမှနေ၍ ဂရု
တစိုက်လေ့လာခဲ့ပါသည်။ ထိုအခါ ငါသည် ထို
အကြောင်းအရာတို့ကို သင်တို့အဖို့ ရေးသားရန်
စဉ်းစားမိသည်။ ထိုကြောင့် ဖြစ်စဉ်အလိုက်စနစ်
တကျ ဤကျမ်းစာစောင်၌ထည့်သွင်း ရေးသားပြုစု
လိုက်ပါသည်။ ၄ ဤသို့ရေးသားလိုက်ရခြင်းမှာလည်း
ကိုယ်တော်၏ ဩဝါဒများသည် အမှန်ဖြစ်သည်ကို
သင်တို့သိနိုင်ရန်ဖြစ်သည်။

## ဇာခရိနှင့်ဧလိရှဗက်

၅ ယုဒပြည်ကို ဟေရုဒ်မင်း အုပ်စိုးစဉ်ကာလ
တွင် ယဇ်ပုရောဟိတ်မင်းမှာ ဇာခရိဖြစ်သည်။ ဇာခရိ
သည် အဘိယအဖွဲ့ဝင်တစ်ဦးဖြစ်သည်။ သူ၏ ဇနီး
သည် အာရုန်အမျိုးအနွယ်မှ ပေါက်ဖွားလာသူဖြစ်
ပြီး သူမ၏အမည်မှာ ဧလိရှဗက်ဖြစ်သည်။ ၆ ဇာခရိ
နှင့်ဧလိရှဗက်တို့သည် ဘုရားသခင်ရှေ့တော်တွင်
ဖြောင့်မတ်မှန်ကန်သူများဖြစ်ကြသည်။ သူတို့သည်
အရာရာ၌ ဘုရားသခင်၏ ပညတ်တော်အတိုင်း
လိုက်လျှောက်ပြီး လူများတို့အားလည်း ထိုသို့လိုက်
လျှောက်ကြရန် တိုက်တွန်း၏။ သူတို့တွင် အမှား
အယွင်းဟူ၍ မရှိကြချေ။ ၇ သို့ရာတွင် ဇာခရိနှင့်
ဧလိရှဗက်တို့တွင် သားသမီးမရှိ။ ဧလိရှဗက်၌ သား
သမီးမထွန်းကားနိုင်။ ထို့အပြင် သူတို့နှစ်ဦးစလုံး
သည်လည်း အသက်အရွယ်အိုမင်းပြီဖြစ်၏။
၈ ဇာခရိသည် သူ၏အဖွဲ့အတွက် ဘုရားသခင်
ရှေ့တော်တွင် ယဇ်ပုရောဟိတ်အဖြစ် ဆောင်ရွက်
၏။ ထိုအချိန်သည် သူ၏အဖွဲ့အမှုဆောင်ရန် အလှည့်
ကျသောအချိန်ဖြစ်၏။ ၉ ယဇ်ပုရောဟိတ်များက
နံ့သာပေါင်းကို မီးရှို့ရန် ယဇ်ပုရောဟိတ်တစ်ဦး
ကို ရွေးချယ်လေ့ရှိ၏။ ဇာခရိအား ထိုအမှုကိုပြုရန်
ရွေးချယ်ကြ၏။ ထို့ကြောင့် ဇာခရိသည် နံ့သာပေါင်း
ကို မီးရှို့ရန် ဘုရားသခင်၏ ဗိမာန်တော်တွင်းသို့
ဝင်သွားလေ၏။ ၁၀ ဗိမာန်တော်အပြင်ဘက်တွင်
မူကား လူများစွာရှိနေကြ၏။ သူတို့သည် နံ့သာ
ပေါင်းကို ပူဇော်စဉ်တွင် ဆုတောင်းကြရ၏။ ၁၁ ထို
အခါ ထာဝရဘုရား၏ကောင်းကင်တမန် တစ်ပါး
သည် နံ့သာပေါင်းပူဇော်ရာခုံ၏ ညာဘက်တွင်
ပေါ်လာပြီး ဇာခရိ၏ရှေ့တွင် ရပ်နေလေ၏။ ၁၂ ဇာ
ခရိသည် ကောင်းကင်တမန် ကို တွေ့ရသောအခါ
စိတ်လှုပ်ရှားကာ ကြောက်ရွံ့တုန်လှုပ်လေ၏။ ၁၃ သို့
ရာတွင် ကောင်းကင်တမန်က သူ့အား“ဇာခရိ၊
မကြောက်နဲ့၊ သင် ဆုတောင်းတာကို ဘုရားသခင်
ကြားတော်မူပြီ။ သင့်ဇနီးဧလိရှဗက်ဟာ သားယောက်ျား
လေးကို မွေးလိမ့်မယ်။ အဲဒီသားလေးရဲ့နာမည်ကို
ယောဟန်လို့ မှည့်ပါ။ ၁၄ သင်တို့ အလွန်ဝမ်းမြောက်
ဝမ်းသာဖြစ်ကြရလိမ့်မယ်။ အဲဒီသားလေးကို ရတဲ့
အတွက် လူတို့လည်း ဝမ်းမြောက်ကြလိမ့်မယ်။
၁၅ ယောဟန်ဟာ ဘုရားသခင်အတွက် မြင့်မြတ်
တဲ့သူ ဖြစ်လာလိမ့်မယ်၊ သူဟာ သေရည်သေရက်
ကို ဘယ်တော့မှ သောက်မှာမဟုတ်ဘူး၊ သူဟာ
မွေးဖွားစဉ် ကတည်းက သန့်ရှင်းသောဝိညာဉ်တော်
နဲ့ ပြည့်စုံလိမ့် မယ်။ ၁၆ ယောဟန်က ဂျူးအမျိုးတို့
ကို သူတို့ရဲ့ဘုရားသခင်ထံ ပြန်ရောက်အောင် ကူ
ညီလိမ့်မယ်။ ၁၇ ယောဟန်ကိုယ်တိုင် ဘုရား သခင်
ရဲ့ရှေ့တော်မှောက်ကို ကိုယ်တိုင်သွားလိမ့်မယ်။
ယောဟန်ဟာ ဧလိယလိုပဲ အစွမ်းတန်ခိုးနဲ့ပြည့်စုံ
မယ်။ သူရရှိမယ့် ဝိညာဉ်ဟာ ဧလိယရဲ့ ဝိညာဉ်
အတိုင်းဖြစ်လိမ့်မယ်၊ သူဟာ အဖနဲ့သားသမီးများ
အကြားမှာ ငြိမ်းချမ်းရေးကို လုပ်လိမ့်မယ်။ ဘုရား
သခင်ကို မနာခံတဲ့သူများစွာတို့ကို တွေးခေါ် ဆင်
ခြင်စေပြီး လမ်းမှန်ကို ပို့ဆောင်ပေးလိမ့်မယ်။ သူ

က လူတွေကို ဘုရားသခင်နဲ့တွေ့ဖို့ အဆင်သင့်
ဖြစ်အောင်လုပ်ပေးလိမ့်မယ်”ဟု ပြောလေ၏။
၁၈ ဇာခရိက ကောင်းကင်တမန်အား “သင်
ပြောတာတွေဟာ အမှန်တွေလို့ ကျွန်ုပ်ဘယ်လို
လုပ်သိနိုင်မလဲ၊ ကျွန်ုပ်တို့ဇနီးမောင်နှံဟာ အိုမင်း
နေကြပါပြီ”ဟု လျှောက်ရာ၊
၁၉ ကောင်းကင်တမန်က “ငါဟာ ဘုရားသခင်
ရဲ့ရှေ့တော်မှာ အစဉ်အမြဲအသင့်ရပ်နေတဲ့ ဂါဗြေ
လ ဖြစ်တယ်၊ ဒီသတင်းကောင်းကို ပြောဖို့အတွက်
ဘုရားသခင်က ငါ့ကို စေလွှတ်လိုက်တာပဲ။ ၂၀ နား
ထောင်ပါ၊ ခုပြောတဲ့အရာတွေမဖြစ်လာမချင်းသင်
ဘာကိုမှ ပြောနိုင်မှာ မဟုတ်ဘူး။ သင်စကားမပြော
နိုင်ဘဲ အ လိမ့်မယ်။ ဘာကြောင့်လည်းဆိုရင် သင်
ဟာ ငါပြောပြတာတွေကို မယုံလို့ဘဲ။ ဒါပေမယ့် ငါ
ပြောခဲ့တဲ့အရာတွေကတော့ အမှန်တကယ် ဖြစ်
ပျက်လိမ့်မယ်”ဟု ပြောလေ၏။
၂၁ အပြင်ဘက်၌ကား လူအပေါင်းတို့သည် ဇာ
ခရိအား စောင့်နေကြ၏။ သူသည် ဗိမာန်တော်အထဲ
၌ အချိန်ကြာမြင့်စွာနေသည့်အတွက် လူများတို့
သည် အံ့သြကြ၏။ ၂၂ ထို့နောက် ဇာခရိသည် အပြင်
သို့ ထွက်လာသော်လည်း သူသည် လူတို့အား
စကားမပြောနိုင်တော့ပါ။ ထို့ကြောင့် ဇာခရိသည်
ဗိမာန်တော်အတွင်း ၌ ရူပါရုံတစ်ခုခုမြင်လာသည်
ကို ထိုသူတို့ သိလိုက်ကြ၏။ ဇာခရိသည် စကား
မပြောနိုင်တော့ဘဲ လက်ဟန်ခြေဟန်ဖြင့်သာ ပြသ
နိုင်တော့၏။ ၂၃ ဇာခရိသည် သူ့လုပ်ငန်းတာဝန်ပြီး
ဆုံးသောအခါ အိမ်သို့ပြန်လေ၏။
၂၄ များမကြာမီတွင် ဇာခရိ၏ဇနီး ဧလိရှဗက်
သည် ကိုယ်ဝန်ရှိလာ၏။ ထို့ကြောင့် သူမသည်
ငါးလတိတိအိမ်ထဲမှ အိမ်ပြင်သို့မထွက်ဘဲ နေလေ
၏။ ၂၅ “ကြည့်ပါဦး၊ ဘုရားသခင်က ကျွန်မအတွက်
ဘာလုပ်ပေးခဲ့သလဲလို့။ ကျွန်မ မှာ ကလေးရဖို့အ
တွက် ဘုရားသခင်ဟာ ကူမဖို့ဆုံးဖြတ်ခဲ့တယ်။
လူတွေက ကျွန်မကလေး မရနိုင်တာနဲ့ ပတ်သက်
ပြီး တစ်ခုခုမှားနေပြီ လို့ ထင်ကြတာ ခုတော့အဆုံး
သတ်သွားပြီ”ဟု ပြောလေ၏။

**အပျိုစင်မာရိ**

၂၆-၂၇ ဧလိရှဗက်၏ကိုယ်ဝန်ခြောက်လရှိချိန်တွင်
ဘုရားသခင်သည် ဂါလိလဲပြည်၊ နာဇရက်မြို့၌ နေ
ထိုင်သော အပျိုစင်မိန်းကလေးထံသို့ ကောင်းကင်
တမန် ဂါဗြေလကို စေလွှတ်လိုက်၏။ သူမသည်
ဒါဝိဒ်မျိုးနွယ်မှ ယောသပ်ဆိုသူနှင့် လက်ထပ်ရန်
စေ့စပ်ထားသူဖြစ်၏။ သူမ၏အမည်မှာ မာရိဖြစ်၏။
၂၈ ကောင်းကင်တမန်သည်သူမထံသို့လာပြီး“မင်္ဂလာ
ပါ၊ ဘုရားသခင် သင်နဲ့အတူရှိပါတယ်။ ဘုရား
သခင်က သင့်ကို အထူးမြင့်မြတ်စေပါတယ်” ဟု
ပြောလိုက်၏။
၂၉ သို့သော်လည်း မာရိသည် ကောင်းကင်
တမန်ပြောသောစကားကြောင့် စိတ်ရှုတ်ထွေးသွား
လေ၏။ မာရိက အံ့သြစွာဖြင့် ဒါဟာ ဘာအဓိပ္ပာယ်
ပါလိမ့်”ဟု မေးလေ၏။
၃၀ ကောင်းကင်တမန်ကလည်း “မာရိ၊ မကြောက်
ပါနဲ့၊ ဘာကြောင့်လည်းဆိုရင် ဘုရားသခင်ဟာ
သင့်အတွက်ကြောင့် ဝမ်းမြောက်နေပါတယ်။
၃၁ နားထောင်ပါ။ သင့်မှာ ကိုယ်ဝန်ရှိလာလိမ့်မယ်။
သင်ဟာ သားယောက်ျားလေးကို မွေးဖွားလိမ့်မယ်။
အဲဒီသားကို ယေရှုလို့ မှည့်လိမ့်မယ်။ ၃၂ သူဟာ
ကြီးကျယ်မြင့်မြတ်သူဖြစ်လိမ့်မယ်။ လူတို့က သူ့ကို
အမြင့်ဆုံး သော ဘုရားရဲ့သားလို့ ခေါ်ကြလိမ့်မယ်။
ဘုရားသခင်က သူ့ကို ဒါဝိဒ်မင်းရဲ့ဘိုးဘေးလုပ်
ပိုင်ခွင့်ပေးလိမ့်မယ်။ ၃၃ ယေရှုဟာ ယာကုပ်အမျိုး
အနွယ်ကို အစဉ်အမြဲစိုးမိုးလိမ့်မယ်။ ယေရှုရဲ့နိုင်ငံ
တော်ဟာ ဘယ်တော့မှဆုံးမှာ မဟုတ်ဘူး”ဟု ပြော
လေ၏။
၃၄ မာရိက “ကျွန်မဟာ အပျိုစင်ဖြစ်နေဆဲမို့
ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ”ဟုကောင်းကင်တမန်
အား မေး၏။
၃၅ ကောင်းကင်တမန်က“သန့်ရှင်းသောဝိညာဉ်
တော်ဟာ သင့်ဆီရောက်လာပြီး အမြင့်ဆုံးသော
ဘုရားရဲ့တန်ခိုးတော်နဲ့ သင့်ကို လွှမ်းခြုံလိမ့်မယ်၊
ကလေးဟာ စင်ကြယ်တဲ့ကလေး ဖြစ်တယ်၊ သူဟာ
ဘုရားသခင်ရဲ့သားတော်လို့ အခေါ်ခံရလိမ့်မယ်၊
၃၆ သင်နဲ့အမျိုးတော်တဲ့ ဧလိရှဗက်လည်းပဲ ကိုယ်
ဝန်ရှိနေပြီ၊ သူမဟာ အသက်ကြီးနေပေမယ့် သား
ယောက်ျားလေးတစ်ယောက်ကို မွေးလိမ့်မယ်၊ လူ
တိုင်းက သူ့ကို ကလေးမရနိုင်တော့ဘူးလို့ ထင်
ကြတာ၊ ခုဆိုရင် သူ့ရဲ့ကိုယ်ဝန်ခြောက်လရှိပြီ၊
၃၇ ဘုရားသခင်ဟာ အရာရာကို တတ်နိုင်တယ်”
ဟု မာရိအား ဆိုလေ၏။
၃၈ ထိုအခါ မာရိက“ကျွန်မဟာ ဘုရားသခင်
ရဲ့အစေခံဖြစ်ပါတယ်၊ သင်ပြောတဲ့အတိုင်း ကျွန်မ
အပေါ် မှာဖြစ်ပါစေ”ဟုပြန်ပြော၏။ ထိုနောက်တွင်
ကောင်းကင်တမန်သည်လည်း ထိုနေရာမှ ထွက်
သွားလေ၏။

**ဇာခရိနှင့်ဧလိရှဗက်တို့ထံ မာရိအလည်သွားခြင်း**

၃၉ မာရိသည်ထဲ၍တောင်ကြားဒေသရှိယုဒမြို့သို့
အလျင်အမြန်သွားလေ၏။ ၄၀ သူမသည် ဇာခရိ
အိမ်သို့ဝင်ပြီး ဧလိရှဗက်အား နှုတ်ဆက်လိုက်၏။
၄၁ ဧလိရှဗက်သည် မာရိ၏ နှုတ်ဆက်သံကို ကြား
ရသောအခါ ဝမ်းအတွင်းရှိကလေးသည် ခုန်လေ
၏။ ထိုနောက် ဧလိရှဗက်သည် သန့်ရှင်းသော
ဝိညာဉ်တော်နှင့်ပြည့်လေ၏။ ၄၂ ဧလိရှဗက်သည်
ကျယ်လောင်သောအသံဖြင့်“ဘုရားသခင်က တခြား
အမျိုးသမီးတွေထက် သင့်ကို ကောင်းချီးပေးပြီ၊
သင်မွေးဖွားမယ့် ကလေးကိုလည်း ကောင်းချီးပေး
ခဲ့ပြီ၊ ၄၃ သင်ဟာ ကျွန်မ သခင်ရဲ့မိခင်ဖြစ်တယ်၊
ပြီးတော့ သင် ကျွန်မဆီကို လာတယ်၊ ဘာလို့များ
ကျွန်မမှာ အကောင်း တွေချည်း ဖြစ်နေရတာလဲ၊
၄၄သင့်အသံကို ကျွန်မကြားလိုက်တာနဲ့ ကျွန်မဝမ်း
ထဲက ကလေးဟာ ရွှင်မြူးပြီး ခုန်တယ်၊ ၄၅ သင်ဟာ
ဘုရားသခင်ရဲ့စကားတော်ကို ယုံကြည်တဲ့အတွက်
သင့်ကိုကောင်းချီးပေးခဲ့ပြီ၊သင်ယုံကြည်တဲ့အတိုင်း
ဖြစ်လာပါလိမ့်မယ်”ဟု ပြောလေ၏။

**မာရိက ဘုရားသခင်ကို ချီးမွမ်းခြင်း**

၄၆ ထို့နောက် မာရိက
၄၇ “ငါ့ရဲ့စိတ်နှလုံးက ထာဝရဘုရားကို
ချီးမွမ်းပါတယ်၊ ထာဝရဘုရားသည်
ငါ့ကို ကယ်တင်သူဖြစ်လို့
အလွန်ရွှင်လန်းဝမ်းမြောက်ပါတယ်၊
၄၈ ငါဟာ သိမ်ငယ်သူဖြစ်ပေမယ့်
ဘုရားသခင်က ဂရုစိုက်ကြောင်းကိုပြတော်မူပြီ။
အခုကစပြီး လူတွေက
ငါ့ကို မင်္ဂလာရှိသောသူလို့
ပြောကြတော့မယ်။
၄၉ ဘာကြောင့်လည်းဆိုရင်
တစ်ဆူတည်းသောတန်ခိုးရှင်က
ငါ့အတွက် ကြီးမြတ်တဲ့အရာတွေကို
ဆောင်ရွက်ပေးခဲ့လို့ဖြစ်တယ်။
သူ့ရဲ့နာမတော်က
အလွန်ပဲ သန့်ရှင်းပေတယ်၊
၅၀ ဘုရားသခင်ဟာ သူ့ကို ကိုးကွယ်တဲ့သူတွေကို
အစဉ်ဂရုဏာထားတယ်၊
၅၁ လက်တော်ကိုဆန့်ပြီး တန်ခိုးတော်ကိုပြသတယ်၊
ကိုယ့်ကိုယ်ကို အထင်ကြီးပြီး
မာနထောင်လွှားနေသူတွေကို
ဘုရားသခင်က ကွဲလွင့်စေတယ်။
၅၂ အစိုးရသောသူတွေကို ရာဇပလ္လင်ပေါ်က ချပြီး
နှိမ့်ချသူများကို ချီးမြှောက်တယ်။
၅၃ ဘုရားသခင်ဟာ
ဆာလောင်မွတ်သိပ်နေသူတွေကို
ကောင်းတဲ့အရာတွေနဲ့ ဖြည့်ဆည်းပေးပြီး
အတ္တသမားချမ်းသာသူများကိုတော့
ဘာမှမပေး၊ အဝေးကို နှင်လွှတ်တယ်။
၅၄ ဘုရားသခင်ဟာသူရွေးချယ်ထားတဲ့၊
သူ့ကိုအစေခံကြမယ့်
ဣသရေလလူတို့ကို ကူမတော်မူပြီ။
ကတိတော်ကို မမေ့လျော့
ဂရုဏာတော်ကို ပေးတော်မူပြီ။
၅၅ အာဗြဟံနဲ့ ငါတို့ဘိုးဘေးများ
သားသမီးများအပေါ်
ပေးတော်မူတဲ့ကတိတော်ကို
ပြီးစီးစေတော်မူပြီ”
ဟု ဆိုလေ၏။
၅၆ မာရိသည် ဧလိရှဗက်နှင့်အတူ သုံးလခန့်
အတူနေထိုင်ပြီး အိမ်သို့ပြန်လာခဲ့၏။

**ယောဟန်ကို မွေးဖွားခြင်း**

၅၇ ဧလိရှဗက်မွေးဖွားရန် အချိန်ကျသောအခါ
သူမသည် သားလေးကို မွေးဖွားသည်။ ၅၈ သူ၏
အိမ်နီးနားချင်းများ၊ ဆွေမျိုးသားချင်းများက သူမ
အပေါ်တွင်ထာဝရဘုရားသခင်သည်အလွန်ကောင်း
မြတ်ကြောင်း ကြားသိရကြ၏။ သူတို့သည် သူမ
အတွက် အလွန်ဝမ်းမြောက်ကြ၏။
၅၉ ကလေးရှစ်ရက်သားအရွယ်ရောက်သောအခါ
ကလေးကိုအရေဖျားလှီးရန် လာ ကြ၏။ ကလေးကို
ဖခင်၏အမည်အတိုင်း ဇာခရိဟု အမည်ပေးလိုကြ
၏။ ၆၀ သို့သော်လည်း ကလေး၏မိခင်က “မဖြစ်ဘူး၊
သူ့နာမည်ကိုယောဟန်လို့ မှည့်ရမယ်”ဟုဆိုလေ၏။
၆၁ လူတို့ကလည်း ဧလိရှဗက်အား“ဒါပေမယ့်
သင့်မိသားစုထဲမှာ ဒီလိုနာမည်မျိုး (ယောဟန်)
တစ်ယောက်မှမရှိဘူး”ဟု ပြောကြပြီး၊ ၆၂ ကလေး၏
ဖခင်အား“ကလေးနာမည်ကို ဘယ်လိုပေးချင်သ
လဲ”ဟု ဟန်အမူအရာဖြင့် မေးကြ၏။
၆၃ ဇာခရိက ရေးစရာ တစ်စုံတစ်ခုကို တောင်း
လိုက်၏။ ထို့နောက်“သူ့နာမည်ဟာ ယောဟန်ဖြစ်
တယ်”ဟု ချရေးလိုက်၏။ လူအားလုံးတို့သည် အံ့
အားသင့်သွားကြ၏။ ၆၄ ထိုနောက်တွင် ဇာခရိသည်
စကားပြန်ပြောနိုင်လေ၏။ သူသည် ဘုရားသခင်
အားစတင်ချီး မွမ်းလေတော့သည်။ ၆၅ အိမ်နီးချင်း

တို့ သည် ကြောက်ရွံ့လာကြ၏။ ယုဒတောင်ကုန်း
ပေါ်ရှိ လူတို့သည် ထိုအကြောင်းကို ပြော၍မဆုံး
ကြ။ ၆၆ ထိုအကြောင်းကို ကြားသိရသော လူအားလုံး
တို့သည် အံ့သြကြလေ၏။ "ဒီကလေးမှာ ဘာဖြစ်
လာဦးမလဲ" ဟုတွေးကြ၏။ ထာဝရဘုရားသည် ကလေး
နှင့်အတူရှိကြောင်း ဖြေကြ၏။

**ဇာခရိ ဘုရားသခင်အား ချီးမွမ်းခြင်း**

၆၇ ထို့နောက် ယောဟန်၏ဖခင်ဇာခရိသည်
ဝိညာဉ်တော်နှင့်ပြည့်လျက် လူတို့အားမည်သို့ ဖြစ်
လိမ့်မည်ကို ပြောပြလေ၏။

၆၈ "ဂျူးလူမျိုးတို့ရဲ့ဘုရားသခင်
ထာဝရဘုရားကို ချီးမွမ်းကြ၊
ဘုရားသခင်ဟာ
သူ့လူမျိုးတွေကို ကူညီဖို့နဲ့
လွတ်မြောက်စေဖို့ ကြွလာတော်မူတယ်။
၆၉ ဘုရားသခင်က ငါတို့အတွက်
တန်ခိုးရှိတဲ့ ကယ်တင်ရှင်တစ်ယောက်ကို
သူ့ကျွန် ဒါဝိဒ်မင်းအမျိုးအနွယ်ထဲက
ပေးတော်မူပြီ။
၇၀ ဘုရားသခင်က
ရှေးပရောဖက်များကတဆင့်
ဒီလိုလုပ်မယ့်အကြောင်းကို
မိန့်တော်မူခဲ့တယ်။
၇၁ ဘုရားသခင်ဟာ
ငါတို့ရဲ့ရန်သူများနဲ့ ငါတို့ကို မုန်းတီးတဲ့
သူတွေရဲ့လက်ထဲက
ကယ်တင်တော်မူလိမ့်မယ်။
၇၂ ဘုရားသခင်ဟာ
ငါတို့ရဲ့ဖခင်တွေကို ဂရုဏာထားပြီး
သူ့ရဲ့သန့်ရှင်းတဲ့ကတိတော်ကို
အောက်မေ့တော်မူတယ်။
၇၃ ဘုရားသခင်ဟာ
ငါတို့အဘအာဗြဟံကို
ကတိထားတော်မူတယ်။
၇၄ ငါတို့ ရန်သူများရဲ့
အစွမ်းတန်ခိုးထဲက ငါတို့ကို
လွတ်မြောက်ဖို့ ကတိပေးတော်မူခဲ့တယ်။
ဒါကြောင့်
ငါတို့ဟာ ကြောက်ရွံ့စရာမလိုဘဲ
အမှုတော်မြတ်ကို ထမ်းရွက်နိုင်ကြတယ်။
၇၅ ငါတို့ဟာ
ဘုရားသခင်ရှေ့တော်မှာ
သန့်ရှင်းစွာနဲ့ ကောင်းမွန်စွာ
ရှိနေကြရမယ်။
၇၆ အခု၊ သင်ဟာ သားယောကျ်ားလေးဖြစ်တယ်၊
အမြင့်ဆုံးသောဘုရားရဲ့ပရောဖက်လို့
ခေါ်ခံရလိမ့်မယ်၊
သင်ဟာ ဘုရားသခင်ရဲ့ရှေ့တော်ကို
ဦးဆုံးရောက်လာပြီး
သခင်ဘုရားကြွလာဖို့အတွက်
လူတွေကို အဆင်သင့်ဖြစ်နေအောင်
လုပ်ရလိမ့်မယ်။
၇၇ သင်ဟာ သူ့ရဲ့လူတွေ ကယ်တင်ခြင်း
ခံရတယ်ဆိုတာကို သိအောင်လုပ်ရမယ်၊
သူတို့မှာ ရှိနေတဲ့အပြစ်တွေကို
ခွင့်လွှတ်ခြင်းဖြင့် ကယ်တင်လိမ့်မယ်။
၇၈ ငါတို့ ဘုရားသခင်ရဲ့မေတ္တာ၊
ဂရုဏာနဲ့အတူ၊
ကောင်းကင်ဘုံကနေ့သစ်ဟာ
ငါတို့အပေါ် ထွန်းလင်းလိမ့်မယ်။
၇၉ သေခြင်းရဲ့ကြောက်လန့်ခြင်း၊
မှောင်မိုက်ထဲမှာနေကြတဲ့လူတွေကို
ဘုရားသခင် ကူညီတော်မူလိမ့်မယ်၊
သူဟာ
ငါတို့ကို ငြိမ်သက်ခြင်းဆီ
သွားရာလမ်းမှာ
ဦးဆောင်တော်မူလိမ့်မယ်"

၈၀ လူငယ်လေးယောဟန်သည်လည်း အရွယ်
ရောက်လာသည်နှင့်အမျှ စိတ်ဝိညာဉ်ခွန်အား တိုး
ပွားလာသည်။ ယောဟန်သည်ဘုရားသခင်၏သတင်း
စကားကို ဣသရေလ လူတို့အား မပြောမီ အချိန်
တိုင်အောင် လူများနှင့်ဝေးရာ၌ နေထိုင်လေ၏။

**ယေရှုမွေးဖွားခြင်း**

*(မ ၁း၁၈-၂၅)*

၂ ထိုအချိန်တွင် ကဲသာဘုရင်သည် ရောမလက်
အောက်ခံနိုင်ငံများသို့ အမိန့်တစ်ရပ်ကိုထုတ်
ပြန်လိုက်၏။ အမိန့်ကြေညာစာမှာ လူတိုင်း၏အမည်
ကို စာအုပ်တွင် ရေးမှတ်ရ မည်ဟုပါရှိ၏။ ၂ ဤ
အရာသည် ပထမဦးဆုံး မှတ်ပုံတင်ခြင်းဖြစ်၏။ ရှုရီ
ပြည်တွင် ကုရေနိမြို့တော်ဝန်ဖြစ်စဉ်ကဖြစ်၏။ ၃ လူ
အားလုံးတို့ သည် မှတ်ပုံတင်စာရင်းသွင်းရန် မိမိ
တို့၏ ဇာတိမြို့အသီးသီးသို့ ခရီးပြုကြရ၏။
၄ ထို့ကြောင့် ယောသပ်သည်လည်း ဂါလိလဲ

နယ် နာဇရက်မှ ထွက်လာခဲ့ပြီး ယုဒပြည် ဗက်လင်
မြို့သို့ လာခဲ့၏။ ဤမြို့ကို ဒါဝိဒ်၏မြို့ဟုလည်း လူ
အများက သိထားကြ၏။ ယောသပ်သည် ဒါဝိဒ်၏
အမျိုးနွယ် တစ်ဦးဖြစ်သောကြောင့် ထိုနေရာသို့ သွား
လေ၏။ ၅ ယောသပ်သည် မာရိနှင့်အတူ မှတ်ပုံ
တင်၏။ အဘယ်ကြောင့်ဆိုသော် မာရိသည် သူနှင့်
လက်ထပ်ရန် စေ့စပ်ထားသူဖြစ်၏။(ယခုတွင် မာရိ
သည် ကိုယ်ဝန်ဆောင်နေလေပြီ)။ ၆ ယောသပ်နှင့်
မာရိတို့ ဗက်လင်မြို့၌ ရှိနေစဉ်တွင်မှာပင် မာရိ
သည် မွေးဖွားရန် အချိန်ရောက်လာ၏။ ၇ သူမသည်
ပထမဆုံးသား ယောကျ်ားလေး *(ယေရှု)* ကို ဖွားမြင်
လေ၏။ အိမ်တွင် သူတို့အတွက် အခန်း လွတ်မရှိ။
ထို့ကြောင့် မာရိသည် ကလေးငယ်ကို အဝတ်နှင့်
ပတ်ပြီး နွားစားခွက်ထဲ၌ သိပ်ထားရ၏။

**သိုးထိန်းအချို့တို့ ယေရှုအကြောင်းကို ကြားရခြင်း**

၈ ထိုညတွင် သိုးထိန်းအချို့တို့သည် သိုးများကို
စောင့်ရှောက်ရန် ကွင်းထဲတွင်ရှိနေကြ၏။ ၉ ထာဝရ
ဘုရား၏ကောင်းကင်တမန် တစ်ပါးသည် သူတို့ရှေ့
တွင် ရပ်နေ၏။ သူတို့၏ပတ်ပတ်လည်တွင် ထာဝရ
ဘုရား၏ ဘုန်းတော်ထွန်းလင်းတောက်ပနေ၏။
သိုးထိန်းတို့သည် ကြောက်ရွံ့တုန်လှုပ်ကြလေ၏။
၁၀ ကောင်းကင်တမန်က "မကြောက်ကြပါနဲ့၊ သင်
တို့ကို သတင်းကောင်းပြောဖို့ ငါလာခဲ့တယ်။ အဲဒီ
သတင်းက လူတိုင်းကို အလွန်ဝမ်းမြောက်စေလိမ့်
မယ်။ ၁၁ ဒီနေ့ ဒါဝိဒ်ရဲ့မြို့မှာ သင်တို့ကို ကယ်တင်
မယ့်သူမွေးဖွားတယ်၊ သူဟာ ခရစ်တော်သခင်ဖြစ်
တယ်။ ၁၂ ဒါကို သင်တို့ ဘယ်လိုသိရမလဲဆိုရင်
ကလေးငယ်ကို အဝတ်နဲ့ပတ်ပြီး နွားစားခွက်ထဲ
မှာသိပ်ထားတာကိုတွေ့ရလိမ့်မယ်"ဟုဆိုပြီးလျှင်၊
၁၃ ကောင်းကင်တမန်အပေါင်းတို့သည် ထို
ကောင်းကင်တမန်နှင့်အတူ ထာဝရဘုရားကို

၁၄ "ကောင်းကင်ဘုံ၌ရှိသော
ဘုရားသခင်သည် ဘုန်းကြီးပါစေ၊
မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်း ရှိပါစေ၊
လူတို့အား မေတ္တာရှိပါစေ"

ဟု ချီးမွမ်းကြ၏။
၁၅ ကောင်းကင်တမန်တို့သည် သိုးထိန်းတို့
ထံမှ ထွက်ခွါပြီး ကောင်းကင်ဘုံသို့ ပြန်တက်သွား
ကြ၏။ ထိုအခါ သိုးထိန်းတို့သည် "ငါတို့ ဗက်လင်မြို့
ကိုသွားပြီး ဘုရားသခင် ပြောတော်မူတဲ့အတိုင်း
ကလေးငယ်ကို သွားကြည့်ကြစို့"ဟု အချင်းချင်း
ပြောဆိုကြ၏။
၁၆ ထို့ကြောင့် သိုးထိန်းတို့သည် အလျင်အမြန်
သွားကာ ယောသပ်နှင့် မာရိတို့အား ရှာကြ၏။
၁၇ ကလေးငယ်ကို နွားစားခွက်တွင်း၌ ထွေးသိပ်
ထား၏။ သိုးထိန်းတို့သည် ကလေးငယ်ကို တွေ့ကြ
သောအခါ ကောင်းကင်တမန်များ ပြောသော
အကြောင်းကို ပြန်ပြောကြ၏။ ၁၈ သိုးထိန်းများပြော
သည့်စကားကို ကြားရကြသောအခါ လူတိုင်း အံ့ဩ
သွားကြလေ၏။ ၁၉ မာရိသည် ဤအကြောင်းကိုဆက်
လက်တွေးတောဆင်ခြင်နေ၏။ သူမသည် ထိုသူ
များကို နားလည်အောင်ကြိုးစား၏။ ၂၀ သိုးထိန်းတို့
သည် မိမိတို့သိုးများရှိရာသို့ ပြန်သွားကြပြီး ဘုရား
သခင်ကို ချီးမွမ်းကြကာ သူတို့မြင်ခဲ့ကြားခဲ့ရသော
အရာအားလုံးအတွက် ဘုရားသခင်ကို ကျေးဇူးတင်
ကြ၏။ ဤအရာတို့သည် ကောင်းကင်တမန်ပြော
သောအကြောင်းဖြစ်၏။
၂၁ ကလေးငယ် ရှစ်ရက်သားရှိလာသောအခါ
အရေဖျားလှီးခြင်း မင်္ဂလာကိုပြုပြီး ယေရှုဟုသော
အမည်ဖြင့် မှည့်ခေါ်ကြ၏။ ဤအမည်မှာ ကလေး
ငယ်ကိုမာရိကိုယ်ဝန်မဆောင်မီကတည်းကကောင်း
ကင်တမန်ပေးသောအမည်ဖြစ်၏။

**ယေရှုအား ဗိမာန်တော်အတွင်း ဆောင်သွားခြင်း**

၂၂ မောရှေ၏ပညတ်အရ ဗိမာန်တော်တွင် စင်
ကြယ်ခြင်းပြုလုပ်ရသည့်အချိန်ရောက်လာသောအခါ
မာရိနှင့်ယောသပ်တို့သည် သားငယ်ယေရှုကိုခေါ်
၍ ယေရုရှလင်မြို့သို့ သွားကြ၏။ ထိုနောက် သူတို့
သည် ယေရှုအား ဘုရားသခင်ရှေ့တော်သို့ ဆောင်
လာကြ၏။ ၂၃ ဤအရာသည် ဘုရားသခင်၏ပညတ်
တွင် ပါရှိသည့်အတိုင်း သားဦးယောကျ်ားကို မွေး
သော မည်သည့်အိမ်ထောင်မဆို ထိုသားကို ဘုရား
သခင်အတွက် ဆက်ကပ်ရသည်။ ၂၄ ထို့ပြင် ထာဝရ
ဘုရား၏ပညတ်အရ ကလေးငယ်အတွက် ယဇ်ပူ
ဇော်ရမည်။ ထိုသို့ယဇ်ပူဇော်ရာတွင် ချိုးငှက်နှစ်
ကောင် သို့မဟုတ် ခိုနှစ်ကောင်ဖြင့် ပူဇော်ရမည်။
ထို့ကြောင့် ယောသပ်နှင့် မာရိတို့သည် ထိုအမှုများ
ကို ပြုရန် ယေရုရှလင်မြို့သို့ သွားခဲ့ကြခြင်းဖြစ်၏။

**ရှိမောင်က ယေရှုအား တွေ့ခြင်း**

၂၅ ရှိမောင်သည် ယေရုရှလင်မြို့တွင် နေထိုင်
သောသူဖြစ်၏။ သူသည် ကောင်းသောသူ၊ ဘုရား
သခင်ကို ကိုးကွယ်ခြင်း၌ မှန်ကန်သောသူဖြစ်၏။
ရှိမောင်သည်ဣသရေလလူမျိုးတို့အားဘုရားသခင်

လာရောက်ကူမမည့်အချိန်ကိုစောင့်ဆိုင်းနေသူဖြစ်
၏။ သူနှင့်အတူ သန့်ရှင်းသောဝိညာဉ်တော်ရှိ၏။
၂၆ထာဝရဘုရား ထံတော်မှ ကြွလာမည့် ခရစ်တော်
အား မတွေ့မမြင်ရမချင်း သူသည် မသေရဟု သန့်
ရှင်းသောဝိညာဉ်တော်က သူ့အားပြောထား၏။
၂၇ဝိညာဉ်တော်၏ လမ်းညွှန်မှုဖြင့် ရှုမောင်သည်
ဗိမာန်တော်သို့ရောက်လာ၏။ မာရိနှင့်ယောသပ်
တို့လည်း ပညတ်တော်အတိုင်း ဆောင်ရွက်ရန်
ဗိမာန်တော်သို့ ရောက်လာကြ၏။ သူတို့နှင့်အတူ
သူငယ်တော်ယေရှုကိုလည်း ဗိမာန်တော်သို့ ခေါ်
ဆောင်လာ၏။ ၂၈ ရှုမောင်သည် သူငယ်တော်ကို
ပိုက်ပွေ့လျက် ဘုရားသခင် ၏ ကျေးဇူးတော်ကို

၂၉ "ထာဝရဘုရား ကိုယ်တော်ဆိုခဲ့တဲ့အတိုင်း၊
ကိုယ်တော်ကျွန်ကို
အခုငြိမ်ဝပ်စွာသေရတဲ့အခွင့်ကို
ပေးတော်မူပြီ၊
၃၀ ကိုယ်တော်ဟာ ကိုယ်တော်ရဲ့လူတို့ကို
ဘယ်လိုကယ်တင်မယ်ဆိုတာ
ကျွန်တော် မျက်စိနဲ့မြင်ရပါပြီ၊
၃၁ အခု လူခပ်သိမ်းတို့ဟာ
ကိုယ်တော်ရဲ့အကြံတော်ကို မြင်နိုင်ကြပါပြီ။
၃၂ သူ *(ယေရှု)*ဟာ
အခြားသောလူမျိုးတွေဆီကို
ကိုယ်တော်ရဲ့အလင်းကို
ထွန်းလင်းဖို့ဖြစ်တယ်၊
သူဟာ ကိုယ်တော့်ရဲ့လူမျိုးဖြစ်တဲ့
ဣသရေလလူမျိုး*(ဂျူး)*တို့ရဲ့ ချီးမြှောက်မှုကို
ယူလာလိမ့်မယ်" ဟု ချီးမွမ်းလေ၏။

၃၃ရှုမောင်သည် ယေရှုအကြောင်းကို ပြော
သောအခါ ယောသပ်နှင့်မာရိတို့ အံ့အားသင့်သွား
ကြလေ၏။ ၃၄ ထိုနောက် ရှုမောင်က သူတို့အား
ကောင်းချီးပေးပြီး မာရိအား၊ "ဒီကလေးငယ်ကြောင့်
ဂျူးလူမျိုးများစွာတို့ဟာ လဲတဲ့သူတွေရှိသလို ထ
လာမယ့်သူတွေလည်း ရှိလိမ့်မယ်၊ သူဟာ ဘုရား
သခင်ရဲ့သက်သေဖြစ်ပြီးလူတစ်ချို့ကသူ့ကိုလက်
မခံကြဘူး၊ ၃၅ လူတွေလျှို့ဝှက်စွာ တွေးထားတဲ့
အရာတွေဟာ ထင်ရှားလာလိမ့်မယ်။ ဖြစ်ပျက်လာ
မယ့် အကြောင်းအရာတွေက သင်တို့ကို အလွန်
ကြေကွဲစေလိမ့်မယ်"ဟု ဆိုလေ၏။

**အန္နက ယေရှုကို တွေ့ခြင်း**

၃၆ ထိုအချိန်တွင် ဗိမာန်တော်၌ အန္နအမည် ရှိ
သော ပရောဖက်မတစ်ဦးရှိ၏။ သူမသည် အာရှာ
အမျိုးနွယ်ဝင် ဖနွေလ၏သမီးဖြစ်သည်။ သူမသည်
အလွန်အိုမင်းလေပြီ။ သူမ၏ အိမ်ထောင်သက်မှာ
ခုနစ်နှစ်ရှိလေပြီ။ ၃၇ သူမ၏ ခင်ပွန်းသေဆုံးသွား
သောအခါ သူမသည် တစ်ယောက်တည်းနေလေ
၏။ ယခုတွင် သူမ၏ အသက်သည် ရှစ်ဆယ့်လေး
နှစ်ရှိလေပြီ။ အန္နသည် ဗိမာန်တော်မှ အခြားသို့
မသွားပါ။ သူမသည် နေ့ရောညပါ အစာရှောင်
ခြင်း၊ ဆုတောင်းခြင်းတို့ဖြင့် ဘုရားသခင်အား
ကိုးကွယ်ဝတ်ပြု၏။
၃၈ အန္နသည် ထိုသို့ရှိနေစဉ်တွင် ယောသပ်နှင့်
မာရိတို့သည် ဗိမာန်တော်သို့ ရောက်လာကြ၏။
သူမသည် ဘုရားသခင်ကို ချီးမွမ်းပြီး၊ ယေရုရှလင်
မြို့ကို ဘုရားသခင်လွတ်မြောက် စေမည့်အချိန်ကို
စောင့်ဆိုင်းနေသူတို့အား ယေရှုအကြောင်းကို ပြော
ပြလေ၏။

**ယောသပ်နှင့်မာရိတို့ အိမ်ပြန်ခြင်း**

၃၉ ယောသပ်နှင့်မာရိတို့သည် ဘုရားသခင်
၏ပညတ်ပါလုပ်ဆောင်ရမည့်အမှုအားလုံးကိုလုပ်
ဆောင်ပြီးစီးသွားကြ၏။ ထိုနောက် သူတို့သည် ဂါ
လိလဲပြည်ရှိ သူတို့နေရင်းမြို့ဖြစ်သော နာဇရက်
မြို့သို့ပြန်လာခဲ့ကြ၏။ ၄၀ ယေရှုလေးသည် ကြီးထွား
လာပြီး ကြံ့ခိုင်သန်စွမ်းကာ ဉာဏ်ပညာနှင့်ပြည့်စုံ
လေ၏။ သူ့ကို ဘုရားသခင်ကောင်းချီးပေးပြီး သူ
နှင့်အတူ ရှိတော်မူ၏။

**ကလေးအရွယ်ယေရှု**

၄၁ ယေရှု၏မိဘနှစ်ပါးတို့သည် နှစ်တိုင်းပသခါ
ပွဲကျင်းပချိန်တွင် ယေရုရှလင်မြို့သို့ သွားလေ့ရှိ
၏။ ၄၂ ယေရှု အသက်တစ်ဆယ့်နှစ်နှစ်ပြည့်သော
အချိန်တွင်သူတို့သည်သွားမြဲရှိသည်အတိုင်း ပသခါ
ပွဲတော်သို့ သွားကြ၏။ ၄၃ စားသောက်ပွဲတော်ရက်
ပြီးဆုံးသောနေ့တွင် သူတို့သည် အိမ်ပြန်လာကြ
၏။ သို့ရာတွင် ယေရှုကလေးသည် ယေရုရှလင်မြို့၌
နေရစ်ခဲ့၏။ သူ၏မိဘတို့သည် ယေရှုနေရစ်ခဲ့သည်
ကို မသိကြ။ ၄၄ ယောသပ်နှင့်မာရိတို့သည် တစ်နေ့
လုံးခရီးပြုကြ၏။ ယေရှုသည် သူတို့အုပ်စုထဲတွင်
ပါလာသည်ဟုသာ ထင်ကြ၏။ သူတို့ သည် ယေရှု
အား သူတို့မိသားစုများနှင့် ရင်းနှီးသောသူများကြား
တွင် စတင်ရှာဖွေကြ၏။ ၄၅ သို့ရာတွင် ယောသပ်
နှင့် မာရိတို့သည် ယေရှုအား ရှာ၍ မတွေ့ကြချေ။
ထို့ကြောင့် သူတို့သည် ယေရှုအားရှာရန် ယေရုရှ
လင်မြို့သို့ ပြန်သွားကြ၏။ ၄၆ သုံးရက်မြောက်သော
နေ့မှယေရှု အား ပြန်တွေ့ကြ၏။ ယေရှုသည် ဗိမာန်

တော်ဝင်းတွင်း၌ ဘာသာရေးဆရာများနှင့်အတူ
ထိုင်ကာ နားထောင်၊ ဆွေးနွေးအမေးအဖြေ လုပ်
နေ၏။ ၄၇ ယေရှု၏ သဘောပေါက်လွယ်ခြင်း၊
ပညာပါစွာပြန်ဖြေခြင်းတို့ကို လူတို့သည် ကြားကြ
ရသောအခါ အလွန်အံ့အားသင့်ကြ၏။ ၄၈ ယေရှု၏
မိဘတို့သည်ယေရှုအားတွေ့မြင်ကြသောအခါအံ့အား
သင့်သွားကြ၏။ သူ၏ မိခင်က “သားရယ်၊ ဘာလို့
ဒီလိုလုပ်ရတာလဲကွယ်၊ မေမေနဲ့သားဖေဖေတို့
အရမ်းစိတ်ပူ ရတယ်၊ သားကို ရှာနေတာ နှံ့နေပြီ”
ဟု ပြောသောအခါ၊
၄၉ ယေရှုက “ဘာကြောင့် ကျွန်တော်ကို လိုက်
ရှာနေကြရတာလဲ၊ ကျွန်တော့်အဖ အလုပ်လုပ်တဲ့
နေရာမှာ ကျွန်တော်ရှိနေမယ်ဆိုတာ အမေတို့သိဖို့
ကောင်းတယ်”ဟု ပြန်ပြောလေ၏။ ၅၀ သို့ရာတွင်
ယေရှုပြောလိုသောအဓိပ္ပာယ်ကို သူတို့နားမလည်
ကြပါ။
၅၁ ယေရှုသည် သူတို့နှင့်အတူ နာဇရက်မြို့သို့
ပြန်လာ၏။ သူသည် မိဘပြောသမျှကို နာခံ၏။ သူ၏
မိခင်သည် ထိုအကြောင်းအရာများနှင့် ပတ်သက်
၍ စဉ်းစားနေဆဲဖြစ်၏။ ၅၂ ယေရှုသည် တိုး၍တိုး၍
လေ့လာဆည်းပူးနေ၏။ သူ၏ အရပ်အမောင်းမှာ
လည်း မြင့်မားလာ၏။ လူများက ယေရှုအား နှစ်
သက်ကြ၏။ ဘုရားသခင်ကိုလည်း ဝမ်းမြောက်စေ
၏။

## ယောဟန်တရားဟောခြင်း

*(မ ၃း၁-၁၂၊ မာ ၁း၁-၈၊ ယော ၁း၁၉-၂၈)*

၃ ကဲသာဘုရင် တိဗေရိနန်းစံတစ်ဆယ့်ငါးနှစ်
ရှိလေပြီ။ ယုဒပြည်ကို အုပ်ချုပ်သူမှာ ပုန္တိ
ပိလတ်ဖြစ်၏။ ဂါလိလဲပြည်ကို ဟေရုဒ်အုပ်ချုပ်၏။
ဣတုရဲပြည်နှင့် တရာခေါနိတ်ပြည်၌ ဟေရုဒ်ညီ
ဖိလိပ္ပုက အုပ်ချုပ်ပြီး အဘိလင်ပြည်၌ လုသာနိ
အုပ်စိုး၏။
၂ အန္နနှင့် ကယာဖတို့သည် ယဇ်ပုရော
ဟိတ်မင်းများဖြစ်ကြ၏။ ထိုအချိန်တွင် ဇာခရိသား
ယောဟန်ထံမှဘုရားသခင်၏ဗျာဒိတ်ကိုခံရလေ၏။
ယောဟန်သည် တောထဲ၌နေ၏။ ၃ ယောဟန်သည်
ယော်ဒန်မြစ်ဝန်းကျင်တစ်လျှောက် လှည့်လည်ပြီး
လူတို့အား ဘုရားသခင်၏သတင်းစကားကို ကြား
ပြောလေ၏။ ယောဟန်က သူတို့အား အသက်ရှင်
နေထိုင်မှုနှင့် စိတ်နှလုံးကို ပြောင်းလဲပြီး နှစ်ခြင်း
မင်္ဂလာခံယူရန် ပြော၏။ ထိုအခါ သူတို့အပြစ်များ
ကို ခွင့်လွှတ်ခြင်း ခံရကြမည်ဖြစ်သည်။ ၄ ဤအ
ကြောင်းအရာများတို့သည် ပရောဖက်ဟေရှာယ
ကျမ်း၌ ရေးထားသကဲ့သို့ဖြစ်၏။

“တော၌လူတစ်ယောက်ဟစ်ကြွေးနေသည်မှာ
ထာဝရဘုရားကြွတော်မူလာမည့်
လမ်းကို ပြင်ဆင်ကြလော့။
သူ၏လမ်းကို ဖြောင့်စေကြလော့။
၅ ချိုင့်များကို ဖို့ကြပါ။
တောင်နှင့်ကမူများကို
ညီအောင်ညှိကြပါ။
ကွေ့ကောက်သောလမ်းများကို
လမ်းဖြောင့်ဖြစ်စေပါ။
ကြမ်းတမ်းသောလမ်းများကို
ချောမွေ့စေကြပါ။
၆ လူအပေါင်းတို့သည် ထာဝရဘုရား၏
ကယ်တင်တော်မူခြင်းအကြောင်းကို
သိကြပါစေ”

*ဟေရှာ ၄၀း၃-၅*

၇ လူတို့သည် လာ၍ယောဟန်ထံ၌ ဗတ္တိဇံ
ခံယူကြ၏။ ယောဟန်က သူတို့အား“သင်တို့ဟာ
အဆိပ်ရှိတဲ့မြွေတွေလိုပဲ၊ ဘုရားသခင်ရဲ့ အမျက်
တော်ကနေ ထွက်ပြေးဖို့ သင်တို့ကို ဘယ်သူက
သတိပေးတာလဲ၊ ၈ သင်တို့ရဲ့စိတ်နှလုံးနဲ့အသက်
ရှင်နေထိုင်မှုကို အမှန်တကယ် ပြောင်းလဲကြောင်း
အလုပ်နဲ့ပြသကြရမယ်၊ အာဗြဟံဟာ ငါတို့အဖေ
လို့ကြွားစရာမလိုဘူး၊ သင်တို့ကို ငါပြောမယ်၊ ဘုရား
သခင်ဟာ ဒီနေရာမှာရှိနေတဲ့ ကျောက်တုံးတွေ
ကို အာဗြဟံရဲ့သားသမီးတွေ ဖြစ်အောင်လုပ်နိုင်
တယ်၊ ၉ ခုချိန်မှာ အပင်တွေကို ခုတ်လှဲဖို့ ပုဆိန်ဟာ
အဆင်သင့်ဖြစ်နေပြီ။ အသီးမသီးတဲ့အပင် မှန်သမျှ
ကို ခုတ်လှဲပြီး မီးထဲကို ပစ်ချရလိမ့်မယ်”ဟု ဟော
ကြားလေ၏။
၁၀ ထိုအခါ လူများက“ဒါဆိုရင် ကျွန်တော်တို့
ဘာလုပ်ကြရမလဲ”ဟု မေးမြန်းကြ၏။
၁၁ ယောဟန်က “သင့်ဆီမှာ အင်္ကျီနှစ်ထည်ရှိ
ခဲ့ရင် မရှိတဲ့သူကို တစ်ထည်ပေးလိုက် ပါ။ သင့်ဆီ
မှာ အစာရှိခဲ့ရင်လည်း မျှဝေပါ”ဟု ဖြေလေ၏။
၁၂ အခွန်ကောက်သောသူများသည်ပင်လျှင်
ယောဟန်ထံလာကြ၏။ သူတို့သည် ဗတ္တိဇံ ခံလိုကြ
၏။ သူတို့က ယောဟန်အား “ဆရာ၊ ကျွန်တော်တို့
ကော ဘာလုပ်ရမလဲ”ဟု မေး ကြ၏။
၁၃ ယောဟန်က “ပြည်သူတွေအပေါ်မှာ သတ်

မှတ်ထားတာထက် အခွန်ကို ပိုမကောက်ခံပါနဲ့”
ဟု ပြန်ဖြေလေ၏။
၁၄ စစ်သားများကလည်း ယောဟန်အား “ကျွန်
တော်တို့ကော ဘာလုပ်ရမှာလဲ”ဟု မေးကြရာ၊
ယောဟန်က“လူတွေဆီက ငွေကို အတင်းအကြပ်
မတောင်းကြပါနဲ့၊ လိမ်လည် မပြောကြပါနဲ့၊ သင်
တို့ရတဲ့ လစာနဲ့ရောင့်ရဲကြပါ”ဟုပြောလိုက်လေ၏။
၁၅ လူတို့သည် ခရစ်တော်ကြွလာမည်ကို စောင့်
နေကြသည်ဖြစ်ရာ သူတို့က ယောဟန်အား ခရစ်
တော်ဖြစ်လိမ့်မည်ဟု ယုံမှားနေကြ၏။
၁၆ ယောဟန်က သူတို့အား“ငါဟာ သင်တို့ကို
ရေမှာ ဗတ္တိဇံပေးတယ်၊ ဒါပေမယ့် မကြာခင်လာ
မယ့်သူက ငါ့ထက်ပိုစွမ်းဆောင်နိုင်တယ်၊ ငါဟာ
သူ့ဖိနပ်ကြိုးကိုတောင် ဖြည်ပေးဖို့ မထိုက်ဘူး၊ သူ
ဟာ သင်တို့ကို သန့်ရှင်းသောဝိညာဉ်တော်နဲ့ မီး
အားဖြင့် ဗတ္တိဇံ ပေးလိမ့်မယ်၊ ၁၇ သူဟာ စပါးတွေ
ကို သန့်စင်ပေးဖို့လာလိမ့်မယ်၊ သူဟာ ကောင်း
တဲ့စပါးတွေကို စပါးနှံတွေထဲက ခွဲထုတ်ပြီး စပါး
ကျီထဲကို ထည့်လိမ့်မယ်၊ မကောင်းတဲ့စပါးနှံတွေ
ကိုတော့ မီးရှို့လိမ့်မယ်။ အဲဒီမီးဟာ မငြိမ်းနိုင်တဲ့
မီးဖြစ်တယ်”ဟူ၍ ပြောကြား၏။ ၁၈ ထိုနောက်
ယောဟန်သည် ဝမ်းမြောက်ဖွယ်သတင်းကောင်း
နှင့် အခြားအကြောင်းအရာများကို ဆက်လက်
ဟောကြားခြင်းဖြင့် လူတို့အား ကူမလေ၏။

**ယောဟန်၏ဆောင်ရွက်မှုများ မည်သို့အဆုံးသတ်သနည်း**

၁၉ (ယောဟန်သည် ဟေရုဒ်မင်းအား ဝေဖန်
လေ၏။ ဟေရုဒ်မင်းသည် ညီတော်၏မယားဖြစ်သူ
ဟေရောဒိနှင့် ဆိုးသောအမှုပြုသည်ကို ယောဟန်
ဝေဖန်လေ၏။ ဟေရုဒ်မင်းပြုခဲ့သော အခြားမကောင်း
သောအမှုများစွာအတွက်လည်း ယောဟန်က ဝေ
ဖန်၏။ ၂၀ ထိုကြောင့် ဟေရုဒ်သည် အခြားအမှား
တစ်ခုကို ကျူးလွန် ပြန်၏။ သူသည် ယောဟန်ကို
ထောင်ချလိုက်၏။ ဟေရုဒ်မင်းပြုသောအမှားများ
ထဲသို့နောက် ထပ်အမှားတစ်ခု ထပ်တိုးသောအမှု
ဖြစ်သွား တော့သည်။)

**ယေရှုသည် ယောဟန်၏ဗတ္တိဇံကို ခံယူခြင်း**

*(မ ၃း၁၃-၁၇၊ မာ ၁း၉-၁၁)*

၂၁ ယောဟန်အကျဉ်းမကျမီက လူများစွာတို့
သည် ယောဟန်၏ဗတ္တိဇံကို ခံယူပြီးဖြစ်ကြသည်။
ထိုနောက် ယေရှုရောက်လာပြီး ဗတ္တိဇံကို ခံယူ၏။
ယေရှုဆုတောင်းနေစဉ်ကောင်းကင်သည် ပွင့်သွား
၏။ ၂၂ သန့်ရှင်းသောဝိညာဉ်တော်သည် ချိုးငှက်
ကဲ့သို့ ယေရှုအပေါ်သို့ ဆင်းသက်တော်မူ၏။ ထို့
နောက်ကောင်းကင်မှ “သင်ဟာ ငါ့ရဲ့သားဖြစ်တယ်၊
သင့်ကို ငါ ချစ်မြတ်နိုးတယ်၊ သင့်အားဖြင့် ငါအလွန်
ဝမ်းမြောက်ပျော်ရွှင်တယ်” ဟူသော အသံတော်
ထွက်ပေါ်လာလေ၏။

**ယောသပ်၏ မိသားစုသမိုင်း**

*(မ ၁း၁-၁၇)*

၂၃ ယေရှုသည် သြဝါဒစတင်ပေးချိန်တွင် အ
သက်သုံးဆယ်ရှိလေပြီ။ လူတို့က ယေရှုသည်
ယောသပ်၏သားဟု ထင်မှတ်ကြ၏။
ယောသပ်သည် ဟေလိ၏သားဖြစ်၏။
၂၄ ဟေလိသည် မဿတ်၏သားဖြစ်၏။
မဿတ်သည် လေဝိ၏သားဖြစ်၏။
လေဝိသည် မေလခိ၏သားဖြစ်၏။
မေလခိသည် ယန္န၏သားဖြစ်၏။
ယန္နသည် ယောသပ်၏သားဖြစ်ကြ၏။
၂၅ ယောသပ်သည် မတ္တသိ၏သားဖြစ်၏။
မတ္တသိသည် အာမုတ်၏သားဖြစ်၏။
၂၆ အာမုတ်သည် နာဟုံ၏သားဖြစ်၏။
နာဟုံသည် သေလိ၏သားဖြစ်၏။
သေလိသည် နဂ္ဂဲ၏သားဖြစ်၏။
နဂ္ဂဲသည် မာအတ်၏ သားဖြစ်၏။
မာအတ်သည် မတ္တသိ၏သားဖြစ်၏။
မတ္တသိ သည် ရှေမိ၏သားဖြစ်၏။
ရှေမိသည် ယောသပ်၏သားဖြစ်၏။
ယောသပ်သည် ယုဒ၏သားဖြစ်၏။
ယုဒသည် ယောဟန္န၏သားဖြစ်၏။
၂၇ ယောဟန္နသည် ရေသ၏သားဖြစ်သည်။
ရေသသည် ဇေရုဗဗေလ၏သားဖြစ်၏။
ဇေရုဗဗေလသည် ရှာလသေလ၏သားဖြစ်၏။
ရှာလသေလသည် နေရိ၏သားဖြစ်၏။
၂၈ နေရိသည် မေလခိ၏သားဖြစ်၏။
မေလခိသည် အဒ္ဒိ၏သားဖြစ်၏။
အဒ္ဒိသည် ကောသံ၏သားဖြစ်၏။
ကောသံသည် လေမောဒံ၏သားဖြစ်၏။
လေမောဒံသည် ဧရ၏သားဖြစ်၏။
၂၉ ဧရသည် ယောသေ၏သားဖြစ်၏။
ယောသေသည် ဧလျေဇာ၏သားဖြစ်၏။
ဧလျေဇာသည် ယောရိမ်၏သားဖြစ်၏။
ယောရိမ်သည် မဿတ်သားဖြစ်၏။
မဿတ်သည် လေဝိ၏ သားဖြစ်၏။

၃၀ လေဝိသည် ရှိမောင်၏သားဖြစ်၏။
ရှိမောင်သည် ယုဒ၏သားဖြစ်၏။
ယုဒသည် ယောသပ်၏သားဖြစ်၏။
ယောသပ်သည် ယောနန်၏သားဖြစ်၏။
ယောနန်သည် လျောကိမ်၏သားဖြစ်၏။
၃၁ လျောကိမ်သည် မေလေ၏သားဖြစ်၏။
မေလေသည် မဲနန်၏သားဖြစ်၏။
မဲနန်သည် မတ္တသ၏သားဖြစ်၏။
မတ္တသသည် နာသန်၏သားဖြစ်၏။
နာသန်သည် ဒါဝိဒ်၏သားဖြစ်၏။
၃၂ ဒါဝိဒ်သည် ယေရှဲ၏သားဖြစ်၏။
ယေရှဲသည် ဩဗက်၏သားဖြစ်၏။
ဩဗက်သည် ဗောဇ၏သားဖြစ်၏။
ဗောဇသည် စာလမုန်၏သားဖြစ်၏။
စာလမုန်သည် နာရှုန်၏သားဖြစ်သည်။
၃၃ နာရှုန်သည် အမိနဒပ်၏သားဖြစ်၏။
အမိနဒပ် သည် အာရံ၏သားဖြစ်၏။
အာရံသည် ဟေဇရုံ၏သားဖြစ်၏။
ဟေဇရုံသည် ဖာရက်၏သားဖြစ်၏။
ဖာရက်သည် ယုဒ၏သားဖြစ်၏။
၃၄ ယုဒသည် ယာကုပ်၏ သားဖြစ်၏။
ယာကုပ်သည် ဣဇက်၏သားဖြစ်၏။
ဣဇက်သည် အာဗြဟံ၏သားဖြစ်၏။
အာဗြဟံသည် တေရ၏ သားဖြစ်၏။
တေရသည် နာခေါ်၏သားဖြစ်၏။
၃၅ နာခေါ်သည် စေရောက်၏သားဖြစ်၏။
စေရောက် သည် ရာဂေါ၏သားဖြစ်၏။
ရာဂေါသည် ဖာလက်၏သားဖြစ်၏။
ဖာလက်သည် ဟေဗာ၏သားဖြစ်၏။
ဟေဗာသည် ရှာလ၏သားဖြစ်၏။
၃၆ ရှာလသည် ကာဣနန်၏သားဖြစ်၏။
ကာဣနန်သည် အာဖဇဒ်၏သားဖြစ်၏။
အာဖဇဒ်သည် ရှေမ၏သားဖြစ်၏။
ရှေမသည် နောဧ၏သားဖြစ်၏။
နောဧသည် လာမက်၏သားဖြစ်၏။
၃၇ လာမက်သည် မသုရှလ၏သားဖြစ်၏။
မသုရှလသည် ဧနောက်၏သားဖြစ်၏။
ဧနောက်သည် ယာရက်၏သားဖြစ်၏။
ယာရက်သည် မဟာလေလေလ၏သားဖြစ်၏။
မဟာလေလေလသည် ကာဣနန်၏သားဖြစ်၏။
၃၈ ကာဣနန်သည် ဧနုတ်၏သားဖြစ်၏။
ဧနုတ်သည် ရှေသ၏သားဖြစ်၏။
ရှေသသည် အာဒံ၏သားဖြစ်၏။
အာဒံသည် ဘုရားသခင်၏သားဖြစ်၏။

## ယေရှုကို မာရ်နတ်သွေးဆောင်ခြင်း

*(မ ၄း၁-၁၁၊ မာ ၁း၁၂-၁၃)*

၄ ယေရှုသည် ယောဒန်မြစ်မှပြန်လာတော်မူ၏။
သူသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်
လျက်ရှိ၏။ ဝိညာဉ်တော်သည် ယေရှုအား တောထဲ
သို့ ခေါ်ဆောင်သွား၏။ ၂ ထိုနေရာတွင် မာရ်နတ်
က ရက်ပေါင်းလေးဆယ် စုံစမ်းသွေးဆောင်လေ
၏။ ယေရှုသည် ရက်လေးဆယ်လုံးလုံး အစာကို
လုံးဝမစား။ ထိုရက်များကုန်လွန်ချိန်တွင် ယေရှု
သည် အလွန်ဆာလောင်မွတ်သိပ်တော်မူ၏။
၃ မာရ်နတ်က ယေရှုအား“သင်ဟာ ဘုရားသား
တော်ဆိုရင် ဒီကျောက်ခဲတွေကို မုန့်ဖြစ်အောင်
အမိန့်ပေးပါလား”ဟု ပြော၏။
၄ ယေရှုက“ကျမ်းစာထဲမှာ လူတွေဟာ မုန့်နဲ့ပဲ
အသက်ရှင်နေတာမဟုတ်ဘူးလို့ ရေးထားတယ်”ဟု
ပြန်ပြောတော်မူလိုက်၏။
၅ ထို့နောက် မာရ်နတ်သည် ယေရှုအား ခေါ်
ဆောင်ကာ လောကီတိုင်းနိုင်ငံတို့ကို ပြလေ၏။
၆ထို့နောက် မာရ်နတ်က “တကယ်လို့ သင်သာ
ငါ့ကို ကိုးကွယ်မယ်ဆိုရင်အဲဒီတိုင်း နိုင်ငံအားလုံး
ရဲ့ ဘုရင်ဖြစ်စေမယ်၊ ပြီးတော့ တန်ခိုးရပြီး ဘုန်းကြီး
မယ်၊ ငါ့ကို ဒါတွေ အားလုံးကို ပေးထားတာဖြစ်
တယ်။ ၇ ငါပေးချင်တဲ့သူကို ငါပေးနိုင်တယ်။ ဒါ
တွေအားလုံး ငါသင့်ကို ပေးမယ်”ဟု သွေးဆောင်
လေ၏။

၈ ယေရှုက “ကျမ်းစာထဲမှာ
‘သင်၏ဘုရားသခင်
ထာဝရဘုရားကိုသာ ကိုးကွယ်ရမယ်၊
သူ့ကိုသာ ဝတ်ပြုရမယ်လို့
ရေးထားတယ်”

*တရား ၆း၁၃*

ဟု ပြန်ဖြေတော်မူ၏။
၉ ထို့နောက် မာရ်နတ်သည် ယေရှုအား ယေရု
ရှလင်မြို့သို့ ခေါ်ဆောင်သွားပြီး ဗိမာန်တော်၏အမြင့်
အထွဋ်၌ထားလေ၏။ မာရ်နတ်က “သင်ဟာ ဘုရား
သခင်ရဲ့သားတော်ဆိုရင် ဒီကနေ ခုန်ချလိုက်ပါ၊
၁၀ ကျမ်းစာထဲမှာ
‘သင့်ကိုစောင့်ရှောက်ရန်
ကောင်းကင်တမန်တို့အား

မှာထားတော်မူ၏’

*ဆာလံ ၉၁း၁၁*

လို့ ရေးထားတယ်မဟုတ်လား”
၁၁ နောက်ပြီး

‘သင်ရဲ့ခြေကို ကျောက်တုံးနဲ့
မခိုက်မိစေဖို့ သူတို့က သင့်ကို
လက်နဲ့ ဖမ်းကိုင်ထားမယ်’

*ဆာလံ ၉၁း၁၂*

လို့လည်း ရေးထားသေးတယ်မဟုတ်လား”ဟု ဆို
လေ၏။
၁၂ ယေရှုက “ဒါပေမယ့် ကျမ်းစာထဲမှာ ရေး
ထားသေးတယ်၊

‘သင်ရဲ့ဘုရားသခင်ထာဝရဘုရားကို
မစုံစမ်းရ’

*တရား ၆း၁၆*

လို့ ရေးထားတယ်”ဟု ပြန်ဖြေလေ၏။
၁၃ မာရ်နတ်သည် နည်းအမျိုးမျိုးဖြင့် ဖြားယောင်း
သွေးဆောင်ပြီးနောက်၊ နောက်ထပ် ဖြားယောင်း
သွေးဆောင်ရန် အချိန်ကောင်းကို စောင့်နေလေ
သည်။

## ယေရှုသည် လူတို့အား ဩဝါဒပေးခြင်း

*(မ ၄း၁၂-၁၇၊ မာ ၁း၁၄-၁၅)*

၁၄ ယေရှုသည် ဂါလိလဲပြည်သို့ သန့်ရှင်းသော
ဝိညာဉ်တော်တန်ခိုးဖြင့် ပြန်ရောက်လာတော်မူ၏။
ယေရှုနှင့်ပတ်သက်သော သတင်းအမျိုးမျိုးသည်
ဂါလိလဲပြည်တစ်ဝိုက် ပျံ့နှံ့သွားလေ၏။ ၁၅ ယေရှု
သည် တရားဇရပ်များတွင် စတင်ပြီး ဩဝါဒပေး
တော်မူ၏။ လူအားလုံးတို့က သူ့အား ချီးမွမ်းကြ၏။

## ယေရှုသည် ဇာတိမြို့သို့သွားခြင်း

*(မ ၁၃း၅၃-၅၈၊ မာ ၆း၁-၆)*

၁၆ ယေရှုသည် သူကြီးပြင်းရာ နာဇရက်မြို့သို့
ခရီးပြုတော်မူ၏။ ဥပုသ်နေ့တွင် ပြုနေကျအတိုင်း
တရားဇရပ်သို့ သွားတော်မူ၏။ သူသည် ရပ်လျက်
မိမိအား ပေးသော ပရောဖက်ဟေရှာယကျမ်းကို
ဖတ်တော်မူ၏။ ယေရှုသည် စာအုပ်ကိုဖွင့်ရာ တစ်
နေရာတွင် ဤသို့ ရေးသား ထားလေသည်။

၁၈ “ထာဝရဘုရားသခင်ရဲ့ ဝိညာဉ်တော်ဟာ
ငါ့ဆီလာပြီး ဆင်းရဲသားတို့ကို
ဝမ်းမြောက်ဖွယ်သတင်းကို ကြားပြောရန်
ငါ့ကို ရွေးကောက်တော်မူပြီ။
အကျဉ်းကျလျက်ရှိတဲ့သူတို့
လွတ်မြောက်ဖို့ ငါ့ကို
စေလွှတ်တော်မူပြီ။
မျက်စိကန်းသောသူများ ပြန်မြင်ရန်
ဝေဒနာခံစားနေရသူများ လွတ်မြောက်
စေဖို့ ဘုရားသခင်က
ငါ့ကို စေလွှတ်လိုက်တယ်။
၁၉ နောက်ပြီး ထာဝရဘုရားရဲ့
ကြင်နာမှုကိုပြဖို့
အချိန်ရောက်ပြီဆိုတာကိုလည်း
ကြေညာလိုက်ပါတယ်”

*ဟေရှာ ၆၁း၁-၂*

၂၀ ယေရှုသည် စာအုပ်ကို ပိတ်လိုက်ပြီး ပြန်
ပေးကာ ထိုင်တော်မူ၏။ တရားဇရပ်တွင်းမှ လူတို့
က ယေရှုအား စေ့စေ့ကြည့်ကြ၏။ ၂၁ယေရှုက သူ
တို့အား စပြီးစကားပြောတော်မူ၏။ “အခု ငါဖတ်
ပြတဲ့အကြောင်းတွေကို သင်တို့ ကြားရပြီ။ အဲဒါ
တွေဟာ တကယ်ဖြစ်လာတော့မယ်”ဟု မိန့်တော်
မူ လိုက်၏။
၂၂ လူအားလုံးကလည်း ယေရှု၏ကောင်း
ကြောင်းတွေကို ပြောဆိုကြ၏။ သူတို့သည် ယေရှု
ပြောသော စကားလှလှကလေးများကို အံ့သြကြ၏။
လူတို့က “သူဘယ်လိုလုပ်ပြီး ဒီလို ပြောတတ်ပါ
လိမ့်၊ သူက ယောသပ်ရဲ့သား မဟုတ်လား”ဟုပြော
ဆိုကြ၏။
၂၃ ယေရှုက “သင်တို့ဟာ အရင်လိုပဲ ငါ့ကို
ပြောမယ်ဆိုတာ ငါသိတယ်။ ဆေးဆရာကြီး၊ ကိုယ့်
ကိုယ်ကို ကုပါဦး၊ ကပေရနောင်မြို့မှာ သင်လုပ်ခဲ့
သလို သင့်ဇာတိမြို့မှာလည်း လုပ်ပြပါဦးလို့ ပြော
ချင်ကြတယ်မဟုတ်လား”ဟု မေးတော်မူ၏။ ၂၄ ထို့
နောက်ယေရှုက “ငါအမှန်အကန်ပြောမယ်၊ ပရော
ဖက်ကို သူ့ဇာတိမြို့က လက်မခံတတ်ကြဘူး။ ငါ
အမှန်ကို ပြောတာပါ၊ ဧလိယလက်ထက်တုန်းက
လည်း ဣသရေလနိုင်ငံမှာ သုံးနှစ်ခွဲတိတိမိုးခေါင်
ခဲ့တယ်။ နိုင်ငံနဲ့အဝန်း အစာခေါင်းပါးခဲ့တယ်၊
အဲဒီတုန်းက ဣသရေလနိုင်ငံမှာ မုဆိုးမတွေအများ
ကြီးပဲ၊ ၂၆ ဧလိယကို ဣသရေလနိုင်ငံက မုဆိုးမ
တွေဆီ မပို့ဘဲ ဇိဒုန်ပြည် ဇရတ္တမြို့က မုဆိုးမတစ်
ယောက်ဆီကို စေလွှတ်ခဲ့တယ်၊ ၂၇ ပရောဖက်
ဧလိရှဲလက်ထက်က ဣသရေလမှာ နေထိုင်ကြတဲ့
သူတော်တော်များများမှာ ကိုယ်ရေပြားရောဂါစွဲနေ
ကြတယ်၊ ဒါပေမယ့် နေမန်တစ်ယောက်ကလွဲပြီး
ဘယ်သူမှ နူနာမပျောက်ကြဘူး၊ အဲဒီ နေမန်က
လည်း ဣသ ရေလနိုင်ငံကမဟုတ်ဘူး၊ ရှုရိပြည်က

ဖြစ်တယ်”ဟု လူတို့အား ပြောပြတော်မူ၏။
၂၈ တရားဇရပ်၌ ရှိသောသူအားလုံးတို့သည်
ထိုအကြောင်းအရာကို ကြားရကြ၏။ သူတို့သည်
အလွန်အမင်းစိတ်ဆိုးကြသည်။ ၂၉ ထိုသူတို့သည်
ယေရှုအား မြို့ထဲမှ ထွက်သွားရန် အတင်းနှင်ထုတ်
ကြ၏။ သူတို့မြို့ကလေးကို တောင်ပေါ်၌တည်ထား
၏။ သူတို့သည် ယေရှုအား တောင်ကမ်းပါးစွန်းသို့
ခေါ်ဆောင်လာကာ တောင်အောက်သို့ တွန်းချလို
ကြ၏။ ၃၀ သို့ရာတွင် ယေရှုသည် သူတို့အလယ်မှ
ဖြတ်လျှောက်၍ ထွက်သွားတော်မူ၏။

**ယေရှုသည် လူတစ်ယောက်ထံမှ နတ်ဆိုးကို နှင်ထုတ်ခြင်း**

*(မာ ၁း၂၁-၂၈)*

၃၁ ယေရှုသည် ဂါလိလဲပြည်၊ ကပေရနောင်
မြို့သို့သွားတော်မူ၏။ ယေရှုသည် ဥပုသ်နေ့တွင်
လူတို့အား ဩဝါဒပေးတော်မူ၏။ ၃၂ သူတို့သည်
ယေရှု၏ဩဝါဒကို အံ့အားသင့်ကြ၏။ အဘယ်ကြောင့်
ဆိုသော် ယေရှုပြောဆိုချက်များတွင် ဩဇာအာဏာ
*(တန်ခိုး)* ပါနေ၍ ဖြစ်သည်။ ၃၃ ထိုတရားဇရပ်
အတွင်းရှိလူတစ်ယောက်၌ ညစ်ညူးသောနတ်ဆိုး
စွဲကပ်နေ၏။ ထိုသူသည် ကျယ်လောင်သော အသံ
ဖြင့်၊ ၃၄ “နာဇရက်မြို့သားယေရှု၊ ကျွန်တော်တို့ဆီက
ဘာလိုချင်လို့လဲ၊ ကျွန်တော်တို့ကို ဖျက်ဆီးဖို့ လာ
တာလား၊ သင်ဟာ ဘုရားသခင်ရဲ့သန့်ရှင်းသူဆို
တာ ကျွန်တော်တို့သိတယ်”ဟု ယေရှုအား ပြော
ကြ၏။ ၃၅ သို့ရာတွင် ယေရှုက သူတို့အား တိတ်
တိတ်နေရန် သတိပေးတော်မူ၏။ “တိတ်တိတ်
နေပါ၊ အဲဒီလူထဲက ထွက်လာခဲ့” ဟု အမိန့်ပေး
လိုက်ရာ၊ ညစ်ညူးသောနတ်ဆိုးက ထိုသူအား ထို
နေရာရှိလူတို့ရှေ့တွင် မြေပေါ်သို့လှဲချလေ၏။ ထို
နောက် ညစ်ညူးသောနတ်ဆိုးသည် ထိုသူအား မနာ
ကျင်စေတော့ဘဲ ထွက်သွားလေ၏။
၃၆ လူတို့သည် အလွန်အံ့အားသင့်သွားကြ၏။
ထိုသူတို့က “ဒါဘာအဓိပ္ပာယ်ပါလိမ့်၊ သူ*(ယေရှု)*
က ဘယ်လိုအခွင့်တန်ခိုးနဲ့ ဒီနတ်ဆိုးကို မောင်း
ထုတ်နိုင်တာပါလိမ့်”ဟု အချင်းချင်း ပြောဆိုကြ
၏။ ၃၇ ထိုသတင်းသည် ထိုနယ်တခွင်၌ ပျံ့နှံ့သွား
လေတော့သည်။

**ယေရှုက ပေတရု၏ယောက္ခမအား ကုသပေးခြင်း**

*(မ ၈း၁၄-၁၇၊ မာ ၁း၂၉-၃၄)*

၃၈ ယေရှုသည် တရားဇရပ်မှ ထွက်လာပြီး
ရှိမုန်၏အိမ်သို့ ကြွတော်မူ၏။ ရှိမုန်၏ယောက္ခမဖြစ်
သူသည် ပြင်းစွာဖျားနာနေ၏။ သူတို့က ယေရှုအား
သူမကို ကူညီပေးရန် တောင်းပန်ကြ၏။ ၃၉ ယေရှု
သည် သူမအနီးသို့ တိုးကပ်သွားပြီး သူမထံမှ ရောဂါ
ဝေဒနာများပျောက်ကင်းရန် အမိန့်ပေးတော်မူ၏။
သူမ၏ အဖျားရောဂါပျောက်သွားပြီးနောက် သူမ
သည် ထကာ သူတို့အား ဧည့်ဝတ်ပြုလေ၏။

**ယေရှုသည် အခြားသူများစွာတို့အားလည်း ကုသပေးခြင်း**

၄၀ ညနေနေဝင်ချိန်တွင် လူတို့သည် မိမိတို့
၏ဖျားနာနေသော မိတ်ဆွေများအား ယေရှုထံတော်
ပါးသို့ ခေါ်ဆောင်လာခဲ့ကြ၏။ ထိုသူတို့၏ ရောဂါ
ဝေဒနာများမှာလည်း အမျိုးမျိုး ဖြစ်၏။ ယေရှုက
ထိုသူတစ်ဦးချင်းအပေါ်သို့ လက်တင်ကာ ကုသ
ပေးတော်မူ၏။ ၄၁ လူများစွာတို့အထဲမှ နတ်ဆိုးများ
လည်း ထွက်သွားကြ၏။ နတ်ဆိုးတို့က “သင်ဟာ
ဘုရားသခင်ရဲ့သားတော်ပဲ”ဟု အော်ဟစ်ကြ၏။
ယေရှုက သူတို့အား စကားမပြောရန် ပြင်းထန်စွာ
သတိ ပေးတော်မူ၏။ အဘယ်ကြောင့်ဆိုသော် ထို
နတ်ဆိုးတို့က ယေရှုသည် ခရစ်တော်ဖြစ်ကြောင်း
ကို သိကြသောကြောင့်ဖြစ်၏။

**ယေရှုအခြားမြို့သို့ သွားခြင်း**

*(မာ ၁း၃၅-၃၉)*

၄၂ နောက်တစ်နေ့တွင် ယေရှုသည် တစ်နေရာ
သို့ တစ်ကိုယ်တည်းထွက်လာခဲ့၏။ လူတို့က ယေရှု
အား တွေ့ကြသောအခါ ထွက်မသွားရန် ကြိုးစား
တားမြစ်ကြ၏။ ၄၃ သို့ရာတွင် ယေရှုက သူတို့အား “ငါ
ဟာ ဘုရားသခင်ရဲ့ နိုင်ငံတော်အကြောင်းသတင်း
ကောင်းကို တခြားမြို့တွေဆီ သွားပြောရဦးမယ်၊ ဒီ
အတွက် ငါ့ကိုစေလွှတ်တာဖြစ်တယ်”ဟု မိန့်တော်
မူ၏။
၄၄ ထို့နောက် ယေရှုသည် ယုဒပြည်ရှိ တရား
ဇရပ်များ၌ ဝမ်းမြောက်ဖွယ်သတင်းကောင်းကို
ဟောကြားလေ၏။

**ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့ ယေရှုနောက်သို့ လိုက်ကြခြင်း**

*(မ ၄း၁၈-၂၂၊ မာ ၁း၁၆-၂၀)*

၅ ယေရှုသည် ဂန္နေသရက်အိုင်ဘေးတွင် ရပ်
နေ၏။ လူများစွာတို့သည် ယေရှုအနီးသို့
တိုးဝှေ့ရောက်လာကြ၏။ သူတို့သည် ဘုရားသခင်
၏ဩဝါဒကို ကြားနာလိုကြ၏။ ၂ ယေရှုက အိုင်ကမ်း
နားတွင်ရှိသော လှေငယ်နှစ်စီးကို မြင်လေ၏။ တံငါ

သည်တို့သည် မိမိတို့ ပိုက်ကွန်များကို ဆေးကြော
နေကြ၏။ ၃ယေရှုသည် ရှိမုန်ရှိနေသော လှေထဲသို့
ဝင်တော်မူ၏။ ယေရှုက လှေကို ကမ်းမှအနည်းငယ်
ခွါရန် ပေတရုအား ပြောလိုက်၏။ ထိုနောက်တွင်
ယေရှုသည် လှေထဲတွင်ထိုင်ပြီး ကမ်းပေါ်မှ လူ
များတို့အား ဩဝါဒပေးတော်မူ၏။

၄ ထိုသို့ ဩဝါဒပေးပြီးသောအခါ ရှိမုန်အား
"ရေနက်တဲ့ဘက်ကို လှေလှော်သွားပြီး ရေထဲကို
ပိုက်ချလိုက်ရင်သင်တို့ ငါးအချို့တော့ ရလိမ့်မယ်"
ဟု မိန့်တော်မူ၏။

၅ ရှိမုန်က "သခင်၊ ကျွန်တော်တို့ တစ်ညလုံး
ကြိုးစားပြီး ဖမ်းပေမယ့် တစ်ကောင်မှ မရပါဘူး၊
ဒါပေမယ့် သခင်က ရေထဲကို ပိုက်ချပါလို့ ပြော
တဲ့အတိုင်းချပါ့မယ်"ဟုပြန်လျှောက်လေ၏။ ၆ တံငါ
များသည် သူတို့၏ပိုက်ကို ရေထဲသို့ ချလိုက်ကြ၏။
ပိုက်ကွန်ထဲတွင် ငါးများအပြည့်ပါလာသောကြောင့်
ပိုက်ကွန်မှာ စုတ်ပြတ်စပြုလာ၏။ ၇ သူတို့သည်
အခြားလှေများမှ အပေါင်းအသင်းများကို ခေါ်၍
အကူအညီတောင်းရ၏။ အပေါင်းအသင်းများရောက်
လာသောအခါတွင် လှေနှစ်စီးစလုံး၌ ငါးများပြည့်
နေသောကြောင့် သူတို့သည် မြုပ်လုမတတ်ဖြစ်
လေ၏။

၈-၉ တံငါသည်အားလုံးသည် ထိုသို့ ငါးများစွာ
ရသောကြောင့် အလွန်အံ့အားသင့်ကြ၏။ ဤအချင်း
အရာကို ရှိမုန်သည် မြင်သောအခါ ယေရှုရှေ့တော်
တွင် ဒူးထောက်ပြီး "သခင်၊ ကျွန်တော့်ဆီက ထွက်
သွားပါ၊ ကျွန်တော်ဟာ အပြစ်တွေနဲ့ ပြည့်နေတဲ့သူ
တစ်ယောက်ပါ"ဟု လျှောက်လေ၏။ ၁၀ဇေဗေဒဲ၏
သားများဖြစ်ကြသော ယာကုပ်နှင့် ယောဟန်တို့
သည်လည်း အလွန်အံ့အားသင့်နေကြ၏။ (ယာကုပ်
နှင့် ယောဟန်တို့သည် ရှိမုန်၏ လုပ်ဖော်ဆောင်
ဖက်များဖြစ်ကြသည်။)

ယေရှုက ရှိမုန်အား "မကြောက်နဲ့။ ခုချိန်ကစပြီး
သင်ဟာ လူတွေကို ဖမ်းတဲ့သူဖြစ်ရမယ်၊ ငါးကို
မဟုတ်တော့ဘူး"ဟု မိန့်တော်မူ၏။

၁၁ သူတို့သည် လှေကို ကမ်းသို့ ပြန်လှော်လာ
ကြ၏။ သူတို့သည် အရာအားလုံးကို စွန့်ခဲ့ပြီး ယေရှု
နောက်တော်သို့ လိုက်ကြ၏။

## ယေရှုသည် ဖျားနာနေသူအား ကုသပေးတော်မူခြင်း

*(မ ၈း၁-၄၊ မာ ၁း၄၀-၄၅)*

၁၂တစ်ခါတွင် ယေရှုသည် ရောဂါပြင်းစွာခံစား
နေရသောလူတစ်ယောက်ရှိသည့် မြို့သို့ရောက်လာ
ခဲ့၏။ ထိုသူသည် တစ်ကိုယ်လုံး ကိုယ်ရေပြားရောဂါ
ဖြစ်နေ၏။ ထိုသူသည် ယေရှုအားမြင်သောအခါ ရှေ့
တော်တွင် ဒူးထောက်ပြီး "သခင်၊ သခင်အလိုရှိရင်
ကျွန်တော့်ကို ကုသပေးနိုင်တဲ့ တန်ခိုးရှိပါတယ်"
ဟု တောင်းပန်လေ၏။

၁၃ ယေရှုက "သင့်ကို ငါကုသပေးချင်တယ်၊
ရောဂါပျောက်စေ"ဟု မိန့်တော်မူ၏။ ထို့နောက်
ယေရှုသည် ထိုသူအား တို့ထိလိုက် ပြီးသည်နှင့်
ချက်ခြင်းပင် ထိုသူ၌ရှိသော ကိုယ်ရေပြားအနာများ
မှာ ပျောက်ကင်းသွားလေတော့သည်။ ၁၄ထို့နောက်
ယေရှုက ထိုသူအား "ဒီအကြောင်းကို ဘယ်သူ့ကို
မှ မပြောပြ ပါနဲ့၊ ဒါပေမယ့် ယဇ်ပုရောဟိတ်တွေ
ဆီကို သွားပြပါ။ ပြီးတော့ ရောဂါပျောက်ကင်းသွား
ပြီဖြစ်လို့ မောရှေပညတ်ထားတဲ့အတိုင်း ဘုရား
သခင်ကို ပူဇော်သက္ကာပြုပါ၊ ဒီအမှုအရာတွေက
သင့်မှာ ရောဂါကင်းသွားပြီဆိုတာ လူတွေကို ပြ
လိုက်တာပဲ"ဟု မိန့်တော်မူ၏။

၁၅ သို့ရာတွင် ယေရှု၏ သတင်းတော်မှာ ပျံ့နှံ့
သထက် ပြန့်နှံ့လေ၏။ လူများစွာတို့သည် ယေရှု၏
တရားတော်ကို နားထောင်ရန်နှင့် မိမိတို့ ရောဂါ
ဝေဒနာများကို ပျောက်ကင်းစေရန် ယေရှုထံတော်
သို့ လာကြ၏။ ယေရှုသည် အခြားနေရာသို့ တစ်
ယောက်တည်း ဆုတောင်းနိုင်ရန်အတွက် ထွက်
သွားလေ့ရှိသည်။

## ယေရှုသည် ခြေလက်သေနေသူတစ်ယောက် အားကုသပေးခြင်း

*(မ ၉း၁-၈၊ မာ ၂း၁-၁၂)*

၁၇ တစ်နေ့တွင် ယေရှုသည် လူတို့အား ဩဝါဒ
ပေးတော်မူ၏။ ဖာရိရှဲများနှင့် ကျမ်းပြုဆရာတို့သည်
လည်း ထိုနေရာတွင် ထိုင်နေကြ၏။ ထိုလူများတို့
သည် ဂါလိလဲပြည်နှင့် ယုဒပြည် ယေရုရှလင်မြို့
အသီးသီးတို့မှလာခဲ့ကြ၏။ ဘုရားသခင်သည် ယေရှု
အား လူများကို ကုသပေးနိုင်သော တန်ခိုးပေးထား
၏။ ထိုနေရာတွင် လေဖြတ်နေသောသူတစ်ယောက်
ရှိ၏။ လူတို့က ထိုသူအား ဖျာပေါ်တွင် သယ်ဆောင်
ကာ ယေရှုရှေ့တော်သို့ ပို့နိုင်ရန် ကြိုးစားကြ၏။
၁၈ သို့သော် လူများလွန်းသောကြောင့် သူတို့သည်
ယေရှုထံ ရောက်နိုင်မည့်လမ်းကို ရှာမရဖြစ်နေကြ
၏။ ထို့ကြောင့် ထိုသူတို့သည် ခေါင်မိုးပေါ်သို့ တက်
ပြီး မျက်နှာကြက်အပေါက်မှ လေဖြတ်နေသူအား
အခန်းတွင်းသို့ လျှောချပေးလိုက်ကြသဖြင့် ထိုသူ

သည် ယေရှုရှေ့တော်တွင် လဲလျောင်းရက်သား
ရောက် ရှိသွား၏။ ၂၀ ယေရှုသည် ထိုသူတို့၏ ယုံ
ကြည်ခြင်းကို သိမြင်တော်မူ၏။ ထို့ကြောင့် လေဖြတ်
သူအား "မိတ်ဆွေ၊ သင့်အပြစ်တွေကို ခွင့်လွှတ်
လိုက်ပြီ"ဟု မိန့်တော်မူ၏။

၂၁ ဂျူးကျမ်းပြုဆရာများနှင့် ဖာရိရှဲတို့၏စိတ်ထဲ
တွင် "ဒီလူ *(ယေရှု)* က ဘယ်သူလဲ၊ သူဟာ ဘုရား
သခင်ကို ဆန့်ကျင်တဲ့စကားကို ပြောပြီ၊ ဘုရား
သခင်ကပဲ အပြစ်လွှတ်နိုင်တာ"ဟု တွေးနေကြ၏။

၂၂ သို့ရာတွင် သူတို့စိတ်ထဲတွင် တွေးနေသော
အရာကို ယေရှုသည် သိတော်မူ၏။ ယေရှုက "သင်
တို့ရဲ့စိတ်ထဲမှာ ဘာကြောင့် ဒီမေးခွန်း မျိုးဖြစ်နေ
ကြရတာလဲ၊ ၂၃-၂၄ လူသားဟာ မြေပေါ်မှာ အပြစ်
လွှတ်ပိုင်တဲ့ အခွင့်တန်ခိုးရှိတယ်၊ ဒါပေမယ့် သင်
တို့ကို ငါဘယ်လိုသက် သေပြရမလဲ၊ သင်တို့ ထင်
ကြတာက ငါက 'သင့်အပြစ်ကို လွှတ်ပြီ'လို့ ပြော
လိုက်တာကိုလွယ်တယ်လို့ ထင်နေကြတယ်မဟုတ်
လား၊ အမှန်ဖြစ်ပျက်ခဲ့ရင်လည်း ဘယ်သူကမှ မြင်
နိုင်မှာမဟုတ်ဘူး။ ဒါပေမယ့် ဒီလူ့ကို 'မတ်တပ်
ထပြီး လမ်းလျှောက်ပါ'လို့ ပြောရင် ဘာဖြစ်သွား
မလဲ၊ ဒါဆိုရင် ငါ့မှာတန်ခိုးတကယ်ရှိတယ်ဆိုတာ
သင်တို့သိသွားမယ်"ဟု မိန့်ပြီး၊ လေဖြတ်နေသူ
အား"ထပါ၊ ကိုယ့်ဖျာကိုယူပြီး အိမ်ကို ပြန်ပါ"ဟု
မိန့်တော်မူ၏။

၂၅ ထို့နောက် လေဖြတ်နေသူသည် ထို နေရာရှိ
လူများတို့၏ရှေ့တွင် မတ်တပ်ရပ်ပြီး ဖျာကိုသယ်
ကာ ဘုရားသခင်ကို ချီးမွမ်းလျက် သူ့အိမ်သို့
လျှောက်သွားလေ၏။ ၂၆ လူအားလုံးတို့သည် အလွန်
အံ့သြကြလေ၏။ သူတို့သည် ဘုရားသခင်အား စတင်
ချီးမွမ်းကြလေ၏။ လူတို့သည် ဘုရားသခင်၏တန်ခိုး
တော်ကို အထူးလေးမြတ်ကြပြီး "ဒီနေ့ဟာ ငါတို့
အတွက် အံ့ သြစရာတွေ့ရတဲ့နေ့ပဲ"ဟု ပြောဆိုကြ
၏။

## လေဝိ(မဿဲ) ယေရှုနောက်သို့လိုက်ခြင်း

*(မ ၉း၉-၁၃၊ မာ ၂း၁၃-၁၇)*

၂၇ ထိုကိစ္စပြီးသည်နောက် ယေရှုသည် အခွန်
ကောက်ခံရာနေရာတွင် ထိုင်နေသော အခွန်
ကောက်ခံသူတစ်ဦးကို တွေ့တော်မူ၏။ သူ့အမည်
မှာ လေဝိဖြစ်၏။ ယေရှုက ထိုသူအား"ငါ့နောက်
လိုက်ခဲ့"ဟု မိန့်တော်မူသောအခါ၊ ၂၈ လေဝိသည်
အားလုံးကို ထားရစ်ခဲ့ကာ ယေရှုနောက်သို့ လိုက်
လေ၏။

၂၉ ထို့နောက် လေဝိသည် ယေရှုအတွက် ညစာ
စားပွဲကို ခမ်းနားစွာပြုလုပ်ပေး၏။ စားပွဲတွင်
အခွန်ခံကောက်ခံသူများစွာနှင့် လူအချို့တို့လည်း
ပါဝင်ကြ၏။ ၃၀ ဖာရိရှဲများနှင့် ကျမ်းပြုဆရာတို့က
ယေရှု၏နောက်လိုက်တို့အား စတင်ပြစ်တင်ကာ
"ဘာကြောင့် ဒီအခွန်ကောက်ခံတဲ့သူတွေ၊ လူဆိုး
တွေနဲ့အတူ စားသောက်နေကြရတာလဲ"ဟု မေး
မြန်းကြ၏။

၃၁ ယေရှုက "ကျန်းမာနေတဲ့သူဟာ ဆေးဆရာ
ကို မလိုဘူး၊ ဖျားနာနေတဲ့သူတွေကသာ ဆေး
ဆရာကို လိုကြတယ်၊ ၃၂ လူကောင်းတွေကို ပြောင်း
လဲစေဖို့ ငါလာတာမဟုတ်ဘူး၊ ဆိုးတဲ့သူတွေကို
နောင်တရစေဖို့ ငါလာတာ ဖြစ်တယ်"ဟု ထိုသူတို့
အား မိန့်တော်မူ၏။

## ယေရှုက အစာရှောင်ခြင်းမေးခွန်းတစ်ခုကို ဖြေကြားခြင်း

*(မ ၉း၁၄-၁၇၊ မာ ၂း၁၈-၂၂)*

၃၃ သူတို့က ယေရှုအား"ယောဟန်ရဲ့တပည့်
တွေကတော့ ဖာရိရှဲတွေလို အစာရှောင်ကြတယ်၊
ဆုတောင်းကြတယ်၊ ဒါပေမယ့် သင့် နောက်လိုက်
တွေကတော့ တစ်ချိန်လုံး စားလိုက်ကြသောက်
လိုက်ကြနဲ့ပါလား"ဟု မေးမြန်းကြ၏။

၃၄ ယေရှုက သူတို့အား"မင်္ဂလာဆောင် တစ်ခု
မှာ သတို့သားရဲ့အပေါင်းအသင်းတွေ က သူတို့နဲ့
အတူ သတို့သားအတူရှိနေချိန်မှာ အစာမရှောင်
တတ်ကြဘူး၊ ၃၅ ဒါပေမယ့် သတို့သားကို ခေါ်
သွားဖို့အချိန်ရောက်လာတဲ့အခါ ကျရင် သတို့သား
ရဲ့အပေါင်းအသင်းတွေဟာ အစာရှောင်ကြတယ်"
ဟု မိန့်တော်မူ၏။

၃၆ ယေရှုက ပုံဥပမာအားဖြင့် သူတို့အား ပြော
ရာတွင် "ဘယ်သူမှ အင်္ကျီအသစ်ကအစကို ဖြတ်
ပြီးနဲ့ အင်္ကျီအဟောင်းက အပေါက်ကို မဖာကြဘူး၊
ဘာကြောင့်လည်းဆိုရင် အင်္ကျီ အသစ်ပျက်စီးမယ်၊
ပြီးတော့ အင်္ကျီအသစ်က ပိတ်စဟာ အင်္ကျီအဟောင်း
နဲ့ဘယ်လိုမှ မတူနိုင်ဘူး။ ၃၇ လူတွေဟာ စပျစ်
ရည်အသစ်ကို စပျစ်ရည်အိတ်အဟောင်းမှာ မထည့်
ကြဘူး၊ ဘာကြောင့်လည်းဆိုတော့ စပျစ်ရည်အသစ်
က အိတ်ကို စုတ်ပျက်စေတဲ့အတွက် စပျစ်ရည်
တွေဟာ ဖိတ်ကုန်တယ်။ ၃၈ လူတွေဟာ အမြဲတမ်း
ပဲ စပျစ်ရည်အသစ်ကို အိတ်အသစ်ထဲမှာပဲ
ထည့်ကြတယ်။ ၃၉ ဘယ်သူမှ စပျစ်ရည် အသစ်ကို
မသောက်ချင်ကြဘူး၊ စပျစ်ရည်အဟောင်းကိုပဲ

သောက်ချင်ကြတယ်၊ ဘာလို့လည်းဆိုရင် စပျစ်
ရည်အဟောင်းက ပိုကောင်းတယ်လို့ ဆိုကြတယ်”
ဟု မိန့်လေ၏။

## ယေရှုသည် ဥပုသ်နေ့၏အရှင်သခင်ဖြစ်ခြင်း

*(မ ၁၂း၁-၈၊ မာ ၂း၂၃-၂၈)*

၆ ဥပုသ်ရက်တစ်ရက်တွင် ယေရှုသည် စပါး
ခင်းအချို့မှ ဖြတ်လျှောက်သွားတော်မူ၏။
နောက်လိုက်အချို့တို့က စပါးနှံများကို ခူးဆွတ်
ကာ လက်ဖြင့် ပွတ်ချေပြီး အခွံချွတ် စားကြ၏။
၂ ဖာရိရှဲအချို့က “ဘာကြောင့် ဒီလိုလုပ်ကြရတာ
လဲ၊ ဒါဟာ မောရှေရဲ့ ဥပုသ်နေ့နဲ့ဆိုင်တဲ့ ပညတ်
ကို ဆန့်ကျင်လိုက်တာပဲ” ဟု ဆိုကြ၏။
၃ယေရှုက “ဒါဝိဒ်နဲ့ သူ့လူတွေဟာ ဆာလောင်
ကြတဲ့အကြောင်း ရေးထားတာကို သင်တို့ မဖတ်ဖူး
ကြဘူးလား၊ ၄ ဒါဝိဒ်ဟာ ဘုရားသခင်ရဲ့အိမ်တော်
ထဲဝင်ပြီး ဘုရားသခင်ကို ပူဇော်ဆက်သထားတဲ့
မုန့်တစ်ချို့ကို သူ့လူတွေနဲ့အတူစားကြတယ် မ
ဟုတ်လား၊ ဒါက မောရှေရဲ့ပညတ်ကို ဆန့်ကျင်
လိုက်တာပဲ၊ အဲဒီမုန့်ကို ယဇ်ပုရောဟိတ်မင်းပဲစား
ဖို့ ပညတ်ထားတာမဟုတ်လား”ဟု မေးတော်မူ၏။
၅ ထို နောက် ယေရှုက ဖာရိရှဲတို့အား “လူသားဟာ
ဥပုသ်နေ့ရဲ့ အရှင်သခင်ဖြစ်တယ်”ဟု မိန့်တော်
မူ၏။

## ယေရှုသည် ဥပုသ်နေ့တွင် လူနာတစ်ဦးအား ကုသပေးခြင်း

*(မ ၁၂း၉-၁၄၊ မာ ၃း၁-၆)*

၆ နောက်ဥပုသ်နေ့တစ်နေ့တွင် ယေရှုသည်
တရားဇရပ်သို့ ဝင်ပြီး လူတို့အား ဩဝါဒပေးတော်
မူ၏။ ထိုနေရာတွင် ညာဘက်လက် သေနေသူတစ်
ဦးလည်း ရှိ၏။ ၇ ကျမ်းပြုဆရာအချို့နှင့် ဖာရိရှဲတို့
သည် ယေရှုအား အနီးကပ် စောင့်ကြည့်နေကြ၏။
သူတို့က ယေရှုသည် ဥပုသ်နေ့တွင် ကုသပေးလျှင်
မြင်နိုင်ရန် စောင့်နေကြ၏။ သူတို့သည် ယေရှုကို
အမှားလုပ်မိစေလိုကြ၏။ သို့မှသာ ယေရှုအား အပြစ်
တင်နိုင်ကြမည် ဖြစ်သည်။ ၈ သို့ရာတွင် သူတို့၏
စိတ်ထဲမှအတွေးများကို ယေရှုသိတော်မူ၏။ ယေရှု
က လက်တစ်ဘက်သေနေသောသူအား “ထပြီး ဒီ
လူတွေရှေ့မှာ ရပ်ပြလိုက်ပါ”ဟု ဆိုလိုက်ရာ ထိုသူ
သည် ထိုနေရာတွင် ထ၍ရပ်လေ၏။ ၉ ထိုနောက်
ယေရှုက ထိုသူတို့အား “ငါမေးမယ်၊ ဥပုသ်နေ့မှာ
ကောင်းတာလုပ် သင့်သလား၊ ဆိုးတာလုပ်သင့်သ
လား၊ လူ့အသက်ကို ကယ်သင့်သလား၊ ဖျက်ဆီး
သင့်သလား”ဟု မေးပြီး၊ ပတ်ပတ်လည်ရှိ လူတို့
ကို ကြည့်တော်မူ၏။ ယေရှုက ထိုသူအား “သင့်
ရဲ့လက်ကိုကြည့်ရအောင်”ဟု ဆိုရာ၊ ထိုသူက လက်
ကို ဆန့်ပြလေ၏။ ထိုအခါတွင် ထိုသူ၏ လက်သည်
အကောင်းပကတိဖြစ်သွားလေ ၏။ ၁၁ ဖာရိရှဲများ
နှင့် ကျမ်းပြုဆရာတို့သည် အလွန်ဒေါသထွက်လာ
ကြသည်။ သူတို့သည် ယေရှုအား မည်သို့လုပ်နိုင်
မည့်အကြောင်းကို အချင်းချင်းပြောဆိုကြ၏။

## ယေရှုက တမန်တော်တစ်ဆယ့်နှစ်ပါးကို ရွေးချယ်တော်မူခြင်း

*(မ ၁၀း၁-၄၊ မာ ၃း၁၃-၁၉)*

၁၂ထိုအချိန်တွင် ယေရှုသည် တောင်ပေါ်သို့
ဆုတောင်းရန် ထွက်လာတော်မူ၏။ ထိုနေရာတွင်
တစ်ညလုံး ဘုရားသခင်ထံ ဆုတောင်း၏။ ၁၃ နောက်
တစ်နေ့တွင် ယေရှုသည် နောက်လိုက်တို့အား
ခေါ်တော်မူပြီး တစ်ဆယ့်နှစ်ဦးအား ရွေးခဲ့၏။ ယေရှု
က သူတို့ အား “တမန် တော်”များဟု အမည်ပေး
လိုက်၏။ ထိုသူတို့မှာ ၁၄ ရှိမုန် (ယေရှုက ပေတရု
ဟု အမည်ပေး၏)၊ ပေတရု၏ညီ အန္ဒြေယာ ယာကုပ်
နှင့်ယောဟန်၊ ဖိလိပ္ပု၊ ဗာသောလမဲ၊ ၁၅ မဿဲ၊
သောမ၊ ယာကုပ် *(အာလဖဲ၏သား)*နှင့် ရှိမုန် *(ဇေ
လုပ်ဟု ခေါ်သည်)*၊ ၁၆ ယုဒ *(ယာကုပ်၏ သား)*နှင့်
ယုဒရှကာရုတ်တို့ဖြစ်ကြသည်။ ဤ ယုဒသည် ယေရှု
အား ရန်သူလက်သို့ အပ်နှံသောသူဖြစ်၏။

## ယေရှုတရားဟောခြင်းနှင့် ရောဂါသည်များအား ကုသပေးခြင်း

*(မ ၄း၂၃-၂၅၊ မာ ၅း၁-၁၂)*

၁၇ ယေရှုသည် တမန်တော်များတို့နှင့် အတူ
တောင်ပေါ်မှ ဆင်းလာတော်မူ၏။ ယေရှုသည်
မြေပြင်ညီတစ်ခုတွင် ရပ်လိုက်၏။ သူ့နောက်တော်
သို့လိုက်ပါလာသော လူအုပ်ကြီးလည်း ထိုနေရာ
တွင် ရှိနေ၏။ ထိုလူအုပ်ကြီးမှာ ယုဒပြည်နှင့် ယေရု
ရှလင်မြို့ဝန်းကျင်မှ လူများ၊ ဆိပ်ကမ်းမြို့များဖြစ်
သော တုရုမြို့ နှင့် ဇိဒုန်မြို့တို့မှ လူများဖြစ်ကြ၏။
၁၈ထိုသူအားလုံးတို့သည် ယေရှု၏တရားတော်ကို
ကြားနာရန်နှင့် မိမိတို့၏ရောဂါဝေဒနာများကို ကုသ
ခံရန် ရောက်လာကြခြင်းဖြစ်ကြ၏။ ယေရှုသည် နတ်
ဆိုးထံမှ ညစ်ညူးသောနတ်များဒုက္ခပေးခြင်း ခံရ
သူများကိုလည်း ကုသပေးရ၏။ ၁၉ ယေရှု၏ ကိုယ်မှ
တန်ခိုး ထွက်သောကြောင့် လူတို့သည် ယေရှုအား
တို့ထိနိုင်ရန် ကြိုးစားကြလေသည်။ ယေရှုက ထိုသူ

အားလုံးတို့၏ အနာရောဂါများကို ပျောက်ကင်းစေ
တော်မူ၏။
၂၀ ယေရှုက သူ့နောက်တော်လိုက်တို့အား
ကြည့်ကာ
"ဆင်းရဲသားတို့ သင်တို့ဟာ မင်္ဂလာရှိကြပြီ။
ဘုရားသခင်ရဲ့နိုင်ငံတော်ဟာ
သင်တို့နဲ့အတူရှိနေပြီ၊
၂၁ အခုချိန်မှာ ဆာလောင်နေသူတွေဟာ
မင်္ဂလာရှိကြတယ်၊
သင်တို့ဟာ ဝကြရလိမ့်မယ်။
အခုချိန်မှာ ငိုကြွေးနေသူတွေလည်း
မင်္ဂလာရှိကြတယ်၊
သင်တို့ဟာ ပျော်ရွှင်ပြီး ရယ်မောကြ
လိမ့်မယ်"ဟု မိန့်တော်မူ၏။
၂၂ သင်တို့ဟာ လူသားနဲ့အတူရှိနေကြတဲ့အ
တွက်ကြောင့် လူတွေက သင်တို့ကို မုန်းကြလိမ့်
မယ်။ သင်တို့ကို သူတို့အုပ်စုထဲက ထွက်သွား
အောင်လုပ်ကြလိမ့်မယ်။ သူတို့က သင်တို့ကို စော်
ကားကြလိမ့်မယ်၊ သူတို့ဟာ သင်တို့ရဲ့နာမည်ကို
ပြောမိတာကိုတောင် မှားတယ်လို့ ထင်ကြလိမ့်
မယ်၊ ဒါတွေဖြစ်လာတဲ့အခါကျရင် ဘုရားသခင်
သင်တို့ကို ကောင်းချီးမင်္ဂလာပေးမယ်ဆိုတာကို
သိထားကြပါ။ ၂၃ အဲဒီအချိန်ကျရင်သင်တို့ဟာပျော်
ပြီး ဝမ်းမြောက်တဲ့အတွက် ခုန်ပေါက်ကြလိမ့်မယ်၊
ဘာလို့လည်းဆိုရင်သင်တို့ဟာကြီးမြတ်တဲ့ကောင်း
ကင်ဆုလာဘ်ကို ရကြလို့ဖြစ်တယ်။ သူတို့ရဲ့ ဘိုး
ဘေးတို့ဟာ ပရောဖက်တွေအပေါ် ပြုခဲ့တဲ့အတိုင်း
သင်တို့အပေါ်မှာလည်း ပြုကြလိမ့်မယ်"
၂၄ ဒါပေမယ့် ချမ်းသာတဲ့သူတွေအတွက်
ကောင်းမှာမဟုတ်ဘူး၊
ဘာလို့လည်းဆိုရင် သင်တို့ရဲ့ဘဝဟာ
သက်သက်သာသာ နေခဲ့ကြရတယ်၊
၂၅ အခု ပြည့်စုံနေတဲ့သူတွေဟာ
နောင်ကျရင် ဆိုးဝါးလိမ့်မယ်၊
ဘာလို့လည်းဆိုရင်
သင်တို့ဟာ ဆာလောင်ကြလိမ့်မယ်။
အခု ရယ်မောနေကြတဲ့သူတွေ
နောင်ကျရင် ဆိုးဝါးလိမ့်မယ်၊
ဘာလို့လည်းဆိုရင်
သူတို့ဟာ ဝမ်းနည်းပြီး ငိုကြွေးကြ
ရလိမ့်မယ်"
၂၆ "လူတွေက သင်တို့ကို ချီးမွမ်းနေကြရင်
ကောင်းတာမဟုတ်ဘူး၊ သူတို့ရဲ့ ဘိုးဘေးတို့ဟာ
လည်း မှားနေတဲ့ပရောဖက်တွေကို အမြဲချီးမွမ်းခဲ့
ကြတယ်"

**သင့်ရန်သူများကို ချစ်ပါ**

*(မ ၅း၃၈-၄၈၊ ၇း၁၂)*

၂၇ "ငါ့စကားကို နားထောင်နေကြတဲ့သူတွေ
ကို ငါပြောမယ်၊ သင်တို့ရဲ့ရန်သူတွေကို မေတ္တာ
ထားကြပါ။ သင်တို့ကို မုန်းနေတဲ့သူအပေါ် ကောင်း
တာလုပ်ပေးပါ။ ၂၈ သင့်ကို မကောင်းပြောတဲ့သူ
အဖို့ ဘုရားသခင်ထံမှာ ကောင်းချီးတောင်းခံပေး
ပါ၊ သင့်အပေါ် သဘောထားသေးတဲ့သူတွေအတွက်
ဆုတောင်းပေးပါ။ ၂၉ တစ်စုံတစ်ယောက်က သင့်
ပါးတစ်ဘက်ကို ရိုက်ရင် ကျန်တဲ့ဘက်ကိုလည်း
ရိုက်ခိုင်းလိုက်ပါ။ တစ်စုံတစ်ယောက်ဟာ သင့်
အပေါ်အင်္ကျီကို ယူခဲ့ရင် သင့်အတွင်းအင်္ကျီ ကိုယူ
တာကိုလည်း မတားပါနဲ့။ ၃၀ သင့်ဆီမှာ လာတောင်း
တဲ့သူတွေကို ပေးပါ။ တစ်စုံတစ်ဦးက သင့်ပစ္စည်း
တစ်ခုခုကိုယူရင်ပြန်မတောင်းပါနဲ့။ ၃၁ သင့်အပေါ်
လူတွေပြုစေချင်သလို သင်လူတွေကို ပြုပါ၊
၃၂ "တကယ်လို့ သင့်ကို မေတ္တာထားတဲ့ သူ
တွေကိုပဲသင်ပြန်ပြီးမေတ္တာထားခဲ့ရင် အဲဒါအတွက်
အထူးချီးမွမ်းခံရမယ်လို့ထင်သလား၊ မရဘူး။ အပြစ်
ရှိတဲ့သူတွေတောင်မှ သူတို့အပေါ်မေတ္တာထားတဲ့
သူတွေကို မေတ္တာပြန်ထားတတ်ကြတာပဲ။ ၃၃ တ
ကယ်လို့ သင့်အပေါ် ကောင်းတဲ့သူတွေအပေါ်
မှာသာ သင်ပြန်ကောင်းခဲ့ရင် အဲဒါအတွက် ချီးမွမ်း
ခံရမယ်လို့ ထင်သလား။ မထင်နဲ့။ အပြစ်ရှိတဲ့သူ
တွေလည်း အဲသလိုမျိုးလုပ်တတ်ကြတာပဲ၊ ၃၄ တ
ကယ်လို့ သင်ဟာ သူများကို တစ်စုံတစ် ရာချေးငှား
ခဲ့ပြီး တစ်ခုခုကို ပြန်ရဖို့ အမြဲမျှော်လင့်နေတယ်
ဆိုရင် အဲဒါအတွက် အထူးချီးမွမ်းခံရမယ်လို့ ထင်
သလား။ မထင်လိုက်နဲ့။ အပြစ်ရှိတဲ့သူတွေတောင်
တခြားအပြစ်ရှိတဲ့သူတွေကို ချေးငှားပြီးရင် ချေး
ငှားလိုက်သလောက်ကိုသာ ပြန်ရယူနိုင်ကြတာပဲ
မဟုတ်လား၊ ၃၅ ဒါကြောင့် သင့် ရန်သူများအပေါ်
မှာ မေတ္တာထားပါ၊ သူတို့အတွက် ကောင်းတာကို
လုပ်ပေးပါ၊ တစ်ခုခုပြန်ရမယ်ဆိုတဲ့ မျှော်လင့်ချက်
နဲ့သူများကို မချေးငှားပါနဲ့။ တကယ်လို့ ဒါတွေကို
သင်ဆောင်ရွက်နိုင်မယ်ဆိုရင်ကြီးမြတ်တဲ့ အကျိုး
ဆုလာဘ်ကို ရမှာပဲ။ သင်ဟာ အမြင့်မြတ်ဆုံး
*(ဘုရားသခင်)*ရဲ့သားသမီးဖြစ်ရလိမ့်မယ်။ ဘာ
ကြောင့်လည်းဆိုရင် ဘုရားသခင်ဟာ အပြစ်တွေနဲ့

ပြည့်နေတဲ့၊ ကျေးဇူးမသိတတ်တဲ့လူစားတွေအပေါ်မှာတောင် ကောင်းခဲ့သေးတာပဲ။ ၃၆ သင့်ဖခင်က သင့်ကို မေတ္တာ၊ ဂရုဏာထားသလို သင်လည်း သူတပါးအပေါ်မှာ မေတ္တာ၊ ဂရုဏာထားပါ”

## သင့်ကိုယ်သင် ပြန်ကြည့်ပါ

*(မ ၇း၁-၅)*

၃၇“သူများကို မစီရင်ပါနဲ့။ ဒါဆိုရင် သင့်ကိုလည်း သူများက မစီရင်ဘူး။ သူများကို အပြစ်တင်ရင်*(အပြစ်မြင်)* သင်လည်း အပြစ်တင်ခြင်း ခံရမှာမဟုတ်ဘူး။ သူများကို ခွင့်လွှတ်ရင် သင်လည်းခွင့်လွှတ်ခံရမယ်၊ ၃၈ သူများကို ပေးကမ်းရင် သင်လည်း ရလိမ့်မယ်။ သင်က ပိုပေးခဲ့ရင် သင့်လက်ထဲကို လောင်းထည့်လိုက်သလို လက်နဲ့ မနိုင်မနင်းဖြစ်တဲ့ အထိရလိမ့်မယ်။ သင်က အများကြီးပေးခဲ့ရင် သင့်အတွက် ပိုလျှံစီးဆင်းသွားတဲ့အထိရရှိလိမ့်မယ်။ သင်သူများတွေကို ပေးသလို ဘုရားသခင်က သင့်ကို ပေးလိမ့်မယ်”

၃၉ ယေရှုက ဤပုံဥပမာအားဖြင့်ပြောလေ၏။ “မျက်မမြင်တစ်ယောက်က တခြားမျက်မမြင်တစ်ယောက်ကို လမ်းပြနိုင်သလား။ မပြနိုင်ဘူး။ နှစ်ယောက်စလုံး တွင်းထဲကျလိမ့် မယ်။ ၄၀ တပည့်ဟာ သူ့ဆရာထက် မသာဘူး။ ဒါပေမယ့် တပည့်ဟာ သင်ယူမှုပြီးပြည့်စုံသွားခဲ့ရင်တော့ သူ့ဆရာလိုဖြစ်လာမယ်”

၄၁ “ဘာကြောင့် သင့်ညီအစ်ကိုရဲ့ မျက်စိထဲက ဖုန်မှုန့်သေးသေးလေးကို သတိပြုမိရတာလဲ၊ သင့်မျက်စိထဲက သစ်သားစကြီးကိုတော့ သင်မမြင်ပါလား။ ၄၂ သင်က သင့်ညီ အစ်ကိုကို ‘နောင်ကြီး၊ နောင်ကြီးရဲ့မျက်စိထဲက ဖုန်မှုန့်ကို ဖယ်ပေးပါရစေလို့ ဘာကြောင့် ပြောရတာလဲ၊ သင့်မျက်စိထဲက သစ်သားစကို မထုတ်ဘဲ သင်ဘယ်လို မြင်နိုင်မှာတုန်း၊ သင်ဟာ သူတော်ကောင်းယောင်ဆောင်တဲ့သူပဲ။ ပထမဆုံး သင့်မျက်စိထဲက သစ်သားစကိုဖယ်ထုတ်လိုက်ပါ။ ဒါမှပဲ သင့် ညီအစ်ကို မျက်စိထဲက ဖုန်မှုန့်ကို ရှင်းရှင်းလင်းလင်း မြင်နိုင်လိမ့်မယ်”

## သစ်သီးနှစ်မျိုး

*(မ ၇း၁၇-၂၀၊ ၁၂း၃၄-၃၅)*

၄၃“သစ်ပင်ကောင်းတစ်ပင်ဟာ မကောင်းတဲ့အသီးမသီးဘူး။ အဲသလိုပဲ။ မကောင်းတဲ့အပင်ကနေ ကောင်းတဲ့အသီးသီးမှာ မဟုတ်ဘူး။ သီးတဲ့အသီး ကိုကြည့်ပြီး အပင်ကို သိနိုင် တယ်။ လူတွေက ဆူးပင်တွေကြားက သဖန်းသီးကို မခူးဆွတ်ကြဘူး။ ပြီးတော့ ချုံထဲကနေ စပျစ်သီးမရနိုင်ဘူး။ ၄၅ ကောင်းတဲ့သူဟာ ကောင်းတဲ့အရာတွေကို စိတ်နှလုံးထဲမှာထား တတ်ကြတယ်။ ပြီးရင် သူဟာ စိတ်နှလုံးထဲက ကောင်းတဲ့အရာတွေကိုထုတ်သုံးတယ်။ ဒါပေမယ့် ဆိုးညစ်တဲ့သူကတော့ သူ့စိတ်ထဲမှာ မကောင်းတာတွေကို ထားတယ်။ ဒါကြောင့် သူဆီက မကောင်းတာတွေပဲထွက်တယ်။ လူတစ်ယောက်ပြောတဲ့အရာတွေဟာ သူ့စိတ်နှလုံးထဲရှိတဲ့အရာတွေပဲဖြစ်တယ်”

## လူနှစ်မျိုးနှစ်စား

*(မ ၇း၂၄-၂၇)*

၄၆ “ငါပြောသလိုမလုပ်ဘဲ ဘာကြောင့် ငါ့ကို သခင်၊ သခင်လို့ ခေါ်ကြရတာလဲ။ ၄၇ ငါ့ဆီလာတဲ့ သူတိုင်း ငါ့သွန်သင်ချက်တွေကို နာခံရမယ်။ သူဟာ ဘာနဲ့ တူသလဲဆိုတာ ငါပြမယ်။ ၄၈ သူဟာ အိမ်ဆောက်တဲ့လူတစ်ယောက်နဲ့ တူတယ်။ သူဟာ ကျောက်ပေါ်မှာ ခပ်နက်နက်တူးပြီး သူ့အိမ်ကို ဆောက်တယ်။ ရေကြီးလာတဲ့အခါ သူ့အိမ်ကို တိုက်စားဖြိုဖျက်ဖို့ ကြိုးစားပေမယ့် ရေလုံးက အိမ်ကို မရွှေ့နိုင်ဘူး။ ဘာကြောင့်လည်းဆိုရင် အိမ်ကို ခိုင်ခိုင်ခံ့ခံ့ဆောက်ထားလို့ပဲ။ ၄၉ ဒါပေမယ့် ငါ့စကားကိုကြားပြီး နားမထောင်တဲ့သူကတော့ ကျောက်ပေါ်မှာ အိမ်ဆောက်တဲ့သူလို မဟုတ်ဘူး။ ရေကြီးလာတဲ့အခါ အဲဒီအိမ်ဟာ အလွယ်တကူပဲ ပြိုပျက်သွားတယ်။ နောက်တော့ အိမ်ဟာ လုံးလုံးပျက်စီးသွားတော့တယ်”ဟု မိန့်တော်မူ၏။

## ယေရှုသည် အစေခံတစ်ဦးအား ကုသခြင်း

*(မ ၈း၅-၁၃၊ ယော ၄း၄၃-၅၄)*

၇ ယေရှုသည် ထိုသို့ မိန့်တော်မူပြီးနောက် ကပေရနောင်မြို့သို့ သွားတော်မူ၏။ ၂ ကပေရနောင်မြို့တွင် စစ်ဗိုလ်တစ်ယောက်ရှိ၏။ ထိုစစ်ဗိုလ်၏အစေခံကျွန်သည် ပြင်းစွာဖျားနာနေပြီး သေလုမျှောပါးဖြစ်နေ၏။ ထိုစစ်ဗိုလ်သည် ထိုအစေခံကျွန်အား အလွန်သဘောကျ၏။ ထိုစစ်ဗိုလ်သည် ယေရှုအကြောင်းကို ကြားသိရသောအခါ အသက်ကြီးသူဂျူးခေါင်းဆောင်တို့အား သူ့ထံသို့ ခေါ်လေ၏။ သူ၏အစေခံအသက်ကို ကယ်တင်ရန်အတွက် ယေရှုအား ပင့်ခေါ်ပေးရန် ထိုလူကြီးများအား အကူအညီတောင်း၏။ ၄ ထိုလူတို့သည် ယေရှုထံသွားကြပြီး စစ်ဗိုလ်၏အစေခံအတွက် ကူညီပေးရန် ယေရှု

အားတောင်းပန်ကြ၏။ သူတို့က “ဒီစစ်ဗိုလ်ဟာ ကူ
ညီထိုက်တဲ့သူပါ။ ၅ သူဟာ ကျွန်တော်တို့လူမျိုး
တွေကိုချစ်ပြီး တရားဇရပ်ကိုလည်း ဆောက်ပေး
ပါတယ်”ဟု ပြောကြ၏။
၆ ထို့ကြောင့် ယေရှုသည် သူတို့နှင့်အတူလိုက်
ပါသွား၏။ ယေရှုသည် စစ်ဗိုလ်၏ အိမ်အနီးသို့
ရောက်လာသောအခါ စစ်ဗိုလ်က သူ့မိတ်ဆွေကို
စေလွှတ်ကာ “အရှင်၊ ကျွန်တော်အတွက် ဘာမှ
အထူးလုပ်ပေးဖို့ မလိုပါဘူး။ ကိုယ်တော်ဟာ ကျွန်
တော့် အိမ်ထဲဝင်ဖို့ ကျွန်တော်ဟာ ကောင်းမြတ်စုံ
လင်တဲ့သူ မဟုတ်ပါဘူး။ ၇ ကိုယ်တော်ဆီကိုလည်း
ကျွန်တော်လာဖို့ မထိုက်တန်ပါဘူး။ ကျွန်တော့်
အစေခံလူငယ်လေး ပျောက်ကင်းဖို့ကိုသာ အမိန့်
ပေးရုံလေးပဲ လိုပါတယ်။ ၈ ကျွန်တော်ဟာ ကိုယ်
တော့်ရဲ့အခွင့်အာဏာကို နားလည်ထားပါတယ်။
ကျွန်တော်ဟာ အထက်အမိန့်လုပ်ပိုင်ခွင့်အရလုပ်
ဆောင်နေရတာပါ။ ကျွန်တော့်ရဲ့ လုပ်ပိုင်ခွင့်
အောက်မှာ စစ်သားတွေရှိပါတယ်။ ကျွန်တော်က
စစ်သားတစ်ယောက်ကို ‘သွား’လို့ပြောရင် သူသွား
ပါတယ်။ နောက်ပြီး တခြားစစ်သားတစ်ယောက်
ကို ‘လာခဲ့’လို့ပြောရင် သူလာပါတယ်၊ ကျွန်တော်
က ကျွန်တော့် အစေခံတွေကို ‘ဒါကို လုပ်ပါ’လို့
ပြောရင် သူတို့ နာခံကြပါတယ်”ဟု ဆိုလေ၏။
၉ ယေရှုသည် ဤအကြောင်းကို ကြားရသော
အခါ အံ့အားသင့်လေ၏။ ယေရှုသည် သူ့နောက်
သို့ လိုက်လာသောသူတို့ဘက်သို့ လှည့်ပြီး“သင်
တို့ကို ငါပြောမယ်၊ ဒီလို ငါ့ကို ယုံကြည်မှုရှိတာမျိုး
ဘယ်မှာမှ ငါမတွေ့ဖူးဘူး၊ ဂျူးလူမျိုးတွေမှာတောင်
မတွေ့ဖူး ဘူး”ဟု မိန့်တော်မူလေ၏။
၁၀ ထိုလူစုတို့သည် ယေရှုအား အိမ်အရောက်
ပြန်လည်ပို့ဆောင်ပေးကြ၏။ သူတို့ပြန်ရောက်လာ
ကြသောအခါ အစေခံကျွန်မှာ ကျန်းမာသွားသည်
ကို တွေ့ကြရ၏။

## ယေရှုက လူတစ်ယောက်ကို အသက်ပြန်ရှင်စေခြင်း

၁၁ နောက်တစ်နေ့တွင် ယေရှုသည် နာဣနမြို့
သို့ ကြွတော်မူ၏။ ယေရှု၏ နောက်လိုက်များနှင့်
လူအုပ်ကြီးသည် ယေရှုနှင့်အတူလိုက် ပါလာကြ၏။
၁၂ ယေရှုသည် မြို့အဝင်တံခါးနားသို့ ရောက်လာ
သောအခါ အသုဘတစ်ခုကို တွေ့လေ၏။ သေသူ
၏မိခင်သည် မုဆိုးမဖြစ်ပြီး သူမ၌ ထိုသားတစ်ဦး
တည်းရှိ၏။ ထိုသား သေဆုံးသွားသောကြောင့် မြို့
ထဲမှ လူများတို့သည် သူမနှင့်အတူ အသုဘလိုက်
ပို့ကြခြင်းဖြစ်၏။ ၁၃ သခင်ဘုရား(ယေရှု)သည် သူမ
ကို တွေ့သောအခါ အလွန်စိတ်ထိခိုက်တော်မူ၏။
ယေရှုက သူမအား “မငိုနဲ့တော့”ဟု ဆိုပြီး၊ ၁၄ အ
ခေါင်းရှိရာသို့သွားကာ အခေါင်းကို ထိကိုင်လိုက်
၏။ အခေါင်း သယ်သူများလည်း ရပ်တံ့သွားကြ၏။
ယေရှုက သေသူအား “လူငယ်၊ သင့်ကို ငါပြောနေ
တယ်၊ ထတော့”ဟု အမိန့်ပေးလိုက်၏။ ၁၅ ထို
လူငယ်သည် ထပြီး စကားစတင်ပြောလေ၏။ ယေရှု
က လူငယ်အား သူ့မိခင်ထံ ပြန်အပ်လိုက်၏။
၁၆ လူအပေါင်းတို့သည် ကြောက်လန့်သွားကြ
ကုန်၏။ သူတို့သည် ဘုရားသခင်အား စတင်ချီးမွမ်း
လျက် “မြင့်မြတ်တဲ့ ပရောဖက်တစ်ပါး ငါတို့ဆီ
ကြွလာပြီ” “ဘုရားသခင်က သူ့လူမျိုးတွေကိုစောင့်
ရှောက်ပြီ”ဟု ပြောဆိုကြ၏။
၁၇ ယေရှုသတင်းတော်သည် ယုဒပြည် အနှံ့
နှင့် အရပ်ရပ်သို့ ပျံ့နှံ့သွားလေ၏။

## ယောဟန်က မေးခွန်းတစ်ခုမေးခြင်း

*(မ ၁၁း၂-၁၉)*

၁၈ ယောဟန်၏နောက်လိုက်တို့က ဤအကြောင်း
များကို ယောဟန်အား ပြန်ပြောပြကြ၏။ ယောဟန်
သည် သူ့နောက်လိုက်နှစ်ဦးအား ခေါ်လိုက်၏။
၁၉ သူတို့အား သခင်ဘုရား (ယေရှု)ထံ စေလွှတ်ပြီး
“သင်ဟာ ကြွလာမယ့် သူလား၊ ဒါမှမဟုတ် တခြား
တစ်ယောက်ကို စောင့်ရမလား”ဟု မေးခိုင်း၏။
၂၀ သူတို့သည် ယေရှုထံတော်သို့လာပြီး “ကျွန်
တော်တို့ကို ဗတ္တိဇံဆရာယောဟန်က စေလွှတ်ပြီး
သခင်ဟာ ကြွလာမယ့်သူလား၊ ဒါမှမဟုတ် တခြား
တစ်ယောက်ကို စောင့်ရမလားလို့ အမေးခိုင်းပါ
တယ်”ဟု လျှောက်ကြ၏။
၂၁ ထိုအချိန်တွင် ယေရှုက ဖျားနာနေသူများ၊
ရောဂါဝေဒနာသည်များနှင့် ဝိညာဉ်ဆိုးထံမှ ညစ်
ညူးသောနတ်စွဲသူများကို ပျောက်ကင်းစေရန်
ကုသပေးနေချိန်ဖြစ်သည်။ ယေရှုက မျက်စိမမြင်
သောသူများစွာတို့ကိုလည်း ကုသပေးရာ သူတို့
သည် တဖန်ပြန်မြင်ကြရ၏။ ၂၂ ထို့နောက် ယေရှုက
ယောဟန်နောက်လိုက် တို့အား “သင်တို့တွေ ဒီမှာ
မြင်ရ၊ ကြားရတဲ့အရာအားလုံး ယောဟန်ကို ပြော
ပြပါ၊ မျက်စိမမြင်တဲ့သူတွေကို ကုသပေးလို့ မြင်
ကြ ရပြီ။ လေဖြတ်နေတဲ့သူတွေကို ကုသပေးလိုက်
လို့ လမ်းလျှောက်နိုင်ကြပြီ။ ကိုယ်ရေပြားရောဂါသည်
တွေလည်း ပျောက်ကင်းကုန်ပြီ။ နားလေးတဲ့သူ
တွေ ပြန်ကြားရပြီ။ သေတဲ့သူတွေ ပြန်ရှင်ကြပြီ။

ဆင်းရဲသားတွေအတွက် ဘုရားသခင်ရဲ့နိုင်ငံတော်
နဲ့ပတ်သက်တဲ့ ဝမ်းမြောက်ဖွယ်သတင်းကောင်း
ကို ပေးပြီးပြီ။ ၂၃ ငါ့ကို လက်ခံနိုင်တဲ့သူတွေဟာ
မင်္ဂလာရှိကြပြီ”ဟု မိန့်တော်မူလိုက်၏။
၂၄ ယောဟန်၏ နောက်လိုက်များ ထွက်သွား
သောအခါ ယေရှုသည် ယောဟန်နှင့်ပတ်သက်
၍ပြောရာတွင် “သင်တို့တွေ တောထဲကို ဘာသွား
ကြည့်ကြတာလဲ၊ ဆူးပင်ကို လေတိုးနေတာကိုလား။
၂၅ ဘာကို သွားကြည့်ကြတာလဲ။ ကောင်းကောင်း
မွန်မွန်ဝတ်စားထားတဲ့သူကို သွားကြည့်တာလား၊
မဟုတ်ဘူး၊ အဲဒီလို ကောင်းကောင်းဝတ်စားထား
တဲ့သူတွေဟာ ရှင်ဘုရင်အိမ်မှာပဲ နေကြတယ်။
၂၆ သင်တို့ တကယ်တန်းသွားကြည့်ကြတာက ဘာ
လဲ။ ပရောဖက်ကိုလား၊ ဟုတ်တယ်၊ ငါပြောမယ်၊
ယောဟန်က ပရောဖက်တွေထက် သာတယ်။
၂၇ ယောဟန်နဲ့ပတ်သက်ပြီး ဘယ်လိုရေးထားသလဲ
ဆိုရင်

နားထောင်၊ ငါ *(ဘုရား)* သင့်ရှေ့မှာ
ကူညီမယ့်သူကို စေလွှတ်တာ
သူက သင့်အတွက် လမ်းကို
ပြင်ဆင်ထားလိမ့်မယ်။

*မာလခိ ၃း၁*

၂၈ ငါပြောမယ်။ ယောဟန်က မွေးဖွားလာတဲ့လူ
အားလုံးထက် ပိုပြီးကြီးမြတ်တယ်။ ဒါပေမယ့် ဘုရား
သခင်ရဲ့နိုင်ငံတော်မှာ အငယ်ဆုံးသူဟာ ယောဟန်
ထက်ကြီးမြတ်တယ်”ဟု မိန့်တော်မူ၏။
၂၉ (လူတို့သည် ဤစကားကို ကြားကြရ သော
အခါတွင် ဘုရားသခင်၏ ဩဝါဒမှန်ကန်ကြောင်း
သူတို့အားလုံးသဘောတူညီကြ၏။ အခွန်ခံများက
ပင် သဘောတူညီကြ၏။ ဤနေရာရှိလူတို့သည်
ယောဟန်၏ဗတ္တိဇံကို ခံယူထားကြသူများဖြစ်ကြ
သည်။ ၃၀ သို့ရာတွင် ဖာရိရှဲတို့နှင့် ကျမ်းပြုဆရာ
တို့က ဘုရားသခင်၏အစီအစဉ်ကို လက်ခံရန်ငြင်း
ဆန်ကြသည်။ သူတို့သည် ယောဟန်ထံ ဗတ္တိဇံခံယူ
ခြင်းမပြုကြပါ။)
၃၁ “ဒီအချိန်မှာ လူတွေကို ငါဘာပြောရမလဲ၊
သူတို့ကို ဘာနဲ့ခိုင်းနှိုင်းရမလဲ၊ သူတို့ဟာ ဘာနဲ့
တူကြသလဲ။ ၃၂ အခုကာလက လူတွေဟာ ဈေးထဲ
မှာ ထိုင်နေတဲ့ ကလေးနဲ့တူတယ်။ ကလေးတစ်
အုပ်က တခြားကလေး တစ်ယောက်ကို

‘သင့်အတွက် ငါတို့ တီးမှုတ်မယ်
ဒါပေမယ့် သင် မကဘူး၊
ကြေကွဲစရာသီချင်းကို ငါတို့ဆိုတယ်
ဒါပေမယ့် သင်မငိုတတ်ဘူး’

၃၃ “ဗတ္တိဇံဆရာယောဟန်လာပြီး တခြားသူတွေလို
မစားဘူး။ စပျစ်ရည်ကိုလည်း မသောက်ဘူး၊ ဒီတော့
သင်က သူ့အထဲမှာ နတ်ဆိုးဝင်နေပြီလို့ပြောမယ်။
၃၄ လူသားကတော့ တခြားလူတွေလိုပဲ စားတယ်၊
စပျစ်ရည်ကို သောက်တယ်။ ဒီအခါကျတော့ သင်
တို့က ကြည့်ကြပါဦး၊ သူက စားလိုက်သောက်လိုက်
တာအရမ်းပဲ၊ ဒါကြောင့် သူဟာ အခွန်ကောက်တဲ့
သူတွေ၊ ဆိုးတဲ့သူတွေနဲ့ မိတ်ဆွေဖြစ်နေတာပေါ့။
၃၅ ဒါပေမယ့် ပညာရှိတဲ့သူကတော့ မှန်ကန်စွာ
လုပ်ခဲ့တဲ့အရာတွေနဲ့ ပြတယ်”ဟု မိန့်တော်မူ၏။

## ဖာရိရှဲရှိမုန်

၃၆ ဖာရိရှဲတစ်ဦးက ယေရှုကို သူနှင့်အတူ စား
သောက်ရန် ဖိတ်လေ၏။ ယေရှုသည် ဖာရိရှဲအိမ်
သို့ဝင်ကာ စားပွဲ၌နေရာယူလေ၏။ ၃၇ ထိုမြို့၌ အပြစ်
များလှသော အမျိုးသမီးတစ်ဦးရှိ၏။ ယေရှုသည်
ဖာရိရှဲအိမ်တွင် စားသောက်နေကြောင်း သူမကြား
သိလေ၏၊ သူမသည် ကျောက်ဖြူဖြင့် လုပ်ထား
သောခွက်ဖြင့် ရေမွှေးထည့်လာ၏။ ၃၈ သူမသည်
ယေရှု၏ ခြေတော်ရင်း၌ရပ်လျက် ငိုကြွေးလေ၏။
သူမက ယေရှု၏ခြေတော်ကို သူမ၏မျက်ရည်များ
နှင့်စတင်ဆေးကြောပေးပြီး သူမ၏ဆံနွယ်များဖြင့်
ခြောက်စေရန်သုတ်ပေးလေ၏။ သူမသည် ခြေတော်
ကို အကြိမ်ကြိမ်နမ်းပြီး ပါလာသောရေမွှေးဖြင့် ဆွတ်
လိမ်းလေ၏။ ၃၉ ယေရှုအား အိမ်သို့လာရန် ဖိတ်
သော ဖာရိရှဲက ထိုအဖြစ်အပျက်ကို မြင်သောအခါ
“တကယ်လို့ ဒီလူ *(ယေရှု)*ဟာ ပရောဖက်အမှန်
ဖြစ်ခဲ့ရင် သူ့ကို ထိတွေ့နေတဲ့ ဒီအမျိုးသမီးဟာ
အပြစ်သိပ်များတဲ့သူဆိုတာ သိမှာပဲ”ဟု သူ့စိတ်ထဲ
တွင် တွေးနေမိ၏။
၄၀ ယေရှုက ထိုဖာရိရှဲအား “ရှိမုန်၊ ငါမင်းကို
ပြောစရာရှိတယ်”ဟု ဆိုရာ
ရှိမုန်က “ပြောပါဆရာ”ဟု ပြောလိုက်၏။
၄၁ ယေရှုက “တစ်ခါက လူနှစ်ယောက်ရှိကြ
တယ်၊ နှစ်ယောက်စလုံးဟာ ငွေရှင်ဆီက ငွေချေး
ထားကြတယ်။ တစ်ယောက်က ငွေဒင်္ဂါးငါးရာ ကြွေး
တင်ပြီး ကျန်တစ်ယောက်ကတော့ ငွေဒင်္ဂါးငါးဆယ်
ကြွေးတင်ထားကြတယ်။ ၄၂ သူတို့နှစ်ဦးစလုံးမှာ ငွေ
မရှိကြဘူး၊ ဒါကြောင့် သူတို့ဟာ အကြွေးကို မဆပ်
နိုင်ကြဘူး။ ဒါပေမယ့် ငွေရှင်က ပြန်ဆပ်ဖို့မလို
တော့ဘူးလို့ သူတို့နှစ်ဦးစလုံးကို ပြောလိုက်တယ်။

ဘယ် တစ်ယောက်က အဲဒီငွေရှင်အပေါ် မေတ္တာ
ပိုရှိသွားမလဲ”ဟု မေးရာ၊
၄၃ ရှိမုန်က“အကြွေးပိုများတဲ့သူဖြစ်နိုင်မယ်
လို့ ကျွန်တော်ထင်တယ်”ဟု ဖြေလေ၏။
ယေရှုက ရှိမုန်အား“သင်မှန်တယ်”ဟု ပြော
လိုက်၏။ ၄၄ ထိုနောက် ယေရှုသည် အမျိုးသမီး
ဘက်သို့ လှည့်ပြီး ရှိမုန်အား “ဒီအမျိုးသမီးကို မြင်
တယ်မဟုတ်လား။ ငါ သင့်အိမ်ထဲကို ဝင်တဲ့အခါ
ငါ့ခြေကိုဆေးဖို့ ရေကို သင်မပေးခဲ့ဘူး။ ဒါပေ
မယ့် သူမကတော့ ငါ့ခြေကို သူ့မျက်ရည်နဲ့ ဆေး
ကြောပေးပြီး သူ့ဆံနွယ်တွေနဲ့ သုတ်ပေးတယ်။
၄၅ သင်ဟာ ငါ့ကို နှုတ်ဆက်အနမ်းနဲ့တောင် မနမ်း
ဘူး၊ ဒါပေမယ့် သူမကတော့ ငါဝင်လာကတည်း
က ငါ့ခြေကို နမ်းခဲ့တယ်။ ၄၆ သင်ဟာ ငါ့ခေါင်းကို
ဆီလိမ်းမပေးဘူး၊ ဒါပေမယ့် သူမကတော့ ငါ့ခြေ
ကို ဆီမွှေးနဲ့ ဆွတ်လိမ်းပေးတယ်။ ၄၇ ငါပြောမယ်။
သူမရဲ့ အပြစ်တွေခွင့်လွှတ်ခြင်းခံရပြီ။ ဘာကြောင့်
လည်းဆိုရင် သူမဟာကြီးမားတဲ့မေတ္တာကိုရှင်းရှင်း
လင်းလင်းဖော် ပြလို့ပဲ၊ နည်းနည်းပဲ ချစ်တတ်သူ
ဟာ နည်းနည်းပဲ ခွင့်လွှတ်တတ်တယ်”
၄၈ ထို့နောက် ယေရှုက သူမအား“သင့်အပြစ်
အားလုံးကို ခွင့်လွှတ်ပြီ”ဟု ပြောတော်မူလိုက်၏။
၄၉ ထိုစားပွဲတွင်ထိုင်နေသူတို့က“ဒီလူ(ယေရှု)
က သူ့ကိုယ်သူ ဘာများထင်နေသလဲ မသိဘူး၊ သူ
က ဘယ်လိုလုပ်ပြီး အပြစ်ကို လွှတ်နိုင်ရတာလဲ”
ဟု မိမိတို့၏ စိတ်ထဲတွင် တွေးနေကြ၏။
၅၀ ယေရှုကသူမအား“သင်ယုံကြည်တဲ့အတွက်
ကြောင့် သင့်အပြစ်တွေကနေ ကယ်တင်ခဲ့တယ်။
အေးချမ်းစွာသွားတော့”ဟု မိန့်တော်မူလိုက်၏။

## ယေရှုနှင့် နောက်လိုက်တပည့်များ

၈ နောက်တစ်နေ့တွင် ယေရှုသည် အချို့မြို့
ကြီး၊ မြို့ငယ်များသို့ ခရီးပြုတော်မူ၏။ ယေရှုက
ဘုရားသခင်၏နိုင်ငံတော်နှင့်ပတ်သက်သော ဝမ်း
မြောက်ဖွယ်သတင်းကောင်းကို လူတို့အား ဟော
ကြားလေ၏။ တမန်တော်တစ်ဆယ့်နှစ်ပါးတို့သည်
လည်း သူနှင့်အတူ ရှိကြ၏။ ၂ အမျိုးသမီးအချို့
သည်လည်း ထိုနေရာ၌ရှိ၏။ ယေရှုက ထိုမိန်းမတို့
အထဲမှ ရောဂါဝေဒနာများကို ကုသပေးခြင်း၊ နတ်
ဆိုးထံမှ ညစ်ညူးသောနတ်ကို နှင်ထုတ်ခြင်းတို့
ကို လုပ်ဆောင်ခဲ့၏။ အမျိုးသမီးတစ်ဦး၏အမည်
မှာ မာရိဖြစ်၏။ သူမသည် မာဂဒလမြို့မှဖြစ်၏။ သူမ
အထဲမှ နတ်ဆိုးခုနစ်ကောင်ထွက်သွား၏။ ၃ ထိုအမျိုး
သမီးနှင့်အတူပါလာသောသူများမှာ ယောဟန္န
(ဟေရုဒ်မင်းအိမ်စေခုဇ ၏ ဇနီး)၊ ရှုရှန္နအပါအဝင်
အခြားသောအမျိုးသမီးများလည်းပါလာကြ၏။ ဤ
အမျိုးသမီးတို့သည် မိမိတို့ ကိုယ်ပိုင်ငွေဖြင့် ယေရှု
နှင့်တမန်တော်တို့အား အလုပ်အကျွေးပြုကြသူများ
ဖြစ် ကြ၏။

## ယေရှုက မျိုးစေ့ကြဲခြင်း ပုံဥပမာကို သုံးခြင်း

*(မ ၁၃း၁-၁၇၊ မာ ၄း၁-၁၂)*

၄ လူများတို့သည် မြို့အသီးသီးတို့မှ အတူတကွ
ယေရှုထံရောက်လာကြ၏။ ယေရှုက သူတို့အား ဤ
ပုံဥပမာကို ပြောပြတော်မူ၏။
၅ “ယာသမားတစ်ယောက်ဟာ မျိုးစေ့ကို ကြဲ
ဖို့ ထွက်လာတယ်၊ ဒီလိုနဲ့ မျိုးစေ့ကြဲတဲ့အခါ တစ်
ချို့မျိုးစေ့က လမ်းဘေးမှာ ကျတယ်၊ လူတွေဟာ
အဲဒီမျိုးစေ့တွေကို ကျော်နင်းကြပြီး၊ ငှက်တွေက
လည်း ကောက်စားကြတယ်၊ ၆ တစ်ချို့မျိုးစေ့ကျ
တော့ ကျောက်တောထဲ ကျသွားတယ်။ မျိုးစေ့
တွေ အညှောက်ထွက်လာကြပေမယ့် ရေမရလို့
သေကုန်တယ်။ ၇ တစ်ချို့မျိုးစေ့ကျပြန်တော့ ဆူး
ခြုံကြားထဲကျလို့ အပင်တွေ ပေါက်လာပေမယ့်
လည်း နောက်တော့ ဆူးခြုံကြောင့် အပင်မသန်
တော့ဘူး။ ၈ တစ်ချို့မျိုးစေ့ကတော့ ကောင်းတဲ့
မြေမှာ ကျတယ်။ ဒီမျိုးစေ့တွေကတော့ အဆ
ပေါင်းတစ်ရာမက ဖြစ်ထွန်းတယ်”
ယေရှုက ပုံဥပမာကို အဆုံးသတ်လိုက်၏။ ထို
နောက် ယေရှုက လူတို့အား“သင်တို့ ငါပြောတာ
ကိုကြားရင် နားထောင်ကြပါ”ဟု မိန့်တော်မူ၏။
၉ ယေရှု၏နောက်လိုက်တပည့်တော်တို့က “ဒီ
ပုံပမာရဲ့အဓိပ္ပာယ်ဘာများလဲအရှင်”ဟုမေးလျှောက်
ကြ၏။
၁၀ ယေရှုက “သင်တို့ကို ဘုရားသခင်ရဲ့ နိုင်ငံ
တော်ရဲ့လျှို့ဝှက်ချက်ကို အသိပေးဖို့ ရွေးခဲ့ပြီးပြီ၊
ဒါပေမယ့် တခြားသူတွေ ပြောပြတဲ့အခါ ပုံဥပမာ
သုံးပြီး ပြောရတယ်၊ ဘာလို့ဒီလို ပြောပြရသလဲဆို
ရင်

‘သူတို့တွေ ကြည့်လိမ့်မယ်
ဒါပေမယ့် သူတို့မမြင်
သူတို့တွေ နားထောင်ကြလိမ့်မယ်
ဒါပေမယ့် သူတို့နားမလည်’”

*ဟေရှာ ၆း၉*

လို့ ပြောထားတယ်”

**ယေရှုက မျိုးကြဲခြင်းဥပမာအကြောင်းကို ရှင်းပြခြင်း**

*(မ ၁၃း၁၈-၂၃၊ မာ ၄း၁၃-၂၀)*

၁၁ ဒီပုံဥပမာရဲ့အဓိပ္ပာယ်က မျိုးစေ့ဟာ ဘုရား
သခင်ရဲ့သွန်သင်ချက်ဖြစ်တယ်၊ ၁၂ လမ်းဘေးမှာ
ကျတဲ့မျိုးစေ့က ဘာကိုဆိုလိုသလဲဆိုရင် လူတွေ
ဟာဘုရားသခင်ရဲ့သွန်သင် ချက်ကိုကြားကြတယ်။
ဒါပေမယ့်လည်း နတ်ဆိုးလာပြီး အဲဒီသွန်သင်ချက်
တွေကို မစဉ်းစားဖို့ အနှုတ်ခံရတဲ့သူတွေဖြစ်တယ်။
ဒါကြောင့်အဲဒီလူတွေဟာ သွန်သင်ချက်နဲ့ ကယ်
တင်ခြင်းတို့ကို မယုံကြတော့ဘူး။ ၁၃ ကျောက်
တောမှာ ကျတဲ့မျိုးစေ့ကတော့ လူတွေဟာ ဘုရား
သခင်ရဲ့သွန်သင်ချက်ကိုဝမ်းမြောက်စွာနဲ့လက်ခံ
ကြတယ်။ ဒါပေမယ့် သူတို့မှာ နက်နက်ရှိုင်း ရှိုင်း
အမြစ်မစွဲဘူး၊ သူတို့ရဲ့ယုံကြည်ခြင်းက အခိုက်အ
တန့်လေးဖြစ်လို့ ဒုက္ခပြဿနာတွေနဲ့ကြုံကြတဲ့အခါ
သူတို့ဟာ ဘုရားသခင်ကို ကျောခိုင်းသွားတတ်
ကြတယ်။ ၁၄ ဆူးခြုံထဲကျတဲ့ မျိုးစေ့ကတော့ ဘုရား
သခင်ရဲ့သွန်သင်ချက်ကို ကြားကြပေမယ့် စိုးရိမ်
ခြင်း၊ စည်းစိမ်မှာ ယစ်မူးနေခြင်း၊ လောကီအပျော်
အပါးတို့က ဆက်လက် မကြီးထွားစေတော့ဘူး။
ဒါကြောင့် သူတို့ဆီက ဘယ်တော့မှ အသီးကောင်း
မထွက်နိုင်တော့ဘူး။ ၁၅ ကောင်းတဲ့မြေပေါ်မှာ ကျ
တဲ့မျိုးစေ့ကတော့ လူတွေဟာ ဘုရားသခင်ရဲ့သွန်
သင်ချက်ကို ကောင်းတဲ့သဘော၊ ရိုးသားတဲ့စိတ်
နှလုံးနဲ့ နာယူကြတယ်။ သူတို့ဟာ ဘုရားသခင်
ရဲ့သွန်သင်ချက်ကို နာခံပြီး ကောင်းတဲ့အသီးကို
အစဉ်အမြဲ သီးတတ်ကြတယ်” ဟု မိန့်တော်မူလေ
၏။

**သင်၌ရှိသောအသိဉာဏ်ကို အသုံးချပါ**

*(မာ ၄း၂၁-၂၅)*

၁၆ “ဘယ်သူမှ မီးခွက်ကို ခွက်နဲ့မအုပ်ဘူး၊ ကု
တင်အောက်မှာ မထားဘူး။ မီးခွက်ကို မီးတိုင်မှာ
တင်ပြီးထွန်းမှာပေါ့။ ဒါမှ အိမ်ခန်းထဲက လူတွေ
အလင်းရောင် ရမှာပေါ့။ ၁၇ ကွယ်ဝှက်ထားတာမှန်
သမျှ ထင်ထင်ရှားရှားပေါ်လာလိမ့်မယ်။ လျှို့ဝှက်
ထားတာမှန်သမျှလည်း ဖော်ထုတ်လိုက်လို့ လူတိုင်း
သိမြင်ကြလိမ့်မယ်။ ၁၈ ဒါကြောင့် ဂရုစိုက်ပြီး နား
ထောင်ပါ။ နားလည်တဲ့သူဟာ ပိုပြီးရလိမ့်မယ်၊
နားလည်မှုမရှိတဲ့သူကတော့ သူ့မှာရှိတယ်လို့ ထင်
ထားတဲ့ နားလည်တာလေးကိုတောင် ဆုံးရှုံးလိမ့်
မယ်”ဟု မိန့်တော်မူ၏။

**ယေရှုနောက်လိုက်များသည် မိသားစုအမှန်ဖြစ်ခြင်း**

*(မ ၁၂း၄၆-၅၀၊ မာ ၃း၃၁-၃၅)*

၁၉ ယေရှု၏ မယ်တော်နှင့်ညီတော်တို့သည်
သူ့ထံသို့ လာကြ၏။ ထိုနေရာတွင် လူများစွာရှိနေ
သောကြောင့် မယ်တော်နှင့်ညီတော်တို့သည် ယေရှု
အနားသို့ မရောက်နိုင်ကြ။ ၂၀ တစ်စုံတစ်ယောက်
က ယေရှုအား “အရှင်၊ မယ်တော်နဲ့ ညီတော်တို့
အရှင့်ကို တွေ့ချင်လို့ အပြင်မှာ ရပ်စောင့်နေကြပါ
တယ်”ဟု လျှောက်၏။
၂၁ ယေရှုက ဘုရားသခင်ရဲ့သွန်သင်ချက်ကို
နာခံတဲ့သူမှန်သမျှဟာ ငါရဲ့မယ်တော်၊ ညီတော်
တွေဖြစ်ကြတယ်”ဟု မိန့်တော်မူ၏။

**နောက်လိုက်များက ယေရှု၏တန်ခိုးကို တွေ့မြင်ကြခြင်း**

*(မ ၈း၂၃-၂၇၊ မာ ၄း၃၅-၄၁)*

၂၂ တစ်ရက်တွင် ယေရှုသည် နောက်လိုက်တို့
နှင့်အတူ လှေထဲသို့ဝင်ကြ၏။ ယေရှုက သူတို့အား
“ငါနဲ့လိုက်ခဲ့ကြ။ အိုင်ကိုဖြတ်ကြမယ်”ဆိုပြီး သူတို့
သည် အိုင်ကို စတင်ဖြတ်ကြ၏။ ၂၃ သူတို့ လှေကို
လှော်ခတ်နေကြစဉ် ယေရှုသည် အိပ်ပျော်နေ၏။
လေမုန်တိုင်းကြီး တစ်ခုသည် အိုင်ပေါ်သို့ တိုက်
ခတ်လာ၏။ လှေအတွင်း၌ ရေများပြည့်လာပြီး
သူတို့သည် အန္တရာယ်နှင့်ကြုံနေကြ၏။ ၂၄ နောက်
လိုက်များသည် ယေရှုထံသွားကာ နှိုးကြ၏။ သူတို့
က “သခင်၊ သခင်၊ ကျွန်တော်တို့တွေ နစ်ကုန်
တော့မယ်”ဟု ပြောကြ၏။
ယေရှုသည် ထပြီး လေနှင့်လှိုင်းတံပိုးတို့အား
အမိန့်ပေးတော်မူ၏။ လေပြင်းသည် ရပ်သွားပြီး ရေ
ပြင်သည်လည်း ငြိမ်သက်သွားလေ၏။ ၂၅ ယေရှုက
နောက်လိုက်တို့အား“ဘယ်မှာလဲ မင်းတို့ရဲ့ယုံကြည်
ခြင်း”ဟု မေးတော်မူ၏။
နောက်လိုက်တို့သည် ကြောက်လန့်ခြင်းနှင့်
အတူ အံ့အားသင့်ကြလေ၏။ သူတို့သည် “ဘယ်လို
လူစားမျိုးပါလိမ့်၊ သူအမိန့်ပေးလိုက်တာကို ရေနဲ့
လေက နားထောင်ကြပါလား”ဟု အချင်းချင်းပြော
ဆိုကြ၏။

**နတ်ဆိုးဝင်နေသူတစ်ယောက်**

*(မ ၈း၂၈-၃၄၊ မာ ၅း၁-၂၀)*

၂၆ ယေရှုနှင့်နောက်လိုက်တို့သည် အိုင်ကိုဖြတ်
သွားကြ၏။ သူတို့သည် ဂါလိလဲအိုင်ကို ဖြတ်ကာ
ဂါဒရလူတို့ နေထိုင်ရာပြည်သို့ ရောက်လာကြ၏။
၂၇ ယေရှုသည် လှေထဲမှ ထွက်လာသောအချိန်တွင်

ထိုမြို့မှလူတစ်ဦးသည် ယေရှုထံသို့လာ၏။ ဤသူ၌ အချိန်ကြာမြင့်စွာနတ်ဆိုးစွဲကပ်နေသဖြင့် သူ၌အဝတ်မဝတ်၊ တစ်ကိုယ်လုံး ပွန်းပဲ့နေ၏။ သူသည် အိမ်၌မနေ၊ လူသေကောင်များကို မြှုပ်နှံထားသော ဂူသင်္ချိုင်းများထဲတွင်နေ၏။ ၂၈-၂၉ နတ်ဆိုးက သူ့အား မကြာခဏဖမ်းလေ့ရှိ၏။ ထိုသူအား ဖမ်းချုပ်ပြီး ထောင်ချကာ ခြေလက်များကိုလည်း သံကြိုးများဖြင့် ချည်ထားရသည်။ သို့ရာတွင် ထိုသူသည် သံကြိုးကို ဖြတ်ပြီး သူ့အထဲတွင် ရှိသောနတ်ဆိုးက လူသူမရှိသောနေရာသို့ တွန်းပို့ထားတတ်၏။ ထို့နောက် ယေရှုက ညစ်ညူးသောနတ် *(နတ်ဆိုး)* ကို ထိုသူအထဲမှ ထွက်သွားရန် အမိန့်ပေးတော်မူ၏။ ထိုသူသည် ယေရှုရှေ့မှောက်တွင် လဲကျသွားပြီး ကျယ်လောင်သောအသံဖြင့် "အမြင့်ဆုံးသောဘုရား၏သားတော်ယေရှု၊ ကျွန်တော့်ကို ဘာလုပ်မလို့လဲ၊ ကျွန်တော့်ကို အပြစ်မပေးပါနဲ့" ဟု အော်ဟစ်တောင်းပန်လေ၏။

၃၀ ယေရှုက "သင့်နာမည် ဘယ်သူလဲ"ဟု မေးတော်မူရာ၊ ထိုသူက "လေဂေါင်ဖြစ်ပါတယ်"ဟု ပြန်ဖြေလေ၏။ (ဤသို့ 'လေဂေါင်'ဟု ဖြေရခြင်းမှာ ထိုသူအထဲ၌ နတ်ဆိုးများစွာ ရှိနေသောကြောင့်ဖြစ်၏)။ ၃၁ နတ်ဆိုးက သူတို့အား ထာဝရမှောင်မိုက်ထဲသို့မပို့ရန် ယေရှုထံ တောင်းပန်ကြ၏။ ၃၂ ထိုနေရာနှင့် မလှမ်းမကမ်းရှိ တောင်ကုန်းပေါ်တွင် ဝက်အုပ်တစ်အုပ် ရှိနေ၏။ နတ်ဆိုးက ဝက်အုပ်ထဲသို့ ဝင်နေခွင့်ပြုရန် ယေရှုထံ အသနားခံ၏။ ယေရှုကလည်း ခွင့်ပြုလိုက်၏။ ၃၃ ထို့နောက် နတ်ဆိုးသည် လူအထဲကထွက်ပြီး ဝက်အုပ်ထဲသို့ ဝင်ကြ၏။ ဝက်အုပ်ကြီးသည် တောင်ပေါ်မှ အိုင်ထဲသို့ ဆင်းပြေးကြသဖြင့် ရေထဲ၌ နစ်မြှုပ်ကုန်ကြ၏။

၃၄ ဝက်ကျောင်းသောသူတို့လည်း ထွက်ပြေးသွားကြ၏။ ထိုသူတို့က ယာထဲ၊ မြို့ထဲတို့တွင် ဤအဖြစ်အပျက်ကို ပြောပြကြ၏။ ၃၅ လူတို့သည် ထိုအဖြစ်ပျက်တို့ကို ကြည့်ရန်လာကြ၏။ လူတို့သည် ယေရှုထံရောက်လာကြသောအခါ နတ်ဆိုးစွဲသောသူသည် ယေရှု၏ခြေတော်ရင်း၌ ထိုင်နေသည်ကို တွေ့ကြ၏။ နတ်ဆိုးများထွက်သွားသောကြောင့် ထိုသူ သည်အဝတ်ကို ဝတ်ဆင်ထားလျက် ပုံမှန်စိတ်ဖြစ်သွား၏။ လူတို့သည် ကြောက်ရွံ့လာကြ၏။ ၃၆ ဤအဖြစ်အပျက်ကို မြင်သောသူတို့က အခြားလူတို့အား ထိုသူပြန်ကောင်းအောင် ယေရှုပြုပေးခဲ့သည့်အကြောင်းအားလုံးကို ပြောပြကြ၏။ ၃၇ လူအားလုံးက ယေရှုအား မိမိတို့ထံမှ ထွက်သွားရန် ပြောကြ၏။ သူတို့သည် အလွန် ကြောက်ရွံ့ထိတ်လန့်ကြ၏။

ထို့ကြောင့် ယေရှုသည် လှေထဲသို့ဝင်ပြီး ဂါလိလဲပြည်သို့ ပြန်လာတော်မူ၏။ ၃၈ ယေရှု ကုသပေးလိုက်သူက သူ့ကိုလည်း ယေရှုနှင့် အတူလိုက်ပါခွင့်ပြုရန် တောင်းပန်လေ၏။ သို့ရာတွင် ယေရှုက ထိုသူအား၊ ၃၉ "အိမ်ကိုပြန်ပြီး သင့်အတွက် ဘုရားသခင်လုပ်ပေးခဲ့တဲ့အရာကို ပြန်ပြောပြပါ"ဟု ဆိုကာ စေလွှတ်လိုက်၏။

ထို့ကြောင့် ထိုသူသည် မိမိ၌ ယေရှုပြုပေးခဲ့သည့်အရာကို မြို့အနှံ့သွားကာ လိုက်လံပြောပြလေ၏။

## သေပြီးသောမိန်းကလေးကိုပြန်ရှင်စေခြင်းနှင့် အမျိုးသမီးတစ်ဦးကို ကုသပေးခြင်း

*(မ ၉း၁၈-၂၆၊ မာ ၅း၂၁-၄၃)*

၄၀ ယေရှုသည် ဂါလိလဲပြည်သို့ ပြန်သွားတော်မူသောအခါ လူတို့က ကြိုဆိုကြ၏။ လူတိုင်း သူ့ကိုစောင့်နေကြ၏။ ၄၁-၄၃ ယာဣရုဆိုသူသည် ယေရှုထံသို့လာ၏။ သူသည် တရားဇရပ်မှူးဖြစ်၏။ သူ၏တစ်ဦးတည်းသော တစ်ဆယ့်နှစ်နှစ်အရွယ်သမီးလေးသည် သေလုမျောပါးဖြစ်နေ၏။ ထို့ကြောင့် ယာဣရုသည် ယေရှု၏ခြေရင်းတော်၌ဦးညွှတ်လျက် မိမိအိမ်သို့လိုက်ခဲ့ပါရန် တောင်းပန်လေ၏။

ယေရှုသည် ယာဣရုအိမ်သို့သွားစဉ် လူတို့သည် ယေရှု၏ပတ်ပတ်လည်၌ ဝိုင်းအုံလာကြ၏။ ၄၃ ထိုနေရာတွင် တစ်ဆယ့်နှစ်နှစ်ကြာ သွေးဆင်းခြင်းဝေဒနာခံစားနေရသော အမျိုးသမီးတစ်ဦးရှိ၏။ သူမသည် ငွေများစွာအကုန်ခံကာ ဆေးဆရာများနှင့်ကုသသော်လည်း ဆေးဆရာများလည်း မတတ်နိုင်ကြ။ ၄၄ သူမ သည် ယေရှုနောက်သို့ ရောက်လာပြီး ယေရှု၏ဝတ်ရုံအောက်အနားစကို တို့ထိလိုက်သည်။ ထိုအခိုက်မှာပင် သူမ၌သွေးဆင်းခြင်းသည် ရပ်သွား၏။ ၄၅ ယေရှုက "ငါ့ကို ဘယ်သူ တို့သလဲ" မေးတော်မူ၏။

လူအားလုံးက ယေရှုအား မိမိတို့ မတို့ထိကြကြောင်းဖြေကြ၏။ ပေတရုက "သခင်၊ သခင့် ပတ်ပတ်လည်မှာ လူတွေအများကြီးပါလာတာ၊ တိုးမိထိမိကြမှာပေါ့"ဟု ပြော၏။

၄၆ သို့ရာတွင် ယေရှုက "တစ်ယောက်ယောက်တော့ ငါ့ကိုတို့တယ်၊ ငါ့ဆီက တန်ခိုးထွက်သွားတာကို ငါခံစားရတယ်"ဟု ဆိုလေ၏။ ၄၇ ထိုသို့ယေရှုပြောသည်ကို ထိုအမျိုးသမီး မြင်သောအခါ

သူမသည် ဖုံးကွယ်မထားတော့ဘဲ ရှေ့တော်သို့
တိုးထွက်လာ၏။ သူမတစ်ကိုယ်လုံး တဆတ်ဆတ်
တုန်ခါနေ၏။ သူမသည် ယေရှုရှေ့တော်၌ ဒူး
ထောက်ဦးညွှတ်လိုက်၏။ လူအများနားစွင့်နေကြ
စဉ် သူမက ယေရှုအား တို့ရခြင်းကို ပြောပြ၏။ သူမ
က ယေရှုအား တို့ထိလိုက်သည်နှင့် ချက်ချင်းပင်
ကျန်းမာခြင်းရခဲ့ကြောင်း ပြောပြလေ၏။ ၄၈ယေရှု
က သူမအား “သမီး၊ သင့်ယုံကြည်ခြင်းက သင့်ကို
ပြန်ကောင်းစေပြီ၊ အေးချမ်းစွာ သွားပါ” ဟု မိန့်
တော်မူ၏။

၄၉ ယေရှုစကားပြောနေဆဲအချိန်တွင် တရား
ဇရပ်မှူးယာဣရုအိမ်မှ လူတစ်ယောက်လာပြီး “သင့်
သမီးသေသွားပြီ၊ ဆရာ့ *(ယေရှု)* ကို မနှောင့်ယှက်
ပါနဲ့တော့” ဟု ပြောလေ၏။

၅၀ ယေရှုက ဤစကားကို ကြားတော်မူ၏။
ယေရှုက ယာဣရုအား “မကြောက်နဲ့၊ ယုံကြည်ခြင်း
သာရှိပါ။ သင့် သမီးပြန်ကောင်းသွားလိမ့်မယ်” ဟု
မိန့်တော်မူ၏။

၅၁ ယေရှုသည် အိမ်ထဲသို့ဝင်သွားတော်မူ၏။
ယေရှု က မိန်းကလေး၏ ဖခင်၊ မိခင်နှင့် ပေတရု၊
ယောဟန်၊ ယာကုပ်တို့ကိုသာ အခန်းတွင်းသို့ ဝင်
စေ၏။ ၅၂ မိန်းကလေးသေဆုံးသွားသည့်အတွက်
လူအားလုံးတို့သည် ဝမ်း နည်းပူဆွေးစွာ ငိုကြွေးကြ
၏။ သို့သော် ယေရှုက “မငိုကြနဲ့၊ သူမသေဘူး၊ အိပ်
နေတာပါ” ဟု မိန့်တော်မူ၏။

၅၃ လူတို့က ယေရှုအား ပြက်ရယ်ပြုကြ၏။ အ
ဘယ်ကြောင့်ဆိုသော် မိန်းကလေးသေဆုံးသည်ကို
သူတို့ သိထားကြသောကြောင့်ဖြစ်၏။ ၅၄ သို့သော်
လည်း ယေရှုက ထိုမိန်းကလေး၏လက်ကို ကိုင်ပြီး
“ကလေးမ၊ ထတော့” ဟု ခေါ်လိုက်၏။ ၅၅ သူမ၏
ဝိညာဉ်သည် သူမအထဲပြန်ဝင်လာပြီး သူမသည်
ချက်ခြင်းပင် မတ်တပ်ထလေ၏။ ယေရှုက “သူ့ကို
အစာကျွေးလိုက်ပါ” ဟု မိန့်တော်မူ၏။ ၅၆ မိန်းက
လေး၏ မိဘတို့သည် အလွန်အံ့အားသင့်ကြလေ
၏။ ယေရှုက အဖြစ်အပျက်နှင့်ပတ်သက် ၍မည်
သူကိုမှ မပြောရန် တားမြစ်တော်မူ၏။

## တမန်တော်တစ်ဆယ့်နှစ်ပါးကို စေလွှတ်ခြင်း

*(မ ၁၀း၅-၁၅၊ မာ ၆း၇-၁၃)*

၉ ယေရှုက တမန်တော်တစ်ဆယ့်နှစ်ပါးတို့အား
ခေါ်တော်မူလိုက်၏။ ယေရှုက သူတို့အား
အနာရောဂါပျောက်ကင်းစေနိုင်သောတန်ခိုး၊
နတ်ဆိုးများကို နှင်ထုတ်နိုင်သော တန်ခိုးတို့ကို
ပေးတော်မူ၏။ ၂ ယေရှုက သူတို့အား ဘုရားသခင်
၏နိုင်ငံတော်အကြောင်းကိုကြားပြောရန်နှင့် ဖျားနာ
သောသူတို့ကို ကုသပေးရန်အတွက် စေလွှတ်လေ
၏။ ၃ ယေရှုက တမန်တော်တို့အား “သင်တို့ ခရီး
သွားကြတဲ့အခါ တောင်ဝှေးကို ယူမသွားကြပါနဲ့။
နောက်ပြီး လွယ်အိတ်၊ အစားအသောက်နဲ့ ပိုက်ဆံ
ကိုလည်း ယူမသွားကြပါနဲ့။ သင်တို့ဝတ်ဖို့ အင်္ကျီ
ကိုပဲ ယူသွားကြပါ။ ၄ သူများအိမ်ကို ဝင်ကြတဲ့အခါ
အဲဒီမြို့က ပြန်မထွက်မချင်း အဲဒီအိမ်မှာပဲနေပါ။
၅ တကယ်လို့ မြို့ထဲက လူတွေဟာ သင်တို့ကိုလက်
မခံခဲ့ရင် အဲဒီမြို့ပြင်ထွက်ပြီး သင်တို့ခြေမှာ ကပ်
နေတဲ့ ဖုန်မှုန့်တွေကို ခါချလိုက်ကြပါ။ ဒါဟာ သူ
တို့ကိုသတိပေးလိုက်တာဖြစ်သွားလိမ့်မယ်” ဟု မှာ
ကြားတော်မူ၏။

၆ ထို့နောက် တမန်တော်တို့သည် ထွက်ခွါလာ
ကြပြီး မြို့အားလုံးသို့ ရောက်သွားကြ၏။ သူတို့ရောက်
လေရာအရပ်ရပ်တို့၌ လူတို့အား ဝမ်းမြောက်ဖွယ်
သတင်းကောင်းကို ကြားပြောကြပြီး အနာရောဂါ
များကိုလည်း ကုသပေးကြလေ၏။

## ယေရှုနှင့်ပတ်သက်၍ ဟေရုဒ်စိတ်ရှုပ်ခြင်း

*(မ ၁၄း၁-၁၂၊ မာ ၆း၁၄-၂၉)*

၇မြို့တော်ဝန်ဟေရုဒ်သည် အဖြစ်အပျက်အားလုံး
တို့ကို ကြားသိလေ၏။ ဟေရုဒ်မင်း စိတ်ရှုပ်ရခြင်း
မှာ လူအချို့က “ဗတ္တိဇံဆရာယောဟန် သေရာက
ပြန်ရှင်ပြီ” ဟု ဆိုကြပြီး၊ ၈ အချို့ကမူ “ငါတို့ဆီကို
ဧလိယရောက်နေပြီ” ဟု ဆိုကြ၏။ အခြားသူများက
လည်း “ရှေးက ပရောဖက်တစ်ယောက် သေရာက
ပြန်ရှင်လာပြီ” ဟု အမျိုးမျိုးပြောကြ၏။ ၉ ဟေရုဒ်က
“ယောဟန်ရဲ့ခေါင်းကို ဖြတ်လိုက်ပြီးပြီပဲ၊ ဒါဆို ခုငါ
ကြားနေရတာက ဘယ်သူလဲ” ဟု မေးလေ၏။
ဟေရုဒ်မင်းက ယေရှုကို တွေ့ရန် ဆက်ပြီး ကြိုးစား
လေ၏။

## ယေရှုသည် လူငါးထောင်ကျော်အား ကျွေးမွေးခြင်း

*(မ ၁၄း၁၃-၂၁၊ မာ ၆း၃၀-၄၄၊ ယော ၆း၁-၁၄)*

၁၀ တမန်တော်များ ပြန်ရောက်လာသောအခါ
တွင် သူတို့သည် ခရီးစဉ်၌ကြုံတွေ့ခဲ့ရသည်များ
ကို ယေရှုအား ပြန်ပြောပြကြ၏။ ထို့နောက် ယေရှုက
သူတို့အား ဗက်ဇဲဒမြို့သို့ ခေါ်သွားလေ၏။ ထိုနေရာ
တွင် ယေရှုနှင့်အတူ သူ့တမန်တော်တို့သာရှိကြ
၏။ ၁၁ သို့ရာတွင် လူတို့သည် ယေရှုရှိနိုင်မည့်

နေရာကို စုံစမ်းကြပြီး လိုက်လာကြ၏။ ယေရှုက
လည်း သူတို့အား ကြိုဆိုကာ ဘုရားသခင်၏နိုင်ငံ
တော်အကြောင်း ဟောကြားလေ၏။ ဖျားနာသော
လူတို့ကိုလည်း ကုသပေးတော်မူ၏။
၁၂ မွန်းလွဲပိုင်းအချိန်လောက်တွင် တမန်တော်
တစ်ဆယ့်နှစ်ယောက်တို့သည် ယေရှုထံ လာပြီး
"သခင်၊ ဒီအနီးအနားမှာ ဘယ်သူမှ မနေကြဘူး၊
လူတွေကို ပြန်လွှတ်မှဖြစ်မယ်။ သူတို့ စားစရာရှာ
ဖို့နဲ့ အိပ်ဖို့နေရာအတွက် နီးရာယာခင်းတွေဆီနဲ့
မြို့ဆီကို သွားကြရလိမ့်မယ်"ဟု ပြောကြ၏။
၁၃ သို့ရာတွင် ယေရှုက တမန်တော်တို့အား
"သူတို့ကို စားစရာတစ်ခုခု ကျွေးလိုက် ကြပါ"ဟု
မိန့်တော်မူ၏။
တမန်တော်တို့က "ကျွန်တော်တို့မှာ မုန့်ငါး
လုံးနဲ့ ငါးနှစ်ကောင်ပဲရှိတယ်၊ ဒီလူတွေအတွက်
စားစရာသွားဝယ်ပေးရမလား သခင်၊ လူတွေက
တော့ သိပ်များတယ်"ဟု ပြောကြ၏။ ၁၄ (ထိုနေရာ
တွင် ယောကျာ်းသားချည်း ငါးထောင်ရှိလေ၏။)
ယေရှုက နောက်လိုက်တို့အား "သူတို့တွေကို
လူငါးဆယ်တစ်စုစီ အုပ်စုဖွဲ့ခိုင်းလိုက်ကြပါ"ဟုပြော
လိုက်၏။
၁၅ ထို့ကြောင့် နောက်လိုက်တို့က ယေရှုပြော
သည့်အတိုင်းလူတို့အား ငါးဆယ်စီအုပ်စုဖွဲ့ကာထိုင်
ခိုင်းထားကြ၏။ ၁၆ ထို့နောက် ယေရှုက မုန့်ငါးလုံး
နှင့်ငါးနှစ်ကောင်ကို ယူပြီး ကောင်းကင်ကို မော့
ကြည့်ကာ မုန့်နှင့်ငါးအတွက် ဘုရားသခင်၏
ကျေးဇူးတော်ကို ချီး မွမ်းတော်မူ၏။ ပြီးလျှင် ယေရှု
သည် မုန့်ကို ခွဲဝေကာ နောက်လိုက်တို့လက်၌
အပ်လိုက်၏။ ယေရှုက လူတို့ကိုမုန့်ဝေပေးရန်
နောက်လိုက်တို့အားပြောလိုက်၏။ ၁၇ လူတိုင်း ဝစွာ
စားရကြပြီး မုန့်များစွာ ပိုလျှံ၏။ စားမကုန်သော မုန့်
အကြွင်းအကျန်များမှာ တစ်ဆယ့်နှစ်တောင်းအပြည့်
ရှိလေ၏။

**ပေတရုက ယေရှုသည် ခရစ်တော်ဖြစ်သည် ဟု ပြောခြင်း**

*(မ ၁၆း၁၃-၁၉၊ မာ ၈း၂၇-၂၉)*

၁၈ တစ်ကြိမ်တွင် ယေရှုသည် တစ်ယောက်
တည်းဆုတောင်းတော်မူ၏။ နောက်လိုက်တို့လည်း
ထိုနေရာသို့ အတူရောက်လာကြ၏။ ယေရှုက
သူတို့အား "လူတွေကငါ့ကို ဘယ်သူဖြစ်တယ်လို့
ဆိုကြသလဲ"ဟု မေးတော်မူ၏။
၁၉ နောက်လိုက်တို့က "လူတစ်ချို့က အရှင်
ဟာ ဗတ္တိဇံဆရာယောဟန်ဖြစ်တယ်တဲ့၊ တစ်ချို့က
ဧလိယလို့ပြောကြပြီး၊ တစ်ချို့ကျပြန်တော့ အရှင့်
ကို ရှေးပရောဖက်တစ်ဦး ပြန်ရှင်လာတာလို့ ပြော
ကြပါတယ်"ဟု ဖြေကြ၏။
၂၀ ထိုအခါ ယေရှုက နောက်လိုက်တို့အား "ဒါ
ဆိုရင် သင်တို့ကရော"ဟု မေးတော်မူ၏။
ပေတရုက "သင်ဟာ ဘုရားသခင်ဆီက လာ
တဲ့ ခရစ်တော်ဖြစ်ပါတယ်"ဟု ဖြေလိုက်၏။
၂၁ ယေရှုက ဤအရာကို မည်သူ့ကိုမှ မပြော
ရန် သတိပေးတော်မူ၏။

**ယေရှုက သူသေရမည့်အကြောင်းပြောခြင်း**

*(မ ၁၆း၂၀-၂၈၊ မာ ၈း၃၀၊ ၉း၁)*

၂၂ ထို့နောက် ယေရှုက "လူသားဟာ ဝေဒနာ
များစွာ ခံစားရမယ်၊ သူ့ကို ဂျူးအကြီးအကဲတွေ၊
ယဇ်ပုရောဟိတ်ခေါင်းဆောင်တွေနဲ့ ကျမ်းပြုဆရာ
တွေကငြင်းပယ်ကြလိမ့်မယ်၊ လူသားဟာ အသတ်
ခံရမယ်၊ ဒါပေမယ့် သုံးရက်မြောက်နေ့မှာ သေ
ခြင်းကနေ ပြန်ရှင်လိမ့်မယ်"ဟု မိန့်တော်မူ၏။
၂၃ ယေရှုက သူတို့အားလုံးတို့အား ဆက် လက်
ပြောရာတွင် "ငါ့နောက်ကို လိုက်ချင်တဲ့သူတိုင်း
ကိုယ့်အလိုကို ငြင်းပယ်ရမယ်၊ သူဟာ နေ့တိုင်း
ကားတိုင်(ဒုက္ခဆင်းရဲ)ကို လက်ခံပြီး ငါ့နောက်
ကိုလိုက်ရမယ်။ ၂၄ ကိုယ့်အသက်ကို ကယ်ချင်တဲ့
သူဟာ ဆုံးရှုံးလိမ့်မယ်၊ ငါ့အတွက် အသက်ပေးသူ
တိုင်းဟာ ကယ်တင်ခြင်းခံရမယ်။ ၂၅ လူတစ်ယောက်
ဟာ ကမ္ဘာတစ်ခုလုံးကိုပိုင်ဆိုင်ထားပြီး သူ့အသက်
ဟာ ပျက်စီး ဒါမှမဟုတ် ဆုံးရှုံးရင် ဘာမှအကျိုး
မရှိဘူး။ ၂၆ တစ်စုံတစ်ယောက်ဟာ ငါ့အတွက် ရှက်
မယ်၊ ငါ့သွန်သင်ချက်တွေကို ရှက်မယ်ဆိုရင် ငါ
ဟာ အဖဘုရားရဲ့ဘုန်းတန်ခိုးနဲ့အတူ သန့်ရှင်းတဲ့
ကောင်းကင်တမန်တွေနဲ့ ကြွလာတဲ့အခါ အဲဒီလူ
ကို ငါရှက်မယ်။ ၂၇ ငါအမှန်ကို ပြောမယ်၊ ဒီမှာရပ်
နေကြတဲ့သူတွေအထဲက တစ်ချို့တို့ဟာ မသေ
ဆုံးခင် ဘုရားသခင်ရဲ့နိုင်ငံတော်ကိုမြင်ရကြလိမ့်
မယ်"ဟု မိန့်တော်မူ၏။

**မောရှေ၊ ဧလိယတို့နှင့် ယေရှု**

*(မ ၁၇း၁-၈၊ မာ ၉း၂-၈)*

၂၈ ယေရှု ဤအကြောင်းအရာများကို ပြောပြီး
ရှစ်ရက်မြောက်သောနေ့တွင် ပေတရု၊ ယာကုပ်၊
ယောဟန်တို့နှင့်အတူတောင်ပေါ်သို့ ဆုတောင်း
ရန်သွားကြ၏။ ၂၉ ယေရှုသည် ဆုတောင်းနေစဉ်
မျက်နှာတော်သည်စတင်ပြောင်းလဲလာ၏။ အဝတ်

တော်သည်လည်း ဖြူဝင်းတောက်ပလာ၏။ ၃၀ ထို
နောက် ယေရှုသည် လူနှစ်ဦးတို့နှင့်စကားပြောနေ
၏။ ထိုသူတို့မှာ မောရှေနှင့် ဧလိယတို့ဖြစ်သည်။
၃၁မောရှေနှင့် ဧလိယတို့သည်လည်း တောက်ပနေ
ကြ၏။ ယေရှု၏ အသေခံခြင်းသည် ယေရုရှလင်
မြို့တွင်ဖြစ်မည်အကြောင်းကို သူတို့ပြောနေကြ၏။
၃၂ ပေတရုနှင့်အဖော်နှစ်ဦးတို့သည် အိပ်ပျော်နေ
ကြ၏။ သို့ရာတွင် သူတို့နိုးလာပြီး ယေရှု၏ ဘုန်း
တော်ကို မြင်ရကြ၏။ ယေရှုနှင့်အတူ လူနှစ်ဦးရပ်
နေကြသည်ကိုလည်း သူတို့တွေ့မြင်ကြ၏။ ၃၃ မော
ရှေနှင့်ဧလိယတို့ ထွက်သွားသောအခါ ပေတရုက
"သခင်၊ ဒီ နေရာလေးက ကောင်းတယ်၊ ဒီနေရာ
မှာသခင့်အတွက်ရယ်၊မောရှေနဲ့ဧလိယတို့အတွက်
တဲတစ်ဆောင်စီ ဆောက်ခွင့်ပေးပါ"ဟု ခွင့်တောင်း
လေ၏။ (ပေတရုသည် မိမိ ဘာပြောလိုက်သည်ကို
သူ့ကိုယ်သူ မသိပါ။)
၃၄ပေတရု ထိုသို့ပြောနေစဉ်တွင် သူတို့ပတ်
ပတ်လည်၌ တိမ်များဖုံးလွှမ်းသွား၏။ ထိုသို့ တိမ်
များဖုံးလွှမ်းသွားချိန်တွင် ပေတရု၊ ယာကုပ်နှင့်
ယောဟန်တို့သည် ကြောက်ရွံ့ကြလေ၏။ ၃၅ ထို
တိမ်တိုက်ထဲမှ "သူဟာ ငါ့သားဖြစ်တယ်၊ ငါရွေး
ချယ်ထားတဲ့သူဖြစ်တယ်၊ သူ့စကားကို နားထောင်
ကြပါ"ဟူသော အသံထွက်လာ၏။
၃၆ထိုအသံထွက်ပေါ်လာပြီးနောက် ထိုနေရာ
တွင်ယေရှုတစ်ဦးတည်းသာရှိ၏။ ပေတရု၊ ယာကုပ်
နှင့် ယောဟန်တို့သည် ဘာမျှမပြောကြ။ သူတို့
သည်သူတို့မြင်ခဲ့သောအရာကို မည်သူ့ကိုမှ မပြော
ပြကြ။

**ယေရှုက ညစ်ညူးသောနတ်စွဲနေသော လူငယ်ကိုကုသပေးခြင်း**

*(မ ၁၇း၁၄-၁၈၊ မာ ၉း၁၄-၂၇)*

၃၇ နောက်တစ်နေ့တွင် ယေရှု၊ ပေတရု၊ ယာ
ကုပ်နှင့် ယောဟန်တို့သည် တောင်ပေါ်မှ ပြန်
ဆင်းလာခဲ့ကြ၏။ များပြားလှသော လူအုပ်ကြီးက
ယေရှုအား တွေ့မြင်ကြ၏။ ၃၈ ထိုလူအုပ်ထဲမှ လူ
တစ်ဦးသည် အော်ဟစ်လျက် "ဆရာ၊ ကျေးဇူးပြုပြီး
ကျွန်တော့်သားလေးကို ကြည့်ပေးပါ။ သူဟာ ကျွန်
တော့်ရဲ့တစ်ဦးတည်းသော သားလေးပါ။ ၃၉ နတ်
ဆိုးဆီက ညစ်ညူးတဲ့နတ်ဟာ ကျွန်တော့်သားလေး
ထဲကိုဝင်ပြီး သားဟာ အော်ဟစ်နေရပါတယ်၊ သူ
ဟာ ကိုယ့်ကိုယ်ကို မထိန်းနိုင်တော့ဘဲ ပါးစပ်ထဲ
ကလည်း အမြှုပ်တွေထွက်လာပါတယ်၊ အဲဒီညစ်
ညူးတဲ့နတ်ဟာ သူ့ကို အဆက်မပြတ် နာကျင်
အောင် နှိပ်စက်ပါတယ်၊ ထွက်သွားမယ့်ပုံလည်း
မရဘူး။ ၄၀ ဆရာ့နောက်လိုက်တွေကို အဲဒီညစ်ညူး
တဲ့နတ် ထွက်သွားအောင် လုပ်ပေးဖို့ တောင်းပန်
ပေမယ့် သူတို့လည်း မတတ်နိုင်ကြပါဘူး"ဟု ဆို
လေ၏။
၄၁ ယေရှုက "ခုကာလ သင်တို့တတွေမှာ ယုံ
ကြည်ခြင်းမရှိကြဘူး။ သင်တို့အသက်တာဟာ
များယွင်းနေကြတယ်၊ သင်တို့ကို ငါဘယ်လောက်
အထိ သည်းခံရမှာလဲ"ဟု ဆိုကာ ယေရှုက ထိုသူ
အား"သင့်သားကို ဒီခေါ်လာခဲ့ပါ"ဟုပြောလိုက်၏။
၄၂ ထိုလူငယ်လာစဉ်တွင်ပင် ညစ်ညူးသော
နတ်က ထိုလူငယ်အား မြေပေါ်သို့ တွန်းလှဲလိုက်
၏။ လူငယ်သည် မိမိကိုယ်ကိုမထိန်းနိုင်တော့။ သို့
သော် ယေရှုက ညစ်ညူးသောနတ်အား ပြင်းထန်
စွာ အမိန့်ပေးလိုက်၏။ ထို့နောက်တွင် လူငယ်
သည် ပြန်ကောင်းသွားလေ၏။ ၄၃ လူအားလုံးတို့
သည် ဘုရားသခင်၏ ကြီးမြတ်သောဘုန်းတန်ခိုး
တော်ကို အံ့သြမိန်းမောသွားကြ၏။

**ယေရှုက မိမိ၏သေခြင်းအကြောင်းကို ပြောခြင်း**

*(မ ၁၇း၂၂-၂၃၊ မာ ၉း၃၀-၃၂)*

ယေရှုပြုခဲ့သည့်အရာများကို လူများ အံ့အား
သင့်နေကြဆဲဖြစ်၏။ ယေရှုက နောက်လိုက်တို့အား
၄၄"ခု ငါပြောပြတာတွေကို မမေ့ကြပါနဲ့။ မကြာခင်
မှာ လူသားဟာ လူအချို့ရဲ့လက်ထဲ ရောက်ရလိမ့်
မယ်"ဟု မိန့်တော်မူ၏။ ၄၅ သို့ရာတွင် နောက်လိုက်
တို့က ယေရှုဘာကို ဆိုလိုသည်ကို နားမလည်ကြ။
အဓိပ္ပာယ်ကို နားမလည်နိုင်အောင် သူတို့အထဲ၌
ဝှက်ထားသဖြင့် သူတို့သည် နားမလည်နိုင်ကြ။ သို့
သော် သူတို့သည် ယေရှုထံမေးရမည်ကို ကြောက်
ရွံ့ကြ၏။

**အရေးအကြီးဆုံးလူတစ်ယောက်**

*(မ ၁၈း၁-၅၊ မာ ၉း၃၃-၃၇)*

၄၆မည်သူသည် အရေးအပါဆုံးသူဖြစ်သည်နှင့်
ပတ်သက်၍ နောက်လိုက်တို့သည် စတင် ငြင်းခုံ
ကြ၏။ ၄၇ ယေရှုက သူတို့ဘာကို တွေးနေကြသည်
ကို သိတော်မူ၏။ ထို့ကြောင့် ယေရှုသည် ကလေး
ငယ်တစ်ယောက်ကိုခေါ်ပြီး သူ့ဘေးတွင် ရပ်စေ
တော်မူ၏။ ၄၈ ထို့နောက် ယေရှုက နောက်လိုက်တို့
အား"လူတစ်ယောက်ဟာ ငါ့နာမည်ကိုထောက်ပြီး
ကလေးငယ်တစ်ယောက်ကို လက်ခံခဲ့ရင် သူဟာ

ငါ့ကိုလည်း လက်ခံတယ်၊ သူဟာ ငါ့ကိုလက်ခံ
လိုက်တာနဲ့ ငါ့ကို စေလွှတ်လိုက်တဲ့ တစ်ဆူတည်း
သော *(ဘုရားသခင်)* သူကို လက်ခံတယ်၊ သူဟာ
ငါ့ကိုလက်ခံဖို့ ငြင်းလိုက်တာနဲ့ ငါ့ကို စေလွှတ်
တဲ့ တစ်ဆူတည်းသော *(ဘုရားသခင်)* ကို ငြင်းပယ်
လိုက်တာပဲ၊ သင်တို့ထဲက အနှိမ့်ချဆုံးသူဟာ အမြင့်
မြတ်ဆုံးသူ *(အရေးအပါဆုံး)* ဖြစ်တယ်”ဟု မိန့်
တော်မူလေ၏။

## သင့်ကိုမဆန့်ကျင်သူသည် သင့်ဘက်၌ရှိခြင်း

*(မာ ၉း၃၈-၄၀)*

၄၉ ယောဟန်က “သခင်၊ လူတစ်ယောက်ဟာ
သခင့်အမည်ကိုသုံးပြီး လူတွေအထဲက နတ်ဆိုး
တွေကို နှင်ထုတ်နေတာ ကျွန်တော်တို့တွေ့ခဲ့ကြ
ပါတယ်၊ သူဟာ ကျွန်တော်တို့ အဖွဲ့အထဲက မဟုတ်
တာနဲ့ ဆက်မလုပ်ဘို့ သူ့ကို ကျွန်တော်တို့ တားကြ
ပါတယ်”ဟု ပြော လေ၏။
၅၀ ယေရှုက ယောဟန်အား “သူ့ကိုမတားပါနဲ့၊
သင့်ကို မဆန့်ကျင်တဲ့သူဟာ သင့်လူပဲ”ဟု မိန့်
တော်မူ၏။

## ရှမာရိမြို့

၅၁ ယေရှုကောင်းကင်ဘုံသို့ပြန်သွားမည့်အချိန်
သည် တဖြေးဖြေးနှင့် နီးလာ၏။ ယေရှုက ယေရု
ရှလင်မြို့သို့သွားရန် ဆုံးဖြတ်လိုက်၏။ ၅၂ ယေရှုက
သူရှေ့တွင် လူအချို့အား ကြိုတင်လွှတ်လိုက်၏။
ထိုသူတို့သည် ရှမာရိ မြို့ထဲသို့သွားပြီး ယေရှုအ
တွက် အစစအရာရာအဆင် သင့်ဖြစ်စေရန် ပြင်
ဆင်ထားကြ၏။ ၅၃ သို့သော် ထိုနေရာရှိလူတို့က
ယေရှုအား မကြိုဆိုချင်ကြ။ အကြောင်းမှာ ယေရှု
သည် ယေရုရှလင်မြို့ဆီသို့ ဦးတည်သွားနေသော
ကြောင့်ဖြစ်၏။ ၅၄ ယာကုပ်၊ ယောဟန်နှင့် ယေရှု၏
နောက်လိုက်တို့က ဤသည်ကိုမြင်သောအခါ သူ
တို့က “သခင်၊ ကောင်းကင်က မီးတောက်မီးလျှံ
တွေကို ခေါ်ပြီး အဲဒီလူတွေကို မဖျက်ဆီးချင်ဘူး
လား”ဟု မေးလျှောက်ကြ၏။
၅၅ သို့သော် ယေရှုက လှည့်၍ သူတို့အား ပြစ်
တင်ဆုံးမတော်မူ၏။ ၅၆ ထိုနောက်တွင် ယေရှုသည်
သူ၏ နောက်လိုက်တို့နှင့်အတူ အခြားမြို့သို့ သွား
ကြ၏။

## ယေရှုနောက်သို့ လိုက်ကြခြင်း

*(မ ၈း၁၉-၂၂)*

၅၇ သူတို့သည်လမ်းအတိုင်းခရီးထွက်လာကြ၏။
လူတစ်ယောက်က “သခင့်နောက်ကို လိုက်ပါရ
စေ”ဟု ပြော၏။
၅၈ ယေရှုက “မြေခွေးတွေမှာ နေဖို့တွင်းရှိ
တယ်၊ ငှက်တွေမှာ ခိုနားဖို့ အသိုက်ရှိတယ်၊ ဒါပေ
မယ့် လူသားကတော့ ခေါင်းချပြီး နားစရာနေရာ
မရှိဘူး”ဟု ဖြေတော်မူ၏။
၅၉ ယေရှုက အခြားတစ်ယောက်အား “ငါ့နောက်
လိုက်ခဲ့”ဟု ခေါ်၏။ သို့ရာတွင် ထိုသူက “သခင်၊
ကျွန်တော်အဖေရဲ့ အသုဘကို အရင်သွားပါရစေ”
ဟု ဆိုသောအခါ၊
၆၀ ယေရှုက“လူသေကို သေမယ့်သူတွေကပဲ
သင်္ဂြိုဟ်ကြပါစေ၊ သင်ကတော့ သွားပြီး ဘုရားသခင်
ရဲ့နိုင်ငံတော်အကြောင်းကို ကြား ပြောပါ”ဟု ထိုသူ
အား ပြောလိုက်လေ၏။
၆၁ အခြားလူတစ်ယောက်က “သခင့်နောက်
ကို ကျွန်တော်လိုက်ပါမယ်၊ ဒါပေမယ့် ကျွန်တော့်
မိသားစုကို အရင်နှုတ်ဆက်ပါရစေ”ဟု ဆိုလျှင်၊
၆၂ ယေရှုက “လူတစ်ယောက်ဟာ လယ်ထွန်ပြီး
နောက်လှည့်ကြည့်တယ်၊ သူဟာ ဘုရားသခင်ရဲ့
နိုင်ငံအတွက် ပြင်ဆင်ထားခြင်းမရှိသေးဘူး”ဟု
မိန့်တော်မူ၏။

## ယေရှုက လူ (၇၂) ဦးကို စေလွှတ်ခြင်း

၁၀ ထိုနောက်တွင် သခင်ဘုရား*(ယေရှု)*
သည် လူခုနှစ်ဆယ့် နှစ်ဦးကို ရွေးချယ်ပြီး
နှစ်ဦးစီအဖွဲ့များခွဲလိုက်၏။ သူတို့အား မိမိသွားမည့်
မြို့များဆီသို့ ကြိုတင်စေလွှတ် ၏။ ၂ ယေရှုက သူတို့
အား “အဲဒီနေရာတွေမှာ ရိတ်သိမ်း*(ကယ်တင်)*ရ
မယ့် လူတွေအများကြီးပဲ။ ဒါပေမယ့် သူတို့ကို
ရိတ်သိမ်းဖို့ ကူညီပေးမယ့် လုပ်သားက နည်းနည်း
လေးပဲရှိတယ်။ ဘုရားသခင်ဟာ စပါးခင်း*(လူတွေ)*
ကို ပိုင်တယ်။ စပါးခင်းကို ကူညီရိတ်သိမ်းပေး
မယ့်သူတွေကို ပိုပြီးစေလွှတ်ပေးဖို့ ဘုရားသခင်
ကို ဆုတောင်းကြပါ။ ၃ သင်တို့ အခုသွားနိုင်ပြီ။
ဒါပေမယ့် နားထောင်ကြဦး၊ သင်တို့ကို ငါစေလွှတ်
လိုက်တာ သင်တို့ဟာ ဝံပုလွေတွေကြားက သိုး
တွေနဲ့ တူတယ်၊ ၄ ငွေ၊ လွယ်အိတ်နဲ့ ဖိနပ်တို့ကို ယူ
မသွားကြပါနဲ့၊ လမ်းပေါ်မှာရပ်ပြီး လူတွေနဲ့ စကား
မပြောကြပါနဲ့၊ ၅ အိမ်ထဲကိုမဝင်ခင် ဒီအိမ်မှာ ငြိမ်
သက်ခြင်းရှိပါစေလို့ နှုတ်ဆက်ကြပါ။ ၆ ငြိမ်သက်
ခြင်းရှိတဲ့လူတစ်ယောက် အဲဒီမှာ ရှိနေရင် သင်တို့
ရဲ့ ငြိမ်သက်ခြင်းကောင်းချီးမင်္ဂလာဟာ သူနဲ့အတူ
ရှိလိမ့်မယ်။ အဲဒီသူမှာငြိမ်သက်ခြင်းမရှိခဲ့ရင်တော့

သင့်ရဲ့ငြိမ်သက်ခြင်းကောင်းချီးမင်္ဂလာဟာ သင်
ဆီပြန်လာလိမ့်မယ်။ ၇ အဲဒီငြိမ်သက်ခြင်းရှိတဲ့အိမ်
မှာနေပါ၊ သူတို့ ကျွေးမွေးတာကို စားသောက်ပါ။
အလုပ်လုပ်တဲ့သူဟာ သူ့လုပ်အားခကိုရလိမ့်မယ်။
အဲဒီအိမ်က ခွါပြီးက တခြားအိမ်ကို မပြောင်းပါနဲ့။
၈ သင်ဟာမြို့ထဲကိုသွားလို့ သူတို့က ကြိုဆိုခဲ့ရင် သူ
တို့ ကျွေးမွေးတာကို စားပါ။ ၉ အဲဒီမြို့က နေမ
ကောင်းတဲ့သူတွေကို ကုသပေးကြပါ၊ နောက်ပြီး
သူတို့ကို ‘ဘုရားသခင်ရဲ့ နိုင်ငံတော် မကြာခင်
ရောက်လာမယ့်အကြောင်း’ ကို ပြောကြပါ။ ၁၀ ဒါ
ပေမယ့် သင်တို့တတွေ မြို့ထဲကိုအဝင်မှာ လူတွေ
က မကြိုဆိုကြရင် တော့ အဲဒီမြို့ရဲ့လမ်းထဲကထွက်
ပြီး သူတို့ကို ၁၁ ‘သင်တို့ကို သတိပေးတဲ့အနေနဲ့
ငါတို့ခြေထောက်မှာကပ်နေတဲ့ သင်တို့မြို့က ဖုန်
မှုန့်တွေကို သုတ်ပစ်လိုက်တယ်၊ ဒါပေမယ့် ဘုရား
သခင်ရဲ့နိုင်ငံတော်ဟာ ရောက်ခါနီးပြီဆိုတာကို
သတိရကြပါ’ လို့ပြောကြပါ၊ ငါပြောမယ်၊ တရားဆုံး
ဖြတ်တဲ့နေ့ကျရင် အဲဒီမြို့က လူတွေဟာ သောဒုံ
မြို့ကလူတွေထက် ပိုပြီး ဆိုးဆိုးရွားရွား ခံရကြလိမ့်
မယ်” ဟု မိန့်တော်မူ၏။

## ယေရှုက မယုံကြည်သူများကို သတိပေးခြင်း

*(မ ၁၁း၂၀-၂၄)*

၁၃ “အို ခေါရာဇိန် သင်အတွက် ဆိုးဆိုးဝါးဝါး
ဖြစ်ပြီ။ ဗက်ဇဲဒ၊ သင်အတွက်လည်း ဆိုးဆိုးဝါးဝါး
ဖြစ်တော့မယ်။ ငါဟာ သင်တို့ဆီမှာ နိမိတ်လက္ခ
ဏာအများကြီးပြုခဲ့ပြီးပြီ၊ တကယ်လို့သာ တုရုမြို့နဲ့
ဇိဒုန်မြို့မှာသာ အဲဒီလို နိမိတ်လက္ခဏာမျိုးဖြစ်ခဲ့
ရင် အဲဒီမြို့ကလူတွေဟာ ရှေးရှေးကတည်းက အ
သက်တာပြောင်းလဲကြပြီး အပြစ်လုပ်ကြတော့မှာ
မဟုတ်ဘူး။ သူတို့ရဲ့အပြစ်များအတွက် ဝမ်းနည်း
ကြောင်း ပြသဖို့ လျှော်တေအဝတ်ကိုဝတ်ပြီး ကိုယ်
ကို ပြာထဲမှာ လူးကြလိမ့်မယ်။ ၁၄ ဒါပေမယ့် တရား
ဆုံးဖြတ်တဲ့နေ့ကျရင် သင်တို့ဟာ တုရုမြို့နဲ့ ဇိဒုန်
မြို့က သူတွေထက် ပိုပြီးဆိုးဆိုးဝါးဝါးခံရလိမ့်မယ်။
၁၅ နောက်ပြီးတော့ ကပေရနောင်မြို့ သင်ကော
ကောင်းကင်ဘုံကို ချီမြှောက်ခြင်း ခံရမယ်လို့ ထင်
သလား။ မခံရဘူး၊ သေခြင်းတရားထဲကို သင်ဆွဲချ
ခံရလိမ့်မယ်”

၁၆ “လူတစ်ယောက်က သင့်စကားကို နား
ထောင်ခဲ့ရင် သူဟာ ငါ့စကားကိုလည်း တကယ်
နားထောင်တာနဲ့အတူတူပဲ။ သင့်ကို ငြင်းပယ်ခဲ့
ရင် ငါ့ကိုလည်း ငြင်းပယ်လိုက်တာပဲ။ သူဟာ ငါ့
ကိုငြင်းပယ်လိုက်တာနဲ့ သူဟာတစ်ဆူတည်းသော
သူ *(ဘုရား)* ကို ငြင်းပယ်လိုက်တာနဲ့အတူတူပဲဖြစ်
တယ်” ဟု မိန့်တော်မူ၏။

## စာတန်ကျဆုံးခြင်း

၁၇ ခရီးထွက်သွားကြသော လူခုနစ်ဆယ့်နှစ်ဦး
တို့ပြန်ရောက်လာကြသောအခါ သူတို့သည် အလွန်
ပျော်ရွှင်ကြ၏။ သူတို့က “သခင် ကျွန်တော်တို့ဟာ
သခင့်နာမည်ကို အသုံးပြုလိုက်တာ နတ်ဆိုးတွေ
တောင် နာခံကြတယ်” ဟု ပြောကြ၏။ ၁၈ ယေရှုက
လည်း သူတို့အား “စာတန် *(နတ်ဆိုး)* ဟာ လျှပ်စီး
လက်သလို မိုးကောင်းကင်က ကျတာကို ငါမြင်ရ
တယ်၊ ၁၉ နားထောင်ပါ။ သင်တို့ကို မြွေဆိုးတွေ၊
ကင်းမြီးကောက်တွေအပေါ် ဖြတ်လျှောက်နိုင်တဲ့
တန်ခိုးကို ငါပေးပြီ။ သင်တို့ရန်သူ *(နတ်ဆိုး)* တွေ
ထက်သာတဲ့ တန်ခိုးကို ငါပေးပြီ၊ ဘယ်အရာကမှ
သင်တို့ကို မနာကျင်စေနိုင်ဘူး။ ၂၀ ဝိညာဉ်တွေက
သင်တို့အမိန့်ကိုနာခံကြတယ်၊ သင်တို့ဝမ်းမြောက်
ခြင်းရှိကြပါ၊ သင်တို့မှာ အဲဒီအစွမ်းတန်ခိုးတွေရ
ရှိကြလို့ မဟုတ်ဘူးနော်၊ ဝမ်းမြောက်ကြပါ၊ ဘာ
ကြောင့်လည်းဆိုရင် သင်တို့ရဲ့နာမည်ကို ကောင်း
ကင်မှာရေးထားပြီး လို့ဖြစ်တယ်” ဟု မိန့်တော်မူ၏။

## ယေရှုသည် ခမည်းတော်ထံ ဆုတောင်းခြင်း

*(မ ၁၁း၂၅-၂၇၊ ၁၃း၁၆-၁၇)*

၂၁ ထိုနောက် သန့်ရှင်းသောဝိညာဉ်တော်ဆောင်
ရွက်ပေးသဖြင့် ယေရှုသည် အလွန်ဝမ်းမြောက်တော်
မူ၏။ ယေရှုက “အဖ၊ ကောင်းကင်နဲ့မြေကြီးရဲ့
အရှင်၊ ကျေးဇူးတင်ပါတယ်၊ ဒီအရာတွေကို ဉာဏ်
ပညာရှိသူတွေ ရှေ့က ကွယ်ဝှက်ထားပြီး ကလေး
သူငယ်တွေနဲ့တူတဲ့ ဒီလူတွေကို ဖွင့်ပြတဲ့အတွက်
ကိုယ်တော့်ကို ချီးမွမ်းပါတယ်။ မှန်ပါတယ်အဖ၊
ဒီအရာ တွေကို ကိုယ်တော်လုပ်ရတဲ့အကြောင်း
ကတော့ ကိုယ်တော်အမှန်တကယ် လုပ်ပေးချင်
လို့ပါပဲ”

၂၂ “ငါ့ခမည်းတော်ဟာ ငါ့ကို အရာခပ်သိမ်း
ပေးတော်မူပြီ။ သားတော်ဟာ ဘယ်သူဆိုတာ
ခမည်းတော်တစ်ပါးတည်းကလွဲလို့ ဘယ်သူမှ မသိ
ဘူး။ ခမည်းတော် ဘယ်သူဆိုတာ သားတော်တစ်
ပါးတည်းကပဲ သိတယ်၊ သားတော်က ရွေးကောက်
ပြီး ပြောပြထားတဲ့သူတွေကပဲ ခမည်းတော်ကို သိ
ကြတယ်”

၂၃ ထို့နောက် ယေရှုသည် နောက်လိုက်များ
ဘက်သို့ လှည့်တော်မူလိုက်၏။ ထိုနေရာတွင်

နောက်လိုက်များနှင့် ယေရှုသာရှိ၏။ ယေရှုက “သင်
တို့ အခုလိုမြင်နိုင်တာဟာ ကောင်းချီး ခံရလို့ပဲဖြစ်
တယ်။ ၂၄ ငါပြောမယ်၊ သင်တို့ အခုကြားရတဲ့
အကြောင်းတွေကို ပရောဖက်တွေနဲ့ ဘုရင်တွေ
က ကြားချင်ကြတယ်၊ ဒါပေမယ့် ဒါတွေကို သူတို့
ကြားရမှာ မဟုတ်ဘူး” ဟု မိန့်တော်မူ၏။

**ကောင်းသောရှမာရိလူအကြောင်း**

၂၅ ထို့နောက် ကျမ်းပြုဆရာတစ်ယောက်သည်
မတ်တတ်ရပ်လိုက်ပြီး ယေရှုအား ပညာစမ်းရန်
ကြိုးစားလေ၏။ ထိုသူက “ဆရာ၊ ထာဝရအသက်
ရဖို့ ကျွန်တော် ဘာလုပ်ရမလဲ”ဟု မေး၏။

၂၆ ယေရှုက ထိုသူအား“ကျမ်းစာမှာ ဘာရေး
ထားသလဲ၊ အဲဒါကို သင်ဘယ်လို နားလည်သလဲ”
ဟု မေးတော်မူလိုက်၏။

၂၇ ထိုသူက “သင်၏ဘုရားသခင် ထာဝရဘုရား
ကို စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှ၊ အစွမ်းရှိသ
မျှနဲ့ ချစ်ရမယ်၊ နောက်ပြီး ကိုယ့်ကိုယ်ကို ချစ်သလို
သူများကိုလည်း ချစ်ရမယ်”ဟု ပြန်ဖြေလိုက်၏။

၂၈ ယေရှုက “ဟုတ်တယ်၊ သင့်ရဲ့အဖြေမှန်
တယ်၊ ဒါတွေကို ကျင့်သုံးရင် ထာဝရအသက်ကို
သင်ရလိမ့်မယ်”ဟု ပြောတော်မူ၏။

၂၉ သို့ရာတွင် ထိုသူသည် မိမိကောင်းမွန်စွာ
အသက်ရှင်နေထိုင်ကြောင်းကို ပြလို၏။ ထို့ကြောင့်
“ဒါဆိုရင် ကျွန်တော်ချစ်ရမယ့် တခြားသူဆိုတာ
ဘယ်သူလဲ”ဟု မေးပြန်၏။

၃၀ ထိုမေးခွန်းကို ဖြေရာတွင်၊ ယေရှုက “လူ
တစ်ယောက်ဟာ ယေရုရှလင်မြို့ကနေ ယေရိခေါ
မြို့ကိုအသွား၊ လမ်းမှာ ဓားပြတိုက်ခံရတယ်၊ ဓားပြ
တွေက အဝတ်အစားတွေကို ချွတ်ပြီး လူကိုလည်း
ရိုက်နှက်သွားကြတယ်၊ အဲဒီလူမြေပေါ်ကို လဲကျ
သွားတဲ့အခါ ဓားပြတွေ ထွက်သွားကြတယ်။ အဲဒီ
လူဟာ သေလုမြောပါးကျန်ရစ်ခဲ့တယ်၊ အဲဒီအခင်း
ဖြစ်တဲ့နေရာကို ဂျူးယဇ်ပုရောဟိတ်တစ်ယောက်
ရောက်လာပြီး အဲဒီလူကို တွေ့သွားတယ်၊ ဒါပေ
မယ့် ယဇ်ပုရောဟိတ်က အဲဒီလူကို ကူညီဖို့နေနေ
သာသာ ရပ်တောင်မကြည့်ဘဲ ထွက်သွားတယ်။
၃၂ လေဝိလူတစ်ယောက် အဲဒီနားကို ရောက်လာပြန်
တယ်။ အဲဒီလေဝိက လဲကျနေတဲ့သူကို တွေ့ပေ
မယ့် အနားကပဲ ဖြတ်လျှောက်သွားပြန်တယ်၊ သူ
လည်းပဲ အကူအညီမပေး၊ ရပ်မကြည့်ဘဲ ထွက်
သွားပြန်တယ်၊ ၃၃ အဲဒီနောက် ရှမာရိလူတစ်ယောက်
လည်း ခရီးသွားရင်း အဲဒီနေရာကို ရောက်လာတယ်၊
သူဟာ အရိုက်ခံရပြီး လဲကျတဲ့သူအနားကို ရောက်
လာတယ်။ ရှမာရိလူဟာ အဲဒီလူကို တွေ့လိုက်တဲ့
အခါ အရမ်းစိတ်ထိခိုက်သွားတယ်၊ ဒါနဲ့ ရှမာရိလူ
ဟာ အဲဒီလူရဲ့ဒဏ်ရာတွေကို သံလွင်ဆီနဲ့ စပျစ်
ရည်လိမ်းပေးတယ်၊ အနာတွေကို အဝတ်နဲ့စည်း
ပေးတယ်၊ပြီးတော့ သူ့ရဲ့မြည်းပေါ် တင်ပြီး တည်းခို
ခန်းကို ခေါ်သွားတယ်၊ တည်းခိုခန်းရောက်တဲ့အခါ
မှာလည်း ဂရုတစိုက်နဲ့ ပြုစုပေးတယ်၊ ၃၅ နောက်
တစ်နေ့ မှာ ရှမာရိလူဟာ ငွေဒင်္ဂါးနှစ်ပြားကို ထုတ်
ပြီး တည်းခိုခန်းက အလုပ်သမားကိုပေးလိုက်ပြီး၊
သူကဒီလူကိုဂရုစိုက်ပေးပါ၊သူ့အတွက် ငါပေးထားတဲ့
ငွေထက်ပိုကုန်ရင် ငါနောက် တစ်ခေါက်ပြန်လာ
တဲ့အခါ ပေးပါ့မယ်လို့ မှာခဲ့သေးတယ်”

၃၆ ထို့နောက် ယေရှုက“ဒီလူသုံးယောက်
*(ယဇ်ပုရောဟိတ်၊ လေဝိ၊ ရှမာရိလူ)*ထဲက ဘယ်
သူဟာ ဓားပြတွေ ရိုက်ထားတဲ့သူကို မေတ္တာထား
တယ်လို့ ထင်သလဲ”ဟု မေးတော်မူ၏။

၃၇ ကျမ်းပြုဆရာတစ်ယောက်က“အဲဒီလူကို ကူ
ညီတဲ့သူဖြစ်ပါတယ်”ဟု ဖြေလိုက်၏။

ယေရှုက ထိုကျမ်းပြုဆရာအား“သင်လည်း
တခြားသူတွေကို အဲဒီလူအတိုင်း မေတ္တာထားပါ”
ဟု မိန့်တော်မူလိုက်၏။

**မာရိနှင့်မာသ**

၃၈ ယေရှုသည် သူ့နောက်လိုက်တို့နှင့်အတူ
ခရီးသွားကြရင်း ယေရှုသည် မြို့တစ်မြို့သို့ ဝင်တော်
မူ၏။ မာသဟုခေါ်သောအမျိုးသမီး က သူ့အိမ်တွင်
ယေရှုအား နေထိုင်စေ၏။ ၃၉ မာသတွင် မာရိဟု
ခေါ်သောညီမတစ်ယောက်ရှိ၏။ မာရိသည် ယေရှု
၏ခြေတော်ရင်းတွင် ထိုင်ပြီး ယေရှု၏သွန်သင်ချက်
များကို နားထောင်နေ၏။ ၄၀ သို့ရာတွင် မာသမူ
ကား ရှိသမျှအလုပ်ကို တစ်ယောက်တည်း လုပ်
နေရ၏။ မာသသည် ယေရှုထံသွားပြီး “သခင်၊ ကျွန်မ
ညီမဟာ ကျွန်မကို အလုပ်တွေအားလုံးလုပ်ဖို့ထား
ခဲ့တာ သခင် သတိမထားမိဘူးလား၊ ကျွန်မကို
ကူညီဖို့ သူ့ကို ပြောပေးပါ”ဟု ဆိုလေ၏။

၄၁ သို့သော်လည်း ယေရှုက သူမအား“မာသ
မာသ၊ သင်ဟာ အရာရာအတွက် စိတ်ပူပန်သောက
တွေဖြစ်နေတယ်၊ ၄၂ အရေးကြီးတာ တစ်ခုပဲရှိတယ်၊
မာရိကတော့ မှန်ကန်တာကို ရွေးလိုက်တယ်၊ အဲ
ဒါကို သူ့ဆီက ဘယ်တော့မှယူပစ်လို့ မရနိုင်ဘူး”
ဟု မိန့်တော်မူ၏။

## ယေရှုက ဆုတောင်းခြင်းအကြောင်း သင်ပေးခြင်း

*(မ ၆း၉-၁၅)*

၁၁ တစ်ကြိမ်တွင် ယေရှုသည် တစ်နေရာတွင် ဆုတောင်းနေ၏။ ဆုတောင်း၍ပြီး သွားသောအခါ နောက်လိုက်တစ်ယောက်က “ယောဟန်က ဘယ်လို ဆုတောင်းရမယ်ဆိုတာ သူ့နောက်လိုက်တွေကို သင်ပေးခဲ့တယ်၊ သခင်၊ ကျွန်တော်တို့ ဘယ်လိုဆုတောင်းရမယ်ဆိုတာကို သင်ပေးပါ”ဟု ပြောလေ၏။

၂ ယေရှုက နောက်လိုက်တို့အား “သင်တို့တတွေဆုတောင်းကြတဲ့အခါ ဒီလိုတောင်းကြပါ၊

‘အဖ၊ အဖနာမည်အစဉ်သန့်ရှင်းပြီး၊
အဖရဲ့နိုင်ငံတော် တည်ထောင်နိုင်
စေဖို့ ကျွန်တော်တို့ဆုတောင်းပါတယ်၊
၃ နေ့တိုင်းကျွန်တော်တို့အတွက်
လိုအပ်တဲ့အစာကို ပေးသနားပါ၊
၄ တခြားသူတွေ ကျွန်တော်တို့အပေါ်
ပြုမိတဲ့အမှားတွေကို
ကျွန်တော်တို့ခွင့်လွှတ်သလို
ကျွန်တော်တို့ရဲ့အပြစ်ကို
ခွင့်လွှတ်တော်မူပါ။
နောက်ပြီး ကျွန်တော်တို့ကို
စုံစမ်းနှောက်ယှက်ခြင်းမှ
ကင်းဝေးစေတော်မူပါ”

## ဆက်လက်တောင်းဆိုခြင်း

*(မ ၇း၇-၁၁)*

၅-၆ ထို့နောက် ယေရှုက သူတို့အား “သင်တို့အထဲက တစ်ယောက်ယောက်ဟာ ညနက်တဲ့အချိန်ကျမှ မိတ်ဆွေရဲ့အိမ်ကိုသွားပြီး ‘ငါ့ သူငယ်ချင်းတစ်ယောက် အိမ်ကိုလာလည်တယ်၊ ဒါပေမယ့် ငါ့ဆီမှာကျွေးဖို့ ဘာစားစရာမှ မရှိတော့ဘူး၊ ကျေးဇူးပြုပြီး ကျွန်တော့်ကို ပေါင်မုန့်သုံးလုံးချေးပါ’လို့ ပြောတော့၊ ၇ သင့်မိတ်ဆွေက အိမ်ထဲကနေ လှမ်းပြောတယ်၊ ‘ထွက်သွားစမ်းပါ၊ ငါ့ကို လာမနှောင့်ယှက်ပါနဲ့၊ တံခါးကို သော့ခတ်ထားပြီးပြီ၊ ငါနဲ့ ငါ့ခလေးတွေလည်း အိပ်ရာဝင်နေကြပြီ၊ မင်းကို ထပြီး ပေါင်မုန့်မပေးနိုင်ဘူး’လို့ပြောတယ်။ ၈ ငါပြောမယ်၊ မိတ်ဆွေဖြစ်နေကြပြီးမှတော့ အိပ်ရာထဲကထပြီး ပေါင်မုန့်ကိုပေးနိုင်ရမှာပေါ့၊ သင်ကသာ အဆက်မပြတ်တောင်း နေရင် သူဟာအိပ်ရာကထပြီး သင်လိုတဲ့မုန့်ကိုပေးမှာ သေချာတယ်၊ ၉ ဒါကြောင့် ငါပြောမယ်၊ ဘုရားသခင်ဆီ ဆက်တောင်းရင် ဘုရားက ပေးလိမ့်မယ်၊ ဆက်ပြီးရှာပါ၊ သင်တွေ့ရလိမ့်မယ်၊ တံခါးကိုဆက်ပြီးခေါက်ပါ၊ သင့်အတွက် တံခါးပွင့်လာလိမ့်မယ်။ ၁၀ ဟုတ်တယ်၊ တကယ်လို့ လူတစ်ယောက်ဟာ ဆက်ပြီး တောင်းနေရင် အဲဒီလူဟာ ရလိမ့်မယ်။ ဆက်ပြီးရှာနေတဲ့သူဟာ တွေ့လိမ့်မယ်၊ နောက်ပြီး တံခါးကို အဆက်မပြတ်ခေါက်နေသူအတွက် တံခါးပွင့်လာလိမ့်မယ်။ ၁၁ သင့်မှာ သားတစ်ယောက်ရှိတယ်ဆိုပါစို့။ အဲဒီသားက သင့်ကို ငါးတစ်ကောင်ကို တောင်းခဲ့ရင်၊ ဘယ်အဖေက မြွေ ကိုပေးပါ့မလဲ၊ မပေးဘူး၊ သင်ဟာ သားကို ငါးတစ်ကောင်ကိုပဲ ပေးမှာပေါ့။ ၁၂ ဒါမှမဟုတ် သင့်ရဲ့သားက ကြက်ဥတစ်လုံးတောင်းရင် သင် ကင်းမြီးကောက်ကို ပေးမလား။ မပေးဘူး။ သင်ဟာ တခြားလူတွေနဲ့အတူတူဖြစ်ပြီး နတ်ဆိုးပဲဖြစ်နေပါစေ၊ သင်ဟာ ကလေးတွေကို ဘယ်လိုပစ္စည်းကောင်းကောင်းပေးရမယ်ဆိုတာကို သိနေတယ်၊ ဒါကြောင့်မို့ ကောင်းကင်ဘုံမှာရှိနေတဲ့ အဖကသူ့ဆီ တောင်းတဲ့သူတွေအတွက် သန့်ရှင်းသော ဝိညာဉ်တော်ကို ဘယ်လိုပေးရမယ်ဆိုတာ သေချာသိပါတယ်”ဟု မိန့်တော်မူ၏။

## ယေရှု၏တန်ခိုးသည် ဘုရားသခင်ထံမှ ဖြစ်ခြင်း

*(မ ၁၂း၂၂-၃၀၊ မာ ၃း၂၀-၂၇)*

၁၄ တစ်ခါတွင် ယေရှုသည် စကားမပြောနိုင်သူတစ်ယောက်အထဲမှ နတ်ဆိုးတစ်ကောင်ကို နှင်ထုတ်တော်မူ၏။ နတ်ဆိုးထွက်သွား သောအခါ ထိုသူသည် စကားပြန်ပြောနိုင်လေ၏။ လူတို့သည် အံ့အားသင့်သွားကြ၏။ ၁၅ သို့ရာတွင် လူအချို့တို့က “သူဟာ ဗေလဇေဗုလ (နတ်ဆိုး)ရဲ့အာဏာကိုသုံးပြီး နတ်ဆိုးတွေကို နှင်ထုတ်နေတာပါ၊ ဗေလဇေဗုလက နတ်ဆိုးတွေကို အုပ်ချုပ်နေတဲ့သူဖြစ်တယ်”ဟု ဆိုကြ၏။

၁၆ အခြားသော လူတို့ကလည်း ယေရှုအား ပညာစမ်းချင်ကြ၏။ ထိုသူတို့က ကောင်းကင်မှ နိမိတ်လက္ခဏာ (သက်သေ) တစ်ခုပြရန် တောင်းဆိုကြ၏။ ၁၇ သို့သော် ယေရှုက သူတို့၏အကြံကို သိတော်မူ၏။ ထို့ကြောင့် ယေရှုက ထိုသူတို့အား “ဘယ်နိုင်ငံမဆို အချင်းချင်းကွဲပြားကြပြီး တိုက်ခိုက်နေကြရင် ပျက်စီးသွား မှာပဲ၊ နောက်ပြီး မိသားစုအတွင်းမှာ ခိုက်ရန်ဖြစ်နေကြရင် အဲဒီမိသားစုဟာ ပြိုကွဲသွားလိမ့်မယ်။ ၁၈ ဒါကြောင့် စာတန် (နတ်ဆိုး) ဟာသူ့ကိုယ်သူတိုက်ခိုက်နေမယ်ဆိုရင် ဘယ်လို

လုပ်ပြီး သူ့နိုင်ငံကို တည်နိုင်မှာလဲ၊ ငါဟာ ဗေလ
ဇေဗုလ *(နတ်ဆိုး)*ရဲ့အာဏာကိုသုံးပြီးနတ်ဆိုးတွေ
ကို နှင်ထုတ်တယ်လို့ သင်တို့ ပြောကြတယ်။
၁၉ ဒါပေမယ့် ငါဟာ ဗေလဇေဗုလရဲ့ အာဏာကို
သုံးပြီးနတ်ဆိုးတွေကိုနှင်ထုတ်ခဲ့ရင်သင်တို့ကော
နတ်ဆိုးတွေကို နှင် ထုတ်တဲ့အခါ ဘာအခွင့်အာ
ဏာကိုသုံးကြသလဲ၊ ဒါကြောင့် သင်တို့ရဲ့လူတွေ
ကိုယ်တိုင်က သင်တို့မှားတယ်ဆိုတာ သက်သေ
ပြကြလိမ့်မယ်၊ ၂၀ ဒါပေမယ့် ငါကတော့ ဘုရားသ
ခင်ရဲ့တန်ခိုးနဲ့ နတ်ဆိုးတွေကို နှင်ထုတ်တယ်။
ဒါဟာ ဘုရားသခင်ရဲ့နိုင်ငံတော် သင်တို့ဆီ မကြာ
ခင်လာတော့မယ့်အကြောင်းပြလိုက်တာပဲ”
၂၁ “ခွန်အားကြီးတဲ့လူတစ်ယောက်ဟာ လက်
နက်အစောင့်တွေနဲ့ သူ့အိမ်မှာရှိနေတဲ့အခါ အိမ်
ဟာ လုံခြုံမှုအပြည့်ရှိတာပေါ့။ ၂၂ ဒါပေမယ့် သူ့
ထက် ပိုပြီး အားအင်သန်စွမ်းတဲ့သူ လာတိုက်တဲ့
အခါ ပထမလူရှုံးသွားတယ်၊ ပထမလူက သူ့ရဲ့
အိမ်ကိုလုံခြုံမှုပေးနိုင်မယ်လို့ စိတ်ချထားတဲ့လက်
နက်တွေကို ပိုပြီးအင်အားရှိတဲ့သူက သိမ်းသွား
တယ်။ အဲဒီနောက်မှာ ပိုပြီးအားအင်သန်စွမ်းတဲ့
လူက သူလုပ်ချင်သလို လုပ်လိမ့်မယ်”
၂၃ “တကယ်လို့ ငါနဲ့အတူမရှိတဲ့သူဟာ ငါ့
ကို ဆန့်ကျင်တာပဲ၊ ငါ့အတူမလုပ်ကိုင်တဲ့ သူဟာ
ငါ့ကိုဆန့်ကျင်ပြီးလုပ်နေတာဖြစ်တယ်” ဟု မိန့်
တော်မူ၏။

**လစ်ဟာနေသောသူ**

*(မ ၁၂:၄၃-၄၅)*

၂၄ “နတ်ဆိုးဆီက ညစ်ညူးသောနတ်ဟာ လူ
တစ်ဦးအထဲ ထွက်ပြီး ခိုနားနေဖို့ ခြောက်သွေ့တဲ့
နေရာကို လိုက်ရှာတယ်။ ဒါပေမယ့် အဲဒီညစ်ညူး
တဲ့နတ်ဟာ ခိုနားနေဖို့ နေ ရာကို ရှာမတွေ့ဘူး၊ ‘ငါ
တော့ ငါထွက်ခဲ့တဲ့ အိမ် *(လူ)* ကို ပြန်သွားမယ်’။
၂၅ ညစ်ညူးတဲ့နတ်ဟာ အဲဒီလူဆီကို ပြန်သွားတဲ့
အချိန်မှာ အဲဒီအိမ် *(လူ)* ဟာ သန့်ရှင်းသန့်ရပ်နေ
တာကို တွေ့ရတယ်၊ ၂၆ အဲဒီနောက် အဲဒီညစ်ညူး
တဲ့နတ်ဟာ အပြင်ကို ထွက်သွားပြီး သူ့နဲ့အတူ
တခြားညစ်ညူးတဲ့နတ်ခုနှစ်ယောက်ကို ခေါ်လာ
ခဲ့တယ်၊ ဒီလိုနဲ့ပဲ သူတို့ဟာ အဲဒီလူအထဲမှာ နေကြ
တယ်။ အဲဒီအချိန်ကစပြီး အဲဒီလူဟာ အရင်က
ထက် ဒုက္ခပြဿနာတွေ ပိုပြီးဖြစ်လာတယ်”

**အမှန်အကန်ပျော်ရွှင်ကြသူများ**

၂၇ ထိုအကြောင်းအရာများကို ပြောပြီးနောက်
ထိုလူစုထဲတွင်ရှိနေသောအမျိုးသမီးက ယေရှုအား
“အရှင့်မိခင်ကတော့ ဘုရားသခင်ရဲ့ကောင်းချီး
မင်္ဂလာရှိမှာပဲ၊ ဘာကြောင့်လည်းဆိုရင်သူဟာ အရှင့်
ကို မွေးပြီး၊ အရှင့်ကို ကျွေး မွေးခဲ့တဲ့အတွက်ပေါ့”
ဟု ပြောလိုက်၏။
၂၈ သို့ရာတွင် ယေရှုက “ဘုရားသခင်ရဲ့ သွန်
သင်ချက်ကို ကြားပြီး နာခံတဲ့သူတွေဟာ အမှန်တ
ကယ် ပျော်ရွှင်ကြသူတွေဖြစ်တယ်”ဟု မိန့်တော်
မူ၏။

**ကျွန်ုပ်တို့ကို သက်သေပြပါ**

*(မ ၁၂:၃၈-၄၂၊ မာ ၈:၁၂)*

၂၉ လူအုပ်သည် များသထက်များလာသည်။
ယေရှုက “အခုကာလလူတွေဟာ ဆိုးညစ်ကြတယ်၊
သူတို့ဟာ ဘုရားသခင်ဆီက အမှတ်အသား *(သက်
သေပြချက်)*နိမိတ်လက္ခဏာကို တောင်းတတ်ကြ
တယ်၊ ဒါပေမယ့် သူတို့အတွက် ဘာနိမိတ်လက္ခ
ဏာအမှတ် သင်္ကေတကိုမှ သူတို့ကို ပြမှာမဟုတ်
ဘူး။ ယောနရဲ့အဖြစ်အပျက်ဟာ တစ်ခုတည်းသော
နိမိတ်လက္ခဏာဖြစ်တယ်၊ ၃၀ ယောနဟာ နိနဝေမြို့
က လူတွေအတွက် အမှတ်သင်္ကေတဖြစ်တယ်။
အဲဒါဟာ လူသားနဲ့တထပ်တည်းပဲဖြစ်တယ်။ လူ
သားဟာ ခုကာလလူတွေအတွက် အမှတ်သင်္ကေတ
ဖြစ်တယ်။ ၃၁ တရားဆုံးဖြတ်တဲ့နေ့ကျရင် တောင်
ဘက်အရပ်ကဘုရင်မဟာ ခုကာလလူတွေနဲ့အတူ
ပေါ်လာပြီး သင်တို့ မှားကြတာ *(အပြစ်)* ကို သက်
သေပြ လိမ့်မယ်၊ ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လည်း
ဆိုရင် သူမဟာ ရှောလမုန်မင်းရဲ့ပညာရှိတဲ့ သွန်
သင်ချက်တွေကိုနားထောင်ချင်လို့ ဝေးလံတဲ့အရပ်
ကနေ ခရီးထွက်လာတယ်။ ငါပြောမယ်၊ ဒီမှာရှိနေ
တဲ့ တစ်စုံတစ်ယောက်ဟာ ရှောလမုန်မင်းထက်
ကြီးမြတ်တယ်၊ ဒါပေမယ့် သင်တို့ဟာ ငါ့စကားကို
နားမထောင်ကြဘူး။ ၃၂ တရားစီရင်တဲ့နေ့ကျရင်
အခုအသက်ရှင်နေကြတဲ့ သူတွေဟာ နိနဝေမြို့က
လူတွေနဲ့အတူရှိနေကြရမယ်၊ ပြီးတော့ သူတို့က
သင်တို့ရဲ့အမှား *(အပြစ်)* ကို သက်သေပြကြလိမ့်
မယ်။ ဘာလို့လဲ။ အကြောင်းကတော့ သူတို့ကို
ယောနက တရားဟောလိုက်တဲ့အခါသူတို့နောင်တ
ရသွားကြတယ်၊ သင်တို့ဟာ ယောနထက် ကြီးမြတ်
တဲ့သူရဲ့စကားကိုကြားနာကြပေမယ့်လည်းပြောင်း
လဲဖို့ ငြင်းဆန်ကြတယ်”

**လောကအတွက်အလင်း**

*(မ ၅း၁၅၊ ၆း၂၂-၂၃)*

၃၃ "ဘယ်သူမှ မီးအိမ်ကို ခွက်နဲ့ အုပ်မထား
ကြဘူး၊ ဖုံးမထားကြဘူး။ အခန်းထဲဝင်လာတဲ့သူ
တွေမြင်နိုင်ဖို့ မီးအိမ်ကို မီးခွက်တင်စားပွဲမှာ တင်
ထားကြတယ်။ ၃၄ သင့်မျက်စိဟာ သင့်ခန္ဓာကိုယ်
အတွက် အလင်းဖြစ်တယ်။ တကယ်လို့ သင့်မျက်စိ
ကောင်းမယ်ဆိုရင် သင့်ကိုယ်ခန္ဓာဟာ အလင်းနဲ့
ပြည့်လိမ့်မယ်။ ဒါပေမယ့် သင့်မျက်စိမကောင်း
ဘူးဆိုရင်သင့်တစ်ကိုယ်လုံးမှောင်မိုက်*(အပြစ်)*ဖြစ်
သွားလိမ့်မယ်။ ၃၅ ဒါကြောင့် သတိထားကြပါ။
သင့်အထဲမှာရှိတဲ့ အလင်းကို မှောင်မိုက်မဖြစ်စေ
နဲ့။ တကယ်လို့ သင့်တစ်ကိုယ်လုံးလင်းနေရင်
အမှောင်ဆိုတာ မရှိနိုင်တော့ဘူး၊ အားလုံးဟာ
တောက်ပထွန်းလင်းလာလိမ့်မယ်၊ ဒါဆိုသင့်ကိုယ်
ပေါ်ကို မီးအိမ်က အလင်းရောင်ကျနေသလို ဖြစ်
သွားလိမ့်မယ်"ဟု မိန့်တော်မူ၏။

**ယေရှုသည် ဘာသာရေးခေါင်းဆောင်တို့အား ဝေဖန်ခြင်း**

*(မ ၂၃း၁-၃၆၊ မာ ၁၂း၃၈-၄၀၊ လု ၂၀း၄၅-၄၇)*

၃၇ ယေရှုသည် ထိုသို့မိန့်ကြားတော်မူပြီးသည်
နောက် ဖာရိရှဲတစ်ယောက်က သူနှင့်အတူ စား
သောက်ရန် ဖိတ်ခေါ်၏။ ထို့ကြောင့် ယေရှုသည်
စားပွဲတွင် နေရာယူလိုက်၏။ ၃၈ သို့ရာတွင် ယေရှု
သည် အစာမစားမီ လက်မဆေးသည်ကို ထို ဖာရိရှဲ
မြင်သောအခါ အံ့အားသင့်လေ၏။ ၃၉ သခင်ဘုရား
*(ယေရှု)*က "အသင် ဖာရိရှဲတို့ဟာ ခန္ဓာကိုယ်အ
ပြင်ပန်းကို ဆေး ကြောသန့်စင်ဖို့ အရေးကြီးတယ်
လို့ ထင်ကြတယ်။ ဒါဟာ ခွက် ဒါမှမဟုတ် ပန်းကန်
ရဲ့အပြင်ဘက်ကို ဆေးတာနဲ့အတူတူပဲ။ အတွင်း
ပိုင်းက ပိုပြီးအရေးကြီးတယ်။သင်တို့အထဲမှာကော။
သင်တို့မှာ လူတွေကို လိမ်လည်ပြီး၊ ထိခိုက်စေ
ချင်တာပဲရှိကြတယ်။ ၄၀ သင်တို့ဟာ မိုက်မဲကြ
တယ်။ တစ်ဆူတည်းကပဲ*(ဘုရား)*အပြင်ပိုင်းကို
ရော၊ အတွင်းပိုင်းကိုပါ ဖန်ဆင်းတယ်မဟုတ်လား၊
၄၁ ဒါကြောင့် အတွင်းပိုင်းကို ပိုအလေးထားကြပါ။
လိုအပ်နေတဲ့သူတွေကို ပေးကမ်းပြီးကူညီပါ။ ဒါ
ဆိုရင် သင်ဟာ လုံးဝသန့်စင်သွားလိမ့်မယ်။ ၄၂ ဒါ
ပေမယ့် သင်တို့ ဖာရိရှဲတွေအတွက်တော့ ဆိုးနေ
တာက သင်တို့ဟာ ဘုရားသခင်ကို သင်တို့ပိုင်
ဆိုင်တဲ့ ခြံထဲက ပင်စိမ်းရွက်ကအစ၊ လျှူပင်တွေ
နဲ့ အခြားအပင်ပေါက်ကလေးတွေပါမကျန် ဆယ်
ဖို့တစ်ဖို့ကို လှူကြတယ်၊ ဒါပေမယ့် သင်တို့ဟာ လူ
တွေအပေါ် တရားမျှတဖို့နဲ့ ဘုရားသခင်ကိုချစ်ဖို့
မေ့နေကြတယ်။ ဒါဟာ သင်တို့လုပ်ရမယ့်အရာ
ဖြစ်တယ်၊ နောက်ပြီး သင်တို့ဟာ အခြားလုပ်ရမယ့်
အရာတွေကိုဆက်ပြီး လုပ်နေရမယ်၊ ဆယ်ဖို့တစ်ဖို့
ပေးသလိုမျိုးပေါ့၊ ၄၃ နောက်ဆိုးတာတစ်ခုကတော့
သင်တို့ဟာ တရားဇရပ်ရဲ့ အရေးပါတဲ့နေရာမှာ
ထိုင်ရတာကိုလည်း နှစ်သက်ကြတယ်။ နောက်ပြီး
ဈေးဆိုင်တန်းမှာ လူတွေက သင်တို့ကို လေးစား
သမှုပြုတာကိုလည်း သဘောတွေ့ကြတယ်မဟုတ်
လား၊ ၄၄ သင်တို့ဟာ ဖုံးကွယ်နေတဲ့ သင်္ချိုင်းဂူနဲ့ တူ
ကြတာဆိုးတယ်၊ လူတွေက အဲဒီအပေါ် ကနေ မသိ
ဘဲ ကျော်နင်းသွား ကြတယ်"ဟု မိန့်တော်မူ၏။

၄၅ ကျမ်းပြုဆရာတစ်ယောက်က ယေရှုအား
"ဆရာ၊ သင်ဟာ ဒီဖာရိရှဲတွေအကြောင်းကို ပြော
နေတာ ကျွန်တော်တို့အုပ်စုကိုပါ ဝေဖန်လိုက်တာ
ပဲ"ဟု ဆိုလိုက်၏။

၄၆ ယေရှုက "ဒါဟာ သင်တို့ကျမ်းပြုဆရာတွေ
အတွက် မကောင်းတဲ့အချက်ပဲ၊ သင်တို့ဟာ လူ
တို့ မလိုက်နာနိုင်တဲ့ တင်းကျပ်လွန်းတဲ့ ဥပဒေ
တွေကို ထုတ်ပြန်တယ်၊ လူတွေကိုလည်း အဲဒီ
ဥပဒေတွေကို လိုက်နာကြဖို့ အတင်းအကြပ်ခိုင်း
တယ်။ ဒါပေမယ့် သင်တို့ကိုယ်တိုင်ကျတော့ အဲဒီ
ဥပဒေတွေကို တစ်ခုမှလိုက်နာဖို့ မကြိုးစားကြဘူး၊
၄၇ သင်တို့ဟာ ပရောဖက်တွေအတွက် သင်္ချိုင်း
ဂူကို လုပ်ပေးကြတာ တော်တော်ဆိုးတာပဲ၊ ဒါပေ
မယ့် သင်တို့ဘိုးဘေးတွေက ပရောဖက်တွေကို
သတ်ခဲ့ကြတယ်။ ၄၈ အခု သင်တို့ဟာ သင်တို့ ဘိုး
ဘေး တို့လုပ်ခဲ့ကြတာတွေကို သဘောတူတဲ့အ
ကြောင်း လူတွေကိုပြသကြတယ်။ သင်တို့ဘိုးဘေး
တို့က ပရောဖက်တွေကို သတ်ပြီး၊ သင်တို့က
ပရောဖက်တွေအတွက်သင်္ချိုင်းဂူကိုလုပ်ကြတယ်၊
၄၉ ဒါကြောင့် ဘုရားသခင်ရဲ့ပညာဉာဏ်နဲ့ 'ငါဟာ
ပရောဖက်တွေနဲ့ တမန်တော်တွေကို သူတို့ဆီ
စေလွှတ်မယ်၊ တစ်ချို့ ပရောဖက်တွေနဲ့ တမန်
တော်တွေကို ဆိုးညစ်တဲ့လူတွေက သတ်ပြီး တစ်
ချို့ကိုတော့ ဆိုးဆိုးဝါးဝါးညှဉ်းဆဲကြလိမ့်မယ်၊
၅၀ ဒါကြောင့် ကမ္ဘာဦးကတည်းက အသတ်ခံခဲ့ကြ
ရတဲ့ ပရောဖက်တွေအတွက် သင်တို့တတွေဟာ
အပြစ်ပေး ခံရလိမ့်မယ်။ ၅၁ သင်တို့ဟာ အာဗေလ
ကို သတ်တဲ့အမှုအတွက် အပြစ်ဒဏ်ခံကြရလိမ့်
မယ်။ သင်တို့ဟာ ဇာခရိကို သတ်တဲ့တွက် အပြစ်

ပေးခံရလိမ့်မယ်၊ ဇာခရိဟာ ဗိမာန်တော်နဲ့ ယဇ်ပလ္လင်အကြားမှာ အသတ်ခံရတယ်၊ မှန်တယ်၊ ငါပြောမယ်၊ အခုအသက်ရှင်နေကြတဲ့လူတွေဟာ သူတို့အားလုံးအတွက်အပြစ်ပေးတာကိုခံကြရလိမ့်မယ်၊

၅၂ "ကျမ်းပြုဆရာတို့ သင်တို့ဟာဘုရားသခင်အကြောင်း လေ့လာကြမယ့်သူတွေ မလေ့လာနိုင်အောင် သော့ကို သိမ်းထားကြတာ တော်တော်ဆိုးတာပဲ။ သင်တို့ကိုယ်တိုင်လည်း မလေ့လာ၊ အခြားလေ့လာကြမယ့်သူတွေကိုလည်း တားဆီးကြတယ်" ဟု မိန့်တော်မူ၏။

၅၃ ယေရှုထွက်သွားသောအခါ ကျမ်းပြု ဆရာများနှင့် ဖာရိရှဲတို့သည် ယေရှုအား စတင်ဒုက္ခပေးကြတော့သည်။ သူတို့က အကြောင်းအရာမျိုးစုံနှင့်ပတ်သက်သော မေးခွန်းပေါင်း များစွာတို့ကို ယေရှုအား ဖြေခိုင်းရန် ကြိုးစားကြ၏။ ၅၄ သူတို့က ယေရှု၏စကားအမှားကို စောင့်ဖမ်းနိုင်ရန် နည်းလမ်းကို ကြိုးစားကြ၏။

## ဖာရိရှဲတို့ကဲ့သို့ မဖြစ်စေနှင့်

၁၂ ထောင်ပေါင်းများစွာသော လူတို့သည် အတူတကွလာကြ၏။ လူများလွန်းအားကြီးသောကြောင့် တစ်ယောက်နှင့်တစ်ယောက်တက်နင်းမိကြ၏။ ယေရှုက လူအုပ်ကြီးအား စကားမပြောမီ မိမိနောက်လိုက်များ အား"ဖာရိရှဲတွေရဲ့ တဆေးကို သတိထားကြပါ၊ ငါဆိုလိုတာက သူတို့ဟာ သူတော်ကောင်းယောင်ဆောင်နေကြတဲ့သူတွေပဲ၊ ၂ ဖုံးကွယ်ထားတာမှန်သမျှ ပေါ်ထွက်လာလိမ့်မယ်၊ လျှို့ဝှက်ထားတာမှန်သမျှကိုလည်း ထုတ်ဖော်ကြလိမ့်မယ်။ ၃ အမှောင်*(လျှို့ဝှက်)*ထဲမှာ သင်ပြောသမျှတို့ဟာ အလင်း*(ပွင့်လင်းစွာ)* ထဲမှာ ဖြစ်လိမ့်မယ်၊ သီးသန့်ခန်းထဲက စကားသံတိုးတိုးလေးက အိမ်ခေါင်မိုးပေါ်တက် အော်သလိုဖြစ်လိမ့်မယ်" ဟု မိန့်တော်မူ၏။

## ဘုရားသခင်ကိုသာ ကြောက်ရွံ့ပါ

*(မ ၁၀း၂၈-၃၀)*

၄ ထိုနောက်မှ ယေရှုက လူတို့အား"ငါ ပြောမယ် မိတ်ဆွေတို့၊ လူတွေကို မကြောက်ကြနဲ့။ လူတွေကသင်တို့ရဲ့ခန္ဓာကိုယ်ကိုပဲသတ်နိုင်ကြတယ်။ ဒါပေမယ့်သေပြီးနောက်သင်တို့ကိုနာကျင်အောင် ဘာမှမလုပ်နိုင်ကြဘူး၊ ၅ သင်တို့ကြောက်ရမယ့်သူကို ငါပြမယ်၊ သင်တို့ကို သေစေနိုင်တဲ့တန်ခိုးရှိသလို ငရဲထဲပစ်ချနိုင်တဲ့သူ *(ဘုရားသခင်)* ကို ကြောက်ကြပါ။ မှန်တယ်၊ သူဟာ သင်တို့ကြောက်ရမယ့် တစ်ဦးတည်းသောသူပဲ"

၆ "ငှက်တွေကို ရောင်းတဲ့အခါ ငှက် ကလေးငါးကောင်ရဲ့တန်ဖိုးက နှစ်ပဲနိပဲတန်တယ်၊ ဒါပေမယ့် ဘုရားသခင်ဟာ တစ်ကောင်တလေကိုမှ မေ့မထားဘူး။ ၇ မှန်တယ်၊ ဘုရားသခင်ဟာ သင့်ခေါင်းမှာရှိတဲ့ ဆံပင်အရေအတွက်တွေကိုတောင် သိတယ်။ မကြောက်ကြပါနဲ့၊ သင်တို့ဟာ အဲဒီငှက်တွေထက် ပိုပြီးတန်ဖိုးရှိကြပါတယ်"

## ယေရှုအား မရှက်ကြပါနှင့်

*(မ ၁၀း၃၂-၃၃၊ ၁၂း၃၂၊ ၁၀း၁၉-၂၀)*

၈ "ငါပြောမယ်၊ တစ်စုံတစ်ယောက်ဟာ လူတွေရှေ့မှာ ရပ်ပြီး ငါကိုယုံကြည်ပါတယ်လို့ ဝန်ခံရင် အဲဒီလူကို ငါပိုင်တယ်လို့ ငါပြောမယ်၊ အဲဒါကို ဘုရားသခင်ရဲ့ကောင်းကင်တမန်တွေရှေ့မှာ ငါပြောမယ်။ ၉ ဒါပေမယ့် တစ်စုံတစ်ယောက်ဟာ လူတွေရှေ့မှာ ငါ့ကို မယုံကြည်ဘူးလို့ ပြောတယ်၊ အဲဒီလူနဲ့ ငါမဆိုင်ဘူးလို့ ငါပြောမယ်၊ အဲဒါကို ဘုရားသခင်ရဲ့ကောင်းကင်တမန်တွေရှေ့မှာ ငါပြောမယ်၊

၁၀ "တကယ်လို့ တစ်စုံတစ်ယောက်ဟာ လူသားကို ဆန့်ကျင်ခဲ့ရင် သူ့ကို ခွင့်လွှတ်နိုင်တယ်၊ ဒါပေမယ့် သန့်ရှင်းသောဝိညာဉ်တော်ကို မကောင်းပြောပြီးဆန့်ကျင်*(လက်ခံဖို့ငြင်းပယ်)* ခဲ့ရင် သူ့ကို ခွင့်မလွှတ်နိုင်ဘူး၊

၁၁ "လူတွေဟာသင်တို့ကို တရားဇရပ်ကခေါင်းဆောင်တွေ၊ အရေးကြီးပုဂ္ဂိုလ်တွေရှေ့မှာ ခေါ်သွားရင် သင်တို့ ဘာပြောရမယ်ဆိုတာ မစိုးရိမ်ကြပါနဲ့၊ ၁၂ အဲဒီအချိန်မှာ သင်တို့ပြောရမယ့်စကားကို သန့်ရှင်းသောဝိညာဉ်တော်က သင်ပေးလိမ့်မယ်"ဟု မိန့်တော်မူ၏။

## ယေရှုက တစ်ကိုယ်ကောင်းဆန်မှုကို ဆန့်ကျင်သတိပေးခြင်း

၁၃ လူစုလူဝေးထဲမှ လူတစ်ဦးက "ဆရာ၊ ကျွန်တော်တို့ ဖခင်က သေသွားပါပြီ၊ အဖေပိုင်ဆိုင်တဲ့အရာတွေကို ခွဲဝေဖို့ ကျွန်တော့်အစ်ကိုကို ပြောပေးပါ"ဟု လျှောက်ဆို၏။

၁၄ သို့ရာတွင် ယေရှုက ထိုသူအား"သင်တို့အဖေပိုင်ဆိုင်တဲ့အရာတွေကို ငါက ခွဲဝေပေးရမယ် ဒါမှမဟုတ် ငါဟာ သင်တို့ရဲ့ စီရင်ဆုံးဖြတ်သူလို့ ဘယ်သူပြောသလဲ"ဟု မေးပြီး၊ ၁၅ ယေရှုက ထိုသူတို့အား"တကိုယ်ကောင်းဆန်မှုအမျိုးမျိုးကို သတိထားပြီး စောင့်ကြည့်ကြပါ၊ လူဟာ ပိုင်ဆိုင်မှု

အများကြီးရှိနေပါစေ၊ အဲဒီအထဲက အသက်ကိုတော့
မရနိုင်ဘူး”ဟု မိန့်တော်မူ၏။
[၁၆] ထို့နောက် ယေရှုက ဉာပုံဥပမာကို မိန့်
တော်မူ၏။“သူဌေးတစ်ယောက်မှာ မြေကွက်တစ်
ချို့ရှိတယ်၊ သူ့မြေကနေ အင်မတန်ကောင်းတဲ့
ကောက်ပဲသီးနှံတွေထွက်တယ်။ [၁၇] သူဌေးဟာ
ဘာကိုစဉ်းစားမိသလဲဆိုရင် ‘ငါ ဘာလုပ်ရမလဲ၊ ဒီ
ကောက်ပဲသီးနှံတွေကို ထားဖို့နေရာ ငါ့မှာမရှိဘူး။
[၁၈] အဲဒီနောက် သူဌေးက ငါဘာလုပ်ရမယ်ဆိုတာ
သိပြီ၊ ငါ့ရဲ့စပါးကျီ တွေကို ဖျက်ပြီး ပိုကြီးတဲ့ စပါး
ကျီကို ဆောက်မယ်။ [၁၉] နောက်ပြီး ငါ့ကိုယ်ငါပြော
မယ်၊ ငါ ကောင်းတဲ့အရာတွေအများကြီး သိုထား
ပြီးပြီ။ နှစ်များစွာအတွက် လုံလုံလောက်လောက်
စုထားပြီ၊ နားမယ်၊ စားမယ်၊ သောက်မယ် ပြီးတော့
ဘဝမှာပျော်ပျော်နေမယ်’လို့ စဉ်းစားမိတယ်။ [၂၀] ဒါ
ပေမယ့် ဘုရားသခင်က အဲဒီလူကို ‘လူမိုက်၊ သင်
ဟာ ဒီညမှာပဲ သေရမယ်၊ သင့်ဘဝအတွက် ပြင်
ဆင်ထားတဲ့အရာတွေကို ဘယ်လိုလုပ်မလဲ၊ အဲဒါ
တွေကို အခုဘယ် သူရမလဲ’လို့ ပြောတယ်၊
[၂၁]“ဒါက ပစ္စည်းဥစ္စာတွေကို သူ့ဖို့ပဲစုဆောင်း
ထားတဲ့သူအတွက်ဘယ်လိုဖြစ်မယ်ဆိုတဲ့အကြောင်း
ပါ၊ သူဟာ ဘုရားသခင်ဆီမှာတော့ ဆင်းရဲတဲ့သူ
ဖြစ်တယ်”

**ဘုရားသခင်၏နိုင်ငံတော်သည် ပထမ**

*(မ ၆း၂၅-၃၄၊ ၁၉း-၂၁)*

[၂၂] ယေရှုက နောက်လိုက်တို့အား“ဒါကြောင့်
ငါပြောမယ်၊ အသက်ရှင်နိုင်ဖို့ လိုအပ်တဲ့ အစာ
အတွက် စိတ်မပူကြနဲ့။ ဝတ်ဖို့အတွက်လည်း စိတ်
ပူမနေကြနဲ့။[၂၃] အစာထက်အသက်က ပိုအရေးကြီး
တယ်၊ အဝတ်ထက် ကိုယ်ခန္ဓာ ပိုအရေးကြီးတယ်။
[၂၄] ငှက်တွေကိုကြည့်၊ သူတို့ဟာ မစိုက်မပျိုး၊ မရိတ်
မသိမ်းဘူး၊ ငှက်တွေက အိမ်တွေမှာ၊ စပါးကျီတွေ
မှာလည်း အစာတွေကို စုဆောင်းမထားကြဘူး။
ဒါပေမယ့် ဘုရားသခင်က သူတို့ကို ဂရုစိုက်တယ်။
ပြီးတော့ သင်တို့ဟာ ငှက်တွေထက် ပိုပြီးတန်ဖိုး
ရှိကြတယ်။ [၂၅] အဲဒီ စိတ်ပူတတ်တာက သင့်
အသက်တာကို တိုးစေသလား။ [၂၆] တကယ်လို့ သင်
တို့ဟာ အသေးအမွှားကိုတောင်မလုပ်နိုင်ရင် ဘာ
ကြောင့် ကြီးကျယ်တဲ့ကိစ္စတွေအတွက် စိတ်ပူနေ
ရတာလဲ၊ [၂၇] တောပန်းပင် တွေကို ကြည့်လိုက်စမ်း၊
သူတို့ ဘယ်လိုပေါက်လာတယ်ဆိုတာကိုမြင်တယ်
နော်၊ သူတို့ဟာ အလုပ်လည်း မလုပ်ကြဘူး၊ အဝတ်
ကိုလည်း မလုပ်ကြဘူး။ ဒါပေမယ့် ငါပြောမယ်၊
ကြီးကျယ်မြင့်မြတ်ပြီး ချမ်းသာကြွယ်ဝတဲ့ ရှောလ
မုန်ဘုရင်တောင် ဒီတောပန်းပင်တွေလောက်
လှပအောင် မဝတ်ဆင်နိုင်ဘူး။ [၂၈] ဘုရားသခင်
ဟာ ကွင်းပြင်ထဲက မြက်ပင်တွေကို ဒီလိုပဲ ဝတ်
ဆင်ပေးတယ်။ အဲဒီမြက်ပင်တွေဟာ ဒီနေ့အသက်
ရှင်ပေမယ့် မနက်ဖြန်ကျရင် မီးရှို့ခံရမှာပဲ၊ ဒါ
ကြောင့် ဒါတွေကိုသင်တို့သိထားရင် ဘုရားသခင်
က ဒါထက်မက သင်တို့ကို ဝတ်ပေးမှာပေါ့။
ယုံကြည်မှုမနည်းစေနဲ့။[၂၉] ဒါကြောင့် စားဖို့သောက်
ဖို့လောက်ပဲ အမြဲမစဉ်းစားပါနဲ့၊ ဒါတွေအတွက်
စိတ်မပူပါနဲ့၊ [၃၀] ကမ္ဘာပေါ်က လူအားလုံးဟာ ဒီ
အရာ တွေ ကို ရဖို့ကြိုးစားနေကြတယ်၊ သင်တို့ရဲ့
အဖ *(ဘုရားသခင်)* က သင်တို့လိုတာတွေကို သိ
တော်မူတယ်။ [၃၁] သင်တို့ဟာ ဘုရားသခင်ရဲ့ နိုင်ငံ
တော်ကိုပဲ အလိုရှိသင့်တယ်။ နောက်မှ သင်လို
အပ်တဲ့အခြားအရာတွေကို သင်တို့ရလိမ့်မယ်”

**ငွေကို မယုံရ**

[၃၂] “မကြောက်နဲ့ သိုးငယ်*(အုပ်စု)*၊ သင့် အဖ
*(ဘုရားသခင်)* က နိုင်ငံတော်ကို ပေးချင်တယ်၊
[၃၃] သင့်မှာရှိတာကို ရောင်းပြီးတော့ရတဲ့ငွေကို လို
အပ်တဲ့သူတွေကို ပေးလိုက်ပါ။ ကမ္ဘာပေါ်က
ချမ်းသာမှုဟာ အစဉ်မတည်နိုင်ဘူး၊ ဒါကြောင့်
တည်တံ့တဲ့ချမ်းသာမှုမျိုးကို ရယူပါ။ ကောင်းကင်
ဘဏ္ဍာကို ရယူပါ။ အဲဒီဘဏ္ဍာဟာ ထာဝရတည်
တံ့တယ်။ ကောင်းကင်မှာရှိတဲ့ ရတနာကို ဘယ်
သူမှမခိုးနိုင်ဘူး၊ ခြလည်းမဖျက်ဆီးနိုင်ဘူး။ [၃၄] သင့်
ရဲ့စိတ် ဟာ သင့်ဘဏ္ဍာရှိတဲ့နေရာမှာ ရှိလိမ့်မယ်”

**အမြဲအဆင်သင့်ရှိနေပါ**

*(မ ၂၄း၄၅-၅၁)*

[၃၅]“အဆင်သင့်ရှိနေပါ၊ ဝတ်စုံအပြည့်နဲ့ သင့်
မီးအိမ်ကိုလည်း လင်းစေပါ။ [၃၆] မင်္ဂလာဆောင်ပွဲ
ကနေပြန်လာမယ့် သခင်ကိုစောင့်နေကြတဲ့ အစေ
ခံတွေလို စောင့်နေကြပါ။ သခင်တံခါးကို လာ
ခေါက်တဲ့အချိန်မှာ အစေခံဟာ တံခါးကို ဖွင့်ပေး
ကြတယ်။ [၃၇] အဲဒီအစေခံဟာ ကောင်းချီးမင်္ဂလာ
ကို ရလိမ့်မယ်၊ ဘာကြောင့်လည်းဆိုရင် သူဟာ သူ့
သခင်ပြန်အလာကို အဆင်သင့်စောင့်နေတာ သူ့
သခင်က တွေ့သွားလို့ပဲ၊ ငါအမှန်အကန်ပြောမယ်။
သခင်ဟာ ကိုယ်တိုင်ဝတ်ဆင်ပြီး အစေခံတွေကို
စားပွဲမှာအထိုင်ခိုင်းပြီးတော့ သူတို့ကို အလုပ်အ
ကျွေးပြုတယ်၊ [၃၈] အဲဒီအစေခံတွေဟာ သူတို့ သခင်

ကို ညဥ့်နက်သန်းခေါင်ကျော်လည်း စောင့်နေကြ
မှာပဲ။ ဒါပေမယ့် သူတို့တတွေ စောင့်နေကြတာ
ကို သူတို့သခင်ပြန်လာပြီး မြင်တဲ့အခါ သူတို့ပျော်
သွားကြလိမ့်မယ်။ ၃၉ ဒါကို မှတ်ထားကြပါ။ တ
ကယ်လို့ သူခိုးလာမယ့်အချိန်ကို အိမ်ရှင်က သိ
နေရင် သူခိုးကို အိမ်ထဲ ဘယ်အဝင်ခံပါ့မလဲ။ ၄၀ ဒါ
ကြောင့် သင်လည်း အဆင်သင့်ရှိနေပါ။ လူသား
ဟာ သင်တို့မထင်တဲ့အချိန်မှာ ကြွလာလိမ့်မယ်”
ဟု မိန့်တော်မူ၏။

## မည်သူသည် ယုံကြည်စိတ်ချရသောအစေခံနည်း

၄၁ ပေတရုက “သခင်၊ ဒီပုံဥပမာက ကျွန်
တော် တို့အတွက်လား၊ လူအားလုံးအတွက် လား”
ဟု မေးလေ၏။
၄၂ သခင်ဘုရားက “ဘယ်အစေခံဟာ ဉာဏ်
ပညာရှိပြီး ယုံကြည်စိတ်ချရသလဲ၊ သခင်က အ
စေခံကို ယုံကြည်စိတ်ချစွာနဲ့ တခြား အစေခံတွေ
ကို အချိန်မှန်မှန် အစာကျွေးဖို့ မှာခဲ့တယ်။ အဲဒီ
ကိစ္စမှာ သခင်ဟာ ဘယ်အစေခံကို ယုံကြည်စိတ်
ချသလဲ။ ၄၃ သခင်လာတဲ့အချိန်မှာ အဲဒီအစေခံ
ဟာ သခင်ခိုင်း ထားတဲ့အလုပ်ကို လုပ်နေတယ်။
အစေခံ လည်း အရမ်းပျော်သွားမှာပဲ။ ၄၄ ငါအမှန်
ပြောမယ်။ သခင်ဟာ သူပိုင်ဆိုင် သမျှအားလုံးကို
စောင့်ရှောက်ဖို့ အဲဒီအစေခံကိုပဲ ရွေးချယ်လိမ့်
မယ်။ ၄၅ ဒါပေမယ့် တကယ်လို့ အစေခံဟာ ဆိုး
ညစ်တဲ့အတွေးနဲ့ သခင်အမြန်ပြန်လာမှာ မဟုတ်
ပါဘူး။ အဲဒီအစေခံဟာ တခြားအစေခံယောကျာ်း
မိန်းမတို့ကို စပြီးရိုက်နှက်တော့တယ်၊ နောက်ပြီး
သူဟာ စားလိုက်သောက်လိုက်နဲ့ မူးယစ်နေလိမ့်
မယ်၊ ၄၆ အဲဒီနောက်မှာ အစေခံရဲ့သခင်ပြန်လာတဲ့
အချိန်မှာ အစေခံဟာ အဆင်သင့်ရှိမနေဘူး၊ အဲဒီ
အစေခံ မထင်မှတ်တဲ့အချိန်မှာ သခင်ပြန်လာလိမ့်
မယ်။ နောက်တော့ အဲဒီအစေခံဟာ အပြစ်ပေးတာ
ကို ခံရလိမ့်မယ်၊ သခင်ဟာ အဲဒီအစေခံကို တခြား
နားမထောင်တဲ့သူတွေနဲ့အတူ အဝေးကို ပို့ပစ်
လိုက်လိမ့်မယ်၊
၄၇ “အဲဒီအစေခံဟာ သူ့သခင်က သူ့ကို ဘာ
လုပ်စေချင်တယ်ဆိုတာကို သိတယ်။ ဒါပေမယ့်
အဲဒီအစေခံဟာ အဆင်သင့်ဖြစ်အောင်လည်း မလုပ်
ဘူး၊ သူ့သခင် ခိုင်းထားတာတွေကိုလည်း လုပ်ဖို့
မကြိုးစားဘူး၊ ဒါကြောင့် ဒီအစေခံဟာ ကောင်း
ကောင်း အပြစ်ပေးခံရလိမ့်မယ်။ ၄၈ ဒါပေမယ့်
သခင်ရဲ့အလိုကို မသိတဲ့အစေခံကျတော့ကော၊
ဒီအစေခံက အပြစ်ပေးခံထိုက်တယ်။ ဒါပေမယ့်
သူဟာ သခင့်အလိုကိုသိရက်နဲ့ မလုပ်တဲ့သူလောက်
တော့ ခံရမှာမဟုတ်ဘူး။ ဘယ်သူမဆိုများများရ
တဲ့သူဟာ များများတုံ့ပြန်ရမယ်။ များများ မျှော်
လင့်တဲ့သူဟာ များများပေးဆပ်ရမယ်”

## ယေရှုနှင့်ပတ်သက်ပြီးလူများ သဘောတူကြလိမ့်မည်မဟုတ်

*(မ ၁၀း၃၄-၃၆)*

၄၉ ယေရှုက ဆက်ပြီး “ငါဟာ ကမ္ဘာကို မီး
လောင်စေဖို့လာခဲ့တာဖြစ်တယ်၊ မီးလောင်ဖို့လည်း
ငါဆန္ဒရှိတယ်။ ၅၀ ငါဟာ တခြားနည်းနဲ့ ဗတ္တိဇံခံရ
မယ်။ အဲဒါမပြီးမချင်း ငါဟာအကြီး အကျယ်ဒုက္ခ
ခံစားရဦးမယ်၊ ၅၁ လောကကြီးကို ငြိမ်သက်ခြင်း
ပေးဖို့ ငါလာတယ်လို့ ထင်ကြသလား။ မဟုတ်ဘူး။
ငါဟာ လောကကြီးကို ခွဲခြမ်းဖို့လာတာဖြစ်တယ်။
၅၂ အခုကစပြီး မိသားစုငါးဦးရှိတဲ့အိမ်မှာ သုံးဦးက
နှစ်ဦးကို ဆန့်ကျင်လိမ့်မယ်။ နှစ်ဦးက သုံးဦးကို
ဆန့်ကျင်ကြလိမ့်မယ်၊

၅၃ ‘သားနဲ့အဖေတို့ ကွဲပြားလိမ့်မယ်
သားက အဖေကိုဆန့်ကျင်လိမ့်မယ်
အဖေက သားကိုဆန့်ကျင်မယ်။
အမေနဲ့သမီးတို့ ကွဲပြားကြလိမ့်မယ်
သမီးက အမေကို ဆန့်ကျင်မယ်
အမေက သမီးကို ဆန့်ကျင်မယ်
ယောက္ခမနဲ့ချွေးမတို့ ကွဲပြားကြလိမ့်မယ်
ချွေးမက ယောက္ခမကို ဆန့်ကျင်မယ်
ယောက္ခမကချွေးမကို ဆန့်ကျင်လိမ့်မယ်”
ဟု မိန့်တော်မူ၏။

## အချိန်ကာလကိုနားလည်ခြင်း

*(မ ၁၆း၂-၃)*

၅၄ ထိုနောက် ယေရှုက လူတို့အား“အနောက်
ဘက်မှာ တိမ်တွေဟာ ထူထပ်လာနေပြီဆိုရင် သင်
တို့က မိုးသက်မုန်တိုင်းကျတော့မယ်လို့ ပြောတတ်
ကြတယ်။ နောက်မကြာခင်မှာပဲ မိုးကျလာတယ်၊
၅၅ တောင်ဘက်ကနေ လေတိုက်လာပြီဆိုရင် ဒီ
နေ့တော့ပူပြီလို့ သင်တို့ပြောတတ်ကြတယ်။ သင်
တို့ပြောတာတွေ မှန်ပါတယ်၊ ၅၆ သင်တို့ဟာ သူ
တော်ကောင်းယောင်ဆောင်တဲ့သူတွေပဲ။ သင်တို့
ဟာ ရာသီဥတုအကြောင်းကိုတော့နားလည်ပြီး ဘာ
လို့ အခုဖြစ်နေတာတွေကို နားမလည်ကြတာလဲ”

## သင်၏ပြဿနာကို ပြေလည်အောင်ဖြေရှင်းပါ

*(မ ၅း၂၄-၂၆)*

၅၇ “ဘယ်ဟာကအမှန်လည်းဆိုတာ ဘာကြောင့်
သင်တို့ မဆုံးဖြတ်နိုင်ကြရတာလဲ၊ ၅၈ သင့်ကို တရား
စွဲတဲ့သူနဲ့အတူ တရားရုံးကို အတူသွားကြတယ်ဆို
ပါစို့၊ သင်ဟာ လမ်းမှာ ပြဿနာကို ပြေလည်အောင်
ကြိုးစားသင့်တယ်။ တကယ်လို့သာ မဖြေရှင်းဘူး
ဆိုရင် သူဟာ သင့်ကို တရားသူကြီးဆီ ခေါ်သွား
မှာပဲ၊ နောက်ပြီး တရားသူကြီးက သင့်ကို ထောင်ချ
ပစ်လိုက်ဦးမယ်။ ၅၉ သင်ဟာ အကြွေးတွေကို ကျေ
အောင်မဆပ်မချင်း ထောင်ထဲက ထွက်ရတော့
မှာမဟုတ်ဘူး”ဟု မိန့်တော်မူ၏။

## စိတ်နှလုံးကို ပြောင်းလဲပါ

၁၃ ထိုအချိန်တွင် လူအချို့တို့သည် ထိုနေရာ
၌ ယေရှုနှင့်အတူရှိနေကြ၏။ ထိုလူများက
ဂါလိလဲမှ လူအချို့မည်သို့ဖြစ်ကြသည်ကို ယေရှု
အား ပြောပြကြ၏။ ပိလတ်မင်းသည် လူအချို့ဝတ်ပြု
ကိုးကွယ်နေကြစဉ် သတ်ခဲ့၏။ ထိုသူများ၏သွေး
နှင့်ဘုရားသခင်အား ပူဇော်သောယဇ်ကောင်တို့
၏ သွေးကို ပိလတ်မင်းက ရောနှောခဲ့ကြောင်းတို့
ကို ပြောပြကြ၏။ ၂ ယေရှုက “သူတို့တွေဟာ ဂါလိ
လဲပြည်က တခြားသူတွေထက် ပိုပြီးအပြစ်ကြီးလို့
သူတို့ ဒီလိုဖြစ်ရတာလို့ သင်တို့ ထင်ကြသလား၊
၃ အဲဒါကြောင့်မဟုတ်ဘူး။ ဒါပေမယ့် သင်တို့တွေ
ဟာ နောင်တမရကြရင်တော့ အဲဒီလူတွေလိုပဲ
ဖျက်ဆီးခံရကြလိမ့်မယ်။ ၄ ဒါဆိုရင် ရှိလောင်
မျှော်စင်ပြိုကျတုန်းက ပိသေတဲ့ လူတစ်ဆယ့်ရှစ်
ယောက်ကိုရော ဘယ်လိုပြောမလဲ၊ သူတို့တွေဟာ
ယေရုရှလင်မြို့ကလူအားလုံးထက် အပြစ်ပိုများကြ
တယ်လို့ ထင်နေကြသလား။ ၅ အဲဒါကြောင့်မဟုတ်
ဘူး။ ဒါပေမယ့် ငါပြောမယ်၊ သင်တို့ နောင်တမရ
ကြ ဘူးဆိုရင် သင်တို့အားလုံးလည်း ဖျက်ဆီးခြင်း
ခံကြရလိမ့်မယ်”ဟု ဖြေတော်မူ၏။

## အသုံးမကျသောသစ်ပင်

၆ ယေရှုက ဤပုံပမာကို ပြောပြတော်မူ၏။ “လူ
တစ်ယောက်မှာ သဖန်းပင်တစ်ပင်ရှိတယ်၊ အပင်
ကို သူ့ခြံထဲမှာ စိုက်ထားတယ်၊ သူဟာ အပင်မှာ
အသီးများသီးမလားလို့လာကြည့်တယ်၊ ဒါပေမယ့်
အသီးကို မတွေ့ရဘူး၊ ၇ သူ့ရဲ့ အစေခံကလည်း ခြံ
ကို ဂရုစိုက်ပါတယ်၊ ဒါကြောင့် သူ့ရဲ့အစေခံကို ‘ငါ
ဒီအပင်မှာ အသီးများ သီးမလားလို့ စောင့်ကြည့်
တာ သုံးနှစ်သုံး မိုးရှိသွားပြီ၊ ဒါပေမယ့် တစ်လုံးတစ်
လေမှ မတွေ့ခဲ့ဘူး၊ ခုတ်လှဲပစ်လိုက်ပါ။ ဘာကြောင့်
မြေကြီးကို အလဟဿဖြစ်စေမှာလဲ’ လို့ပြောတယ်၊
၈ ဒါပေမယ့် သူ့အစေခံက ‘အရှင် ဒီတစ်နှစ်တော့
သီးမသီးစောင့်ကြည့်ပါဦး၊ အပင်ပတ်ပတ်လည်ကို
တူးပြီး မြေဩဇာထည့်ပါရစေ၊ ၉ ဒါဆိုရင် နောင်နှစ်
မှာ သီးကောင်း သီးနိုင်ပါလိမ့်မယ်။ တကယ်လို့
အသီးမသီး ခဲ့ရင်တော့ အရှင့်သဘောအတိုင်း ခုတ်
လှဲ ပစ်လိုက်ပါမယ်’လို့ ပြောလိုက်တယ်”

## ယေရှုသည် ဥပုသ်နေ့တွင် အမျိုးသမီးတစ်ဦး အား ကုသပေးခြင်း

၁၀ ဥပုသ်နေ့တစ်နေ့တွင် ယေရှုသည် တရား
ဇရပ်၌ ဩဝါဒပေးနေ၏။ ၁၁ ထိုတရားဇရပ်ထဲတွင်
နတ်ဆိုး၏ဝိညာဉ်ဆိုးက ဒုက္ခပေးထားသော အမျိုး
သမီးတစ်ယောက်ရှိနေ၏။ ထိုဝိညာဉ်ဆိုးက
အမျိုးသမီးအား တစ်ဆယ့်ရှစ်နှစ်တိုင်တိုင် ကျော
ကုန်းစေသဖြင့် သူမသည် ကိုယ်ကို မတ်မတ်ဆန့်
၍မရ။ ၁၂ ယေရှုသည် သူမကိုမြင်သောအခါ ခေါ်
ပြီး “အမျိုးသမီး၊ သင့်ဝေဒနာဟာ သင့်ဆီက ထွက်
သွားပြီ”ဟု ပြောပြီး၊ ၁၃ သူမအပေါ်သို့ သူ၏လက်ကို
တင်လိုက်၏။ ထိုနောက် သူမသည် ကိုယ်ကိုမတ်
နိုင်လေ၏။ သူမသည် ဘုရားသခင်အား ချီးမွမ်း
လေ၏။

၁၄ ထိုသို့ ဥပုသ်နေ့တွင် ယေရှုက လူနာကို
ကုသပေးလိုက်သောကြောင့် တရားဇရပ်မှူးသည်
ဒေါသထွက်နေ၏။ တရားဇရပ်မှူးက လူတို့အား
“တစ်ပတ်မှာ အလုပ်လုပ်ဖို့ ခြောက်ရက်ရှိတယ်၊
ဒါကြောင့် ရောဂါကုဖို့ အဲဒီရက်အတောအတွင်း
မှာ လာကုကြပါ။ ဥပုသ်နေ့မှာတော့ လာမကုကြပါ
နဲ့” ဟု ပြောလိုက်၏။

၁၅ သခင်ဘုရား*(ယေရှု)*က “သူတော်ကောင်း
အယောင်ဆောင်တွေ၊ သင်တို့ဟာ သင်တို့ခိုင်း
တဲ့တိရစ္ဆာန်တွေကိုတော့ နေ့တိုင်း ကြိုးဖြည်ပြီး ရေ
တိုက်ကြတယ်၊ ဥပုသ်နေ့မှာလည်း ဒီတိုင်းပဲလုပ်
ကြတယ် မဟုတ်လား၊ ၁၆ ငါကုပေးလိုက်တဲ့ ဒီ
အမျိုးသမီးဟာ ငါတို့ ဂျူးလူမျိုးညီမပဲမဟုတ်လား။
ဒါပေမယ့် စာတန်*(နတ်ဆိုး)*က သူမကို တစ်ဆယ့်
ရှစ်နှစ်လုံးလုံး ဒုက္ခပေးထားတယ်။ ဥပုသ်နေ့မှာ
သူမကို ဝေဒနာက လွတ်မြောက်စေတာဟာ မမှား
တာတော့ သေချာတယ်”ဟု ၁၇ ယေရှုပြောသော
အခါလူအားလုံးတို့က ထိုသူကို အပြစ်တင်ကြသဖြင့်
ထိုသူသည် အရှက်ရလေ၏။ ယေရှုပြုသောအံ့ဖွယ်

အမှုကြောင့်လူအားလုံးတို့လည်းပျော်ရွှင်သွားကြ၏။

**ဘုရားသခင်၏နိုင်ငံတော် ဘာနဲ့တူသလဲ**

*(မ ၁၃း၃၁-၃၃၊ မာ ၄း၃၀-၃၂)*

၁၈ ထို့နောက် ယေရှုက“ဘုရားသခင်ရဲ့ နိုင်ငံ
တော်က ဘာနဲ့တူသလဲ၊ ငါဘာနဲ့ နှိုင်းယှဉ်ပြရမလဲ
ဆိုရင်၊ ၁၉ ဘုရားသခင်ရဲ့နိုင်ငံတော်ဟာ မုန်ညင်း
စေ့နဲ့တူတယ်၊ လူတစ်ယောက်က သူ့ခြံထဲမှာ မုန်
ညင်းစေ့ကို ပျိုးတယ်၊ အဲဒီနောက် အစေ့ကနေ
အပင်အဖြစ် ကြီးထွားလာတယ်။ ငှက်တွေဟာ အဲဒီ
အပင်ရဲ့အကိုင်းပေါ်မှာ အသိုက်လုပ်ကြတယ်”ဟု
မိန့်တော်မူ၏။

၂၀ ယေရှု နောက်တစ်ခါပြောရာတွင်“ဘုရား
သခင်ရဲ့နိုင်ငံတော်ကို ဘာနဲ့နှိုင်းပြရမလဲဆိုရင်
၂၁ဘုရားသခင်ရဲ့နိုင်ငံတော်ဟာ တဆေးနဲ့တူတယ်။
အမျိုးသမီးတစ်ဦးဟာ ခွက်ကြီးတစ်ခွက်ထဲမှာ ဂျုံ
မှုန့်နဲ့ ရောနယ်လိုက်တဲ့ တဆေးနဲ့တူတယ်၊ တ
ဆေးကြောင့် ပေါင်မုန့်ဖောင်းပွစေတယ်”ဟု မိန့်
တော်မူ၏။

**ကျဉ်းသောတံခါးပေါက်**

*(မ ၇း၁၃-၁၄၊ ၂၁-၂၃)*

၂၂ ယေရှုသည် မြို့တိုင်းရွာတိုင်းတို့၌ ဩဝါဒ
ပေးတော်မူ၏။ သူသည် ယေရုရှလင်မြို့သို့ ဦးတည်
ပြီး ခရီးဆက်လာ၏။ ၂၃ တစ်စုံတစ်ယောက်သော
သူက ယေရှုအား“သခင်၊ လူဘယ်နှစ်ယောက်
ကယ်တင်ခြင်းရမလဲ၊ လူနည်းနည်းပဲလား”ဟု မေး
လေ၏။

၂၄ ယေရှုက “ကောင်းကင်ဘုံကို သွားဖို့ ဖွင့်
ထားတဲ့တံခါးက ကျဉ်းတဲ့အတွက်ကြောင့် ခက်ခက်
ခဲခဲကြိုးစားပြီး ဝင်ရမယ်၊ လူများစွာတို့ဟာ ဝင်ဖို့
ကြိုးစားကြပေမယ့်လည်း မဝင်နိုင်ကြဘူး။ တကယ်
လို့ လူတစ်ယောက်ဟာ သူ့အိမ်တံခါးကို သော့
ခတ်ထားတယ်ဆိုရင် သင်ဟာ အိမ်ပြင်မှာရပ်ပြီး
တံခါးကို ခေါက်ပေမယ့်လည်း သူဟာ တံခါးကို
ဖွင့်မပေးဘူး၊ သင်တို့က ‘ဆရာ၊ ကျွန်တော်တို့ကို
တံခါးဖွင့် ပေးပါဦး’လို့ဆိုကြပေမယ့် သူက‘သင်
တို့ကို ငါမသိဘူး၊ သင်တို့ဘယ်ကလဲ’လို့ မေး
တော့၊ ၂၆ သင်တို့က ‘ကျွန်တော်တို့ဟာ သင်နဲ့
အတူ စားသောက်ခဲ့ဖူးတယ်၊ကျွန်တော်တို့ မြို့ထဲ
က လမ်းပေါ်မှာ သင်ဩဝါဒပေးခဲ့သေးတယ်လေ’
လို့ ပြောကြပေမယ့်၊၂၇နောက်ဆုံးမှာသူက ‘သင်တို့
ကို ငါမသိဘူး၊ သင်တို့ဘယ်ကလာ သလဲ၊ ငါ့ဆီ
ကနေထွက်သွားကြပါ။ သင်တို့ အားလုံးဟာ အမှား
ကျူးလွန်ကြတဲ့သူတွေပဲ။ ၂၈ ဘုရားသခင်ရဲ့နိုင်ငံ
မှာ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်နဲ့ ပရောဖက်တွေ
ကို သင်တို့တွေ့ကြရလိမ့်မယ်၊ ဒါပေမယ့် သင်တို့
ကိုတော့ အပြင်ဘက်မှာ ထားရစ်လိမ့်မယ်၊ အဲဒီ
နောက် သင်တို့ဟာ ကြောက်ရွံ့ခြင်းနဲ့ ဒေါသရော
ပြီး ငိုကြွေးရလိမ့်မယ်၊ ၂၉လူတွေဟာ အရှေ့၊ အ
နောက်၊ တောင်၊ မြောက်အရပ်မျက်နှာအသီးသီး
က လာကြလိမ့်မယ်၊ သူတို့အားလုံးဟာ ဘုရားသ
ခင်ရဲ့နိုင်ငံတော်က စားပွဲမှာ ထိုင်ရကြလိမ့်မယ်။
၃၀ အခုချိန်မှာ အနိမ့်ကျဆုံးလူတွေဟာ ကောင်း
ကင်နိုင်ငံကျရင် အမြင့်ဆုံးနေရာကို ရကြလိမ့်မယ်။
အခုအချိန်မှာ အမြင့်ဆုံးမှာရှိနေတဲ့သူတွေဟာ
ကောင်းကင်နိုင်ငံရဲ့အနိမ့်ဆုံးနေရာကို ရကြလိမ့်
မယ်”ဟု မိန့်တော်မူ၏။

**ယေရှုသည်**
**ယေရုရှလင်မြို့တွင် အသေခံရမည်ဖြစ်ခြင်း**

*(မ ၂၃း၃၇-၃၉)*

၃၁ထိုအချိန်တွင် ဖာရိရှဲအချို့တို့သည် ယေရှု
ထံလာပြီး “ဒီနေရာက အမြန်ထွက်ပြီး ပုန်းနေပါ၊
ဟေရုဒ်က အရှင့်ကို သတ်လိမ့်မယ်”ဟု ပြောကြ၏။
၃၂ယေရှုက သူတို့အား“အဲဒီမြေခွေး*(ဟေရုဒ်)*
ကို သွားပြောလိုက်ကြ။ ဒီနေ့နဲ့ မနက်ဖြန်မှာ လူ
တွေထဲက နတ်ဆိုးတွေကို နှင်ထုတ်ပြီး ရောဂါ
ဝေဒနာသည်တွေကို အပြီးသတ် ကုသပေးရဦးမယ်၊
အဲဒါတွေပြီးလို့ နောက်တစ်ရက်ကျရင် လုပ်စရာ
တွေပြတ်ပြီ၊ ၃၃ အဲဒီနောက်မှာတော့ ငါသွားရမယ်၊
ဘာကြောင့်လည်းဆိုရင် ပရောဖက်ရှိသမျှတို့ဟာ
ယေရုရှလင်မှာသေကြရတယ်”

၃၄ “အို ယေရုရှလင်၊ ယေရုရှလင်၊ သင်ဟာ
ပရောဖက်တွေကို သတ်တယ်၊ ဘုရားသခင်လွှတ်
လိုက်တဲ့သူတွေကို ကျောက်ခဲနဲ့ ပေါက်သတ်ခဲ့
ကြတယ်။ သင့်လူတွေကို ငါအကြိမ်ကြိမ်ကူညီချင်
ပါတယ်၊ ကြက်မကြီးက ကြက်ကလေးတွေကို သူ့
အတောင်အောက်မှာထားသလိုမျိုးသင်တို့ကိုလည်း
အတူစုထားချင်တယ်။ ဒါပေမယ့် သင်တို့က ငါ့ကို
ခွင့်မပြုခဲ့ကြဘူး။ ၃၅ အခု သင့်အိမ်ထဲမှာ ဘာမှမရှိ
တော့ဘူး၊ ငါပြောမယ်၊ ‘ထာဝရဘုရား*(ဘုရားသခင်)*
ရဲ့နာမတော်နဲ့ကြွလာတဲ့သူတစ်ဦးကို ဘုရားသခင်
ကောင်းချီးပေးပါစေ’လို့ သင်တို့ပြောမယ့်အချိန်
မရောက်မချင်း သင်တို့ဟာ ငါ့ကို မြင်ကြရမှာ
မဟုတ်ဘူး”ဟု မိန့်တော်မူ၏။

## ဥပုသ်နေ့တွင် ရောဂါကုခြင်းသည် မှန်သလား

၁၄ ဥပုသ်နေ့တွင် ယေရှုသည် ဖာရိရှဲခေါင်း
ဆောင်တစ်ဦး၏အိမ်သို့ သွား၍အတူ စား
သောက်၏။ ထိုနေရာရှိလူတို့ကလည်း ယေရှုအား
အနီးကပ်စောင့်ကြည့်နေကြ၏။ ၂ ဆိုးရွားသောရောဂါ
ဖြစ်နေသူတစ်ယောက်အား ယေရှုရှေ့တွင် ထား
ကြ၏။ ၃ ယေရှုက ဖာရိရှဲများနှင့် ကျမ်းပြုဆရာများ
တို့အား “ဥပုသ်နေ့မှာ အနာရောဂါကို ကုသပေးတာ
ဟာ မှန်သလား မှားသလား”ဟု မေးရာ၊ ၄ ထိုသူတို့
က မဖြေကြ။ ထို့ကြောင့် ယေရှုသည် ထိုသူကို ထုတ်
ဆောင်ကာ ကုသပေးလိုက် ပြီးနောက် ယေရှုက
ထိုသူအားပြန် လွှတ်လိုက်၏။ ၅ ယေရှုက ဖာရိရှဲများ
နှင့် ကျမ်းပြုဆရာတို့အား “တကယ်လို့ သင်တို့ရဲ့
သား ဒါမှမဟုတ် သင်တို့ခိုင်းတဲ့ တိရစ္ဆာန်ဟာ
ဥပုသ်နေ့မှာ တွင်းထဲကျခဲ့ရင် အမြန်ဆုံးဆွဲတင်ရ
မယ်ဆိုတာကို သင်တို့ သိကြတယ်မဟုတ်လား”
ဟု ဆိုလိုက်၏။ ၆ ဖာရိရှဲများနှင့် ကျမ်းပြုဆရာတို့
သည် ယေရှု၏စကားကို ပြန်လည်မချေပနိုင်ကြ
တော့ပါ။

## သင့်ကိုသင် အရေးကြီးအောင်မလုပ်ပါနှင့်

၇ ထို့နောက်ယေရှုက အချို့ဧည့်သည်များသည်
နေရာကောင်းတွင် ရွေးထိုင်တတ်ကြခြင်းကို သတိ
ပေးတော်မူ၏။ ထို့ကြောင့် ယေရှုက ဤပုံဥပမာကို
ပြောတော်မူလိုက်၏။ ၈ “လူတစ်ယောက်က သင့်
ကို မင်္ဂလာဆောင်ပွဲကို ဖိတ်တဲ့အခါ အရေးပါတဲ့
ခုံတွေမှာ သွားမထိုင်မိစေနဲ့။ အဲဒီလူက သင့်ထက်
ပိုပြီး အရေးပါတဲ့သူကို ဖိတ်ချင်ဖိတ်နိုင်တယ်။
၉ တကယ်လို့ သင်ဟာ အဲဒီအရေးပါတဲ့ထိုင်ခုံမှာ
သွားထိုင်နေတုန်းများ သင့်ထက်အရေးပါတဲ့သူ
ရောက်လာခဲ့ရင် သင့်ကို ဖိတ်ထားတဲ့သူက လာ
ပြီး ‘ဒီလူကို သင့်နေရာပေးလိုက်ပါ’၊ အဲဒီနောက်
မှာတော့ သင်ဟာ နောက်ဆုံးနေရာကို ပြောင်း
ထိုင်ရလိမ့်မယ်၊ ဒါဆို သင်အရှက်ကွဲမှာပဲ၊ ၁၀ ဒါ
ကြောင့် တစ်စုံတစ်ယောက်က သင့်ကို ဖိတ်ခဲ့ရင်
အရေးပါတဲ့နေရာမှာ သွားမထိုင်ပါနဲ့၊ ဒါဆိုရင် သင့်
ကို ဖိတ်တဲ့သူက လာပြောလိမ့်မယ်၊ ‘မိတ်ဆွေ၊
ဒီဘက်က ပိုကောင်းတဲ့နေရာကို ရွှေ့ခဲ့ပါလား’ ဒါ
က ဧည့်သည်အားလုံးရှေ့မှာ သင့်ကို ချီးမြှောက်
လိုက်တာပဲ။ ၁၁ ဘယ်သူမဆို ကိုယ့်ကိုယ်ကို ချီး
မြှောက်တဲ့သူဟာ နှိမ့်ချခံရမယ်၊ ဒါပေမယ့် ကိုယ့်
ကိုယ်ကို နှိမ့်ချတဲ့သူကတော့ အရေးပါသူဖြစ်လိမ့်
မယ်”ဟု မိန့်တော်မူ၏။

## သင်သည် ဆုလာဘ်ဖြစ်လိမ့်မည်

၁၂ ထို့နောက် ယေရှုက မိမိအား ဖိတ်သော
ဖာရိရှဲအား “သင့်အိမ်မှာ ညစာဖြစ်ဖြစ်၊ နေ့လည်စာ
ဖြစ်ဖြစ် ဧည့်ခံကျွေးမွေးတဲ့အခါ သင့်အပေါင်းအ
သင်း၊ ညီအစ်ကို၊ ဆွေမျိုးတွေနဲ့ ချမ်းသာတဲ့အိမ်
နီးချင်းတွေကို မဖိတ်နဲ့၊ နောက်တစ်ကြိမ်ကျရင်
သူတို့နဲ့အတူ စားသောက်ဖို့ သင့်ကို ပြန်ဖိတ်ကြ
လိမ့်မယ်၊ ဒီလို လုပ်မယ့်အစား၊ ၁၃ သင်ဟာ စား
သောက်ပွဲ ကျင်းပမယ်ဆိုရင် ဆင်းရဲသားတွေ၊
မသန်စွမ်းတဲ့သူတွေ၊ မျက်မမြင်တွေကို ဖိတ်ပါ၊
၁၄ ဒါမှသာ သင့်မှာ ကောင်းချီးမင်္ဂလာဖြစ်လိမ့်မယ်၊
ဘာကြောင့်လည်းဆိုရင် သူတို့တွေဟာ သင့်ကို
ပြန်မတုံ့ပြန်နိုင်ကြလို့ပါပဲ၊ သူတို့မှာ ဘာမှမရှိကြ
ဘူး။ ဒါပေမယ့် ဖြောင့်မတ်တဲ့လူတွေ သေရာက
ပြန်ရှင်လာကြတဲ့အခါ ဘုရားသခင်က သင့်ကို
ဆုလာဘ်တွေပေး လိမ့်မယ်”ဟု မိန့်တော်မူ၏။

## ကြီးကျယ်ခမ်းနားသော ညစာစားပွဲ

*(မ ၂၂း၁-၁၀)*

၁၅ ယေရှုနှင့်အတူ စားပွဲတွင် ထိုင်နေသူတစ်
ယောက်က ယေရှုပြောသောစကားများကို ကြား
လေ၏။ ထိုသူက ယေရှုအား “ဘုရားသခင်ရဲ့နိုင်ငံ
တော်က စားသောက်ပွဲမှာ စားသောက်ရရင် ဘယ်
လောက်များ မင်္ဂလာရှိလိုက်မလဲ” ဟု ပြောလေ၏။
၁၆ ယေရှုက ထိုသူအား “လူတစ်ယောက်ဟာ
ညစာစားပွဲကို ခမ်းခမ်းနားနား ကျင်းပပြီး လူအများ
ကြီးကိုဖိတ်ထားတယ်။ စားသောက်ချိန်ရောက်လာ
တော့ အဲဒီလူဟာ သူ့အစေခံတွေကို ဧည့်သည်
တွေဆီလွှတ်ပြီး ‘လာကြပါ၊ အစားအသောက် အဆင်
သင့်ဖြစ်နေပါပြီ’လို့ ပြောခိုင်းတယ်။ ၁၈ ဒါပေမယ့်
ဧည့်သည်တွေကသူတို့တွေမလာနိုင်တဲ့အကြောင်း
ပြောကြတယ်၊ လူတိုင်း အကြောင်းအမျိုးမျိုးပြကြ
တယ်၊ ပထမလူက ‘ကျွန်တော်မြေတစ်ကွက် ဝယ်
ထားတာ အဲဒါသွားကြည့်ရမယ်၊ ကျေးဇူးပြုပြီးခွင့်
ပြုပါဦးလို့ ပြောတယ်၊ ၁၉ နောက်တစ်ယောက်က
‘ကျွန်တော်ခိုင်းဖို့ တိရစ္ဆာန်ငါးစုံကို ခုလေးပဲ ဝယ်
ထားတာ၊ သူတို့ကို အစမ်းခိုင်းကြည့်ရဦးမယ်၊ ခွင့်
လွှတ်ပါ’လို့ပြောတယ်၊ ၂၀ တတိယလူက ‘ကျွန်တော်
လက်ထပ်ပြီးခါစမို့ မလာနိုင်ပါဘူး’လို့ ပြောတယ်။
၂၁ ဒါနဲ့ အစေခံဟာပြန်လာပြီး သူ့သခင်ကိုအကြောင်း
စုံ ပြောပြလိုက်တယ်။ နောက်တော့ သူ့သခင်ဟာ
စိတ်ဆိုးပြီး “မြို့ထဲက လမ်းကြိုလမ်းကြားတွေကို
အမြန်သွားပါ၊ ဆင်းရဲသားတွေ၊ မသန်မစွမ်းတွေ၊

မျက်မမြင်တွေနဲ့ ခြေမသန်တဲ့သူတွေကို ခေါ်လာ
ခဲ့’လို့ပြောလိုက်တယ်၊ ခဏကြာတော့ အစေခံပြန်
ရောက်လာပြီး ‘သခင်ပြောတဲ့အတိုင်း ကျွန်တော်
လုပ်ပြီးသွားပါပြီ၊ ဒါပေမယ့် နေရာလွတ်တွေ အများ
ကြီးရှိနေသေးပါတယ်’လို့ ပြောလိုက်တယ်၊ [၂၃] ဒါနဲ့
အဲဒီလူက သူ့အစေခံကို ‘ဒါဆိုရင်မြို့ပြင်လမ်းမကြီး
တွေ၊ ရွာလမ်းမတွေကို သွားပါ။ လူတွေကို ဒီလာ
ဖို့ပြောကြ၊ ငါ့အိမ်ကို လူတွေနဲ့ ပြည့်နေစေချင်
တယ်။ [၂၄] ငါအရင်ပထမဖိတ်ထားတဲ့သူတွေ ငါ့
နဲ့ဘယ်တော့မှ လာမစားကြစေနဲ့’လို့ ပြောလိုက်
တယ်”ဟု မိန့်တော်မူ၏။

## ငါ့နောက်လိုက်မည်ဆိုလျှင် ဆုံးဖြတ်ပါ

*(မ ၁၀း၃၇-၃၈)*

[၂၅] လူများစွာတို့သည် ယေရှုနှင့်အတူ လိုက် ပါ
ကာ ခရီးထွက်လာကြ၏။ ယေရှုက လူတို့အား
[၂၆] “တကယ်လို့ လူတစ်ယောက်ဟာ ငါ့ဆီလာပြီးမှ
သူ့ဖခင်၊ မိခင်၊ ဇနီး၊ သားသမီး၊ ညီအစ်ကိုမောင်
နှမတွေကို မစွန့်လွှတ်နိုင်ရင် သူဟာ ငါ့နောက်
လိုက် မဖြစ်နိုင်တော့ဘူး။ သူ့ကိုယ်သူ ချစ်တာ
ထက် ငါ့ကိုပိုချစ်ရမယ်၊ [၂၇] တကယ်လို့ လူတစ်
ယောက်ဟာ ငါ့နောက်လိုက်တဲ့အခါမှာ သူ့ကိုပေး
တဲ့ကားတိုင်*(ဝေဒနာ)*ကို မထမ်းနိုင်ဘူးဆိုရင် သူ
ဟာ ငါ့နောက်လိုက်မဖြစ်နိုင်ဘူး။ [၂၈] တကယ်လို့
သင်ဟာ အဆောက်အဦးတစ်ခုကို ဆောက်ချင်
ရင် သင်ဟာ ထိုင်ပြီး ကုန်ကျမယ့်စရိတ်ကို အရင်
တွက်ချက်ဆုံးဖြတ်ရမယ်၊ အလုပ်ပြီးပြတ်တဲ့အထိ
ငွေအလုံအလောက်ရှိမရှိကို အရင်ကြည့်ရမယ်၊
[၂၉] တကယ်လို့ သင် ဒီလိုမလုပ်ခဲ့ရင် အလုပ်ကို
တော့စလုပ်ဖြစ်မယ်။ ဒါပေမယ့် အပြီးသတ်နိုင်
စရာအကြောင်းမရှိဘူး။ ပြီးတော့ တကယ်လို့ သင်
ဟာ အပြီးမသတ်နိုင်ခဲ့ရင် သင့်ကို စောင့်ကြည့်နေ
ကြတဲ့လူအားလုံးက သင့်ကို ပြက်ရယ်ပြုကြလိမ့်
မယ်။ [၃၀] သူတို့က ‘ဒီလူက အစပြုပြီး ဆောက်ပေ
မယ့် အပြီးမသတ်နိုင်တော့ဘူး’ လို့ ပြောကြလိမ့်
မယ်”
[၃၁] “တကယ်လို့ ဘုရင်တစ်ပါးဟာ တခြားဘုရင်
ကို စစ်တိုက်တော့မယ်ဆိုရင် ပထမဆုံးသူဟာ
အစီအစဉ်ကို ရေးဆွဲရမယ်၊ တကယ်လို့ သူ့မှာ လူ
အင်အားတစ်သောင်းရှိခဲ့ရင်လူအင်အား နှစ်သောင်း
ရှိတဲ့ဘုရင်ကို နိုင်အောင်တိုက်နိုင်မလားဆိုတဲ့ အစီ
အစဉ်ကို လုပ်ရမယ်၊ [၃၂] တကယ်လို့ သူဟာ နိုင်
အောင်မတိုက် နိုင်ဘူးဆိုရင် အခြားဘုရင်ဆီကို
ငြိမ်းချမ်း ရေးလုပ်ဖို့ လူလွှတ်ပြီး ပြောခိုင်းရမယ်။
[၃၃] ဒါဟာ သင်တို့ တစ်ယောက်ချင်းစီနဲ့ တူတယ်၊
သင်ဟာ ငါ့နောက်လိုက်ဖို့ ဆုံးဖြတ်တဲ့အခါ သင့်
မှာရှိတဲ့အရာအားလုံးကို စွန့်လွှတ်ရမယ်၊ မစွန့်နိုင်
ခဲ့ရင် သင်ဟာ ငါ့နောက်လိုက်မဖြစ်နိုင်ဘူး”

## သင်၏လွှမ်းမိုးနိုင်မှုကို မပျောက်ပျက်စေနှင့်

*(မ ၅း၁၃၊ မာ ၉း၅၀)*

[၃၄] “ဆားဟာ ကောင်းတဲ့အရာဖြစ်တယ်၊ ဒါပေ
မယ့် ဆားဟာ ငန်တဲ့အရသာပျောက်သွားရင် ဘာ
မှတန်ဖိုးမရှိတော့ဘူး၊ အငန်ဓာတ် ပြန်ရအောင်
သင်မလုပ်နိုင်ဘူး၊မြေကြီးအတွက်၊ မြေဩဇာအ
တွက်တောင် အသုံးမ ဝင်တော့ဘူး၊ ဒါနဲ့လူတွေ
က လွှင့်ပစ်လိုက်ကြ တယ်၊ သင်တို့ ငါပြောတာကို
ကြားရင် နားထောင်ကြပါ”ဟု မိန့်တော်မူ၏။

## ကောင်းကင်ဘုံမှာ ဝမ်းမြောက်စရာ

*(မ ၁၈း၁၂-၁၄)*

**၁၅** အခွန်ခံများနှင့်လူဆိုးတို့သည် ယေရှု၏
ဩဝါဒကို နားထောင်ရန်လာကြ၏။ [၂] ထို့
နောက် ဖာရိရှဲများနှင့် ကျမ်းပြုဆရာတို့က စတင်၍
မကျေနပ်ကြောင်းပြောလာကြ၏။ “ကြည့်ပါဦး၊ ဒီလူ
*(ယေရှု)* က လူဆိုးတွေကို လက်ခံထားရုံတင်မက
ဘူး သူတို့နဲ့တောင် အတူစားသောက်နေတယ်”ဟု
ဆိုကြ၏။
[၃] ထိုအခါ ယေရှုက သူတို့အား ဤပုံဥပမာကို
ပြောပြ၏။ [၄] “သင်တို့အထဲက တစ်ယောက်မှာ သိုး
အကောင်တစ်ရာရှိတယ်ဆိုပါစို့။ ဒါပေမယ့် တစ်
ကောင်ပျောက်သွားတယ်၊ ဒါနဲ့သူဟာ ကျန်တဲ့ကိုး
ဆယ့်ကိုးကောင်ကို ဒီတိုင်းထားခဲ့ပြီး ပျောက်သွား
တဲ့တစ်ကောင်ကိုရှာဖို့ ထွက်လာပြီး မတွေ့မချင်း
ရှာတော့တယ်။ [၅] သူဟာ သိုးကို ပြန်တွေ့တဲ့အခါ
မှာ အရမ်းကို ပျော်သွားတယ်၊ သူဟာ အဲဒီသိုးကို
ချီပွေ့ပြီး အိမ်ကိုပြန်ခေါ်လာခဲ့တယ်။ [၆] သူဟာ သူ့
အပေါင်းအသင်းတွေနဲ့ အိမ်နီးချင်းတွေဆီ သွားပြီး
‘ငါ့ရဲ့ပျောက်သွားတဲ့သိုးကိုပြန်တွေ့ပြီ၊ ကျွန်တော်
နဲ့အတူ ဝမ်းသာကြပါ’လို့ ပြောတယ်။ [၇] အဲဒီလိုပဲ၊
အပြစ်သားတစ်ယောက်နောင်တရတဲ့အခါကောင်း
ကင်မှာ ပိုပြီးဝမ်းမြောက်ခြင်းရှိတယ်၊ လူကောင်း
ကိုးဆယ့်ကိုး ယောက်ဟာ နောင်တရဖို့မလိုပေ
မယ့် အပြစ် ရှိတဲ့သူတစ်ယောက် နောင်တရတာ
က ပိုပြီး ဝမ်းသာစရာကောင်းတယ်”
[၈] “အမျိုးသမီးတစ်ယောက်မှာ ငွေဒင်္ဂါးဆယ်

ပြားရှိပြီး အဲဒီအထဲက တစ်ပြားပျောက်သွားတယ်
ဆိုပါစို့၊ သူမဟာ မီးထွန်းပြီး အိမ်ကိုရှင်းလင်းလိုက်
တယ်၊ သူမဟာ အဲဒီငွေဒင်္ဂါးပြားကို တွေ့တဲ့အထိ
သေသေချာချာရှာတယ်၊ ၉ အဲဒီ ငွေဒင်္ဂါးပြားကိုပြန်
တွေ့တဲ့အခါ မှာ သူမက သူ့အပေါင်းအသင်းတွေ
နဲ့အိမ်နီးချင်းတွေကို ခေါ်ပြီး 'ငါ့ရဲ့ပျောက်သွားတဲ့
ငွေဒင်္ဂါးကို ပြန်တွေ့လို့ ငါနဲ့အတူ ဝမ်းသာကြပါ'
လို့ ပြောတယ်။ ၁၀ အဲဒီလိုပဲ အပြစ်သား တစ်ယောက်
နောင်တရတဲ့အခါမှာ ဘုရားသခင်ရဲ့ကောင်းကင်
တမန်တို့ဟာ အလွန်ဝမ်းမြောက်ကြတယ်"ဟု မိန့်
တော်မူ၏။

## အိမ်မှထွက်သွားသောသား

၁၁ ထို့နောက် ယေရှုက "လူတစ်ယောက်မှာ
သားနှစ်ယောက်ရှိတယ်၊ ၁၂ သားအငယ်က သူ့အဖေ
ကို 'ကျွန်တော်တို့ ပိုင်ဆိုင်တဲ့အထဲက ကျွန်တော်
ရသင့်တဲ့အမွေကိုပေးပါ'လို့ ပြောတယ်၊ ဒါနဲ့ အဖေ
ဖြစ်သူက ပိုင်ဆိုင်သမျှ သားနှစ်ယောက်ကို ခွဲပေး
လိုက်တယ်။ ၁၃ အဲဒီနောက် သားအငယ်ဟာ သူ့ဝေစု
အားလုံးကို ယူပြီး ထွက်သွားတယ်။ သူဟာ ဝေးလံ
တဲ့ တိုင်းတပါးကို ခရီးထွက်သွားတယ်၊ အဲဒီမှာ
သားအငယ်ဟာ မိုက်မဲစွာအသက်ရှင်ရင်း ပါသမျှ
ငွေတွေကို သုံးဖြုန်းပစ်လိုက်တယ်။ ၁၄ သူ့မှာရှိသ
မျှအားလုံးကုန်သွားတယ်၊ နောက်မကြာခင်မှာ မိုး
ခေါင်တဲ့အတွက် အဲဒီနိုင်ငံဟာ ခြောက်သွေ့လာ
တယ်။ နေရာတိုင်းမှာလည်း အစာရေစာလုံလုံလောက်
လောက်မရှိတော့ဘူး။ သားအငယ်ဟာ ဆာလောင်
မွတ်သိပ်ပြီး ငွေလည်း လိုလာတယ်၊ ၁၅ ဒါနဲ့ သူဟာ
အလုပ်တစ်ခုရဖို့ အဲဒီတိုင်းပြည်က လူတစ်ယောက်
ဆီကို သွားတယ်။ အလုပ်ရှင်က သူ့ကို ကွင်းပြင်
ထဲကို လွှတ်ပြီး ဝက်တွေကို အစာကျွေးခိုင်းတယ်။
၁၆ သူဟာ အရမ်းဆာနေတဲ့အတွက် ဝက်တွေစား
နေတဲ့အစာကိုတောင် စားချင်စိတ်ဖြစ်လာတယ်၊
ဒါပေမယ့် သူ့ကို ဘယ်သူကမှ ဘာမှမပေးကြဘူး။
၁၇ သူဟာ သူအင်မတန် မိုက်မဲခဲ့တာကို သိလာ
တယ်၊ သူ စဉ်းစားမိတယ်၊ 'ငါ့အဖေရဲ့အစေခံတွေ
မှာ အစားအသောက်တွေက အလျှံပယ်ပဲ၊ ဒါပေ
မယ့် ဒီမှာတော့ ဘာစားစရာမှမရှိလို့ ငတ်လို့ သေ
တော့မယ်၊ ၁၈ ငါဒီကထွက်ပြီး ငါ့အဖေဆီကို ပြန်
သွားမယ်၊ ပြီးတော့ အဖေ့ကို 'ကျွန်တော်ဟာ ဘုရား
သခင်ကိုဆန့်ကျင်ပြီးအပြစ်လုပ်ခဲ့ပါတယ်၊ အဖေ့
အပေါ်မှာလည်း မှားခဲ့ပါတယ်၊ ၁၉ ကျွန်တော်ကို
အဖေ့သားလို့ မခေါ်ထိုက်တော့ပါဘူး၊ ဒါပေမယ့်
ကျွန်တော့်ကို အစေခံတစ်ယောက်လို နေခွင့်ပြု
ပါ'လို့ ပြောမယ်ဆိုပြီး၊ ၂၀ သူဟာ သူ့အဖေဆီကိုပြန်
သွားတယ်"

## သားပြန်လာခြင်း

"သားပြန်လာတာကို အဖေက အဝေးကြီးက
တည်းက လှမ်းမြင်လိုက်တယ်၊ အဖေ ဟာ သားအ
တွက် စိတ်ထိခိုက်သွားတယ်၊ ဒါကြောင့် သားဆီ
ကို ပြေးသွားတယ်။ သားကို ဖက်ပြီး နမ်းတယ်။
၂၁ သားက 'ကျွန်တော်ဟာ ဘုရားသခင်ကို ဆန့်
ကျင် ပြီး အပြစ်လုပ်ခဲ့ပါ တယ်၊ အဖေ့အပေါ်မှာ
လည်း မှားခဲ့ပါတယ်၊ ကျွန်တော်ကို အဖေ့သားလို့
မခေါ်ထိုက်တော့ပါဘူး'လို့ ပြောရှာသတဲ့။ ၂၂ ဒါပေ
မယ့် အဖေကတော့ သူ့အစေခံတွေကို ပြောလိုက်
တယ်၊ 'အကောင်းဆုံးဝတ်စုံကို ယူလာပြီး ငါ့သားကို
မြန်မြန်ဝတ်ပေးလိုက်ကြပါ၊ ပြီးတော့ သူ့လက်ချောင်း
မှာလည်း လက်စွပ်စွပ်ပေးပြီး အကောင်းဆုံးဖိနပ်
တစ်ရံကိုလည်း စီးပေးလိုက်ကြပါ၊ ၂၃ ဆူဖြိုးတဲ့နွား
ပေါက်တစ်ကောင်ကိုယူလာခဲ့ကြပါ။ အဲဒီနွားပေါက်
ကို သတ်ရင် စားဖို့ အများကြီးရလိမ့်မယ်၊ ပြီးရင်
စားသောက်ပွဲကျင်းပမယ်။ ၂၄ ငါ့သားဟာ သေခဲ့
တယ်၊ ဒါပေမယ့် အခုသူပြန်ရှင်လာပြီ။ သူဟာ
ပျောက်ခဲ့တယ်၊ အခုတော့ ပြန်တွေ့ပြီ' ဆိုပြီး သူတို့
ဟာ စားသောက်ပွဲကျင်းပကြတယ်"

## သားအကြီးပြန်ရောက်ခြင်း

၂၅ "သားအကြီးကတော့ ယာခင်းထဲမှာ အလုပ်
လုပ်တယ်၊ သူပြန်လာပြီး အိမ်နဲ့နီးလာတဲ့အခါ အိမ်
ကနေ ဂီတသံတွေ၊ ကခုန်ကြတဲ့အသံတွေကို ကြား
ရတယ်၊ ၂၆ ဒါကြောင့် သူက အစေခံလူငယ်တစ်
ယောက်ကို ခေါ်မေးတယ်။ 'ဒါတွေအားလုံး ဘာ
အဓိပ္ပာယ်လဲ' ၂၇ အစေခံလူငယ်လေးက 'သင့် ညီ
ပြန်ရောက်လာတယ်၊ သင့်အဖေက ဆူဖြိုးတဲ့နွား
ပေါက်တစ်ကောင်ကို သတ်ပြီး စားဖို့သောက်ဖို့
လုပ်နေတယ်၊ သင့်ညီဘေးမသီရန်မခပဲပြန်ရောက်
လာလို့ သင့်အဖေပျော်နေတယ်'လို့ ပြောပြတယ်။
၂၈ သားအကြီးဟာ စိတ်ဆိုးပြီး အဲဒီစားသောက်ပွဲကို
လည်း မသွားတော့ဘူး။ ဒါကြောင့် သူ့အဖေထွက်
လာပြီး သူ့ကိုအထဲ ဝင်လာဖို့ပြောတယ်၊ ၂၉ ဒါနဲ့
သားအကြီးက သူ့အဖေကိုပြောတယ်၊ 'ကျွန်တော်
ဟာ အဖေ့အတွက် ကျွန်တစ်ယောက်လို နှစ်တွေ
အများကြီး အစေခံခဲ့တယ်။ ကျွန်တော်ဟာ အဖေ့
စကားကိုလည်း အမြဲနားထောင်ခဲ့တယ်၊ ဒါပေမယ့်
အဖေက ကျွန်တော့်အတွက် ဆိတ်တစ်ကောင်

ကိုတောင်သတ်မကျွေးခဲ့ဘူး။ ပြီးတော့ ကျွန်တော်
နဲ့ ကျွန်တော့်အပေါင်းအသင်းတွေအတွက် တစ်ခါ
မှ စားသောက်ပွဲ လုပ်မပေးခဲ့ဘူး။ ၃၀ ဒါပေမယ့်
လည်း အဖေ့သားငယ်ကတော့ ပြည့်တန်ဆာတွေ
ဆီမှာ အဖေ့ငွေအားလုံးကို ဖြုန်းပစ်လိုက်တယ်၊ ပြီး
တော့ သူအိမ်ပြန်လာတယ်၊ အဖေက သူ့ အတွက်
ဆူဖြိုးတဲ့နွားပေါက်ကို သတ်ကျွေးတယ်’၊ ၃၁ဒါနဲ့
အဖေက သားကြီးကို ‘သား၊ မင်းဟာ အဖေ့အနား
မှာ အမြဲရှိတယ်၊ အဖေပိုင်သမျှအားလုံးဟာ သား
အတွက်ပဲမဟုတ်လား။ တို့တတွေ စားသောက်
ပွဲကို ပျော်ပျော်ရွှင်ရွှင်ကျင်းပရမယ်၊ ဘာကြောင့်
လည်းဆိုရင် သားရဲ့ညီဟာ အရင်ကသေခဲ့တယ်၊
ခုပြန်ရှင်လာတယ်၊ သူဟာ ပျောက်ခဲ့တယ်၊ ဒါပေ
မယ့် ခုတော့ သူ့ကိုပြန်တွေ့ပြီ”လို့ ပြောပြတယ်။

## မှန်ကန်သောချမ်းသာမှု

၁၆ ယေရှုက နောက်လိုက်တို့အား“တစ်ခါက
သူဌေးတစ်ယောက်ရှိတယ်။ ဒီသူဌေးက
သူ့လုပ်ငန်းကို ထိန်းသိမ်းဖို့အတွက် အုပ်ချုပ်ရေး
မှူးတစ်ယောက်ကို ခန့်ထားလိုက်တယ်၊ နောက်
ပိုင်းမှာ သူဌေးက သူ့ကို အဲဒီအုပ်ချုပ်ရေးမှူးက
လိမ်လည်နေတာကို သိသွားတယ်၊ ၂ ဒါကြောင့်
သူဌေးကအုပ်ချုပ်ရေးမှူးကိုခေါ်ပြီး‘မင်းရဲ့မကောင်း
ကြောင်းကို ငါကြားတယ်၊ ငါ့ငွေတွေကို သင်ဘာ
လုပ်ခဲ့တယ်ဆိုတာကို အစီရင်ခံစာတစ် စောင်ရေး
ပေးပါ၊ အခုကစပြီး ငါ့ရဲ့အုပ်ချုပ်ရေးမှူးအဖြစ်က
ရပ်စဲလိုက်ပြီ’လို့ ပြောလိုက်တယ်၊ ၃ ဒီတော့ အုပ်
ချုပ်ရေးမှူးက စဉ်းစားတယ်၊ ‘ငါဘာလုပ်ရမလဲ၊ ငါ့
သူဌေးကတော့ ငါ့ကိုအလုပ်ကထုတ်လိုက်ပြီ၊ မြေ
တူးပြီးလုပ်စားဖို့လည်း ငါ့မှာ ခွန်အားမရှိဘူး၊ တောင်း
စားဖို့ကလည်း ရှက်ဖို့ကောင်းတယ်၊ ၄ ငါဘာလုပ်
ရမယ်ဆိုတာကို ငါသိပြီ၊ ငါအလုပ်ပြုတ်ပေမယ့်
တခြားလူတွေ ငါ့ကိုသူတို့အိမ်မှာ ဖိတ်ခေါ်အောင်
ငါတစ်ခုခုလုပ်မှဖြစ်မယ်’ လို့ စဉ်းစားပြီးတဲ့အခါ၊
၅ သူဌေးဆီက အကြွေးယူထားတဲ့သူတွေကို ခေါ်
လိုက်တယ်၊ ပြီးတော့ သူက ပထမလူကို ‘ငါ့သူဌေး
ဆီက အကြွေး ဘယ်လောက်ယူထားသလဲ’မေး
တော့‘သံလွင်ဆီ ပေါင်ရှစ်ထောင်ဖိုး အကြွေးရှိပါ
တယ်’ လို့ ဖြေတယ်၊ ဒီတော့ အုပ်ချုပ်ရေးမှူးက
‘ဒီမှာ သင့်ရဲ့ပြေစာ၊ ထိုင်ပြီး ပေါင်လေးထောင်လို့
မြန်မြန်ရေးဖြည့်လိုက်ပါ၊ ဒါမှပြေစာလျှော့သွားမယ်’
လို့ပြောတယ်၊ ၇ ပြီးတာနဲ့ အုပ်ချုပ်ရေးမှူးကနောက်
တစ်ယောက်ကို ‘ငါ့သူဌေးဆီမှာ အကြွေးဘယ်
လောက်တင်သလဲ’လို့ မေးလိုက်တယ်၊ အဲဒီလူက
‘ကျွန်တော် ဂျုံပေါင် ခြောက်သောင်းဖိုး အကြွေး
တင်ပါတယ်’ လို့ ဖြေတယ်၊ ဒီတော့ အုပ်ချုပ်ရေး
မှူးက အဲဒီလူကို ‘ဒီမှာ သင့်ပြေစာ၊ လျှော့သွား
အောင် ပေါင် ငါးသောင်းဖိုးလို့ ဖြည့်လိုက်ပါ’လို့
ပြောပြန်တယ်၊ ၈ နောက်မကြာခင်မှာ သူဌေးက
သစ္စာမရှိတဲ့ အုပ်ချုပ်ရေးမှူးလုပ်ကိုင်တာ လိမ္မာ
ကြောင်းပြောတယ်၊ မှန်တယ်၊ ကမ္ဘာတဝန်းမှာရှိ
တဲ့ လူတွေဟာ သူတို့ရဲ့လုပ်ငန်းတွေမှာ ဝိညာဉ်လူ
တွေထက် ပိုပြီးလိမ္မာပါးနပ်ကြတယ်”

၉ “ငါပြောမယ်၊ သင့်မှာ ရှိတဲ့အရာတွေကို
အသုံးပြုပြီး ဘုရားသခင်နဲ့ မိတ်ဖွဲ့ပါ၊ ပြီးတော့ အဲဒီ
အရာတွေ ကုန်သွားပြီဆိုရင် ဘုရားသခင်ရဲ့အစဉ်
ထာဝရတည်တဲ့ အိမ်တော်က ကြိုဆိုလိမ့်မယ်၊
၁၀ အသေးအဖွဲကိစ္စမှာ ယုံကြည်စိတ်ချရတဲ့သူကို
အမှုကိစ္စကြီးတွေမှာလည်း ယုံကြည်စိတ်ချရတယ်၊
အသေးအဖွဲကိစ္စတွေမှာ သစ္စာမရှိတဲ့သူဟာ အမှု
ကိစ္စကြီးတွေမှာလည်း သစ္စာမရှိဘူး။ ၁၁ တကယ်
လို့ သင့်ကို လောကစည်းစိမ်နဲ့ပတ်သက်လို့ မယုံ
ကြည်စိတ်မချရဘူးဆိုရင် သင့်ကို မှန်ကန်တဲ့
*(ကောင်းကင်ဘုံ)* စည်းစိမ်အတွက်လည်း
ယုံကြည်စိတ်ချစရာ မရှိတော့ဘူး။ ၁၂ တကယ်လို့
တစ်စုံတစ်ယောက်ပိုင်ဆိုင်တဲ့ အရာတွေအပေါ်
မှာ သင့်ကို မယုံကြည်စိတ်မချရရင် သင့်ကိုယ်
ပိုင်ဖြစ်ဖို့ ဘယ်သူက ပေးမှာလဲ”

၁၃“ဘယ်အစေခံမှ တစ်ချိန်တည်းမှာ သခင်
နှစ်ယောက်ရဲ့ အစေကိုမခံနိုင်ဘူး။ အစေခံဟာ
သခင်တစ်ယောက်ကိုချစ်ပြီး ကျန်တစ်ယောက်ကို
မုန်းရလိမ့်မယ်။ ဒါမှမဟုတ်သူဟာ တစ်ယောက်
ကို သစ္စာရှိပြီး၊ ကျန်တစ်ယောက်ကို ဂရုစိုက်မှာ
မဟုတ်ဘူး၊ သင်ဟာ တစ်ချိန်တည်းမှာ ဘုရား
သခင်ကိုရော ငွေကိုပါ အစေခံလို့ မရနိုင်ဘူး”

## ဘုရားသခင်၏ပညတ်တရားကို မပြောင်းနိုင်

*(မ ၁၁း၁၂-၁၃)*

၁၄ ဖာရိရှဲတို့သည် ဤအရာအားလုံးတို့ကို နား
ထောင်ကြ၏။ ဖာရိရှဲတို့က ယေရှုအား ပြစ်တင်
ဝေဖန်ကြ၏။ အဘယ်ကြောင့်ဆိုသော် သူတို့သည်
ငွေမက်ကြသောကြောင့်ဖြစ်၏။ ၁၅ ယေရှုက
ဖာရိရှဲတို့အား “သင်တို့ဟာ လူ ရှေ့မှာ ကိုယ့်ကိုယ်
ကိုကောင်းအောင်လုပ်ကြတယ်၊ ဒါပေမယ့် ဘုရား
သခင်က သင်တို့စိတ် နှလုံးထဲမှာ အမှန်တကယ်

ရှိတာကို သိတယ်၊ လူတွေက အရေးကြီးတယ်လို့
ထင်တဲ့အရာတွေဟာ ဘုရားသခင်အတွက် ဘာမှ
တန်ဖိုး မရှိဘူး၊

၁၆ "ဗတ္တိဇံဆရာယောဟန် မလာခင်က လူ
တွေဟာ မောရှေနဲ့ ပရောဖက်တွေ ရေးသားပြုစုထား
ခဲ့ကြတဲ့ ပညတ်အတိုင်းအသက်ရှင်ကြဖို့ ဘုရား
သခင်အလိုရှိတယ်၊ ဒါပေမယ့် ယောဟန်ပေါ်လာ
တဲ့အချိန်ကစပြီး ဘုရားသခင်ရဲ့နိုင်ငံတော်အကြောင်း
ဝမ်းမြောက်ဖွယ် သတင်းကောင်းကို ပြောလာကြ
တယ်၊ လူများစွာတို့ဟာ ဘုရားသခင်ရဲ့နိုင်ငံတော်
ကို ဝင် ရဖို့အတွက် ခက်ခက်ခဲခဲကြိုးစားကြတယ်။
၁၇ ပညတ်တရားရဲ့အငယ်ဆုံးစာပိုဒ်ကိုတောင်မှ
ပြောင်းလို့မရဘူး၊ ကောင်းကင်နဲ့မြေကြီး ပျောက်
ပျက်သွားတာကမှ လွယ်လိမ့်ဦးမယ်၊

**ကွာရှင်းခြင်းနှင့်ပြန်လည်လက်ထပ်ခြင်း**

၁၈ "တကယ်လို့ လူတစ်ယောက်ဟာ သူ့ဇနီး
ကိုကွာရှင်းပြီး တခြားမိန်းမကို လက်ထပ်ရင် သူ
ဟာသူ့ဇနီးကိုပြစ်မှားတာပဲ၊ ကွာရှင်းထားတဲ့မိန်းမ
နဲ့လက်ထပ်တဲ့သူဟာလည်း သူများမယားကို ပြစ်
မှားတာဖြစ်တယ်"ဟု မိန့်တော်မူ၏။

**သူဌေးနှင့် လာဇရု**

၁၉ ယေရှုက "အဝတ်အစားကောင်းကောင်း ဝတ်
လေ့ရှိတဲ့သူဌေးတစ်ယောက်ရှိတယ်၊ သူဟာ အရမ်း
ချမ်းသာတဲ့အတွက် နေ့တိုင်း နေ့တိုင်းအကောင်း
ဆုံးဆိုတဲ့အရာတွေနဲ့ စည်းစိမ်ခံလေ့ရှိတယ်။ ၂၀ အဲ
ဒီအနားမှာပဲ လာဇရုလို့ခေါ်တဲ့ အလွန်ဆင်းရဲတဲ့
ဆင်းရဲသားတစ်ယောက်လည်းရှိတယ်၊ လာဇရုရဲ့
တကိုယ်လုံးမှာလည်း အနာစိမ်းတွေပေါက်နေတယ်၊
တစ်ခါတလေ လာဇရုကို သူဌေးရဲ့ခြံပေါက်ဝမှာ
ထားကြတယ်။ ၂၁ လာဇရုဟာ သူဌေးရဲ့ထမင်းဝိုင်း
ကကျတဲ့ စားကြွင်းစားကျန်လေးတွေကိုပဲ စားဖို့
မျှော်လင့်တယ်၊ ခွေးတွေကလည်းလာပြီး သူ့ရဲ့အနာ
စိမ်းတွေကို လျက်ကြတယ်။ ၂၂ မကြာခင်မှာ လာဇရု
သေသွားတယ်၊ ကောင်းကင်တမန်တွေက သူ့ကို
အာဗြဟံရဲ့ရင်ခွင်ကို ပို့လိုက်ကြတယ်၊ သူဌေးကို
လည်း သေလို့ သင်္ဂြိုဟ်လိုက်ကြတယ်၊ ၂၃ သူ့ကိုကျ
တော့ သေခြင်းနိုင်ငံကို ပို့လိုက်ကြတယ်။ သူဟာ
နာကျင်မှုဝေဒနာကို ခံစားနေရတယ်၊ သူဌေးက
ဟိုအဝေးမှာရှိနေတဲ့ အာဗြဟံနဲ့အတူ အာဗြဟံရဲ့
ရင်ခွင်ထဲက လာဇရုတို့ကို မြင်လိုက်တယ်၊ ၂၄ ဒါနဲ့
သူဌေးက အာဗြဟံကို ခေါ်ပြီး 'အဖအာဗြဟံ၊ ကျွန်
တော့်ကို သနားပါဦး၊ လာဇရုကို ကျွန်တော့်ဆီ
လွှတ်ပေးပါ၊ ပြီး တော့ သူလက်ချောင်းကို ရေထဲ
နှစ်ပြီး ကျွန်တော့်လျှာပေါ် ချပေးရင် အေးသွားလိမ့်
မယ်၊ ကျွန်တော်ဟာ မီးလျှံထဲမှာ အပြင်းအထန်
ခံစားနေရပါတယ်'လို့ ပြောတယ်၊ ၂၅ ဒါပေမယ့်
အာဗြဟံက 'ငါ့သား၊ သင်ဘယ်လိုနေခဲ့ရတယ်ဆို
တာကို သတိရပါ၊ သင့်ဘဝမှာ အကောင်းဆုံးတွေ
ကို ပိုင်ဆိုင်ခဲ့တယ်၊ ဒါပေမယ့် လာဇရုကျတော့
အဆိုးဆုံးတွေချည်း ဖြစ်ခဲ့ရတယ်၊ ဒါကြောင့် သူ
ဟာ အခုချိန်မှာ သက်သာခြင်းကို ရတယ်၊ သင်က
တော့ ဝေဒနာခံစားရတယ်၊ ၂၆ သင်နဲ့ ငါတို့ကြား
မှာလည်း တွင်းနက်ကြီး*(အပေါက်)*တစ်ခုရှိနေတယ်၊
ဘယ်သူမှ အဲဒီဟာကို ဖြတ်ပြီး လာကူညီနိုင်မှာ မ
ဟုတ်ဘူး၊ ပြီးတော့ အဲဒီနေရာကို ထားခဲ့ပြီး ဒီနေရာ
ကို ဘယ်သူမှမလာနိုင်ဘူး။ ၂၇ သူဌေးက 'အဖ
အာဗြဟံ၊ ဒါဆိုရင် ကျေးဇူးပြုပြီး လာဇရုကို မြေပေါ်
မှာရှိတဲ့ ကျွန်တော့် အဖေဆီကို လွှတ်ပေးပါ။
၂၈ ကျွန်တော့်မှာ ညီအစ်ကို ငါးယောက် ရှိပါတယ်၊
သူတို့တတွေ ကျွန်တော့်လို ဒီနေရာမှာလာပြီး မခံ
စားရအောင် လာဇရုကို သတိပေးခိုင်းပါ'လို့ ပြော
ရှာတယ်။ ၂၉ ဒါပေမယ့် အာဗြဟံက 'သူတို့ဖတ်ဖို့
မောရှေရဲ့ ပညတ်တရားနဲ့ ပရောဖက်တွေရေးထား
တဲ့ ကျမ်းတွေရှိသားပဲ၊ အဲဒါတွေကို သူတို့တွေ
လေ့လာဆည်းပူးကြပါစေ'လို့ ပြောတယ်။ ၃၀ ဒါပေ
မယ့် သူဌေးက 'အဖ အာဗြဟံ သေပြီးတဲ့သူသာ
သူတို့ဆီကိုသွားခဲ့ရင် သူတို့တွေ နောင်တရကြ
ပါလိမ့်မယ်'လို့ ပြောလိုက်တယ်။ ၃၁ ဒါပေမယ့်
အာဗြဟံက 'မဖြစ်နိုင်ဘူး၊ တကယ်လို့သာ သူတို့ဟာ
မောရှေနဲ့ ပရောဖက်တွေရဲ့စကားကို နားမထောင်
ခဲ့ရင်သေရာက ထပြီး လာပြောတဲ့သူရဲ့စကားကို
လည်း သူတို့ နားထောင်မှာ မဟုတ်ဘူး'လို့ပြန်
ပြောလိုက်တယ်" ဟု မိန့်တော်မူ၏။

**အပြစ်မဖြစ်စေရန်နှင့်ခွင့်လွှတ်ရန်
အသင့်ရှိခြင်း**

*(မ ၁၈း၆-၇၊ ၂၁း-၂၂၊ မာ ၉း၄၂)*

၁၇ ယေရှုက သူ့နောက်လိုက်တို့အား "လူတွေ
အပြစ်လုပ်မိဖို့အကြောင်းကတော့ ရှိနေမှာ
ပဲ၊ ဒါပေမယ့် အပြစ်လုပ်အောင်ပြုတဲ့ သူကတော့
ဆိုးဆိုးရွားရွားခံရလိမ့်မယ်။ ၂ အားနည်းတဲ့သူတွေ
ကို အပြစ်လုပ်မိစေတဲ့သူဆိုရင် ပိုပြီးဆိုးလိမ့်မယ်၊
ကြိတ်ဆုံကျောက်ကို လည်ပင်းမှာချည်ပြီး ရေထဲ
ကို ခုန်ချလိုက်တာကမှ အဲဒီလူအတွက် သက်သာ

လိမ့်ဦး မယ်၊ ၃ ဒါကြောင့် သတိထားကြပါ၊
"တကယ်လို့ သင့်ညီဟာ အပြစ်လုပ်နေရင်
သူမှားနေပြီဆိုတာကို ပြောပြပါ၊ သူဟာ နောင်တ
ရပြီး အပြစ်ဆက်မလုပ်တော့ရင် သူ့ကို
ခွင့်လွှတ်လိုက်ပါ။ ၄ တကယ်လို့ သင့် ညီအစ်ကို
ဟာ သင့်ကို တစ်ရက်ထဲမှာ ခုနှစ်ခါ ပြစ်မှားမိပြီး
သူက အကြိမ်တိုင်းမှာ သူ့အမှားကို ဝန်ခံခဲ့ရင်
ခွင့်လွှတ်ပါ"

**သင်၏ယုံကြည်ခြင်းမည်မျှကြီးသနည်း**

၅ တမန်တော်များက သခင်ဘုရား(ယေရှု)
အား"ကျွန်တော်တို့ရဲ့ ယုံကြည်ခြင်းကို တိုးပွားစေ
တော်မူပါ"ဟု ပြောကြ၏။
၆ သခင်ဘုရားက "တကယ်လို့ သင်တို့ရဲ့
ယုံကြည်ခြင်းဟာ မုန်ညင်းစေ့လောက်သာရှိရင် ပိုး
စာပင်ကိုသွားပြီး 'သင့်ကိုသင် နှုတ်ယူပြီး ပင်လယ်
ထဲမှာ သွားစိုက်နေပါ'လို့ ပြောခဲ့ရင် ပိုးစာပင်ဟာ
သင့်စကားကို နာခံလိမ့် မယ်"ဟု မိန့်တော်မူ၏။

**အစေခံကောင်းများဖြစ်ပါစေ**

၇ "သင်တို့အထဲက တစ်ယောက်ဆီမှာ အစေ
ခံတစ်ယောက်ရှိတယ် ဆိုပါစို့၊ အဲဒီ အစေခံဟာ
ယာခင်းထဲမှာ စိုက်ပျိုးတဲ့အလုပ် ဒါမှမဟုတ် သိုး
တွေကိုထိန်းကျောင်းတဲ့အလုပ်တွေကိုလုပ်ရတယ်၊
သူအလုပ်ကပြန်လာရင် သူ့ကို သင်ဘာပြောမလဲ၊
'ကဲ လာ၊ ထမင်းစားဦး'လို့ပြောမလား။ ၈ မပြော
ရဘူး၊ သင်က သင့်အစေခံကို 'စားဖို့တစ်ခုခု ပြင်
ပေးပါ၊ ပြီးရင် အဝတ်လဲပြီး ငါ့ကို လာပြုစုပါ၊ ငါစား
ပြီး သောက်ပြီးမှပဲ မင်းဟာမင်းစားနိုင်ပြီ'။ ၉ အစေ
ခံဟာ သူ့အလုပ်ကို သူလုပ်တဲ့အတွက် သူ့ကို
ကျေးဇူးအထူးတင်စရာမလိုဘူး၊ သူဟာ သူ့သခင်
လုပ်ခိုင်းတဲ့အတိုင်း လုပ်တာ ဖြစ်တယ်၊ ၁၀ သင်တို့
လည်း ဒီအတိုင်းပဲ၊ သင်တို့ဟာ ခိုင်းလို့လုပ်ကြ
တာဖြစ်တယ်၊ သင်တို့က'ကျွန်တော်တို့ကို အထူး
ကျေးဇူးတင်ဖို့မလိုပါဘူး၊ ကျွန်တော်တို့ လုပ်သင့်
လုပ်ထိုက်တာကို လုပ်ကြတာပါ'လို့ ပြောရမှာ ဖြစ်
တယ်"ဟု မိန့်တော်မူ၏။

**ကျေးဇူးတင်စရာဖြစ်ပါစေ**

၁၁ ယေရှုသည် ယေရုရှလင်မြို့သို့ ခရီးပြုတော်
မူ၏။ ကိုယ်တော်သည် ဂါလိလဲပြည်မှ ရှမာရိဒေသ
သို့ ကြွတော်မူ၏။ ၁၂ ကိုယ်တော်သည် မြို့လေးတစ်
မြို့သို့ ရောက်လာ၏။ ထိုနေရာတွင် လူဆယ်ယောက်
နှင့်ဆုံလေ၏။ သူတို့သည် ယေရှုအနားသို့ တိုးကပ်
မလာကြပါ အဘယ်ကြောင့်ဆိုသော် သူတို့အားလုံး
၌ ကိုယ်ရေပြားရောဂါဖြစ်နေကြ၍ ဖြစ်၏။ ၁၃ သို့
သော်လည်း သူတို့က ယေရှုအား "ယေရှု၊ အရှင်၊
ကျွန်တော်တို့ကိုကျေးဇူးပြုပြီး ကယ်မပါဦး"ဟုအော်
ပြောကြ၏။
၁၄ ယေရှုက ထိုသူတို့ကိုမြင်သောအခါ "ယဇ်
ပုရောဟိတ်တွေဆီသွားပြီး သင်တို့ကိုယ်ကို ပြပါ"
ဟု ပြောလိုက်၏။
ထိုလူဆယ်ယောက်တို့သည် ယဇ်ပုရောဟိတ်
တို့ထံ သွားနေကြစဉ်တွင်မှာပင် သူတို့ ကိုယ်ပေါ်
မှ အရေပြားရောဂါသည် ပျောက်ကင်းသွား၏။
၁၅ သူတို့အထဲမှ တစ်ယောက်က ထိုသို့ မိမိတို့၏
အနာရောဂါများ ပျောက်သွားသည်ကို မြင်သော
အခါ သူသည် ယေရှုထံသို့ ပြန်လာ၏။ သူသည်
ဘုရားသခင်အား ကျယ်သောအသံဖြင့် ချီးမွမ်းလေ
သည်။ ၁၆ သူသည် ယေရှု၏ခြေတော်ရင်းတွင် ဦး
ညွှတ်လိုက်ပြီး ယေရှုအား ကျေးဇူးတင်လေ၏။
(ထိုသူသည် ရှမာရိလူဖြစ်၏။)။ ၁၇ ယေရှုက "ရောဂါ
ပျောက်သွားတာက ဆယ်ယောက်ပါ၊ ကျန်တဲ့ကိုး
ယောက်က ဘယ်မှာလဲ၊ ၁၈ ဒါတောင် ဒီလူဟာ ဂျူး
လူမျိုး မဟုတ်ဘူး၊ သူတစ်ယောက်ပဲ ဘုရားသခင်
ကို ချီးမွမ်းဖို့ ပြန်လာတယ်"ဟု ဆိုလေ၏ ၁၉ ထို့
နောက် ယေရှုက သူ့အား "ထတော့၊ သင်သွားလို
ရာကို သွားနိုင်ပြီ၊ သင့် ယုံကြည်ခြင်းကြောင့် သင့်
ရောဂါပျောက်ကင်း ပြီ"ဟု မိန့်တော်မူ၏။

**သင့်အထဲမှ ကောင်းကင်နိုင်ငံတော်**

*(မ ၂၄း၂၃-၂၈၊၃၇-၄၁)*

၂၀ ဖာရိရှဲအချို့က ယေရှုအား"ဘုရားသခင်ရဲ့
နိုင်ငံတော်ဟာ ဘယ်အချိန်မှာလာမှာ လဲ"ဟု မေး
ကြ၏။
ယေရှုက "ဘုရားသခင်ရဲ့နိုင်ငံတော်ဟာ လာ
နေပြီ၊ ဒါပေမယ့် သင့်မျက်စိနဲ့မြင်နိုင်တဲ့ နည်း
လမ်းမျိုးနဲ့တော့မဟုတ်ဘူး။ ၂၁ လူတွေက 'ကြည့်
စမ်း၊ ဘုရားသခင်ရဲ့နိုင်ငံတော် ဒီမှာရှိတယ်၊ ဟို
မှာရှိတယ်'လို့ ပြောမှာမဟုတ်ဘူး၊ ဘုရားသခင်ရဲ့
နိုင်ငံဟာ သင်တို့အထဲမှာ ရှိတယ်"ဟု ဖြေတော်မူ
လေ၏။
၂၂ ထို့နောက် ယေရှုက နောက်လိုက်တို့အား
"သင်တို့ဟာ လူသားကို အရမ်းတွေ့ချင်လာတဲ့
နေ့တစ်နေ့ရောက်လာလိမ့်မယ်၊ ဒါပေမယ့် သင်
တို့တွေ တွေ့ရမှာမဟုတ်ဘူး။ ၂၃ လူတွေက 'ဟိုမှာ
ရှိတယ်' ဒါမှမဟုတ် 'ဒီနေရာမှာရှိတယ်' လို့ ပြော
ကြလိမ့်မယ်။ သင်တို့ရှိနေတဲ့နေရာမှာပဲနေကြပါ၊

ထွက်ရှာမနေကြနဲ့''ဟု မိန့်တော်မူ၏။

**ယေရှုနောက်တစ်ကြိမ်ပြန်ကြွလာသောအခါ**

၂၄''လူသားပြန်ကြွလာတဲ့အခါကျရင် သင်တို့
သိကြလိမ့်မယ်၊ သူပြန်လာတဲ့နေ့ကျရင် သူဟာ
ကောင်းကင်မှာ လျှပ်စီးလက်သလို ထွန်းလင်း
တောက်ပလိမ့်မယ်၊ ၂၅ ဒါပေမယ့် ဦးစွာလူသားဟာ
ဝေဒနာများစွာ ခံစားရပြီး ခုရှိနေကြတဲ့လူတွေသတ်
တာကိုလည်း ခံရဦးမယ်၊ ၂၆ လူသားပြန်လာတဲ့အခါ
မှာနောဧခေတ်ကလူတွေလိုပဲဖြစ်လိမ့်မယ်၊ ၂၇ နောဧ
ခေတ်တုန်းက လူတွေဟာ နောသင်္ဘောထဲ ဝင်တဲ့
နေ့အထိတောင် စားကြ၊ သောက်ကြ၊ လက်ထပ်နေ
ကြသေးတယ်။ နောက်တော့ ရေလွှမ်းမိုးပြီး လူ
အားလုံးသေကုန်ကြတယ်၊ ၂၈ ဒီအဖြစ်အပျက်ဟာ
လောတလက်ထက်တုန်းက ဘုရားသခင်က
သောဒုံမြို့ကို ဖျက်ဆီးသလိုမျိုးပေါ့။ သောဒုံမြို့က
လူတွေဟာ စားကြ၊ သောက်ကြ၊ ရောင်းကြ၊ ဝယ်ကြ၊
အိမ်တွေကို ဆောက်ကြနဲ့ပေါ့။ ၂၉ လောတ မြို့ထဲ
က ထွက်ခွါ သွားတဲ့အချိန်အထိ လူတွေဟာ ဒီ
အတိုင်း ပဲ ဖြစ်နေကြတယ်၊ အဲဒီနောက် မီးနဲ့ကန့်
နဲ့ရောတဲ့ မိုးဟာ ကောင်းကင်ကနေကျလာပြီး အဲဒီ
က လူတွေအားလုံး သေကုန်တယ်၊ ၃၀ လူသားပြန်
လာတဲ့အခါကျရင် ဒီအတိုင်းပဲအတိအကျဖြစ်လိမ့်
မယ်''

၃၁ ''အဲဒီနေ့ကျရင် အိမ်ခေါင်မိုးပေါ် ရောက်
နေတဲ့သူဟာ အိမ်ထဲက သူ့ပစ္စည်းကို ဆင်းယူဖို့
အချိန်တောင်ရလိုက်မှာမဟုတ်ဘူး၊ လယ်ထဲရောက်
နေတဲ့သူလည်း အိမ်ကိုပြန်လာနိုင်မှာမဟုတ်ဘူး။
၃၂ လောတရဲ့မိန်းမ ဘာဖြစ်သွားသလဲဆိုတာ မှတ်မိ
ကြလား။ ၃၃ ကိုယ့်အသက်ကို ကယ်ချင်တဲ့သူဟာ
ဆုံးရှုံးလိမ့် မယ်၊ ဒါပေမယ့် ကိုယ့်အသက်ကို စွန့်
ပေးတဲ့ သူဟာ ကယ်တင်ခံရလိမ့်မယ်။ ၃၄ ငါပြန်
လာတဲ့အခါကျရင်အခန်းထဲအိပ်နေတဲ့သူနှစ်ယောက်
အထဲက တစ်ယောက်ကိုခေါ်သွားမယ်၊ တစ်ယောက်
ကျန်ရစ်ခဲ့လိမ့်မယ်။ ၃၅ အလုပ် အတူလုပ်နေကြ
တဲ့အမျိုးသမီးနှစ်ဦးထဲက တစ်ဦးကို ခေါ်သွားပြီး
ကျန်တစ်ဦးကို ထားခဲ့မယ်၊ ၃၆(လယ်ထဲမှာ အလုပ်
လုပ်နေတဲ့လူနှစ် ယောက် အထဲက တစ်ယောက်
ကိုခေါ်သွားပြီး ကျန်တဲ့တစ်ယောက်ကိုတော့ထား
ရစ်ခဲ့မယ်)''ဟု မိန့်တော်မူ၏။

၃၇ တဖန် နောက်လိုက်တို့က ယေရှုအား ''ဒါ
တွေက ဘယ်မှာဖြစ်မှာလဲ အရှင်''ဟု မေး ကြရာ
ယေရှုက''လူတွေဟာ လူသေအလောင်းကို
ရှာကြတဲ့အခါလင်းတတွေကိုအရင်ရှာကြတယ်''ဟု
မိန့်တော်မူ၏။

**ဘုရားသခင်သည် သူ၏လူများကို ဖြေမည့်အကြောင်း**

၁၈ ထို့နောက် ယေရှုက နောက်လိုက်တို့အား
အစဉ်ဆုတောင်းကြရန်နှင့် မျှော်လင့်ချက်
များ မပျောက်ကြရန် သွန်သင်တော်မူ၏။ ယေရှုက
ဤပုံဥပမာကို အသုံးပြုပြီး သူတို့အား သွန်သင်၏။ ၂
တစ်ခါက မြို့တစ်မြို့မှာ တရားသူကြီးတစ်ယောက်
ရှိတယ်၊ သူဟာ ဘုရားသခင်ကိုလည်း ဂရုမထား၊
လူတွေက သူကိုဘယ်လိုပဲထင်ထင် ဂရုမစိုက်ဘူး၊
၃ အဲဒီမြို့မှာပဲ အမျိုးသမီးတစ်ယောက်ရှိတယ်၊ သူ့
ယောကျ်ားကလည်း သေဆုံးသွားပြီ။ ဒီအမျိုး သမီး
ဟာ တရားသူကြီးဆီကို ခဏခဏလာပြီး 'လူတစ်
ယောက် ကျွန်မကို အမျိုးမျိုး မကောင်းတာတွေ
ပြုမူပါတယ်၊ ကျွန်မရဲ့လုပ်ပိုင်ခွင့်နဲ့ သူ့ကို အရေး
ယူပေးပါ' လို့ပြော တယ်၊ ၄ ဒါပေမယ့် တရားသူကြီး
က အဲဒီအမျိုး သမီးကို မကူညီချင်ဘူး၊ ဒီလိုနဲ့ကြာ
လာတော့ တရားသူကြီးက စဉ်းစားမိတယ်၊ 'ငါဟာ
ဘုရားသခင်ကို ဂရုမစိုက်ခဲ့ဘူး၊ လူတွေ ငါ့ကို
ဘာပဲထင်ထင်ဂရုမစိုက်ခဲ့ဘူး၊ ၅ ဒါပေမယ့် ဒီမိန်းမ
ကတော့ ငါ့ကို လာနှောင့်ယှက်နေပြီ၊ တကယ်လို့
သာ သူတောင်းဆိုတာကို ငါလိုက်လျောခဲ့ရင် သူ
ငါ့ဆီကို လာတော့မှာ မဟုတ်ဘူး၊ ဒါပေမယ့် သူ
တောင်းဆို တာကို ငါလုပ်မပေးခဲ့ရင်တော့
ငါဖျားနာတဲ့အထိ သူလာ နှောင့်ယှက်နေဦးမှာပဲ''

၆ သခင်ဘုရား*(ယေရှု)*က''နားထောင်၊ အဲဒီ
အဖြစ်အပျက်မှာ အဓိပ္ပာယ်ရှိတယ်၊ တရားသူကြီး
ဆိုးက ဘာပြောသလဲဆိုရင်၊ ၇ 'ဘုရားသခင်ရဲ့လူ
တွေဟာ သူ့ကိုနေ့ရောညပါအော်ဟစ်နေကြတယ်၊
ဘုရားသခင်ဟာ သူ့လူတွေကို မှန်တာတွေကိုပဲ
အမြဲပေးတတ်တယ်၊ ဘုရားသခင်ဟာ သူ့လူတွေ
ကိုအဖြေပေးဖို့ ဘယ်တော့မှနှောင့်နှေးမှာမဟုတ်
ဘူး၊ ၈ ငါပြောမယ်၊ ဘုရားသခင်ဟာ သူ့လူတွေကို
အမြန်ကူညီပေးလိမ့်မယ်၊ ဒါပေမယ့် လူသားပြန်
လာတဲ့အခါကျရင် ယုံကြည်ပါတယ်ဆိုတဲ့ လူတွေ
ကို မြေပေါ်မှာတွေ့ရပါ့မလား''ဟု မိန့်တော်မူ၏။

**ဘုရားသခင်နှင့်အတူအမှန်ဖြစ်ပါစေ**

၉ လူတစ်ချို့တို့က မိမိတို့ကိုယ်ကို အလွန်
ကောင်းမြတ်ကြသည်ဟု ထင်မှတ်ကြ၏။ ထို သူတို့
က အခြားသူများထက်သာသည့် အပြုအမူမျိုး လုပ်

တတ်ကြ၏။ ယေရှုက ဤပုံဥပမာကို အသုံးပြု၍
သူတို့အား သွန်သင်လေ၏။ ၁၀ "တစ်ချိန်က ဖာရိရှဲ
တစ်ယောက်နဲ့ အခွန်ခံတစ်ဦးတို့ရှိကြတယ်။ တစ်
နေ့မှာ သူတို့နှစ်ဦးစလုံး ဗိမာန်တော်ကို သွားပြီး
ဆုတောင်းကြတယ်၊ ၁၁ ဖာရိရှဲဟာ အခွန်ခံနဲ့ခပ်
လှမ်းလှမ်းမှာ တစ်ယောက်တည်းရပ်ပြီးတော့ 'အို
ဘုရားသခင်၊ ကျွန်တော်ဟာ တခြားလူတွေလို မဆိုး
တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ခိုးတတ်တဲ့သူ၊
လိမ်လည်တဲ့သူ၊ သူ့မယားကို ပြစ်မှားတဲ့သူတွေနဲ့
မတူပါ၊ ကျွန်တော်ဟာ ဒီအခွန်ခံထက် ပိုပြီးကောင်း
မြတ်တဲ့အတွက်ကျေးဇူးတင်ပါတယ်၊ ၁၂ ကျွန်တော်
ဟာ တစ်ပတ်မှာ နှစ်ကြိမ် အစာရှောင်ပါတယ်၊ ပြီး
တော့ ကျွန်တော်ရသမျှအထဲက ဆယ်ဖို့တစ်ဖို့ကို
လှူတဲ့အတွက်ကြောင့် ကျွန်တော်ဟာ ကောင်းမြတ်
တဲ့သူ တစ်ယောက် ဖြစ်ပါတယ်'လို့ ဆုတောင်း
တယ်၊

၁၃ "အခွန်ခံလည်း သူတစ်ယောက်ထဲ ရပ် နေ
တယ်၊ ဒါပေမယ့် သူ ဆုတောင်းတဲ့အခါကျတော့
ကောင်းကင်ကိုတောင် မော့မကြည့် ဝံ့ဘူး၊ သူဟာ
ဘုရားသခင်ရှေ့တော်မှာ အင်မတန်နှိမ့်ချစွာ ပြော
တယ်၊ သူက 'အို ဘုရားသခင်၊ ကျွန်တော်ကို
ဂရုဏာစိတ်ရှိတော်မူပါ၊ ကျွန်တော်ဟာ အပြစ်ရှိ
သူတစ်ယောက်ဖြစ်ပါတယ်'လို့ ဆုတောင်းတယ်၊
၁၄ ငါပြောမယ်၊ အဲဒီလူဟာ ဆုတောင်းပြီးတာနဲ့
အိမ်ကိုပြန် သွားတယ်၊ သူဟာ ဘုရားသခင်ရှေ့မှာ
ဖြောင့် မတ်သွားတယ်၊ ဒါပေမယ့် ကိုယ့်ကိုယ်ကို
သူများထက်သာတယ်လို့ ထင်တဲ့ ဖာရိရှဲကတော့
ဘုရားသခင်ရှေ့မှာ မဖြောင့်မတ်တော့ဘူး၊ ကိုယ့်
ကိုယ်ကို အရေးပါတဲ့သူလို့ ထင်တဲ့သူတိုင်း နှိမ့်ချ
မှုကို ခံရမယ်၊ ဒါပေမယ့် ကိုယ့်ကိုယ်ကို နှိမ့်ချတဲ့
သူကတော့ အရေးပါသူဖြစ်လာလိမ့်မယ်"ဟု မိန့်
တော်မူ၏။

### ဘုရားသခင်၏နိုင်ငံတော်သို့ မည်သူဝင်ရမည်နည်း

(မ ၁၉း၁၃-၁၅၊ မာ ၁၀း၁၃-၁၆)

၁၅ လူအချို့တို့က မိမိတို့၏ကလေးငယ်များကို
ယေရှု၏ လက်တော်နှင့် တို့ထိစေနိုင်ရန်အတွက်
ခေါ်ဆောင်လာကြ၏။ သို့ရာတွင် နောက်လိုက်တို့
က ဤအချင်းအရာကို မြင်ကြသောအခါတွင် လူ
တို့အား ထိုသို့မပြုကြရန် ပြောကြ၏။ ၁၆ သို့ရာတွင်
ယေရှုက ကလေးငယ်တစ်ယောက်ကို ခေါ်ပြီး
နောက်လိုက်တို့အား၊ "ကလေးငယ်တွေ ငါ့ဆီကို
လာကြပါစေ၊ သူတို့ကို မတားကြနဲ့၊ ဘာကြောင့်
လည်းဆိုရင် ဘုရားသခင်ရဲ့နိုင်ငံတော်မှာရှိကြတဲ့
သူတွေ ဟာ ဒီကလေးတွေနဲ့တူတယ်၊ ၁၇ ငါအမှန်
အကန်ပြောမယ်၊ ကလေးငယ်တွေဟာ အရာရာကို
လက်ခံကြသလို သင်တို့ဟာ ကောင်းကင်နိုင်ငံ
တော်ကို လက်ခံရမယ်၊ ဒါမှမဟုတ်ရင် သင်တို့
တွေ ဘယ်တော့မှ ဝင်ရမှာ မဟုတ်ဘူး" ဟု မိန့်
တော်မူ၏။

### သူဌေးတစ်ယောက်က ယေရှုအား မေးခွန်းတစ်ခုမေးခြင်း

*(မ ၁၉း၁၆-၁၃၊ မာ ၁၀း၁၃-၁၆)*

၁၈ ဂျူးခေါင်းဆောင်တစ်ယောက်က ယေရှုအား
"ကောင်းမြတ်တဲ့ဆရာ၊ ထာဝရအသက်ကို ရဖို့အ
တွက် ကျွန်တော်ဘာလုပ်ရ မလဲ"ဟု မေး၏။

၁၉ ယေရှုက "ဘာကြောင့် ငါ့ကို ကောင်းမြတ်
တယ်လို့ ပြောရတာလဲ၊ ဘုရားသခင်တစ်ပါးတည်း
သာ ကောင်းမြတ်တယ်၊ ၂၀ "ဒါပေမယ့် သင့်ရဲ့မေး
ခွန်းကိုတော့ ငါဖြေမယ်၊ ဘုရားသခင်ရဲ့ ပညတ်
ချက်တွေကို သိတယ်မဟုတ် လား၊ 'သူ့မယားကို
မပြစ်မှားရ၊ လူ့အသက်ကို မသတ်ရ၊ သူတပါးပစ္စည်း
ကို မခိုးရ၊ သူတပါးအကြောင်း လိမ်ညာမပြောရ၊
သင့်မိဘကို ရိုသေလေးမြတ်ရမယ်"ဟု ပြောတော်
မူ၏။

၂၁ သို့ရာတွင် ထိုခေါင်းဆောင်က "ဒီ ပညတ်
ချက်တွေကို ကျွန်တော်ကလေးဘဝကတည်းက
လိုက်လျှောက်ခဲ့ပါတယ်"ပြန်ဖြေ၏။

၂၂ ထိုစကားကို ကြားသောအခါ ယေရှုက
"ဒါပေမယ့် သင်လုပ်ဖို့တစ်ခုလိုသေးတယ်၊ သင့်
မှာရှိသမျှအားလုံးကို ရောင်းပြီးရတဲ့ငွေကို
ဆင်းရဲသားတွေကို ပေးလိုက်ပါ၊ ဒါဆိုရင် ဘုရား
သခင်ရဲ့နိုင်ငံတော်မှာ သင်ဟာ ဆုလဒ်ရလိမ့်မယ်၊
ပြီးရင် ငါ့နောက်ကိုလိုက်ပါ"ဟု ပြောလိုက်၏။ ၂၃ သို့
သော် ထိုသူသည် ဤစကားကို ကြားသောအခါ
အလွန်စိတ်ပျက်သွား၏။ ထိုသူသည် အလွန်ချမ်း
သာသောသူ ဖြစ်သဖြင့် သူပိုင်ဆိုင်သော ငွေများ
ကို သိမ်းထားလို၏။

၂၄ ထိုသူစိတ်ပျက်သွားသည်ကိုယေရှုမြင်သော
အခါ "ချမ်းသာတဲ့သူတွေဟာ ဘုရားသခင်ရဲ့နိုင်ငံ
တော်ကိုဝင်ဖို့ သိပ်ခက်တယ်၊ ၂၅ ချမ်းသာတဲ့သူ
တစ်ယောက် ကောင်းကင်နိုင်ငံကို ဝင်ဖို့ထက်
ကုလားအုပ်တစ်ကောင်အပ်နဖားပေါက်ထဲဝင်တာ
ကမှ လွယ်လိမ့်ဦးမယ်"ဟု မိန့်တော်မူ၏။

**မည်သူကယ်တင်နိုင်မည်နည်း**

၂၆ လူတို့သည် ဤအရာကို ကြားရသောအခါ
သူတို့က "ဒါဆိုရင် ဘယ်သူကယ်တင်နိုင်မှာလဲ"
ဟု မေးကြ၏။
၂၇ ယေရှုက "လူတွေလုပ်ဖို့မဖြစ်နိုင်တဲ့အရာ
တွေကိုဘုရားသခင်တတ်နိုင်တယ်"ဟုဖြေလေ၏။
၂၈ ပေတရုက "ကြည့်ပါ၊ ကျွန်တော်တို့ဟာ
ကိုယ့်မှာရှိသမျှကို ထားရစ်ခဲ့ပြီး သခင့် နောက်ကို
လိုက်ကြပါပြီ"ဟု ပြောလေ၏။
၂၉ ယေရှုက "ငါအမှန်အကန်ပြောမယ်၊ တစ်စုံ
တစ်ယောက်ဟာ သူ့အိမ်၊ မယား၊ ညီအစ်ကို၊ မိဘ
ဒါမှမဟုတ် ကလေးတွေကို ဘုရားသခင်ရဲ့ နိုင်ငံ
တော်အတွက် ထားရစ်ခဲ့တယ်၊ ၃၀ သူဟာ သူစွန့်ခဲ့
တာထက် ပိုများတာကို ရလိမ့်မယ်၊ သူဟာ ခုဘဝ
မှာလည်း အဆပေါင်းများစွာရလိမ့်မယ်၊ နောက်
ပြီး သူသေပြီးတဲ့နောက်မှာလည်း သူဟာ ဘုရား
သခင်နဲ့ ထာဝရအသက်ရှင်ရမယ်"ဟု မိန့်တော်
မူ၏။

**ယေရှုသည် သေခြင်းမှထမြောက်လိမ့်မည်**

*(မ ၂၀း၁၇-၁၉၊ ၁၀း၃၂-၃၄)*

၃၁ ယေရှုက တမန်တော်တစ်ဆယ့်နှစ် ပါးတို
့ကိုသာ ပြော၏။ ယေရှုက သူတို့အား "နားထောင်
ကြပါ၊ ငါတို့ ယေရုရှလင်ကို သွားကြမယ်၊ ဘုရား
သခင်က ပရောဖက်တွေကို ပြောထားခဲ့သမျှ အ
ရာအားလုံးတို့ဟာ လူသားမှာ ဖြစ်ပျက်လိမ့်မယ်။
၃၂ သူ့ရဲ့လူမျိုးတွေက သူ့ကို ဆန့်ကျင်ကျောခိုင်း
ကြပြီး သူ့ကို တပါးသောလူမျိုးတွေ လက်ထဲအပ်
ကြလိမ့်မယ်၊ အဲဒီတပါးသောလူမျိုးတွေက သူ့ကို
လှောင်ပြောင်ရယ်မောကြပြီး ညှဉ်းဆဲကြမယ်၊ တံ
တွေးနဲ့ထွေးကြလိမ့်မယ်၊ ၃၃ သူတို့တွေဟာ သူ့ကို
ကြာပွတ်နဲ့ရိုက်ပြီးတဲ့နောက် သတ်ကြလိမ့်မယ်၊
ဒါပေမယ့် သူသေပြီးလို့ သုံးရက်မြောက်နေ့မှာ သူ
ဟာ ရှင်ပြန်ထမြောက်လိမ့်မယ်"ဟု ပြောပြတော်
မူ၏။၃၄ တမန်တော်တို့က ဤအကြောင်းအရာကို
နားလည်နိုင်ရန် ကြိုးစားကြ၏။ သို့ရာတွင် သူတို့
နားမလည်ကြ။ အဓိပ္ပာယ်ကို သူတို့မှ ဖုံးကွယ်ထား
သေး၏။

**မျက်မမြင်တစ်ယောက်အား ကုသပေးခြင်း**

*(မ ၂၀း၁၇-၁၉၊ မာ ၁၀း၁၇-၃၁)*

၃၅ ယေရှုသည် ယေရိခေါမြို့အနီးသို့ ရောက်
လာ၏။ မျက်မမြင်တစ်ယောက်သည် လမ်းဘေး
တွင် ထိုင်နေ၏။ ထိုသူသည် လူများထံမှ ပိုက်ဆံ
တောင်းရမ်းနေသူဖြစ်၏။ ၃၆ လူများ လမ်းပေါ်၌
သွားလာနေကြသည်ကို သူကြားသောအခါ "ဘာ
တွေဖြစ်နေတာလဲ"ဟု မေး၏။
၃၇ လူတို့က "နာဇရက်မြို့က ယေရှုဆိုတဲ့ လူ
တစ်ယောက် ဒီကိုလာနေလို့"ဟု သူ့အား ပြောပြ
ကြ၏။
၃၈ ထိုမျက်စိမမြင်သောသူက စိတ်လှုပ်ရှားစွာ
ဖြင့်"ဒါဝိဒ်ရဲ့သားတော်ယေရှု၊ ကျွန်တော့်ကို ကယ်
မ ပါ"ဟု ပြောလိုက်၏။
၃၉ အရှေ့တွင်ရှိနေပြီး လူစုကို ဦးဆောင်သော
သူများက ထိုမျက်စိမမြင်သောသူအား ဝိုင်းဝန်းပြစ်
တင်ကြ၏။ သူတို့က မျက်စိမမြင်သောသူအား စကား
မပြောရန် တားမြစ်ကြ၏။ သို့ရာတွင် မျက်စိမမြင်
သူသည် ပို၍ကျယ်သောအသံဖြင့် "ဒါဝိဒ်ရဲ့သား
တော် ကျေးဇူးပြုပြီး ကျွန်တော့်ကို ကယ်မပါ"ဟု
အော်ဟစ်လေ၏။
၄၀ ယေရှုသည် ထိုနေရာတွင် ရပ်လိုက်ပြီး
"အဲဒီမျက်စိမမြင်တဲ့သူကို ငါ့ဆီခေါ်လာခဲ့ပါ"ဟု
မိန့်တော်မူ၏။ ထိုမျက်စိကန်းသော သူအနားသို့
ရောက်လာသောအခါ ယေရှုက၊ ၄၁ "သင့်အတွက်
ငါဘာလုပ်ပေးရမလဲ"ဟု မေး၏။
ထို မျက်စိမမြင်သောသူက "သခင်ဘုရား၊
ကျွန်တော်မျက်စိပြန်မြင်ချင်ပါတယ်"ဟု ဖြေ၏။
၄၂ ယေရှုက ထိုသူအား"သင်အခုမြင်နိုင်ပါပြီ၊
သင်ယုံကြည်တဲ့အတွက် ပြန်မြင်ရပြီ"ဟု မိန့်တော်
မူလိုက်၏။
၄၃ ထိုနောက်တွင် ထိုသူသည် မျက်စိပြန်မြင်
ရလေ၏။ ထိုသူသည် ယေရှုနောက် သို့လိုက်လာပြီး
ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းလေ၏။ လူ
အားလုံးတို့သည် ဤအရာကို မြင်သောအခါ ဘုရား
သခင်ကို ချီးမွမ်းကြ၏။

**ဇက္ခဲ**

၁၉ ယေရှုသည် ယေရိခေါမြို့ကို ဖြတ်သွား
တော်မူ၏။ ၂ ယေရိခေါမြို့တွင် ဇက္ခဲအမည်
ရှိသောလူတစ်ယောက်ရှိ၏။ သူသည် ချမ်းသာသော
သူတစ်ယောက်ဖြစ်ပြီး အလွန်အရေးပါအရာရောက်
သော အခွန်ကောက်ခံသူတစ်ဦးလည်းဖြစ်၏။
၃ ယေရှုမည်သူဖြစ်သည်ကို သူမြင်ချင်၏။ ထိုနေရာ
တွင်ရှိသော လူများစွာတို့ကလည်း ယေရှုအား မြင်
တွေ့လို ကြ၏။ ဇက္ခဲသည် အရပ်အလွန်ပုသဖြင့်
လူအုပ်ကြီးကိုကျော်ပြီး မြင်နိုင်ရန်မလွယ်ပါ။ ၄ ထို

ကြောင့် သူသည် ယေရှုလာမည့်လမ်းဆီသို့ ကြို
တင်ပြေးသွား၏။ ထို့နောက် သူသည် ယေရှုကို မြင်
နိုင်ရန် သဖန်းပင်ပေါ်သို့ တက်လေ၏။ ၅ ယေရှု
သည် ထိုနေရာသို့ရောက်လာသောအခါ အပေါ်ကို
မော့ကြည့်လျှင် သစ်ပင်ပေါ်မှ ဇက္ခဲကိုမြင်လေ၏။
ယေရှုက ဇက္ခဲအား "ဇက္ခဲ၊ မြန်မြန် ဆင်းလာခဲ့ပါ၊ ငါ
ဒီနေ့ မင်းအိမ်မှာတည်းမယ်"ဟု ပြောတော်မူ၏။
၆ ဇက္ခဲသည် အလျင်အမြန်ဆင်းလာ၏။ သူ့
အိမ်တွင် ယေရှုရှိနေမည့်အတွက် သူသည် အလွန်
ပျော်ရွှင်နေ၏။ ၇ ဤဖြစ်ရပ်ကို မြင်သောလူတို့က
အပြစ်တင်ကြ၏။ "ယေရှုအတူ သွားနေမယ့်သူဟာ
ဘယ်လိုလူစားလည်းဆိုတာကြည့်ကြပါဦး၊ ဇက္ခဲက
အပြစ်ရှိတဲ့လူပဲ"ဟု ပြောကြ၏။
၈ ဇက္ခဲက သခင်ဘုရား *(ယေရှု)* အား "ကျွန်
တော် ကောင်းမှုလုပ်ချင်ပါတယ်၊ ကျွန်တော် ပိုင်
ဆိုင် တဲ့ ငွေတစ်ဝက်ကို ဆင်းရဲသားတွေကို ပေး
ပါမယ်၊ တကယ်လို့ သူများဆီက မတရားယူမိခဲ့
ရင် လေးဆပြန်ပေးပါမယ်"ဟု ပြော၏။
၉ ယေရှုက "ဒီလူဟာ လူကောင်းတစ်ယောက်
ပါ၊ သူဟာ အာဗြဟံမိသားစုနဲ့အတူရှိနေတာအမှန်
ပဲ၊ ဒါကြောင့် ဇက္ခဲကို ဒီနေ့ အပြစ်ကနေ ကယ်
တင်လိုက်ပြီ၊ ၁၀ လူသားဟာ ပျောက်ဆုံးနေတဲ့သူ
တွေကို ရှာဖို့လာတာဖြစ်တယ်"ဟု မိန့်တော်မူ၏။

## ဘုရားသခင်ပေးထားသောအရာကိုအသုံးပြုပါ

*(မ ၂၅:၁၄-၃၀)*

၁၁ ယေရှုသည် ခရီးထွက်လာရာ ယေရုရှလင်
နှင့်တဖြည်းဖြည်း နီးလာခဲ့၏။ လူအချို့တို့က ဘုရား
သခင်၏နိုင်ငံတော်သည် မကြာမီ လာတော့မည်
ဟု ထင်ကြ၏။ ၁၂ ယေရှုက လူများ ထိုသို့တွေးထင်
နေကြသည်ကိုသိတော်မူ၏။ ထို့ကြောင့် ဤပုံဥပမာ
ကို ပြောပြ၏။ "အင်မတန်အရေးပါအရာရောက်
တဲ့သူတစ်ယောက်ဟာ အလွန်ဝေးလံတဲ့ နိုင်ငံတစ်
နိုင်ငံကိုသွားပြီး ဘုရင်လုပ်ဖို့ ပြင်ဆင်တယ်၊ အဲဒီ
နောက်သူဟာ ပြန်လာပြီး သူ့လူတွေကို အုပ်ချုပ်ဖို့
စီစဉ်တယ်၊ ၁၃ ဒါကြောင့် သူဟာ သူ့အစေခံဆယ်
ယောက်ကို အတူခေါ်လိုက်တယ်။ သူဟာ တစ်
ယောက်စီကို ငွေအိတ်တစ်အိတ်စီ ပေးလိုက်တယ်၊
ပြီးတော့ 'ငါပြန်မလာမချင်း ဒီ ငွေတွေကို အရင်း
ပြုပြီး လုပ်ကိုင်စားသောက်ကြပါ' လို့ မှာခဲ့တယ်၊
၁၄ ဒါပေမယ့် အဲဒီနိုင်ငံက လူတွေက သူ့ကို မုန်းကြ
တယ်၊ ဒါကြောင့် လူတွေက အုပ်စုတစ်စုကို အဲဒီ
လူသွားတဲ့ တခြားနိုင်ငံကို လိုက်သွားခိုင်းတယ်၊
တခြားနိုင်ငံမှာ အဲဒီအုပ်စုက 'ဒီလူကို ငါတို့ရဲ့ဘုရင်
အဖြစ် ငါတို့မလိုချင်ဘူး'လို့ ပြောကြတယ်၊
၁၅ "ဒါပေမယ့် အဲဒီလူဟာ ဘုရင်ဖြစ်လာခဲ့
တယ်၊ သူဟာ အိမ်ကိုပြန်လာပြီး 'ငါပိုက်ဆံ ပေး
ထားတဲ့သူတွေကို ခေါ်လာခဲ့၊ သူတို့တွေ အကျိုး
အမြတ် ဘယ်လောက်ရသလဲဆိုတာကို ငါသိချင်
တယ်'လို့ ပြောတော့၊ ၁၆ ပထမအစေခံလာပြီးတော့
'သခင်၊ သခင်ပေးထားတဲ့ ငွေတစ်အိတ်ကို အရင်း
အနှီးပြုပြီး လုပ်ကိုင်လိုက်တာ ငွေဆယ်အိတ်ဝင်
ငွေရပါတယ်'လို့ ဖြေလိုက်တယ်။ ၁၇ ဘုရင်ကြီးက
'တော်တယ်၊ သင်ဟာ အစေခံကောင်းတစ်ယောက်
ပဲ၊ ဒီလို အသေးအဖွဲလေးမှာတောင် ယုံကြည်စိတ်ချ
ရတယ်ဆိုတာ ငါသိရပြီ။ ဒါကြောင့် အခုချိန်ကစပြီး
ငါ့နိုင်ငံထဲက မြို့ဆယ်မြို့ကို အုပ်ချုပ်ပေတော့'လို့
မိန့်လိုက်တယ်။ ၁၈ ဒုတိယ အစေခံက 'သခင်၊
သခင်ပေးတဲ့ ငွေတစ်အိတ်နဲ့ လုပ်ကိုင်လိုက်တာ
ငွေငါးအိတ်ဝင်ငွေရရှိပါ တယ်'လို့ ပြောလိုက်တယ်၊
၁၉ ဘုရင်ကြီးက 'သင်မြို့ငါးမြို့ကို အုပ်ချုပ်ပါ'လို့
မိန့်ကြားလိုက်တယ်၊ ၂၀ အဲဒီနောက်နောက်အစေခံ
တစ်ယောက်ဝင်လာပြီး'သခင်၊ ဒါသခင်ရဲ့ငွေအိတ်
ပါ၊ ကျွန်တော် အဲဒီငွေအိတ်ကို အဝတ်စနဲ့ပတ်ပြီး
ဖွက်ထားပါတယ်၊ ၂၁ သခင်ဟာ ခက်ထန်တဲ့သူဖြစ်
လို့ သခင့်ကို ကျွန်တော် ကြောက်ပါတယ်၊ သခင်
က ငါဟာ အလုပ်မလုပ်ဘဲ ငွေကိုရအောင်ယူတတ်
တယ်၊ မစိုက် မပျိုးဘဲ အသီးအနှံကို သိမ်းတယ်လို့
ပြောထားလို့ပါ'၊ ၂၂ အဲဒီတော့ ဘုရင်က အဲဒီအစေခံ
ကို 'သင်ဟာ အစေခံဖျင်းတစ်ယောက်ပဲ၊ သင့်
စကားနဲ့ သင့်ကို အပြစ်တင်ရလိမ့်မယ်၊ ငါဟာ
ခက်ထန်တဲ့သူလို့ သင်ပြောတယ်၊ ပြီးတော့ ငါဟာ
အလုပ်မလုပ်ဘဲ ငွေကို ရအောင် ယူတတ်တယ်၊
မစိုက်မပျိုးဘဲ အသီးအနှံကို သိမ်းသူလို့ သင်ပြော
သေးတယ်၊ ၂၃ တကယ်လို့ မှန်တယ်ပဲထားတော့၊
ငါပေးတဲ့ငွေတွေ ကို သင်ဘဏ်မှာအပ်ထားလိုက်
ပေါ့။ ဒါဆို ငါပြန်လာတဲ့အခါကျရင် အတိုးရနိုင်
တာပဲ' လို့ ပြောလိုက်တယ်၊ ၂၄ အဲဒီနောက် ဘုရင်
ကြီးက စောင့်ကြည့်နေတဲ့သူတွေကို 'သူ့ဆီက ငွေ
အိတ်ကို သိမ်းလိုက်ကြ၊ ပြီးရင် ငွေဆယ်အိတ်ဖြစ်
အောင် လုပ်နိုင်တဲ့သူကို ပေးလိုက်ကြ'လို့ ပြော
လိုက် တယ်၊ ၂၅ အဲဒီလူက ဘုရင်ကြီးကို 'ဒါပေမယ့်
သူ့မှာ ငွေဆယ်အိတ်တောင်ရှိနေပြီပဲ'လို့ ထပ်ပြော
တယ်၊ ၂၆ ဘုရင်ကြီးက 'ကိုယ့်မှာရှိတဲ့အရာကိုအသုံး
ပြုတဲ့သူဟာ ပိုပြီးရလိမ့်မယ်၊ ဒါပေမယ့် ကိုယ့်ရှိ

တဲ့အရာကို မသုံးတဲ့သူကတော့ သူ့ဆီက ရှိတာလေးတောင်သူများဆီ ရောက်သွားလိမ့်မယ်၊ ၂၇ ကဲ အခု ဘယ်မှာလဲ ငါ့ရန်သူတွေ၊ ငါ့ကို ဘုရင်မဖြစ်စေချင်တဲ့သူတွေ ဘယ်မှာလဲ၊ ငါ့ ရန်သူတွေကို ခေါ်လာခဲ့ပြီး သတ်လိုက်ကြ၊ သူတို့သေတာကို ငါကြည့်မယ်’လို့ ပြောလိုက်တယ်”ဟု မိန့်တော်မူလေ၏။

## ယေရှု ယေရုရှလင်မြို့သို့ ဝင်လာခြင်း

*(မ ၂၁း၁-၁၁၊ မာ ၁၁း၁-၁၁၊ ယော ၁၂း၁၂-၁၉)*

၂၈ ဤအကြောင်းအရာများကို ယေရှုပြောပြီးသောအခါ ယေရုရှလင်မြို့သို့ ခရီးဆက်ခဲ့၏။ ၂၉ ယေရှုသည် သံလွင်တောင်အနီးရှိ ဗက်ဖာဂေမြို့နှင့် ဗေသနိမြို့အနီးသို့ ရောက်လာခဲ့၏။ ယေရှုက နောက်လိုက်နှစ်ဦးတို့အား၊ ၃၀ သင်တို့ ဒီကနေမြင်နေရတဲ့မြို့ထဲကို သွားကြ။ မြို့ထဲကို သင်တို့ဝင်သွားတဲ့အခါ အဲဒီမှာ ကြိုးချည်ထားတဲ့ မြည်းငယ်တစ်ကောင်ကို တွေ့ရလိမ့်မယ်၊ အဲဒီမြည်းကို ဘယ်သူမှ မစီးဖူးသေးဘူး၊ မြည်းကြိုးဖြည်ပြီး ငါ့ဆီကို ဆွဲလာခဲ့ကြ၊ ၃၁ တစ်ယောက်ယောက်က ဘာကြောင့် မြည်းကို ဆွဲသွားကြရတာလဲလို့ မေးလာရင် သခင်လိုအပ်လို့ပါ’လို့ ပြောလိုက်ပါ” ဟု မှာကြားတော်မူ၏။

၃၂ နောက်လိုက်နှစ်ယောက်တို့သည် မြို့ထဲသို့ ဝင်သွားကြ၏။ သူတို့သည် ယေရှုပြောထားသည့်အတိုင်းအတိအကျ မြည်းကို တွေ့ရလေ၏။ ၃၃ နောက်လိုက်တို့က မြည်းကြိုးကို ဖြည်လိုက်ကြ၏။ သို့သော် မြည်းပိုင်ရှင်ထွက်လာပြီး နောက်လိုက်တို့အား “ဘာကြောင့် ငါ့မြည်းကြိုးကို ဖြည်ကြရတာလဲ”မေးလေ၏။

၃၄ နောက်လိုက်တို့က “သခင်လိုအပ်လို့ပါ”ဟု ဖြေကြ၏။ ၃၅ ထို့နောက် နောက်လိုက်တို့သည် ယေရှုထံသို့ မြည်းကို ခေါ်ခဲ့ကြ၏။ နောက်လိုက်တို့က သူတို့၏ဝတ်ရုံများကိုမြည်းကျောပေါ်သို့ တင်လိုက်ကြ၏။ ထို့နောက် သူတို့သည် ယေရှုအား မြည်းပေါ်သို့ တင်လိုက်ကြ၏။ ၃၆ ယေရှုသည် ယေရုရှလင်သို့ ဦးတည်သောလမ်းအတိုင်း စီးနင်းလာခဲ့၏။ နောက်လိုက်တို့က မိမိတို့၏ဝတ်ရုံများကို ယေရှုရှေ့မှ လမ်းပေါ်တွင် ဖြန့်ခင်းပေးကြ၏။

၃၇ ယေရှုသည် ယေရုရှလင်မြို့နှင့်တဖြည်းဖြည်းနီးလာ၏။ ယေရှုသည် သံလွင်တောင်ခြေအနီးသို့ရောက်လာခဲ့၏။ နောက်လိုက်အားလုံးတို့သည် ပျော်ရွှင်နေကြ၏။ သူတို့သည် စိတ်လှုပ်ရှားစွာဖြင့် ဘုရားသခင်ကို ချီးမွမ်းကြ၏။ သူတို့မြင်ရသောဘုရားသခင်၏ဘုန်းတန်ခိုး အလုံးစုံတို့အတွက် ဘုရားသခင်အား ကျေးဇူးတင်ကြ၏။ ၃၈ သူတို့က

“‘ကြိုဆိုပါတယ်၊ ဘုရားသခင်ရဲ့နာမတော်
နဲ့ ကြွလာတဲ့ ဘုရင်ကို
ဘုရားသခင်ကောင်းကြီးပေးပါစေ’
*ဆာလံ ၁၁၈း၂၆*
ကောင်းကင်၌ ငြိမ်သက်ခြင်းရှိ၍
ဘုရားသခင်၏
ဘုန်းတန်ခိုးတော်ကြီးမြတ်ပါစေ’”

ဟု ကြွေးကြော်ကြ၏။

၃၉ ဖာရိရှဲအချို့တို့က ယေရှုအား“ဆရာ၊ သင့်နောက်လိုက်တွေကို ဒီလိုမပြောကြဖို့ ပြောပေးပါ” ဟု ဆိုကြ၏။

၄၀ သို့ရာတွင် ယေရှုက “ငါပြောမယ်၊ ဒါကို ဒီအတိုင်းပဲပြောရမယ်၊ တကယ်လို့ ငါ့ နောက်လိုက်တွေသာ ဒီလိုမပြောကြဘူးဆိုရင် ကျောက်ခဲတွေက ပြောကြလိမ့်မယ်”ဟု ဖြေတော်မူ၏။

## ယေရုရှလင်အတွက် ယေရှုငိုကြွေးခြင်း

၄၁ ယေရှုသည် ယေရုရှလင်မြို့အနီးသို့ ရောက်လာခဲ့၏။ မြို့ကိုမြင်ရသောအခါ ကိုယ်တော်သည် စတင်၍ ငိုကြွေးလေ၏။ ၄၂ ယေရှု က ယေရုရှလင်မြို့ကို “ဒီနေ့ ငါယူလာတဲ့ ငြိမ်သက်ခြင်းကို သင့်ကို သိစေချင်တယ်။ ဒါပေမယ့် သင်တို့မသိကြဘူး၊ ဘာကြောင့်လည်းဆိုရင် သင်တို့အထဲမှာ ဖုံးကွယ်ထားလို့ပဲ၊ ၄၃ သင့်ရန်သူတွေဟာ သင့်ပတ်လည်မှာ အုတ်တံတိုင်းကာတဲ့ အချိန်ရောက်လာလိမ့်မယ်၊ သင့်ရန်သူတွေဟာ သင့်ကို အဘက်ဘက်က ချုပ်ကိုင်ထားကြလိမ့်မယ်၊ ၄၄ သူတို့က သင်နဲ့အတူ သင့်လူအားလုံးကို ဖျက်ဆီးကြလိမ့်မယ်၊ သင့်အဆောက်အဦမှာ ကျောက်တုံးတစ်တုံးပေါ် နောက်ကျောက်တုံးတစ်တုံးထပ်နေတာကို မတွေ့ရလောက်အောင် ပြိုကျပျက်စီးပြန့်ကျဲနေလိမ့်မယ်၊ ဒါတွေအားလုံးဖြစ်လာရလိမ့်မယ် ဘာကြောင့်လည်းဆိုရင် ဘုရားသခင်က သင်တို့ကို လာကယ်မယ့် အချိန်ကို သင်တို့မသိကြလို့ပဲ”ဟု မိန့်တော်မူ၏။

## ယေရှုသည် ဗိမာန်တော်သို့ သွားတော်မူခြင်း

*(မ ၂၁း၁၂-၁၇၊ မာ ၁၁း၁၅-၁၉၊ ယော ၂း၁၃-၂၂)*

၄၅ ယေရှုသည် ဗိမာန်တော်ပိုင်နက်အတွင်းသို့ ဝင်သွား၏။ ကိုယ်တော်က ထိုနေရာတွင် အရောင်းအဝယ်လုပ်နေသူတို့၏ ပစ္စည်းများကို စတင်လွှင့်ပစ်လေ၏။ ၄၆ ယေရှုက “ကျမ်းစာထဲမှာ

'ငါ့အိမ်ကို ဆုတောင်းရာအိမ်ဖြစ်စေမယ်' လို့ရေးထားတယ်၊ ဒါပေမယ့် သင်တို့က သူခိုးတွေ ပစ္စည်းဖွက်တဲ့နေရာအဖြစ် ပြောင်းလဲပစ်လိုက်ကြတယ်" ဟု မိန့်တော်မူလိုက်၏။

၄၇ ယေရှုသည် နေ့စဉ်ဗိမာန်တော်၌ ဩဝါဒပေးခြင်းအမှုကို ပြုတော်မူ၏။ ယဇ်ပုရောဟိတ်အကြီးအကဲများ၊ ကျမ်းပြုဆရာများနှင့် ခေါင်းဆောင်အချို့တို့က ယေရှုအား သတ်လိုကြ၏။ ၄၈ သို့ရာတွင် လူတို့သည် ယေရှုအနားသို့ တိုး၍နားထောင်ကြ၏။ သူတို့သည် ယေရှုပြောသောအကြောင်းအရာများကို အလွန်စိတ်ဝင်စားကြ၏။ ထို့ကြောင့် ယဇ်ပုရောဟိတ် အကြီးအကဲများ၊ ကျမ်းပြုဆရာများနှင့် ခေါင်းဆောင်တို့က ယေရှုအား မည်သို့သတ်နိုင်မည်ကို မသိကြ။

## ဂျူးခေါင်းဆောင်များက ယေရှုအား မေးခွန်းထုတ်ခြင်း

*(မ ၂၁း၂၃-၂၇၊ မာ ၁၁း၂၇-၃၃)*

၂၀ တစ်နေ့တွင် ယေရှုသည် ဗိမာန်တော်တွင် ရှိတော်မူ၏။ ကိုယ်တော်သည် လူတို့အား သွန်သင်နေ၏။ ယေရှုက လူတို့အား ဘုရားသခင်၏နိုင်ငံတော်နှင့် ပတ်သက်သောဝမ်းမြောက်ဖွယ် သတင်းကောင်းကို ပြောပြတော်မူ၏။ ယဇ်ပုရောဟိတ်အကြီးအကဲများ၊ ကျမ်းပြုဆရာများနှင့် အသက်ကြီးသူဂျူးခေါင်းဆောင်တို့က ယေရှုအားလာရောက်ပြောဆိုကြ၏။ ၂ သူတို့က "ဒီလိုလုပ်ဖို့ သင့်မှာလုပ်ပိုင်ခွင့်ရှိလို့လား၊ ဘယ်သူက ဒီအခွင့်ကို ပေးသလဲ၊ ငါတို့ကို ပြောစမ်းပါ"ဟု ပြောကြ၏။

၃ ယေရှုက "ငါလည်း သင်တို့ကို မေးခွန်းတစ်ခုမေးရဦးမယ်၊ ၄ ယောဟန်ဟာ လူတွေကို ဗတ္တိဇံပေးတဲ့အခါ အဲဒါဟာ ဘုရားဆီကလာတာလား၊ ဒါမှမဟုတ် လူတွေဆီက လာတာလားဆိုတာပြောကြပါ"ဟု ဆိုလေ၏။

၅ ယဇ်ပုရောဟိတ်များ၊ ကျမ်းပြုဆရာများနှင့် ဂျူးခေါင်းဆောင်တို့သည် အချင်းချင်း ဆွေးနွေးကြ၏။ "တကယ်လို့ ယောဟန်ရဲ့ဗတ္တိဇံဟာ ဘုရားဆီကလာတယ်လို့ ငါတို့ဖြေခဲ့ရင် သူက ဒါဆိုရင် ယောဟန်ကို သင်တို့ဘာလို့ မယုံကြတာလဲလို့ ပြောလိမ့်မယ်၊ ၆ ဒါပေမယ့် တကယ်လို့ ယောဟန်ရဲ့ဗတ္တိဇံဟာ ဘုရားဆီကမဟုတ်ဘူး၊ လူကလာတာလို့ ဖြေခဲ့ပြန်ရင် လူအားလုံးက ငါတို့ကို ကျောက်ခဲနဲ့ ပစ်သတ်ကြလိမ့်မယ်၊ ဘာကြောင့်လည်းဆိုရင် လူတွေက ယောဟန်ကို ပရောဖက်တစ်ယောက်လို့ ယုံကြည်ထားကြတယ်"ဟု အချင်းချင်း ပြောဆိုကြ၏။ ၇ ထို့ကြောင့် သူတို့က "အဖြေကို ကျွန်တော်တို့ မသိကြဘူး"ဟု ပြန်ဖြေကြ၏။

၈ ထို့ကြောင့် ယေရှုက သူတို့အား "ဒါဆိုရင် ငါ ဒါတွေကို လုပ်ဖို့ ဘာလုပ်ပိုင်ခွင့်ရှိသလဲဆိုတာ ငါမပြောနိုင်ဘူး"ဟု ပြောလိုက်၏။

## ဘုရားသခင်က သူ၏သားတော်ကို စေလွှတ်ခြင်း

*(မ ၂၁း၃၃-၄၆၊ မာ ၁၂း၁-၁၂)*

၉ ထို့နောက်တွင် ယေရှုက လူတို့အား ဤပုံဥပမာကို ပြောပြ၏။ "လူတစ်ယောက်ဟာ စပျစ်ဥယျာဉ်တစ်ခုကို စိုက်တယ်၊ အဲဒီလူက သူ့စပျစ်ခင်းကို ယာသမားတစ်ချို့ဆီမှာ အငှားချထားတယ်၊ ပြီးတော့ သူဟာ ရပ်ဝေးကို အချိန်တော်တော်လေးကြာအောင်သွားခဲ့တယ်၊ ၁၀ မကြာခင်မှာပဲ စပျစ်သီးခူးဆွတ်တဲ့ အချိန်ရောက်လာတယ်၊ ဒါနဲ့စပျစ်ခင်းပိုင်ရှင်ဟာ အစေခံတစ်ယောက်ကို ယာသမားတွေဆီ သူ့ဝေစုကို သွားယူဖို့ လွှတ်လိုက်တယ်၊ ဒါပေမယ့် ယာသမားတွေက အဲဒီအစေခံကို ဘာမှမပေးဘဲ ရိုက်လွှတ်လိုက်ကြတယ်၊ ၁၁ ဒါနဲ့ စပျစ်ခင်းပိုင်ရှင်က နောက်အစေခံတစ်ယောက်ကို လွှတ်လိုက်တယ်၊ ယာသမားတွေက အဲဒီအစေခံကိုလည်းရိုက်လွှတ်လိုက်ကြ ပြန်တယ်၊ ယာသမားတွေဟာ စပျစ်ခင်းပိုင်ရှင်ကို အလေးမထားဘူးဆိုတာပြလိုက်ကြတာ ပဲ။ လယ်သမားတွေက အဲဒီအစေခံကိုလည်း ဘာမှမပေးဘဲ လွှတ်လိုက်ပြန်တယ်။ ၁၂ ဒါကြောင့် စပျစ်ခင်းပိုင်ရှင်က တတိယအစေခံ တစ်ယောက်ကို ယာသမားတွေဆီ လွှတ်လိုက်ပြန်တယ်၊ အဲဒီအစေခံကိုလည်း ယာသမားတွေက ပြင်းပြင်းထန်ထန်ရိုက်နှက်ကြပြီး စပျစ်ခင်းအပြင်ဘက်မှာ ပစ်ထားလိုက်ကြတယ်၊ ၁၃ စပျစ်ခင်းပိုင်ရှင်က 'အခု ငါ ဘာလုပ်ရမလဲ၊ ငါ့သားကို လွှတ်လိုက်မယ်၊ သားကို ငါသိပ်ချစ်တယ်၊ ယာသမားတွေက ငါ့သားကိုတော့ အလေးထားလောက်ပါတယ်'ဆိုပြီး သူ့သားကို လွှတ်လိုက်တယ်။ ၁၄ ယာသမားတွေဟာ စပျစ်ခင်းပိုင်ရှင်ရဲ့သားကို တွေ့ကြတဲ့အခါ 'ဒါ ခြံရှင်ရဲ့သားပဲ၊ တစ်နေ့ကျရင် ဒီစပျစ်ခင်းဟာ သူ့အတွက်ဖြစ်လိမ့်မယ်၊ ငါတို့ သူ့ကို သတ်လိုက်ရင် ဒီစပျစ်ခင်းဟာ ငါတို့အတွက်ဖြစ်ပြီ'လို့ သူတို့အချင်းချင်း ပြောကြတယ်၊ ၁၅ ဒီတော့ ယာသမားတွေဟာ စပျစ်ခြံရှင်ရဲ့ သားကို ဆွဲထုတ်ပြီး သတ်လိုက်ကြတယ်၊

“စပျစ်ခင်းပိုင်ရှင် ဘာလုပ်ရမလဲ၊ ၁၆ ယာသ
မားတွေကို သတ်လိမ့်မယ်၊ ပြီးရင် တခြားယာသ
မားတွေကို ငှားလိမ့်မယ်”ဟု မိန့်တော်မူ၏
လူတို့သည် ဤပုံဥပမာကို ကြားကြရသော
အခါ သူတို့က“မဖြစ်နိုင်ဘူး၊ ဒီလိုမျိုး ဘယ်တော့
မှမဖြစ်နိုင်ဘူး”ဟုဆိုကြ၏။ ၁၇ သို့သော်လည်း ယေရှု
က သူတို့၏မျက်လုံးအထဲကို ကြည့်ပြီး ပြောလိုက်
လေ၏။ “ဒါဆိုရင် ဒီကျမ်းပိုဒ်ရဲ့ အဓိပ္ပာယ်က ဘာ
လဲ၊

‘အဆောက်အဦကိုတည်လုပ်သောသူ
အလိုမရှိသောကျောက်သည်
တိုက်ထောင့်မှ ကျောက်ဖြစ်လာ၏’

*ဆာလံ ၁၁၈း၂၂*

၁၈ လူတိုင်းလူတိုင်း အဲဒီကျောက်ပေါ်မှာ လဲကျပြီး
ကျိုးပဲ့ကြလိမ့်မယ်၊ တကယ်လို့ အဲဒီကျောက်ဟာ
သင့်အပေါ်ကိုကျခဲ့ရင် သင့်ကို ကြေမွသွားလိမ့်
မယ်”ဟု မိန့်တော်မူ၏။
၁၉ ကျမ်းပြုဆရာများ၊ ယဇ်ပုရောဟိတ်များသည်
ယေရှုပြောသော ဤပုံဥပမာကို ကြားကြ၏။ ဤပုံ
ဥပမာသည် သူတို့အကြောင်းဖြစ်သည်ကို သူတို့
သိကြ၏။ ထို့ကြောင့်သူတို့သည်ယေရှုအား ချက်ခြင်း
ဖမ်းဆီးလိုကြ၏။ သို့ရာတွင် သူတို့သည် လူတို့အား
ကြောက်ရွံ့ကြ၏။

## ဂျူးခေါင်းဆောင်များက ယေရှုအား လှည့်ဖြားရန် ကြိုးစားကြခြင်း

*(မ ၂၂း၁၅-၂၂၊ မာ ၁၂း၁၃-၁၇)*

၂၀ ထို့ကြောင့် ဂျူးခေါင်းဆောင်တို့က ယေရှု
ကိုဖမ်းရန် အချိန်ကောင်းကို စောင့်နေကြ၏။ သူ
တို့က လူအချို့အား ယေရှုထံ စေလွှတ်၏။ သူတို့
က ထိုသူတို့အား လူကောင်းများကဲ့သို့ ဟန်ဆောင်
ရန် ပြောထား၏။ သူတို့က ယေရှုအား စကားမှားစေ
ချင်ကြ၏။(အကယ်၍ သူတို့သည် ယေရှု၌အမှား
တစ်စုံတစ်ရာတွေ့ပါက သူတို့အပေါ် အခွင့်အာ
ဏာရှိ သော မြို့ဝန်ထံ အပ်နှံနိုင်မည်ဖြစ်သည်။)
၂၁ ထို့ကြောင့် ထိုသူတို့က ယေရှုအား“ဆရာ၊ ဆရာ
ပြောသမျှ သွန်သင်မျှတို့ဟာ အမှန်တွေပဲဆိုတာ
ကျွန်တော်တို့သိပါတယ်၊ ဘယ်သူပဲနားထောင်နား
ထောင် ကိုယ်တော်ဟာ လူအားလုံးကို ဒီအတိုင်းပဲ
သွန်သင်ပါတယ်၊ ကိုယ်တော်ဟာ ဘုရားသခင်ရဲ့
နည်းလမ်းမှန်အတိုင်း သွန်သင်ခဲ့ပါတယ်၊ ၂၂ ကဲ
သာ ဘုရင်ကို ကျွန်တော်တို့အခွန်ဆောင်တာမှန်
သလား၊ မှားသလားဆိုတာ ကျွန်တော်တို့ သိပါရ
စေ” ဟု မေးကြ၏။
၂၃ သို့သော်လည်း ယေရှုက ထိုသူတို့သည် မိမိ
အား လှည့်စားရန် ကြိုးစားနေသည်ကို သိတော်မူ၏။
ယေရှုက သူတို့အား ၂၄“ငွေပြားတစ်ပြားကို ပြပါဦး၊
အပေါ်မှာ ဘယ်သူ့နာမည် ထိုးထားသလဲ၊ပြီးတော့
ဘယ်သူ့ပုံပါသလဲ”ဟု မေးတော်မူ၏။
ထိုသူတို့က“ကဲသာဘုရင်”ဟု ဖြေကြ၏။
၂၅ ထိုအခါ ယေရှုက ထိုသူတို့အား“ကဲသာ
ဘုရင်နဲ့ဆိုင်တဲ့အရာကို ကဲသာဘုရင်ကို ပေးပါ၊
ဘုရားသခင်နဲ့ဆိုင်တဲ့အရာကို ဘုရားသခင်ကို ပေး
ပါ” ဟု ဆိုလိုက်၏။
၂၆ ယေရှုက ပညာရှိစွာ ပြန်ဖြေလိုက်သော
ကြောင့် ထိုသူတို့သည် အံ့အားသင့်ကြလေ၏။ သူတို့
ဘာကိုမှမပြောနိုင်ကြတော့ပါ။ သူတို့သည် လူများ
ရှေ့တွင် ယေရှုအား မည်သို့မှ မလှည့်ဖြားနိုင်ကြ
ချေ။ ထိုသူတို့က ယေရှုအား ဆန့်ကျင်လာကြလျှင်
ယေရှုဘာကိုမှ ပြောတော်မူလိမ့်မည်မဟုတ်။

## ဇဒ္ဒုကဲအချို့က ယေရှုအား လှည့်ဖြားရန် ကြိုးစားကြခြင်း

*(မ ၂၂း၂၃-၃၃၊ မာ ၁၂း၁၈-၂၇)*

၂၇ ဇဒ္ဒုကဲအချို့က ယေရှုထံလာကြ၏။ (ဇဒ္ဒု
ကဲတို့က လူသည် သေခြင်းမှ ပြန်လည် ထမြောက်
ခြင်းမရှိဟု ယုံကြည်ကြသည်)။သူ တို့က ယေရှုအား
၂၈ “ဆရာ၊ မောရှေက ရေးခဲ့တယ်၊တကယ်လို့ လူ
တစ်ယောက်ဟာ မင်္ဂလာ ဆောင်ပြီး ကလေးမရဘဲ
သေသွားရင် ကျန်ခဲ့တဲ့ ဇနီးကို သူ့ညီက လက်
ထပ်ရမယ်၊ ဒါမှ သေသူအတွက် ကလေးရနိုင်
မယ်လို့ ရေးထားပါတယ်။ ၂၉ တစ်ချိန်က ဒီမှာ ညီ
အစ်ကိုခုနစ်ယောက် ရှိခဲ့တယ်၊ ပထမအကိုဟာ
အမျိုး သမီးတစ်ယောက်နဲ့ လက်ထပ်တယ်၊ ဒါပေ
မယ့် သူသေသွားတယ်၊ ကလေးမရလိုက်ဘူး၊
၃၀ ဒါနဲ့ဒုတိယအကိုက အဲဒီအမျိုးသမီးနဲ့ လက်ထပ်
လိုက်တယ်၊ ပြီးတော့ သူလည်း သေသွားပြန်တယ်၊
၃၁ နောက်တတိယအကိုက အဲဒီအမျိုးသမီးကိုလက်
ထပ်လိုက်တယ်၊ သူလည်း သေသွားတယ်၊ ကျန်
တဲ့ညီအစ်ကိုအားလုံးလည်း ဒီအတိုင်းပဲ သေကုန်
ကြတယ်။ သူတို့အားလုံး ကလေးမရဘဲ သေသွား
ကြတယ်၊ ၃၂ နောက်ဆုံး အဲဒီအမျိုးသမီးလည်း သေ
သွားတယ်၊ ၃၃ ဒါ ပေမယ့် ညီအစ်ကိုခုနစ်ယောက်
လုံးက သူမကို လက်ထပ်ခဲ့ကြတယ်။ ဒါကြောင့်
လူတွေ သေရာကပြန်ရှင်လာတဲ့နေ့ကြရင် ဒီအမျိုး
သမီးဟာ ဘယ်သူ့ဇနီးဖြစ်မလဲ”ဟု မေးမြန်းကြ၏။

၃၄ ယေရှုက ဇဒ္ဒုကဲတို့အား “မြေပေါ်မှာ လူ
တွေဟာ တစ်ယောက်နဲ့တစ်ယောက် လက်ထပ်
ပေါင်းသင်းကြတယ်၊ ၃၅ လူတစ်ချို့ဟာပြန်ပြီးရှင်ပြန်
ထမြောက်ဖို့ထိုက်တန်တဲ့အတွက်ကြောင့် ဒီဘဝ
ရဲ့နောက်မှာပြန်ပြီး အသက်ရှင်ကြတယ်၊ အဲဒီဘဝ
မှာ သူတို့ဟာ လက်ထပ်တာမျိုး မရှိတော့ဘူး။
၃၆ အဲဒီဘဝကျရင် လူတွေဟာ ကောင်းကင်တမန်
တွေနဲ့တူပြီး မသေနိုင်ကြတော့ဘူး၊ သူတို့ဟာဘုရား
သခင် ရဲ့ကလေးတွေဖြစ်တယ်၊ ဘာကြောင့်လည်း
ဆိုရင် သူတို့ဟာ သေခြင်းက ထမြောက်သူတွေ
ဖြစ်တဲ့အတွက်ကြောင့် ဖြစ်တယ်။ ၃၇ မောရှေက
သေတဲ့သူတွေသေရာကပြန်ရှင်လာမယ့်အကြောင်း
ကိုရှင်းရှင်းလင်းလင်းရေးထားခဲ့တာပဲ၊ မောရှေက
မီးလောင်နေတဲ့ခြုံပုတ်အကြောင်းကို ရေးတဲ့အခါ
သူက ဘုရားသခင်ကို အာဗြဟံရဲ့ဘုရား၊ ဣဇက်ရဲ့
ဘုရား၊ ယာကုပ်ရဲ့ဘုရားလို့ ဖော်ပြထားတယ်။
၃၈ တကယ်လို့ ဘုရားသခင်က သူဟာ အဲဒီလူတွေ
ရဲ့ဘုရား ဖြစ်တယ်လို့ဆိုခဲ့ရင် ဒီလူတွေဟာ အမှန်
တကယ် မသေခဲ့ဘူး၊ သူဟာ အသက်ရှင်နေသူ
များရဲ့ ဘုရားသခင်သာဖြစ်တယ်၊ ဘုရားသခင်ပိုင်
တဲ့ လူအားလုံးတို့ဟာ အသက်ရှင်နေကြတယ်”ဟု
မိန့်တော်မူ၏။
၃၉ ကျမ်းပြုဆရာအချို့က “ဆရာ၊ သင့် အဖြေ
ဟာ သိပ်ကောင်းတာပဲ”ဟု ဆိုကြ၏။ နောက်ထပ်
၄၀ မည်သူကမှ မေးခွန်း မထုတ်ရဲကြတော့ပေ။

**ခရစ်တော်သည် ဒါဝိဒ်၏သားလော**

*(မ ၂၂း၄၁-၄၆၊ မာ ၁၂း၃၅-၃၇)*

၄၁ ထို့နောက်ယေရှုက “ဘာကြောင့်လူတွေက
ခရစ်တော်ဟာ ဒါဝိဒ်ရဲ့သားတော်လို့ ဆိုကြရတာ
လဲ၊ ၄၂ ဆာလံကျမ်းထဲမှာ ဒါဝိဒ်က သူ့ကိုယ်သူ
ဘယ်လိုပြောထားသလဲဆိုရင်

‘ထာဝရဘုရား (*ဘုရားသခင်*) က
ကျွန်ုပ်ရဲ့အရှင် (*ခရစ်တော်*) ကို
ငါ့ရဲ့ညာဘက်မှာ ထိုင်ပါ၊ ပြီးတော့
၄၃ သင့်ရဲ့ရန်သူတွေကို
သင့် အာဏာတန်ခိုးအောက်
ရောက်စေမယ်’

*ဆာလံ ၁၁၀း၁*

၄၄ ဒါဝိဒ်က ခရစ်တော်ကို ‘အရှင်’ လို့ခေါ်ခဲ့တယ်၊
ဒါပေမယ့် ခရစ်တော်ဟာ ဒါဝိဒ်ရဲ့သားလည်းဖြစ်
နေတယ်ဆိုရင် ဒီနှစ်မျိုးစလုံး ဘယ်လိုလုပ်ပြီး မှန်
နိုင်မှာလဲ”ဟု မိန့်တော်မူ၏။

**ကျမ်းပြုဆရာများအား သတိပေးခြင်း**

*(မ ၂၃း၁-၃၆၊ မာ ၁၂း၃၈-၄၀၊ လု ၁၁း၃၇-၅၄)*

၄၅ လူအားလုံးတို့သည် ယေရှုပြောသည့်စကား
ကို နားထောင်နေကြ၏။ ယေရှုက သူ၏ နောက်
လိုက်တို့အား ၄၆ “ကျမ်းပြုဆရာတွေကို သတိထား
ကြပါ၊ သူတို့ဟာ အရေးပါတဲ့ အဝတ်အစားတွေကို
ဝတ်ပြီး လူမြင်ကွင်းမှာ လူလုံးပြတာကို သဘော
ကျကြတယ်၊ ပြီးတော့ ဈေးထဲမှာတွေ့လို့ သူတို့ကို
လေးစားကြောင်း ပြတဲ့သူတွေကို မေတ္တာထားကြ
တယ်၊ သူတို့ဟာ တရားဇရပ်မှာဆိုရင်လည်း အရေး
ပါတဲ့ နေရာမှာ ထိုင်ချင်ကြတယ်၊ ပြီးတော့ သူတို့
ဟာ စားပွဲသောက်ပွဲ မှာလည်း အရေးပါဆုံးထိုင်ခုံ
မှာထိုင်ရတာကို နှစ်သက်ကြတယ်။ ၄၇ ဒါပေမယ့်
သူတို့ဟာ မုဆိုးမတွေရဲ့ အိမ်ကိုခိုးဖို့ ကြံစည်ကြ
တယ်၊ နောက်ပြီးတော့ သူတို့ဟာ လူမြင်ကောင်း
အောင်ဆိုပြီး ရှည်လွန်းတဲ့ ဆုတောင်းကို ရွတ်ဆို
တတ်ကြတယ်၊ အဲဒီလို လူတွေကို ဘုရားသခင်က
ပြင်းပြင်းထန်ထန် အပြစ်ပေးလိမ့်မယ်”ဟု မိန့်တော်
မူ၏။

**မှန်ကန်သောပေးလှူခြင်း**

*(မာ ၁၂း၄၁-၄၄)*

၂၁ ယေရှုသည် ချမ်းသာသောသူတို့က ဘုရား
သခင်အတွက် ဗိမာန်တော်အတွင်းရှိ ငွေ
သေတ္တာထဲသို့ အလှူငွေထည့်နေကြသည်ကို တွေ့
မြင်၏။ ၂ ထို့နောက် ယေရှုက ဆင်းရဲသောမုဆိုးမ
ကို တွေ့လေ၏။ သူမသည် သေးငယ်သော ကြေး
ပြားနှစ်ပြားကို သေတ္တာထဲသို့ ထည့်နေ၏။ ၃ ယေရှု
က “ငါ အမှန်အကန်ပြောမယ်၊ ဒီဆင်းရဲတဲ့မုဆိုးမ
ဟာ ကြေးပြားနှစ်ပြားကိုပဲ ပေးလှူတယ်၊ ဒါပေမယ့်
သူမဟာ ချမ်းသာတဲ့သူအားလုံးထက် ပိုပြီးလှူခဲ့
တယ်၊ ၄ ချမ်းသာတဲ့သူတွေဟာ သူတို့ အများကြီး
ပိုင်ဆိုင်တဲ့အထဲက သူတို့အတွက် အသုံးမလိုတဲ့
ငွေလေးကိုသာ လှူကြတယ်၊ ဒီအမျိုးသမီးကတော့
အရမ်းကိုဆင်းရဲတယ်၊ ဒါပေမယ့် သူမမှာ ပိုင်ဆိုင်
သမျှအားလုံးကို ပေးလှူလိုက်တယ်။ နောက်ပြီး အဲဒီ
ငွေဟာ သူမအသက်ရှင်ဖို့အတွက် လိုအပ်တဲ့ငွေ
ဖြစ်တယ်”ဟု မိန့်တော်မူ၏။

**ဗိမာန်တော် ပျက်စီးမည့်အကြောင်း**

*(မ ၂၄း၁-၁၄၊ မာ ၁၃း၁-၁၃)*

၅ နောက်လိုက်အချို့တို့သည် ဗိမာန်တော်
အကြောင်းကို ပြောနေကြ၏။ သူတို့က “ဒီဗိမာန်

တော်ဟာ အတော့်ကို လှတာပဲ၊ အကောင်းဆုံး
ကျောက်တွေနဲ့ဆောက်ထားတယ်၊ ကြည့်ပါဦး၊
ဘုရားသခင်ကို လှူထားတဲ့အကောင်းစား လက်
ဆောင်ပဏ္ဏာတွေကလည်း အများကြီးပဲ”ဟု ဆို
ကြ၏။
၆ သို့ရာတွင် ယေရှုက “အချိန်တန်တဲ့အခါ အခု
သင်တို့မြင်နေရတဲ့အရာတွေအားလုံး ပျက်စီးသွား
လိမ့်မယ်၊ အဲဒီအဆောက်အဦက ကျောက်တုံးတွေ
ဟာ မြေပေါ်ကို ပြားပြားဝပ် ပြိုကျသွားလိမ့်မယ်၊
ကျောက်တုံးတစ်တုံးပေါ် တခြားကျောက်တုံးထပ်
နေတာတောင် တွေ့ရကြမှာမဟုတ်ဘူး”ဟု မိန့်
တော်မူ၏။
၇ နောက်လိုက်အချို့တို့က “ဆရာ၊ အဲဒါတွေ
ဘယ်တော့ဖြစ်မှာလဲ၊ ဒါတွေဖြစ်ပျက်တဲ့အခါရောက်
ရင် ကျွန်တော်တို့ ဘာကိုမြင်ကြရမလဲ”ဟု ယေရှု
အား မေးကြ၏။
၈ ယေရှုက “သတိထားကြပါ၊ မမိုက်မဲကြပါ
နဲ့၊ လူအများကြီးဟာ ငါ့နာမကို အသုံးပြုလာကြ
လိမ့်မယ်၊ ငါဟာ ‘ခရစ်တော်ဖြစ်တယ်’ ‘အချိန်
ရောက်ပြီ’ဆိုပြီး ပြောကြလိမ့်မယ်၊ ဒါပေမယ့် သူတို့
နောက်ကို မလိုက်မိကြစေနဲ့၊ ၉ စစ်ပွဲအကြောင်း
တွေ၊ အဓိကရုဏ်းတွေကို သင်တို့ကြားကြရတဲ့အခါ
မကြောက်ကြနဲ့။ ဒီအရာတွေ အရင်ဖြစ်ပျက်လိမ့်
မယ်၊ပြီးမှအဆုံးရောက်လာလိမ့်မယ်”ဟု မိန့်တော်
မူ၏။
၁၀ ထို့နောက် ယေရှုက “လူမျိုးတစ်မျိုးနဲ့ တစ်
မျိုး တိုက်ခိုက်ကြလိမ့်မယ်၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ
စစ်ဖြစ်ကြလိမ့်မယ်၊ ၁၁ နေရာအတော်များများမှာ
ငလျင် အကြီးအကျယ်လှုပ်မယ်၊ ကပ်ရောဂါဘေး
တွေနဲ့ ဆိုးဆိုးရွားရွားဖြစ်ရပ်တွေ ဖြစ်လိမ့်မယ်။
အချို့နေရာတွေမှာ အစာရေစာရှားပါးပြီး လူတွေ
အတွက် စားစရာမရှိတာမျိုး ကြုံတွေ့ရလိမ့်မယ်၊
ကြောက်မက်ဖွယ်ဖြစ်ရပ်တွေ ဖြစ်ပျက်လိမ့်မယ်၊
အံ့အားသင့်စရာတွေဟာ ကောင်းကင်ကလာပြီး
လူတွေကို သတိပေးကြလိမ့်မယ်”
၁၂ “ဒါပေမယ့် ဒါတွေအားလုံးမဖြစ်ပျက် ခင်
လူတွေက သင်တို့ကို ဖမ်းဆီးပြီး ညှဉ်းဆဲကြလိမ့်
မယ်၊ သင်တို့ကို သူတို့ရဲ့တရားဇရပ်တွေမှာ စီရင်
ဆုံးဖြတ်ပြီး ထောင်ထဲမှာအကျဉ်း ချလိမ့်မယ်၊ သင်
တို့ကို ဘုရင်တွေ၊ မြို့တော်ဝန်တွေ ရှေ့ကို အတင်း
အဓမ္မပို့ကြလိမ့်မယ်။ လူတွေက ဒါတွေအားလုံး
ကိုသင်တို့အပေါ်မှာလုပ်ကြလိမ့်မယ်၊ ဘာကြောင့်
လည်းဆိုရင် သင်တို့ဟာ ငါ့နောက်လိုက်တွေ ဖြစ်
ကြ လို့ပဲ၊ ၁၃ ဒါပေမယ့် သင်တို့ ငါ့အကြောင်းပြော
ဖို့အခွင့်အရေးရသွားတာပေါ့၊ ၁၄ သင်တို့ ဘာပြော
ရမယ်ဆိုတာ မစိုးရိမ်ကြပါနဲ့။ ၁၅ သင်တို့ရဲ့ရန်သူ
တွေ ဘာတစ်ခွန်းမှ ပြန်မပြောနိုင်အောင် စကား
ပြောတဲ့ဉာဏ်ပညာ ငါပေးမယ်။ ၁၆ သင့်မိဘ၊ ညီ
အစ်ကို၊ ဆွေမျိုးသားချင်းတွေနဲ့ မိတ်ဆွေတွေက
တောင် သင့်ကို မျက်နှာလွှဲကြလိမ့်မယ်၊ သင်တို့
အထဲက တစ်ချို့ကို သူတို့ သတ်ကြလိမ့်မယ်။
၁၇ သင်တို့ဟာ ငါ့နောက်ကို လိုက်ကြတဲ့အတွက်
ကြောင့် သူတို့အားလုံးက သင်တို့ကို မုန်းကြလိမ့်
မယ်၊ ၁၈ ဒါပေမယ့် ဒီအရာတွေက သင်တို့ကို မထိ
ခိုက်နိုင်ဘူး၊ ၁၉ သင်တို့ရဲ့ယုံကြည်ခြင်းကို ခိုင်ခံ့မြဲ
မြံစေခြင်းအားဖြင့် ဒီအရာတွေအထဲက သင်တို့ဟာ
ကိုယ့်ကိုယ်ကို ကယ်တင်ကြရလိမ့်မယ်”

### ယေရုရှလင်မြို့ပျက်စီးမည့်အကြောင်း

*(မ ၂၄း၁၅-၂၁၊ မာ ၁၃း၁၄-၁၉)*

၂၀ “ယေရုရှလင်မြို့ပတ်လည်မှာ စစ်သားတွေကို
သင်တို့တွေ့ရကြလိမ့်မယ်၊ အဲဒီအချိန်ရောက်ရင်
ယေရုရှလင်မြို့ပျက်စီးဖို့အချိန်ကျလာပြီဆိုတာ သင်
တို့သိနိုင်လိမ့်မယ်၊ ၂၁ အဲဒီ အချိန်မှာ ယုဒပြည်
သားတို့ဟာ တောင်ပေါ်ကို ပြေးကြလိမ့်မယ်၊ ယေရု
ရှလင်မြို့က လူတွေလည်း မြို့ကိုအမြန်ဆုံးစွန့်ခွါရ
မယ်၊ တကယ်လို့ သင်တို့ဟာ မြို့အနီးအနားမှာရှိ
နေရင် မြို့ ထဲကိုမဝင်ပါနဲ့၊ ဘုရားသခင်က သူ့လူ
တွေကို ဒဏ်ခတ်မယ့်အချိန်ကာလအကြောင်းနဲ့
ပတ်သက်ပြီး ပရောဖက်တွေက ရေးခဲ့ကြတယ်၊
ငါပြောတဲ့အချိန်ကာလဆိုတာ ဒီဖြစ်ရပ်တွေ ဖြစ်
မယ့်အချိန်ကာလပဲ။ ၂၃ အဲဒီအချိန်မှာ ကိုယ်ဝန်
ဆောင်အမျိုးသမီးတွေ ဒါမှမဟုတ် ကလေးငယ်
ရှိတဲ့အမျိုးသမီးတွေအတွက် ဆိုးရွားလိမ့်မယ်၊
ဘာကြောင့်လဲ၊ ဘာကြောင့်လည်းဆိုတော့ ဒီမြေ
ပေါ်ကိုသိပ်ပြီးဆိုးရွားတဲ့အချိန်ရောက်လာမှာကြောင့်
ပဲ၊ ဘုရားသခင်ဟာ ဒီလူတွေ *(ဂျူးတွေ)* အပေါ်မှာ
အမျက်ဒေါသဖြစ်လိမ့်မယ်။ ၂၄ တစ်ချို့လူတွေဟာ
စစ်သားတွေ ရဲ့သတ်ဖြတ်ခြင်းကို ခံရကြလိမ့်မယ်၊
ကျန်တဲ့သူတွေကို အကျဉ်းသားတွေအဖြစ်နဲ့ တ
ခြားနိုင်ငံကို ခေါ်သွားကြလိမ့်မယ်၊ သန့်ရှင်းသော
မြို့တော်ယေရုရှလင်ဟာ တခြားလူမျိုးတွေရဲ့အချိန်
မကုန်မချင်း နင်းချေခြင်းကို ခံရလိမ့်မယ်”

**မကြောက်ကြနဲ့**

*(မ ၂၄း၂၉-၃၁၊ မာ ၁၃း၂၄-၂၇)*

၂၅“ထူးခြားဆန်းပြားတဲ့အံ့သြဖွယ် အဖြစ်အပျက်
တွေဟာ နေ၊ လ၊ ကြယ်တို့နဲ့အတူ ဖြစ်ပျက်လိမ့်
မယ်၊ ကမ္ဘာမြေပေါ်က လူသားတွေဟာ ထောင်
ချောက်ထဲ ပိတ်မိနေသလို ခံစားကြရလိမ့်မယ်၊
သမုဒ္ဒရာမှာ လှိုင်းတံပိုးတွေ အကြီးအကျယ် ရိုက်
ခတ်လိမ့်မယ်၊ ဘာကြောင့် ဒါတွေဖြစ်ရသလဲဆို
တာကိုလည်း ဘယ်သူမှ မသိကြဘူး၊ ဒါကြောင့်
လူတွေဟာ ကြောက်ရွံ့တုန်လှုပ်လာကြလိမ့်မယ်၊
သူတို့က ကမ္ဘာကြီးမှာ ဘာတွေဖြစ်လာလိမ့်ဦးမလဲ
ဆိုပြီး စိုးရိမ်ပူပန်နေကြတယ်၊ မိုးကောင်းကင်မှာ
ရှိသမျှအရာတိုင်းဟာလည်း ပြောင်းလဲကုန်လိမ့်
မယ်၊ ၂၇အဲဒီနောက်မှာ လူသားဟာ ဘုန်းတန်ခိုး
တော်နဲ့အတူ မိုးတိမ်ပေါ်က ကြွလာတာကို လူ
တွေမြင်ကြရလိမ့်မယ်၊ ၂၈ ဒါတွေဖြစ်ပျက်လာတဲ့
အခါကျရင် မကြောက်ကြပါနဲ့၊ မော့ကြည့်ပြီး ပျော်
ရွှင်ဝမ်းမြောက်ကြပါ၊ ပျော်ပျော်ရွှင်ရွှင်နေကြပါ၊
ဘာကြောင့်လည်းဆိုရင် ဘုရား သခင်ဟာ သင်တို့
ကို ဒုက္ခအနှောင်အဖွဲ့ထဲက ကယ်လွတ်ပေးမယ့်
အချိန်နီးလာပြီဆို တာ သင်သိရလို့ပဲ”ဟု မိန့်တော်
မူ၏။

**ငါ့စကားတွေဟာ အစဉ်အမြဲတည်လိမ့်မယ်**

*(မ ၂၄း၃၂-၃၅၊ မာ ၁၃း၂၈-၃၁)*

၂၉ ထို့နောက် ယေရှုက ဤဥပမာကို ပြောပြ
တော်မူ၏။“အပင်အားလုံးကို ကြည့်ပါ၊ သဖန်းပင်
ဟာ နမူနာကောင်းတစ်ခုပေါ့၊ ၃၀အပင်ဟာ စိမ်းစို
*(အညှောက်ထွက်)*လာပြီဆိုရင် နွေရောက်တော့
မယ်ဆိုတာကို သင်သိရပြီ။ ၃၁ ဖြစ်ပျက်လာမယ့်
အကြောင်းအရာတွေနဲ့ပတ်သက်ပြီး ငါပြောပြခဲ့တာ
တွေလည်း ဒီအတိုင်းပါပဲ၊ အဲဒီဖြစ်ရပ်တွေအားလုံး
ဖြစ်ပျက်လာတာကို သင်မြင်ပြီးတဲ့နောက်မှာ ဘုရား
သခင်ရဲ့နိုင်ငံတော် မကြာခင်တည်တော့မယ်ဆို
တာသင်တို့ သိကြလိမ့်မယ်၊

၃၂“ငါအမှန်အကန်ပြောမယ်၊ ဒါတွေ အားလုံး
ဖြစ်ပျက်လာတဲ့အခါမှာ အခုအချိန်က လူတွေဟာ
အသက်ရှင်နေကြဆဲ ဖြစ်တယ်။ ၃၃ ကမ္ဘာတစ်ခုလုံး
မြေကြီးနဲ့ကောင်းကင်တို့ပါ ပျက်စီးသွားလိမ့်မယ်၊
ဒါပေမယ့် ငါပြောခဲ့တဲ့စကားတွေဟာ ဘယ်တော့
မှ မပျက်စီးဘူး”

**အချိန်တိုင်း အသင့်ရှိနေပါ**

၃၄“သတိထားကြ၊ သောက်စားမူးယစ်ပြီးအချိန်
မဖြုန်းကြနဲ့၊ လောကီအရေးအရာတွေမှာအလုပ်ရှုပ်
မနေကြပါနဲ့၊ တကယ်လို့ သင်တို့ ဒီလိုပဲလုပ်နေ
ရင် မှန်မှန်ကန်ကန်တွေးနိုင်ကြတော့မှာ မဟုတ်
ဘူး၊ပြီးတော့ နောက်ဆုံးအချိန်ရောက်လာရင် သင်
အဆင်သင့်ရှိနေမှာ မဟုတ်ဘူး၊ ၃၅ အဲဒီဖြစ်ရပ်ဟာ
ကမ္ဘာပေါ်ကို ရုတ်တရက်ဆိုသလို ရောက်လာမယ်၊
၃၆ ဒါကြောင့်မို့ အချိန်တိုင်းမှာ အသင့်ရှိနေကြပါ။
ဒါတွေဖြစ်လာတဲ့အခါကျရင် ဆက်လက်ပြီး ခိုင်ခံ့
နိုင်ဖို့အတွက် ဆုတောင်းကြပါ၊ နောက်ပြီး သင်
ဟာ လူသားရဲ့ရှေ့တော်မှာ ရပ်နေနိုင်ဖို့ဆုတောင်း
ပါ”ဟု မိန့်တော်မူ၏။

၃၇ နေ့ခင်းပိုင်းတွင် ယေရှုသည် လူတို့အား
ဗိမာန်တော်၌ သွန်သင်တော်မူ၏။ ညဘက်တွင်မူ
မြို့ထဲမှထွက်ကာ သံလွင်တောင်ပေါ်တွင် တစ်ည
လုံးနေလေ၏။ ၃၈ လူတို့သည် နံနက်တိုင်း စောစော
ထလျက် ယေရှု၏သွန်သင်ချက်များကို နားထောင်
ရန် ဗိမာန်တော်သို့ သွားကြ၏။

**ဂျူးခေါင်းဆောင်တို့က ယေရှုအား သတ်လိုကြခြင်း**

*(မ ၂၆း၁-၅၊၁၄-၁၆၊မာ၁၄း၁-၂၊၁၀-၁၁၊ယော ၁၁း၄၅-၅၃)*

၂၂ တဆေးမဲ့မုန့်ကိုစားသောက်သောပွဲတော်
ရောက်လုနီးပြီဖြစ်၏။ ယဇ်ပုရောဟိတ်ခေါင်း
ဆောင်တို့နှင့် ကျမ်းပြုဆရာတို့သည် ယေရှုအား
သတ်နိုင်မည့်နည်းလမ်းကို ကြိုးစားရှာနေကြ၏။ သို့
သော်လည်း သူတို့အား လူတို့က ပြန်လုပ်မည်ကို
ကြောက်ကြ၏။

**ယုဒသည် ယေရှုကို ဆန့်ကျင်ရန် စီစဉ်ခြင်း**

၃ ယေရှု၏ တမန်တော်တစ်ဆယ့်နှစ်ယောက်
အထဲမှ တစ်ဦးမှာ ယုဒရှကာရုတ်ဖြစ်၏။ စာတန်
*(နတ်ဆိုး)*သည် ယုဒအထဲသို့ဝင်ပြီး မကောင်း
သောအမှုတစ်ခုကို ပြုစေ၏။ ၄ယုဒသည် ယဇ်ပု
ရောဟိတ်ခေါင်းဆောင်တို့နှင့်ဗိမာန်တော်အစောင့်
စစ်သားအချို့ကို သွားရောက်တွေ့ဆုံ၏။ ယုဒက
သူတို့လက်ထဲသို့ယေရှုအား အပ်နိုင်မည့်နည်းလမ်း
ကို ပြောပြ၏။ ၅ယဇ်ပုရောဟိတ်တို့သည် ထိုအရာ
အတွက် အလွန်ဝမ်းသာကြ၏။ သူတို့က သူတို့
လက်ထဲသို့ ယေရှုကို အပ်နိုင်ခဲ့ပါက ငွေပေးမည်
ဟု ယုဒအား ကတိပေးကြ၏။ ၆ ယုဒက သဘောတူ
လိုက်၏။ ထို့နောက် ယုဒသည် ထိုသူတို့ လက်ထဲ
သို့ ယေရှုအားအပ်နိုင်မည့်အချိန်ကောင်းကို စောင့်
နေ၏။ ယုဒက သူပြုလုပ်နေချိန်တွင် သူတို့ဝန်း

ကျင်၍ လူများကို ရှိမနေစေချင်ပါ၊ သို့မှသာ သူ၏ လုပ်ရပ်ကို မည်သူမှ မြင်တွေ့နိုင်မည်မဟုတ်။

## ပသခါပွဲတော်အတွက် ပြင်ဆင်ခြင်း

*(မ ၂၆း၁၇-၂၅၊ မာ ၁၄း၁၂-၂၁၊ ယော ၁၃း၂၁-၃၀)*

၇ တဆေးမဲ့မုန့်စားသောက်ပွဲရောက်လာလေပြီ။ ဤနေ့သည် ဂျူးလူမျိုးများအတွက် ပသခါပွဲတော်အတွက် သိုးများကို ယဇ်ပူဇော်သောနေ့ဖြစ်၏။ ၈ ယေရှုက ပေတရုနှင့် ယောဟန်တို့အား "ငါတို့တွေ စားသောက်ကြဖို့ ပသခါစားပွဲကို သွားပြင်ကြပါ"ဟု မိန့်တော်မူ၏။

၉ ပေတရုနှင့် ယောဟန်တို့က ယေရှုအား "စားပွဲကို ဘယ်နေမှာ သွားပြင်ပေးစေချင်ပါသလဲ အရှင်"ဟု မေးကြ၏။

ယေရှုက သူတို့အား၊ ၁၀ "နားထောင်၊ သင်တို့ မြို့(ယေရုရှလင်)ထဲကို ဝင်သွားကြတဲ့အခါ၊ လူတစ်ယောက် ရေအိုးထမ်းလာတာကို သင်တို့တွေ့ရလိမ့်မယ်၊ အဲဒီလူနောက် ကို လိုက်သွားကြ၊ သူအိမ်ထဲကို ဝင်သွားတာနဲ့ သင်တို့လည်း လိုက်ပြီးဝင်ကြပါ၊ ၁၁ အဲဒီ အိမ်ရှင်ကို 'ဆရာက မေးလိုက်တယ်၊ သူနဲ့ သူ့နောက်လိုက်တွေ ပသခါစားပွဲစားနိုင်မယ့် အခန်းဘယ်မှာလဲဆိုတာ ကျေးဇူးပြုပြီးလိုက်ပြပါ' လို့ ပြောလိုက်ပါ၊ ၁၂ ဒါဆိုရင် အိမ်ရှင်က သင်တို့ကို အပေါ်ထပ်က အခန်းကျယ်ကို လိုက်ပြလိမ့်မယ်၊ အဲဒီအခန်းဟာ သင်တို့အတွက် အဆင်သင့်ပဲ၊ အဲဒီမှာပဲ ပသခါစားပွဲကို ပြင်ထားကြပါ"ဟု မိန့်တော်မူ၏။

၁၃ ပေတရုနှင့်ယောဟန်တို့သည် ထွက်သွားကြ၏။ အရာရာတို့သည် ယေရှု ပြောလိုက်သည် အတိုင်းဖြစ်နေ၏။ ထို့ကြောင့် သူတို့သည် ပသခါစားပွဲကို ပြင်ဆင်ကြလေ၏။

## သခင်ဘုရား၏ညစာ

*(မ ၂၆း၂၆-၃၀၊ မာ ၁၄း၂၂-၂၆၊ ၁ကော ၁၁း၂၃-၂၅)*

၁၄ သူတို့အတွက် ပသခါစားပွဲကို စားသောက်ရန်အချိန်ရောက်လာ၏။ ယေရှုနှင့်အတူ တမန်တော်တို့သည် စားပွဲတွင် အတူရှိနေကြ၏။ ၁၅ ယေရှုက သူတို့အား "ငါမသေခင်မှာ သင်တို့နဲ့အတူ ဒီပသခါစားပွဲကို အရမ်းစားချင်နေတာ၊ ၁၆ ဘုရားသခင်ရဲ့နိုင်ငံတော်ကျမှသိရမယ့် ပသခါပွဲရဲ့ စစ်မှန်တဲ့ အဓိပ္ပာယ်ကို မသိရသေးခင်အထိ နောက်ပသခါစားပွဲကို ငါမစားရဘူး"ဟု မိန့်တော်မူ၏။

၁၇ ထို့နောက် ယေရှုက စပျစ်ရည်တစ်ခွက်ကို ယူလိုက်၏။ စပျစ်ရည်အတွက် ဘုရားသခင်အား ကျေးဇူးတော်ချီးမွမ်းပြီး၊ "ဒီခွက်ကိုယူပြီး ဒီမှာရှိတဲ့သူတွေအားလုံး သောက်ကြပါ၊ ၁၈ ငါကတော့ ဘုရားသခင်ရဲ့နိုင်ငံတော် မလာမချင်းနောက်ထပ် သောက်ရတော့မှာ မဟုတ်ဘူး"ဟု ပြောလိုက်၏။

၁၉ ထို့နောက် ယေရှုက ပေါင်မုန့်အချို့ကို ယူလိုက်၏။ မုန့်အတွက် ဘုရားသခင်အား ကျေးဇူးတော်ချီးမွမ်းကာ မုန့်ကို ဖဲ့လိုက်ပြီး တမန်တော်တို့အား ပေးလိုက်၏။ ထို့နောက် ယေရှုက "ဒီပေါင်မုန့်က ငါ့ရဲ့ခန္ဓာကိုယ်ဖြစ်တယ်၊ ဒါကို သင်တို့အတွက် ငါပေးတယ်၊ ဒါကိုစားပြီး ငါ့ကို သတိရကြပါ"ဟု ပြောတော်မူလိုက်၏။ ၂၀ ထိုနည်းတူစွာ ညစာစားပြီးနောက် စပျစ်ရည်တစ်ခွက်ကိုယူပြီး "ဒီစပျစ်ရည်ဟာ ဘုရားသခင်က သူ့လူတွေကို သဘောတူညီချက်အသစ်ပြလိုက်တာဖြစ်တယ်၊ ဒီသဘောတူညီချက်အသစ်ကတော့ သင်တို့အတွက် ငါပေးတဲ့ ငါ့ရဲ့သွေး(သေခြင်း)နဲ့ အစပြုတယ်"ဟု မိန့်တော်မူ၏။

## ယေရှုအား ဆန့်ကျင်မည့်သူ မည်သူနည်း

၂၁ ယေရှုက" မကြာခင် သင်တို့ထဲက တစ်ယောက်ဟာ ငါ့ကို ဆန့်ကျင်လိမ့်မယ်၊ သူ့လက်ဟာ ငါ့လက်နဲ့အတူ စားပွဲပေါ်မှာ ရှိနေတယ်၊ ၂၂ လူသားဟာ ဘုရားသခင်ရဲ့ အကြံအစည်အတိုင်းလုပ်ရမယ်၊ ဒါပေမယ့် လူသားကို သတ်ဖို့အပ်တဲ့သူကတော့ အကြီးအကျယ် ဆိုးဆိုးဝါးဝါး ခံရလိမ့်မယ်" ဟု မိန့်တော်မူ၏။

၂၃ ထို့နောက် တမန်တော်တို့သည် "ငါတို့ထဲက ယေရှုအပေါ် ဒီလိုလုပ်မယ့်သူက ဘယ်သူလဲ" ဟု အချင်းချင်းမေးမြန်းကြ၏။

## အစေခံတစ်ယောက်ကဲ့သို့ဖြစ်စေခြင်း

၂၄ ထိုနောက်တွင် တမန်တော်တို့သည် မိမိတို့အထဲတွင် မည်သူသည် အရေးအပါဆုံးဖြစ်သည်ကို ငြင်းခုံကြ၏။ ၂၅ သို့ရာတွင် ယေရှုက သူတို့အား "ကမ္ဘာပေါ်မှာရှိတဲ့ ဘုရင်တွေဟာ သူတို့တိုင်းသူပြည်သားတွေကို အုပ်ချုပ်ကြတယ်၊ လူတွေအပေါ် အခွင့်အာဏာရှိသူတွေဟာ မြင့်မြတ်တဲ့ ကျေးဇူးရှင်လို့အခေါ်ခံ ချင်ကြတယ်၊ ၂၆ ဒါပေမယ့် သင်တို့တွေ အဲဒီလို မဖြစ်ကြရဘူး၊ အကြီးမြတ်ဆုံးသူဟာ အငယ်ဆုံးလိုဖြစ်ရမယ်၊ အကြီးအကဲဟာ အစေခံလိုဖြစ်ရမယ်၊ ၂၇ စားပွဲမှာထိုင်နေတဲ့သူ ဒါမှမဟုတ် သူ့ကို ပြုစုနေသူနှစ်ယောက်တို့မှာ ဘယ်သူက မြင့်မြတ်သလဲ၊ စားပွဲမှာ ထိုင်နေတဲ့သူကပိုပြီး မြင့်မြတ်တယ်လို့ သင်တို့ထင်ကြတယ်၊ ဒါပေမယ့် ငါက

တော့ သင်တို့အထဲမှာ အစေခံတစ်ယောက်လိုပါပဲ”
[၂၈] သင်တို့တွေဟာ ငါနဲ့အတူနေပြီးအကြိမ်
ပေါင်းများစွာ ရုန်းကန်ခဲ့ကြရတယ်၊ [၂၉] ငါ့ ခမည်း
တော်ဟာ ငါ့ကို နိုင်ငံတော်တစ်ခုပေးခဲ့တယ်၊ ငါ
ကလည်း သင်တို့ကို အုပ်ချုပ်တဲ့ အခွင့်အာဏာ
ကို ပေးတယ်၊ [၃၀] သင်တို့ဟာ ငါ့နိုင်ငံတော်က ငါ့
စားပွဲမှာ စားသောက်ရကြလိမ့်မယ်၊ သင်တို့ဟာ
ပလ္လင်ပေါ်မှာ ထိုင်ပြီး ဂျူးအမျိုးတစ်ဆယ့်နှစ်မျိုး
*(မိသားစုအုပ်စု)* ကို တရားစီရင်ကြရလိမ့်မယ်”

**သင်၏ယုံကြည်ခြင်းကို မပျောက်စေနှင့်**

*(မ ၂၆း၃၁-၃၅၊ မာ ၁၄း၂၇-၃၁၊ ယော ၁၃း၃၆-၃၈)*

[၃၁] “အို ရှိမုန်၊ ရှိမုန် ယာသမားက သူ့ဂျုံစပါး
တွေကို ဆန်ကာနဲ့ လှေ့သလို သင့်ကို စမ်းသပ်ဖို့
စာတန်*(နတ်ဆိုး)*က ခွင့်တောင်းနေတယ်၊ [၃၂] သင်
တို့ရဲ့ ယုံကြည်ခြင်းတွေ မပျောက်ပျက်အောင် ငါ
ဆုတောင်းခဲ့တယ်၊ သင်တို့ငါ့ဆီ ပြန်မလာမချင်း
သင်တို့ရဲ့ညီ အစ်ကိုတွေကိုလည်း ခိုင်ခံ့အောင်
ကူညီကြပါ”

[၃၃] သို့သော်လည်း ပေတရုက ယေရှုအား
“သခင် ကျွန်တော်ဟာ သခင်နဲ့အတူ ထောင်ထဲ
ကိုသွားဖို့ အဆင်သင့်ပဲ၊ သခင်နဲ့အတူ သေရမယ်
ဆိုရင်လည်း အဆင်သင့်ပါ”ဟု ပြောလိုက်၏။

[၃၄] သို့ရာတွင် ယေရှုက “ပေတရု နက်ဖြန်
မနက်ကြက်မတွန်ခင် သင်ဟာ ငါ့ကို မသိဘူးလို့
သုံးကြိမ်တိတိ ပြောလိမ့်မယ်”ဟု မိန့်တော်မူ၏။

**ဒုက္ခအတွက် အသင့်ရှိနေပါ**

[၃၅]ထို့နောက်ယေရှုက တမန်တော်တို့အား“ဘုရား
သခင်အကြောင်းကို ကြားပြောဖို့ သင်တို့ကို ငါစေ
လွှတ်ခဲ့တယ်၊ အဲဒီတုန်းက ငွေ၊ လွယ်အိတ်၊ ဖိနပ်
အပိုမပါဘဲ ငါလွှတ်ခဲ့တယ်၊ ဒါပေမယ့် သင်တို့
မှာ လိုတာရှိခဲ့သလား” ဟု မေးသောအခါ၊

တမန်တော်တို့က “မရှိပါ”ဟု ဖြေကြ၏။

[၃၆] ယေရှုက သူတို့အား “ဒါပေမယ့် တကယ်
လို့ အခုချိန်မှာ ငွေဖြစ်ဖြစ်၊ လွယ်အိတ်ဖြစ်ဖြစ်ရှိရင်
ဆောင်ထားကြပါ၊ သင်တို့မှာ ဓားမရှိရင် သင်တို့
ရဲ့အင်္ကျီကို ရောင်းပြီး ဓားတစ်လက်ကို ဝယ်ပါ၊
[၃၇] ကျမ်းစာထဲမှာ ဒီလို ပြောထားတယ်၊

‘သူသည် ရာဇဝတ်သားဖြစ်၏’ တဲ့

*ဟေရှာယ ၅၃း၁၂*

အဲဒီ ကျမ်းစာမှာ ရေးထားတဲ့အတိုင်းဖြစ်လိမ့်မယ်၊
အဲဒါဟာ ငါ့အကြောင်း ရေးထားတာဖြစ်ပြီး အခုပဲ
ဖြစ်နေပါပြီ”ဟု မိန့်တော်မူ၏။

[၃၈] နောက်လိုက်တို့က “ကြည့်ပါ သခင်၊ ဒီမှာ
ဓားနှစ်လက်ရှိတယ်”ဟု ပြောကြသော အခါ၊

ယေရှုက “လုံလောက်ပြီ”ဟု ဆိုလေ၏။

**တမန်တော်တို့အား ဆုတောင်းရန်**
**ယေရှုပြောခြင်း**

*(မ ၂၆း၃၆-၄၆၊ မာ ၁၄း၃၂-၄၂)*

[၃၉-၄၀] ယေရှုသည်မြို့*(ယေရုရှလင်)*ထဲမှ ထွက်
ပြီး သံလွင်တောင်သို့ သွားတော်မူ၏။ နောက်လိုက်
တို့သည်လည်း ယေရှုနှင့်အတူ လိုက်ပါသွားကြ၏။
(ယေရှုသည် မကြာခဏ သွားလေ့ရှိ၏)။ ယေရှုက
နောက်လိုက်တို့အား “စုံစမ်းနှောင့်ယှက်ခြင်း မခံ
ရဖို့ ဆုတောင်းကြပါ”ဟု မိန့်တော်မူ၏။

[၄၁]ထို့နောက် ယေရှုသည် သူတို့နှင့် ကိုက်ငါး
ဆယ်အကွာခန့်သို့သွားပြီး ဒူးထောက်ဆုတောင်း
လေ၏။ [၄၂] “အဖ၊ တကယ်လို့ အလိုတော်ရှိခဲ့ရင်
ဒီဝေဒနာခွက်ဖလားကို မသောက်ပါရစေနဲ့၊ ဒါပေ
မယ့်လည်း အဖအလိုအတိုင်းသာဖြစ်စေပါ၊ ကျွန်ုပ်
အလိုမဖြစ်ပါစေနဲ့”။ [၄၃] ထိုအခါ ကောင်းကင်ဘုံမှ
ကောင်းကင်တမန်တစ်ပါးပေါ်လာ၏။ ထိုတမန်
တော်သည် ယေရှုအား ကူညီရန်စေလွှတ်လိုက်သူ
ဖြစ်၏။ [၄၄] ယေရှုသည် ဝေဒနာပြင်းစွာခံစားနေရ၏။
သူသည် ခက်ခဲစွာ ကြိုးစားအားထုတ်ပြီး ဆုတောင်း
နေ၏။ ချွေးစက်တို့သည် သွေးကဲ့သို့ စီးကျလေ၏။
[၄၅]ယေရှုဆုတောင်းပြီးသောအခါ နောက်လိုက်များ
ထံသို့ ပြန်သွား၏။ သူတို့ အိပ်မောကျနေကြ၏။
(သူတို့၏ဝမ်းနည်းကြေကွဲခြင်းက သူတို့အား ပင်ပန်း
နွမ်းနယ်စေ၏)။ ယေရှုက သူတို့အား“ဘာကြောင့်
အိပ်နေကြရတာလဲ၊ စုံစမ်းနှောင့်ယှက်ခြင်း တွန်း
လှန်နိုင်အောင် ခွန်အားရဖို့ ဆုတောင်းကြပါ”ဟု
မိန့်တော်မူ၏။

**ယေရှုအဖမ်းခံရခြင်း**

*(မ ၂၆း၄၇-၅၆၊ မာ ၁၄း၄၃-၅၀၊ ယော ၁၈း၃-၁၁)*

[၄၇] ယေရှုစကားပြောနေစဉ် လူတစ်စုရောက်
လာ၏။ ထိုလူစုကို တမန်တော်တစ်ဆယ့်နှစ်ယောက်
အထဲမှ ယုဒရှကာရုတ် ဦးဆောင်လာ၏။ ယုဒသည်
ယေရှုအား နမ်းနိုင်ရန် ယေရှုအနားသို့ တိုးကပ်
လာ၏။

[၄၈] သို့ရာတွင် ယေရှုက “ယုဒ သင်ဟာ ရင်းနှီး
တဲ့အနမ်းကို အသုံးချပြီး လူသားကို ရန်သူ့လက်
ထဲအပ်မလို့လား”ဟု ပြောလိုက်၏။ [၄၉] ယေရှုနောက်
လိုက်တို့သည် ထိုနေရာတွင် ရပ်နေကြ၏။ မည်သို့
ဖြစ်နေသည်ကို သူတို့မြင်ရကြ၏။ နောက်လိုက်တို့

က ယေရှုအား "သခင်၊ ကျွန်တော်တို့ ဓားထုတ်သုံး
လိုက်ရမလား"ဟု ဆိုကာ၊ ၅၀ နောက်လိုက်တစ်
ယောက်က သူ၏ဓားနှင့် ယဇ်ပုရောဟိတ်မင်း၏
အစေခံတစ်ယောက်၏ညာဘက်နားရွက်အား ခုတ်
ဖြတ်လိုက်၏။

၅၁ ယေရှုက "ရပ်လိုက်"ဟု ပြောပြီး၊ နားရွက်
ပြတ်သွားသော အစေခံ၏နားရွက်ကို ထိကိုင်လိုက်
ရာ အကောင်းပကတိပြန်ဖြစ်သွား၏။

၅၂ ယေရှုအား ဖမ်းဆီးရန်လာကြသူများမှာ ယဇ်
ပုရောဟိတ်မင်းများ၊ ဂျူးလူမျိုးအကြီးအကဲများနှင့်
ဂျူးစစ်သားများဖြစ်ကြ၏။ ထိုသူတို့အား ယေရှုက
"ဘာကြောင့် ဒီနေရာကို တုတ်တွေ၊ ဓားတွေကိုင်
ပြီး လာကြတာလဲ၊ ငါ့ ကို ရာဇဝတ်သားတစ်ယောက်
လို့ ထင်နေကြသလား၊ ငါ သင်တို့နဲ့အတူ နေ့တိုင်း
ဗိမာန်တော်မှာ ရှိခဲ့တာပဲ၊ ဘာကြောင့် အဲဒီမှာတုန်း
က ဖမ်းဖို့မကြိုးစားကြရတာလဲ၊ ဒါပေမယ့် အခုချိန်
မှာတော့ သင်တို့ရဲ့အချိန်ရောက်ပါပြီ၊ အမှောင်
*(အပြစ်)* ဖုံးလွှမ်းတဲ့အချိန်ဖြစ် တယ်"ဟု မိန့်တော်
မူ၏။

## ပေတရုက ယေရှုအား သိကြောင်းပြောရန် ကြောက်ရွံ့ခြင်း

*(မ ၂၆း၅၇-၅၈၊ ၆၉-၇၅၊ မာ ၁၄း၅၃-၅၄၊ ၆၆-၇၂၊ ယော ၁၈း၁၂-၁၈၊ ၂၅-၂၇)*

၅၄ သူတို့သည် ယေရှုအား ဖမ်းဆီးပြီး ယဇ်
ပုရောဟိတ်မင်း၏နေအိမ်သို့ ခေါ်ဆောင်သွားကြ
၏။ ပေတရုသည် သူတို့နောက်သို့ လိုက်သွား၏။
သို့ရာတွင် သူသည် ယေရှုအနားသို့ မလာပါ။
၅၅ စစ်သားတို့သည် ခြံအလယ်၌ မီးမွှေးပြီး မီးပုံပြု
လုပ်ကာ မီးလှုံနေကြ၏။ ပေတရုသည်လည်း သူတို့
နှင့်အတူ ထိုင်နေ၏။ ၅၆ အစေခံမတစ်ယောက်
သည် ထိုနေရာတွင် ပေတရုထိုင်နေသည်ကို တွေ့
လေ၏။ မီးဖိုမှအလင်းရောင်ကြောင့် ပေတရုကို
သူမတွေ့ လိုက်ရ၏။ ထိုအမျိုးသမီးငယ်သည် ပေ
တရုမျက်နှာကို အနီးကပ်ကြည့်လိုက်ပြီး "ဒီလူလည်း
သူ*(ယေရှု)*နဲ့ အတူရှိတဲ့လူပဲ" ဟု ပြောလိုက်၏။

၅၇ သို့ရာတွင် ပေတရုက မမှန်ကြောင်းပြော
၏။ သူက "မိန်းကလေး၊ ငါသူ့ကို မသိဘူး"ဟု ပြော
လိုက်၏။ ၅၈ အချိန်အနည်းငယ် အကြာတွင် နောက်
လူတစ်ယောက်က ပေတရု အားမြင်တွေ့ပြီး "သင်
ဟာ သူ့*(ယေရှု)* နောက်လိုက်တွေအထဲက တစ်
ယောက်ပဲ"ဟု ပြောလိုက်၏။

သို့သော်လည်း ပေတရုက "ဟေ့လူ၊ ကျွန်တော်
က အဲဒီလူရဲ့နောက်လိုက်မဟုတ်ဘူး"ဟု ပြန်ပြော
လိုက်၏။

၅၉ တစ်နာရီခန့်အကြာတွင် အခြားလူတစ်
ယောက်က "ဒီလူက သူ*(ယေရှု)*နဲ့အတူ ရှိနေတဲ့
သူဆိုတာ အမှန်ပဲ၊ သူဟာ ဂါလိလဲနယ်က ဖြစ်
တယ်" ဟု ထိုသူက အသေအချာပင် ပြောလိုက်
သည်။

၆၀ သို့သော် ပေတရုက "ဟေ့လူ၊ ခင်ဗျား ဘာ
တွေပြောနေတယ်ဆိုတာကို ကျွန်တော် မသိဘူး"
ဟု ပြောလိုက်၏။

ပေတရုစကားပြောနေစဉ်မှာပင် ရုတ်တရက်
ဆိုသလို ကြက်ဖတွန်လေ၏။ ၆၁ ထိုနောက်တွင်
သခင်ဘုရား*(ယေရှု)* သည် လှည့်ပြီး ပေတရု၏
မျက်လုံးထဲသို့ စိုက်ကြည့်လေ၏။ ထိုအခါ ပေတရု
က မနက်ကြက်မတွန်ခင် သင်ဟာ ငါ့ကို မသိဘူး
လို့ သုံးခါတိုင်တိုင် ပြောလိမ့်မယ်"ဟူသော သခင်
ဘုရားပြောခဲ့သောစကားကို သတိရလေ၏။ ၆၂ ထို့
နောက် ပေတရုသည် အပြင်သို့ထွက်သွားပြီး ရှိုက်
ကြီး တငင်ငိုကြွေးလေ၏။

## လူများယေရှုအားလှောင်ပြောင်ပြက်ရယ်ပြုကြခြင်း

*(မ ၂၆း၆၇-၆၈၊ မာ ၁၄း၆၅)*

၆၃ လူအချို့တို့က ယေရှုအား ဝိုင်းရံ(စောင့်
ကြပ်)ကြ၏။ သူတို့က ယေရှုအား လှောင်ပြောင်
ရယ်မောစရာအဖြစ် ဤသို့ပြုကြ၏။ ၆၄ သူတို့အား မမြင်
နိုင်အောင် ယေရှု၏မျက်လုံးများကို စည်းထားကြ
၏၊ ထို့နောက် သူတို့သည် ယေရှုအား လက်သီးနှင့်
ထိုးကြပြီး "သင့်ကို ဘယ်သူထိုးတယ်ဆိုတာ ပရော
ဖက်ပြုစမ်းပါ"ဟု မေးကြ၏။ ၆၅ သူတို့သည် ယေရှု
အား အလွန်ဆိုးဆိုးရွားရွားပြောဆိုကဲ့ရဲ့ကြ၏။

## ဂျူးခေါင်းဆောင်များရှေ့မှ ယေရှု

*(မ ၂၆း၅၉-၆၆၊ မာ ၁၄း၅၅-၆၄၊ ယော ၁၈း၁၉-၂၄)*

၆၆ နောက်တစ်နေ့မနက်တွင် လူတို့၏ ခေါင်း
ဆောင်အကြီးအကဲများ၊ ယဇ်ပုရောဟိတ်များနှင့်
ကျမ်းပြုဆရာတို့သည် အတူတကွ လာကြ၏။ သူ
တို့သည် ယေရှုအား သူတို့၏ အမြင့်ဆုံးလွှတ်တော်
ရုံးသို့ ခေါ်သွားကြ၏။ ၆၇ သူတို့က "တကယ်လို့ သင်
ဟာ ခရစ်တော်ဆိုရင် ငါတို့ကို ပြောပြစမ်းပါ"ဟု
ဆိုကြ၏။

ယေရှုက ထိုသူတို့အား "တကယ်လို့ ငါက ငါ
ဟာ ခရစ်တော်ဖြစ်တယ်လို့ ပြောရင် သင်တို့ ငါ့ကို
ယုံကြမှာမှ မဟုတ်တာ၊ ၆၈ နောက်ပြီး သင်တို့ကို ငါ
မေးရင်လည်း သင်တို့ဖြေကြမှာ မဟုတ်ဘူး။ ၆၉ ဒါ

ပေမယ့် အခုကစပြီး လူသားဟာ ဘုရားသခင်ရဲ့
ပလ္လင်လက်ျာဘက်မှာ ထိုင်ရလိမ့်မယ်''ဟု မိန့်
တော်မူ၏။
၇၀ ထိုအခါ သူတို့အားလုံးက ''ဒါဆိုရင် သင်
ဟာ ဘုရားသခင်ရဲ့သားတော်ပေါ့နော်'' ဟု ယေရှု
အား မေးကြ၏။ ''ဟုတ်တယ်၊ သင်တို့ ပြောတာမှန်
တယ်၊ ငါဟာ သင်တို့ပြောတဲ့အတိုင်းဖြစ်တယ်''ဟု
ယေရှုက ဖြေလိုက်၏။
၇၁ သူတို့က ''ငါတို့မှာ ဘာသက်သေ လိုဦးမှာ
လဲ၊ သူပြောတာကို ငါတို့ကိုယ်တိုင်ကြားရပြီပဲ''ဟု
ပြောကြ၏။

## ယေရှုအား မြို့တော်ဝန်ပိလတ်မင်းက မေးခြင်း

*(မ ၂၇:၁-၂၊ ၁၁-၁၄၊ မာ ၁၅:၁-၅၊ ယော ၁၈:၂၈-၃၈)*

၂၃ ထို့နောက် အပ်စုတစ်ခုလုံး ထလိုက်ကြပြီး
နောက် ယေရှုအား ပိလတ်မင်းထံ ခေါ်
ဆောင်သွားကြ၏။ ၂ သူတို့က ယေရှုအား စတင်
စွဲချက်တင်ကြ၏။ သူတို့က ပိလတ် မင်းအား''ဒီ
လူဟာ ကျွန်တော်တို့ လူတွေရဲ့အတွေးအခေါ်ကို
ပြောင်းအောင်ကြိုးစားနေလို့ ကျွန်တော်တို့ ဖမ်းဆီး
လိုက်ပါတယ်၊ သူက ကဲသာဘုရင်ကို အခွန်မဆက်
သင့်ဘူးလို့ ပြောပါတယ်၊ သူ့ကိုယ်သူလည်း ခရစ်
တော်၊ ဘုရင်လို့ ပြောနေပါတယ်''ဟု ဆိုကြ၏။
၃ ထိုအခါ ပိလတ်မင်းက ယေရှုအား''သင်
ဟာ ဂျူးတို့ရဲ့ဘုရင်ဟုတ်သလား''ဟု မေး၏။
ယေရှုက ''ဟုတ်တယ်၊ အဲဒါမှန်တယ်'' ဟု
ပြန်ဖြေ၏။
၄ ပိလတ်မင်းကယဇ်ပုရောဟိတ်ခေါင်းဆောင်
များနှင့် လူတို့အား၊ ''ဒီလူဆီမှာ ဘာအမှားမှ ငါ
မတွေ့ဘူး''ဟု ပြောလိုက်၏။
၅ သူတို့က ''ဒါပေမယ့် ဒီလူဟာ လူတွေကို
ဒုက္ခပေးနေတယ်၊ သူဟာ ယုဒပြည်ပတ်ပတ်လည်
မှာ ဩဝါဒတွေလိုက်ပေးနေတယ်၊ သူ ဂါလိလဲက
စလိုက်တာ ခုဒီအထိ ရောက်လာပြီ''ဟု ထပ်တလဲ
လဲပြောကြ၏။

## ပိလတ်မင်းက ယေရှုကို ဟေရုဒ်ထံပို့ခြင်း

၆ ထိုအကြောင်းကို ပိလတ်မင်းကြားသောအခါ
ယေရှုသည် ဂါလိလဲပြည်မှဟုတ်မဟုတ်ကို မေး
မြန်းခဲ့၏။ ၇ ယေရှုသည် ဟေရုဒ်မင်း၏ လက်
အောက်ခံနယ်မြေမှဖြစ်ကြောင်း ပိလတ်မင်းသိလိုက်
ရ၏။ ထိုအချိန်တွင် ဟေရုဒ်သည် ယေရုရှလင်မြို့၌
ရှိနေ၏။ ထို့ကြောင့် ပိလတ်မင်းက ယေရှုအား
ဟေရုဒ်မင်းထံ ပို့လိုက်၏။ ၈ ဟေရုဒ်မင်းသည်
ယေရှုကိုမြင်သောအခါ အလွန်ပျော်သွား၏။ ဟေရုဒ်
မင်းက ယေရှုနှင့် ပတ်သက်သောအကြောင်းအရာ
အားလုံးကို ကြားသိပြီးဖြစ်၏။ ထို့ကြောင့် သူသည်
ယေရှုအား တွေ့ချင်နေသည်မှာ ကြာခဲ့လေပြီ။ ဟေ
ရုဒ်မင်းသည် နိမိတ်လက္ခဏာတစ်ခုကို မြင်ချင်
နေ၏။ ထို့ကြောင့် ယေရှုက သူအားနိမိတ်လက္ခဏာ
တစ်ခုကို ပြလိမ့်မည်ဟု မျှော်လင့်နေ၏။ ၉ ဟေရုဒ်
မင်းသည် ယေရှုအား မေးခွန်းများစွာ မေးသော်
လည်း ယေရှုက တစ်ခွန်းမျှ မဖြေခဲ့ပါ။ ၁၀ ယဇ်ပု
ရောဟိတ်ခေါင်းဆောင်တို့နှင့် ကျမ်းပြုဆရာတို့သည်
ထိုနေရာတွင် ရပ်နေကြ၏။ သူတို့သည် အမျိုးမျိုး
အော်ဟစ်ဆန့်ကျင်ကြ၏။ ၁၁ ထို့နောက် ဟေရုဒ်
မင်းနှင့် သူ၏စစ်သားတို့သည် ယေရှုအား ပြက်
ရယ်ပြုကြ၏။ သူတို့က ယေရှုအား ရယ်စရာအဖြစ်
ဘုရင်ဝတ်သောအဝတ်အစားကို ဝတ်ဆင်ပေးကြ
၏။ ထို့နောက် ဟေရုဒ်မင်းက ယေရှုအား ပိလတ်
မင်းထံ ပြန်ပို့လိုက်၏။ ၁၂ လွန်ခဲ့သောအချိန်များက
ပိလတ်မင်းနှင့်ဟေရုဒ်မင်းတို့ သည် အစဉ်သဖြင့်
ရန်သူများဖြစ်ကြ၏။ သို့သော်လည်း ထိုနေ့မှစ၍
ဟေရုဒ်မင်းနှင့် ပိလတ်မင်းတို့သည် မိတ်ဆွေများ
ဖြစ်သွားကြ၏။

## ယေရှု သေရမည်

*(မ ၂၇:၁၅-၂၆၊ မာ ၁၅:၁-၅၊ ယော ၁၈:၂၈-၃၈)*

၁၃ ပိလတ်မင်းက ယဇ်ပုရောဟိတ်ခေါင်း
ဆောင်များ၊ ဂျူးခေါင်းဆောင်များနှင့်အတူလူအားလုံး
ကို ခေါ်လိုက်၏။ ၁၄ ပိလတ်မင်းက သူတို့အား
''ဒီလူ(ယေရှု)ကိုသင်တို့ ငါ့ဆီ ခေါ်လာခဲ့ကြတယ်၊
သူဟာ လူတွေကို စိတ်ပြောင်းအောင်ကြိုးစားနေ
တယ်လို့ သင်တို့ ပြောကြတယ်၊ ဒါပေမယ့် သင်
တို့အားလုံးရှေ့မှာပဲ သူ့ကို ငါစစ်ဆေးခဲ့တာပဲ၊ သူ
အမှားလုပ်ထား တာကိုလည်း ငါမတွေ့ဘူး၊ ယေရှု
မှာ သင်တို့ပြောသလို ဘာအပြစ်မှမရှိဘူး၊ ၁၅ ဟေရုဒ်
မင်းကလည်းသူ့မှာဘာအမှားကိုမှမတွေ့တဲ့အတွက်
ယေရှုကို ငါတို့ဆီပြန်ပို့လိုက်ပြီ၊ ကြည့်ပါ ယေရှုက
ဘာအမှားကိုမှမလုပ်ခဲ့ဘူး၊ သူ့ကို မသတ်သင့်ဘူး၊
၁၆ ဒါကြောင့် ငါသူ့ကို နည်းနည်းပါးပါးအပြစ်ပေး
ပြီးရင် ပြန်လွှတ်ပေးလိုက်မယ်''ဟု ပြောလိုက်၏။
၁၇ နှစ်စဉ်နှစ်တိုင်း ပသခါပွဲတော်ရက်တွင်
ပိလတ်မင်းသည် အကျဉ်းသားတစ်ဦးအား လွှတ်
ပေးလေ့ရှိ၏။
၁၈ သို့ရာတွင် လူအားလုံးတို့က ''သူ့ကိုသတ်

ပါ၊ ဗာရဗ္ဗကို လွှတ်ပေးပါ”ဟု အော်ဟစ် ကြ၏။
၁၉(ဗာရဗ္ဗသည် မြို့ထဲတွင် အဓိကရုဏ်း ဖြစ်စေရန်
အစပျိုးခြင်းနှင့် လူအချို့ကို သတ်မှုဖြင့် ထောင်
ကျနေသူဖြစ်၏။)
၂၀ ပိလတ်မင်းက ယေရှုအား လွှတ်ပေးလို၏။
ထို့ကြောင့် ပိလတ်မင်းက ယေရှုအား လွှတ်ပေး
မည့်အကြောင်းကို ထပ်ပြော၏။ ၂၁ သို့ရာတွင် ထို
သူတို့က “သူ့ကို သတ်လိုက်ပါ၊ လက်ဝါးကပ်
တိုင်ပေါ်မှာ သတ်ပါ”ဟု ထပ်ခါထပ်ခါ အော်ဟစ်
ကြ၏။
၂၂ ပိလတ်မင်းက လူတို့အား တတိယအကြိမ်
ပြောလိုက်၏။ “ဘာကြောင့်လဲ၊ သူဘာ အမှားကို
လုပ်ခဲ့လို့လဲ၊ သူမှာ အပြစ်မရှိဘူး၊ သူ့ကို သတ်ရ
လောက်တဲ့အကြောင်းဘာမှ ငါမတွေ့ဘူး၊ ဒါကြောင့်
သူ့ကို အပြစ်နည်းနည်းပေးပြီးပြန်လွှတ်လိုက်မယ်”
ဟု ဆိုလိုက်၏။
၂၃ သို့ရာတွင် လူတို့သည် ဆက်လက် အော်
ဟစ်ကြ၏။ သူတို့က ယေရှုအား လက်ဝါးကပ်တိုင်
ပေါ်တင်သတ်ရန် တောင်းဆိုကြ၏။သူတို့၏အော်
ဟစ်သံမှာ ကျယ်သထက် ကျယ်လောင်လာသဖြင့်၊
၂၄ ပိလတ်မင်းက လူများ ဖြစ်စေချင်သည့်အတိုင်း
သူတို့၌အပ်ရန် ဆုံးဖြတ်လိုက်တော့သည်။ ၂၅ လူတို့
က ဗာရဗ္ဗကို လွှတ်စေချင်ကြ၏။ ဗာရဗ္ဗသည် အဓိ
ကရုဏ်းဖြစ်စေရန် အစပျိုးခြင်းနှင့် လူအချို့ကိုသတ်
မှုဖြင့် ထောင်ကျနေသူဖြစ်၏။ ပိလတ်မင်းက ဗာရဗ္ဗ
အား လွှတ်ပေးလိုက်၏။ ထို့နောက် ပိလတ်မင်း
သည် ယေရှုအား သတ်ရန်အတွက် လူတို့လက်ထဲ
သို့ အပ်လိုက်တော့သည်။ ဤသည်မှာ လူတို့ဖြစ်
စေချင်သည့်အတိုင်းဖြစ် သွားခြင်းပင်ဖြစ်၏။

**ယေရှုအား ကားတိုင်ပေါ်တွင် သတ်ခြင်း**

*(မ ၂၇:၃၂-၄၄၊ မာ ၁၅:၂၁-၃၂၊ ယော ၁၉:၁၇-၂၇)*

၂၆ စစ်သားတို့က ယေရှုအား သတ်ရန်ခေါ်
ဆောင်သွားကြ၏။ ထိုအချိန်မှာပင် လူတစ်ယောက်
သည် ယာခင်းထဲမှ လာပြီး မြို့ထဲသို့ဝင်လာ၏။ သူ
သည် ရှိမုန်ဖြစ်၏။ ရှိမုန်သည် ကုရေနေမြို့မှဖြစ်၏။
စစ်သားတို့က ရှိမုန်အား ယေရှု၏ ကားတိုင်ကို
အတင်းအဓမ္မထမ်းခိုင်းပြီး ယေရှုနောက်မှ လိုက်
စေ၏။
၂၇ ယေရှုနောက်မှ အလွန်တရာများပြားသော
လူအုပ်ကြီးလိုက်လာ၏။ အမျိုးသမီးအချို့တို့သည်
ဝမ်းနည်းစွာ ငိုကြွေးကာ လိုက်ပါလာကြ၏။ သူတို့
သည် ယေရှုအတွက် စိတ်မကောင်း ဖြစ်နေကြ၏။
၂၈ သို့ရာတွင် ယေရှုက အမျိုးသမီးတို့အား လှည့်ပြီး
“ယေရုရှလင်မြို့သူတို့ ငါ့အတွက်ကြောင့် မငိုကြ
ပါနဲ့။ သင်တို့အတွက်နဲ့ သင်တို့သားသမီးတွေ
အတွက်သာ ငိုကြပါ။ ၂၉ ‘ကလေးမရနိုင်တဲ့ အမြုံမ
တို့ ဝမ်းမြောက်ကြပါ၊ ကလေးမရှိတဲ့အတွက် ပြုစု
စောင့်ရှောက် ဖို့မလိုတဲ့အမျိုးသမီးတို့ ဝမ်းမြောက်
ကြလို့ ပြောကြမဲ့အချိန်ရောက်လာပြီ။’ ၃၀ နောက်ပြီး
လူတွေက တောင်တွေကို ‘ငါတို့အပေါ် ပြိုကျ
လိုက်ပါတော့လို့ ပြောကြလိမ့်မယ်၊ ပြီးတော့
တောင်ကုန်းတွေကို ‘ငါတို့ကို ဖုံးလွှမ်းလိုက်ပါတော့’
လို့ ပြောကြလိမ့်မယ်။ ၃၁ ခုလိုအချိန်ကောင်းမှာ
ဒီလိုပြုမူနေကြမယ်ဆိုရင် ဆိုးရွားတဲ့အချိန်ရောက်
လာရင် ဘာတွေဖြစ်လိမ့်ဦးမလဲ”ဟု ပြောလိုက်၏။
၃၂ ထိုနေရာတွင် ယေရှုနှင့်အတူ သတ်ရန်
ရာဇဝတ်သားနှစ်ယောက်ကိုလည်း ခေါ်ခဲ့ကြ၏။
ယေရှုနှင့်ရာဇဝတ်သားနှစ်ယောက်အား ခေါ်လာ
သည့်နေရာမှာ “ဦးခေါင်းခွံ”ဟု ခေါ်သောနေရာ
ဖြစ်၏။ ထိုနေရာ၌ စစ်သားတို့သည် ယေရှုအား
ကားတိုင်ပေါ်တွင် သံချောင်းများနှင့် ရိုက်ထား
လိုက်ကြ၏။ စစ်သားတို့သည် ရာဇဝတ်သားနှစ်
ယောက်တို့ကိုလည်း သူတို့၏ ကားတိုင်ပေါ်တွင်
သံချောင်းများနှင့်ရိုက်ထားလိုက်ကြ၏။ သူတို့သည်
ရာဇဝတ်သား တစ်ယောက်အား ယေရှု၏ညာဘက်
တွင်လည်းကောင်း၊ ကျန်ရာဇဝတ်သားကို ဘယ်
ဘက်တွင်လည်းကောင်း ဘေးချင်းယှဉ်လျက်ထား
ကြ၏။ ၃၄ ယေရှုက “အိုအဖ၊ ကျွန်ုပ်ကို သတ်တဲ့သူ
တွေကို ခွင့်လွှတ်ပါ၊ သူတို့ဘာ လုပ်နေကြတယ်
ဆိုတာ သူတို့မသိကြလို့ပါ”ဟု မြွက်ဆိုတော်မူ၏။
စစ်သားများသည် ယေရှုဝတ်ဆင်သောအဝတ်
ကို မည်သူယူရမည်ကို အချင်းချင်း မဲခွဲ၍ ဆုံးဖြတ်
ရွေးချယ်နေကြ၏။ ၃၅ ထိုအနီး အနားတွင်ရပ်ကာ
ယေရှုအား စောင့်ကြည့်နေသူများလည်းရှိ၏။ ဂျူး
ခေါင်းဆောင်တို့က ယေရှုအား ပြောင်လှောင်ရယ်
မောကြ၏။ သူတို့က “သူသာ ဘုရားသခင်ရွေးချယ်
ထားတဲ့ တစ်ယောက်သော ခရစ်တော်ဆိုရင် ကိုယ့်
ကိုယ်ကို ကယ်ပါလား၊ သူက သူများကို ကယ်မယ်
လို့ပြောခဲ့တယ်မဟုတ်လား”ဟု ပြောကြ၏။
၃၆ စစ်သားများပင်လျှင် ယေရှုအား ရယ်
လျက် စကြ၏။ သူတို့သည် ယေရှုထံလာပြီး စပျစ်
ရည်အနည်းငယ်ကို တိုက်မည်ပြုကြ၏။ ၃၇ စစ်သား
များက “သင်ဟာ ဂျူးတွေရဲ့ ဘုရင်ဆိုရင် ကိုယ့်
ကိုယ်ကို ကယ်ပါလား”ဟု ဆိုကြ၏။ ၃၈ (ယေရှု၏

လက်ဝါးကား တိုင်ထိပ်တွင် ဤစာလုံးကိုရေးထား
၏။ 'ဤသူသည် ဂျူးတို့၏ဘုရင်ဖြစ်သည်')
၃၉ ရာဇဝတ်သားတစ်ယောက်က ယေရှုအား
"သင် ခရစ်တော်မဟုတ်လား၊ ဟုတ်ရင် သင့်ကိုယ်
သင် ကယ်ပါလား။ ပြီးရင် ငါတို့ကို ကယ်ပါဦး"ဟု
ဆိုးရွားစွာ စတင်အော်ဟစ်လေ၏။
၄၀ သို့ရာတွင် အခြားရာဇဝတ်သားကမူ ထိုသူ
အား တားမြစ်၏။ သူက "သင်ဟာ ဘုရားသခင်ကို
ကြောက်သင့်တယ်၊ ငါတို့အားလုံး မကြာခင်မှာ
သေကြရမယ်၊ ၄၁ တို့နှစ်ယောက်စလုံးဟာ အပြစ်ရှိ
ကြတယ်၊ ငါတို့ပြုခဲ့တဲ့ အမှားတွေကြောင့် တို့နှစ်
ယောက်စလုံး သေသင့်တယ်၊ ဒါပေမယ့် ဒီလူ
*(ယေရှု)* က ဘာအမှား တစ်ခုမှမလုပ်ခဲ့ဘူး"ဟု
ပြောပြီး၊ ၄၂ ယေရှုအား"ယေရှု၊ သင်ဘုရင်အဖြစ်
အုပ်စိုးတဲ့အခါကျရင် ကျွန်တော်ကို သတိရပါ"
ဟု ပြောလေ၏။
၄၃ ထိုအခါ ယေရှုက ထိုသူအား"နားထောင်ပါ၊
ငါအမှန်အကန်ပြောမယ်။ ဒီကနေ့ သင်ဟာ ငါနဲ့
အတူ ပရသိသုဘုံမှာ ရှိလိမ့်မယ်"ဟု မိန့်တော်မူ၏။

**ယေရှုသေဆုံးခြင်း**

*(မ ၂၇း၄၅-၅၆၊ မာ ၁၅း၃၃-၄၁၊ ယော ၁၉း၂၈-၃၀)*

၄၄ အချိန်သည် နေမွန်းတည့် အချိန်ဖြစ်၏။
သို့ရာတွင် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုကြီး
က လွှမ်းမိုးလာ၏။ မွန်းလွဲသုံးနာရီအထိဖြစ်၏။ နေ
ကိုလည်း မတွေ့ရတော့။ ဗိမာန်တော်မှ ကန့်လန့်
ကာကြီးသည်စုတ်ပြဲကာ နှစ်ပိုင်းဖြစ်သွား၏။ ၄၆ ယေရှု
က "အဖ၊ ကျွန်ုပ်ရဲ့ ဝိညာဉ်ကို အပ်လိုက်ပါပြီ"ဟု
ပြောပြီးနောက် အသက်ချုပ်လေ၏။
၄၇ ထိုနေရာတွင်ရှိသော စစ်ဗိုလ်သည် အဖြစ်
အပျက်အားလုံးကို တွေ့မြင်လေ၏။ သူသည် ဘုရား
သခင်ကို ချီးမွမ်းပြီး"ဒီလူဟာ လူကောင်းတစ်
ယောက်ဆိုတာ ကျွန်တော် သိပြီ"ဟု ပြောလေ၏။
၄၈ မြို့ထဲမှ လူတို့သည် ထွက်လာကြပြီး ထို
အဖြစ်ကို ကြည့်ကြ၏။ ယေရှုသေဆုံးနေပြီကို သူတို့
တွေ့ကြသောအခါ သူတို့သည် ဝမ်းနည်းကြေကွဲ
စွာဖြင့် ပြန်သွားကြ၏။ ၄၉ ထိုလူများထဲတွင် ယေရှု
နှင့်ရင်းနှီးသောသူများ လည်းပါကြ၏။ ဂါလိလဲပြည်
မှ ယေရှုနှင့်အတူ လိုက်ပါလာကြသော အမျိုးသမီး
အချို့တို့ လည်းရှိကြ၏။ သူတို့အားလုံးတို့သည် လက်
ဝါးကပ်တိုင်နှင့် ခပ်လှမ်းလှမ်းမှ ထိုဖြစ်ရပ်ကိုကြည့်
နေကြ၏။

**အရိမသဲယောသပ်**

*(မ ၂၇း၅၇-၆၁၊ မာ ၁၅း၄၂-၄၇၊ ယော ၁၉း၃၈-၄၂)*

၅၀-၅၁ ထိုနေရာတွင်ရှိသော လူတစ်ယောက်သည်
ယုဒမြို့တစ်မြို့ဖြစ်သော အရိမသဲမြို့မှ ဖြစ်၏။ သူ့အ
မည်မှာ ယောသပ်ဖြစ်၏။ သူသည် ဘုရားသခင်
အလိုတော်အတိုင်း အသက်ရှင်သော လူကောင်း
တစ်ယောက်ဖြစ်၏။ သူသည် ဘုရားသခင်၏နိုင်ငံ
တော်ကို စောင့်မျှော်နေသူဖြစ်၏။ ယောသပ်သည်
ဂျူးကောင်စီမှအဖွဲ့ဝင်တစ်ဦးဖြစ်၏။ သို့ရာတွင် သူ
သည် အခြားဂျူးခေါင်းဆောင်တို့က ယေရှုကိုသတ်
ရန် ဆုံးဖြတ်ခဲ့သည်ကို သဘောမတူခဲ့ချေ။ ၅၂ ယော
သပ်သည် ပိလတ်မင်းထံဝင်ပြီး ယေရှု၏အလောင်း
တော်ကို တောင်း၏။ ပိလတ်ကလည်း ခွင့်ပြုလိုက်
၏။ ၅၃ ထို့ကြောင့် ယောသပ်သည် ယေရှု၏အလောင်း
တော်ကို ကားတိုင်ပေါ်မှချပြီး အဝတ်နှင့် ပတ်စည်း
ထားလေ၏။ ထို့နောက် သူသည် ယေရှု၏အလောင်း
တော်ကို ကျောက်နံရံကိုထွင်းထားသည့် သင်္ချိုင်း
ဂူတွင် ထည့်သွင်းလေ၏။ ဤသင်္ချိုင်းဂူကို တစ်ခါ
မှ အသုံးမပြုဖူးသေးပါ။ ၅၄ ထိုနေ့သည် ပြင်ဆင်ရာ
နေ့ဖြစ်၏။ နေဝင်သွားသည်နှင့် ဥပုသ်နေ့အစပြု
လေ၏။
၅၅ ယေရှုနောက်သို့ ဂါလိလဲပြည်မှလိုက်လာ
ကြသောအမျိုးသမီးတို့သည် ယောသပ် နောက်သို့
လိုက်သွားကြ၏။ ထိုအမျိုးသမီးများက ယေရှု၏
အလောင်းတော်အား သင်္ချိုင်းဂူ ထဲတွင် ထည့်ထား
သည်ကို တွေ့လိုက်ကြ၏။ ၅၆ ထိုနောက် ထိုအမျိုး
သမီးတို့သည် ထွက် သွားကြပြီး၊ ယေရှု၏ခန္ဓာကိုယ်
အား လိမ်းကျံပေးရန် အမွှေးနံ့သာများကို သွားပြီး
ပြင်ဆင်ကြ၏။

ဥပုသ်နေ့တွင် သူတို့အနားယူနေကြ၏။ မော
ရှေ၏ ပညတ်တရားအရ လူအားလုံးတို့ ထိုသို့ပြုရန်
ပညတ်ခဲ့၏။

**ယေရှုသေခြင်းမှထမြောက်သောသတင်း**

*(မ ၂၈း၁-၁၀၊ မာ ၁၆း၁-၈၊ ယော ၂၀း၁-၁၀)*

၂၄ တနင်္ဂနွေနေ့ နံနက်စောစောတွင် အမျိုး
သမီးတို့သည်ယေရှု၏ရုပ်အလောင်းတော်
ထားရာ သင်္ချိုင်းသို့ လာကြ၏။ သူတို့သည် သူတို့
ပြင်ဆင်ထားကြသည့် ချိုအီသင်းပျံ့သောအမွှေးနံ့
သာများကို ယူလာ ကြ၏။ ၂ သင်္ချိုင်းဂူကိုပိတ်ထား
ရန် အလွန်လေးလံသည့်ကျောက်တုံးတစ်တုံးကို
ဂူအဝတွင် ထား၏။ သို့ရာတွင် ထိုအမျိုးသမီးတို့

သည် ကျောက်တုံးကြီးကို အဝေးသို့လှိမ့်ထားသည်
ကို တွေ့ရကြ၏။ ၃ သူတို့သည် ဂူအတွင်းသို့ ဝင်
သွားကြသောအခါ အရှင်ယေရှု၏ ရုပ်အလောင်း
တော်ကို မတွေ့ကြတော့ပါ။ ၄ ထိုအမျိုးသမီးများ
က ဤအရာကို နားမလည်နိုင်ကြ။ သူတို့အံ့ဩနေ
ကြစဉ် လူနှစ်ယောက်*(ကောင်းကင်တမန်)*တို့သည်
တောက်ပသောအဝတ်များကိုဝတ်ဆင်လျက်သူတို့
ဘေးတွင် ရပ်နေ၏။ အမျိုးသမီးများက ကြောက်ရွံ့
တုန်လှုပ်လျက် ခေါင်းငုံ့ကာ အရိုအသေပြုကြ၏။
ထိုသူနှစ်ယောက်က "ဘာကြောင့်ဒီမှာ အသက်ရှင်
တဲ့သူကို ရှာနေကြရတာလဲ၊ ဒီနေရာဟာ သေတဲ့
သူတွေအတွက်ဖြစ်တယ်၊ ၆ ဒီမှာ ယေရှု မရှိဘူး၊
သူဟာ သေခြင်းကနေ ရှင်ပြန်ထမြောက်သွားပြီ၊
ဂါလိလဲမှာတုန်းက သူပြောခဲ့တာတွေကို မှတ်မိ
ကြတယ်မဟုတ်လား၊ ယေရှုက လူသားကို ကားတိုင်
ပေါ်မှာသတ်ဖို့ ဆိုးတဲ့သူတွေလက်ထဲအပ်ကြလိမ့်
မယ်၊ နောက်ပြီး သုံးရက်မြောက်တဲ့နေ့မှာ သေခြင်း
က ထမြောက် လိမ့်မယ်လို့ ပြောခဲ့တယ်မဟုတ်
လား"ဟု ဆိုကြ၏။ ၈ ထိုအခါ အမျိုးသမီးများသည်
ယေရှုပြောခဲ့သည်များကို သတိရကြ၏။
၉ အမျိုးသမီးများသည် သင်္ချိုင်းဂူမှ ထွက်လာ
ကြပြီး တမန်တော်တစ်ဆယ့်တစ်ပါးတို့နှင့်အခြား
နောက်လိုက်များထံသွားကြ၏။ ထိုအမျိုးသမီးတို့
က သင်္ချိုင်းတွင်ဖြစ်ပျက်သမျှအားလုံးကို ပြောပြ
ကြ၏။ ၁၀ ဤအမျိုးသမီးတို့မှာ မာဂဒလမာရိ၊ ယော
ဟန္နနှင့်ယာကုပ်၏အမေမာရိတို့ဖြစ်ကြ၏။ ဤအမျိုး
သမီးတို့က ဖြစ်ပျက်သမျှအားလုံးကို တမန်တော်
တို့ အားပြောပြကြ၏။ ၁၁ သို့ရာတွင် တမန်တော်တို့
က အမျိုးသမီးတို့ပြောသည့်အရာများကို မယုံကြ။
သွေးရူးသွေးတန်းပြောကြသည်ဟု ယူဆကြ၏။ ၁၂ သို့
ရာတွင် ပေတရုသည် ဤဖြစ်ရပ်မှန်မမှန် သင်္ချိုင်း
ဂူကိုကြည့်ရန် ပြေးသွား၏။ သူသည် ဂူအတွင်းသို့
ကြည့်လိုက်သောအခါ ယေရှု၏အလောင်းတော်ကို
ပတ်စည်းသောအဝတ်စကိုသာ တွေ့ရ၏။ ထို နေရာ
တွင် ထိုပိတ်စသာရှိ၏။ ယေရှုထွက်သွားလေပြီ။
ပေတရုက ဘာများဖြစ်ခဲ့ပါလိမ့်ဟု အံ့ဩစွာဖြင့်
တစ်ယောက်တည်း ထွက်သွားလေတော့သည်။

**ဧမောက်သို့သွားရာလမ်းပေါ်မှာ**

*(မာ ၁၆:၁၂-၁၃)*

၁၃ ထိုနေ့မှာပင် ယေရှု၏နောက်လိုက် နှစ်
ယောက်သည် ဧမောက်အမည်ရှိသောမြို့သို့ သွား
ကြ၏။ ထိုမြို့သည်ယေရုရှလင်မြို့နှင့် ခုနှစ်မိုင်အကွာ
တွင်ရှိ၏။ ၁၄ သူတို့သည်ဖြစ်ပျက်ခဲ့သောအကြောင်း
အရာတို့ကို ပြောဆိုကြရင်း လျှောက်နေကြ၏။
၁၅ သူတို့သည် ဤအကြောင်းအရာများကို ဆွေးနွေး
နေကြစဉ် ယေရှုသည် သူတို့အနားသို့လာပြီး သူတို့
နှင့် အတူလျှောက်လေ၏။ ၁၆ (သို့ရာတွင် သူတို့
နှစ်ယောက်စလုံး ယေရှုအား မှတ်မိရန်အခွင့်မပေး
ချေ။) ၁၇ ထိုနောက် ယေရှုက "သင်တို့ နှစ်ယောက်
လမ်းသွားရင်းနဲ့ ပြောနေကြတာ ဘာအကြောင်းတွေ
လဲ"ဟု မေးလိုက်၏။

ထိုသူနှစ်ယောက်တို့သည် ရပ်လိုက်ကြ၏။ သူ
တို့၏မျက်နှာကို ကြည့်ရသည်မှာ အလွန်ဝမ်းနည်း
ကြေကွဲနေပုံရ၏။ ကလောဖဟု ခေါ်သောသူက
"မကြာသေးခင်က ဒီမှာဖြစ်ပျက်ခဲ့တာကို မသိတဲ့
သူဆိုလို ယေရုရှလင်မှာ သင် တစ်ယောက်ပဲရှိ
တယ်"ဟု ပြောလိုက်၏။

၁၉ ယေရှုက "သင်တို့ ဘာအကြောင်း တွေကို
ပြောနေတာလဲ"ဟု မေးတော်မူ၏။

ထိုသူက "နာဇရက်မြို့က ယေရှုအကြောင်း
ပေါ့၊ ဘုရားသခင်နဲ့လူတွေအားလုံးက သူ့ကို မြင့်
မြတ်တဲ့ပရောဖက်လို့ အသိအမှတ်ပြုကြတယ်၊ သူ
ပြောခဲ့တာတွေ၊ လုပ်ခဲ့တာတွေမှာ အစွမ်းတန်ခိုး
တွေ အများကြီးပဲ၊ ၂၀ ဒါပေမယ့် ငါတို့ခေါင်းဆောင်
တွေနဲ့ ယဇ်ပုရောဟိတ်တွေက တခြားလူတွေလက်
ထဲအပ်ပြီးသတ်ဖို့စီရင် ခဲ့ကြတယ်၊ သူတို့ဟာယေရှု
ကို ကားတိုင်ပေါ်မှာ သံချောင်းနဲ့ရိုက်ထားလိုက်
ကြတယ်၊ ၂၁ ငါတို့က ယေရှုကို ဣသရေလ*(ဂျူး)*
တွေကို လွတ်မြောက်အောင် လုပ်ပေးမယ့်သူလို့
မျှော်လင့်ထားခဲ့ကြတယ်၊ ဒါပေမယ့် နောက်ဆုံး
တော့ ဒီလိုဖြစ်သွားတော့တာပဲ၊ နောက်ပြီး ပြောဖို့
ကျန်သေးတယ်၊ ယေရှုအသတ်ခံခဲ့ရတာ သုံးရက်
ရှိသွားပြီ၊ ၂၂ ဒါပေမယ့် ဒီကနေ့ အမျိုးသမီးတစ်ချို့
က အံ့ဩစရာတစ်ခုပြော ပြကြတယ်၊ ဒီနေ့မနက်
အစောကြီး သူတို့တွေယေရှုရဲ့အလောင်းတော်ထား
တဲ့ သင်္ချိုင်းကို သွားကြတယ်။ ၂၃ ဒါပေမယ့် အဲဒီမှာ
အလောင်း ကိုမတွေ့ခဲ့ကြဘူးတဲ့၊ ဒါကြောင့် ငါတို့
ဆီလာ ပြီး ကောင်းကင်တမန်နှစ်ပါးကို တွေ့ခဲ့တဲ့
အကြောင်းနဲ့ ကောင်းကင်တမန်က ယေရှု အသက်
ရှင်နေတယ်လို့ ပြောတဲ့ကြောင်းကို ပြောပြကြတယ်၊
ဒါကြောင့် ငါတို့အထဲကတစ်ချို့ဟာ သင်္ချိုင်းကို
လိုက်သွားပြီး ကြည့်ကြတယ်၊ အဲဒီအမျိုးသမီးတွေ
ပြောတဲ့အတိုင်း သင်္ချိုင်း ဂူထဲမှာ ဘာမှမရှိတော့
ဘူး၊ ငါတို့ လိုက်ရှာကြည့်ကြသေးတယ်၊ သူ့*(ယေရှု)*

ကို တစ်ယောက် မှ ရှာမတွေ့ ခဲ့ကြဘူး''ဟု ပြောပြ၏။
၂၅ ထိုနောက် ယေရှုက ထိုသူနှစ်ဦးတို့အား
''သင်တို့ဟာ မိုက်မဲတဲ့သူတွေဖြစ်ပြီး၊ ဘယ်ဟာ
အမှန် လည်းဆိုတာ သဘောပေါက်ဖို့ သိပ်နှေးကြ
တယ်၊ ပရောဖက်ပြောထားတာ မှန်သမျှကို သင်
တို့ယုံသင့်တယ်၊ ပရောဖက်တွေက ယေရှုဟာ
ဘုန်းတန်ခိုးမရခင်အချိန်မှာ ဒီလိုမျိုးခံစားရမယ်
လို့ ပြောထားကြတယ် မဟုတ်လား''ဟု ပြောပြတော်
မူ၏။ ၂၇ ထို့နောက် ယေရှုက သူ့အကြောင်းနှင့်ပတ်
သက်၍ ကျမ်းစာထဲ၌ ရေးသားခဲ့သမျှအလုံးစုံကို
စတင်ရှင်းပြတော်မူ၏။ ထိုသို့ရှင်းပြရာတွင် မောရှေ
၏ကျမ်းစာအုပ်များမှ စတင်ရှင်းပြခြင်းဖြစ်၏။ ထို့
နောက် ယေရှုက မိမိအကြောင်း ပရောဖက်များ
က မည်သို့ပြောခဲ့ကြကြောင်းကို ပြောပြတော်မူ၏။
၂၈ ယေရှုနှင့် ထိုသူနှစ်ဦးတို့သည် ဧမောက်
မြို့အနီးသို့ ရောက်လာကြသောအခါ ယေရှုက ထိုမြို့
တွင် ရပ်နားရန် အစီအစဉ်မရှိသည့် အမူအရာကို
ပြ၏။ သို့ရာတွင် သူတို့က ယေရှုအား နေစေချင်ကြ
၏။ သူတို့က ''ကျွန်တော်တို့နဲ့ အတူလိုက်ခဲ့ပါ၊
အချိန်လည်း တော်တော်လင့်နေပြီ၊ မိုးလည်းချုပ်
တော့မယ်''ဟု တောင်းပန်ပြောဆိုကြရာ၊ ယေရှု
သည် သူတို့ နှစ်ယောက်နှင့်အတူ လိုက်သွားတော်
မူ၏။

၃၀ ယေရှုသည် ထိုသူတို့နှင့်အတူ စားသောက်
ရန်အသင့်ဖြစ်နေချိန်တွင် ပေါင်မုန့်အချို့ကို ယူ
လိုက်၏။ ယေရှုက အစာအတွက် ကျေးဇူးတော်ကို
ချီးမွမ်းပြီး မုန့်ကိုဖဲ့ကာ သူတို့အား ဝေပေးလိုက်၏။
၃၁ ထိုအချိန်တွင် သူတို့နှစ်ယောက်အား ပြန်လည်
မှတ်မိစေရန် ခွင့်ပြုလိုက်၏။ သို့ရာတွင် ယေရှုဖြစ်
ကြောင်းသိလိုက်ကြသောအချိန်တွင် ယေရှုပျောက်
ကွယ်သွားလေ၏။ ၃၂ သူတို့နှစ်ယောက်သည်အချင်း
ချင်း''လမ်းပေါ်မှာတုန်းက ယေရှုက ငါတို့ကိုစကား
ပြောတဲ့အခါ ငါတို့ကိုယ်အထဲမှာ မီးနဲ့အမြိုက်ခံရ
သလို တရှိန်းရှိန်းခံစားခဲ့ရတယ်၊ ကျမ်းစာရဲ့မှန်ကန်
တဲ့အဓိပ္ပာယ်ကို ရှင်းပြတုန်းကလည်း စိတ်လှုပ်ရှား
ခဲ့တယ်''ဟု ပြောကြ၏။

၃၃ ထို့နောက် သူတို့နှစ်ယောက်သည် ထကာ
ယေရုရှလင်မြို့သို့ ပြန်သွားကြ၏။ သူတို့သည် ယေ
ရုရှလင်မြို့တွင် ယေရှု၏နောက်လိုက်များ ဆွေးနွေး
တိုင်ပင်နေကြသည်ကို တွေ့ကြ၏။ တမန်တော်
တစ်ဆယ့်တစ်ပါးတို့နှင့်အတူ သူတို့ပြောဆိုကြရာ
တွင် သူတို့က၊ ၃၄ ''အရှင် (*ယေရှု*) တကယ်ပဲ သေ
ခြင်းကနေ ထမြောက်ပြီ၊ သူ့ကိုယ်ကိုရှိမုန် (*ပေတရု*)
ကို ထင်ရှားပြခဲ့တယ်''ဟု ပြောကြ၏။
၃၅ ထို့နောက် ထိုလူနှစ်ယောက်တို့ကလည်း
လမ်းပေါ်တွင်ဖြစ်ခဲ့သောအကြောင်းအရာတို့ကို
ပြောပြကြ၏။ သူတို့အနေနှင့် တလမ်းလုံး ယေရှု
ဖြစ်မှန်းမသိကြဘဲ မုန့်ကို ဖဲ့ပြီးဝေပေးသည့်အခါ
ကျမှ ယေရှုဖြစ်မှန်းသိရကြောင်း ပြောပြလေ၏။

## ယေရှု သူ့နောက်လိုက်များ၌ထင်ရှားပြခြင်း

*(မ ၂၈း၁၆-၂၀၊ မာ ၁၆း၁၄-၁၈၊ ယော ၂၀း၁၉-၂၃၊ တ
၁း၆-၈)*

၃၆ ထိုဖြစ်ရပ်များကို ထိုသူနှစ်ယောက်ပြောနေ
စဉ်တွင် ယေရှုကိုယ်တိုင် နောက်လိုက်များ အလယ်
တွင် ရပ်နေ၏။ ယေရှုက သူတို့အား''သင်တို့မှာ
ငြိမ်သက်ခြင်းရှိပါစေ''ဟု ပြောတော်မူလိုက်၏။
၃၇ ဤဖြစ်ရပ်က နောက်လိုက်တို့အား အံ့ဩ
သွားစေ၏။ သူတို့ကြောက်ရွံ့လာကြ၏။ သူတို့အနေ
နှင့် တစ္ဆေကို မြင်နေကြသည်ဟု ထင်ကြသော
ကြောင့်ဖြစ်၏။ ၃၈ သို့သော် ယေရှုက ''ဘာကြောင့်
ဒုက္ခဖြစ်နေကြရတာလဲ၊ သင်တို့ မြင်နေရတာကို
တောင် ဘာလို့သံသယ ဖြစ်နေကြတာလဲ၊ ၃၉ ငါ့ရဲ့
လက်နဲ့ခြေကို ကြည့်ကြပါ၊ ငါအစစ်ပါ၊ ကိုင်ကြည့်၊
ငါ့ရဲ့ကိုယ်က သက်ရှိထင်ရှားနေတာကို သင်တို့
တွေ့ကြလိမ့်မယ်၊ တစ္ဆေမှာ ဒီလိုရုပ်ခန္ဓာမရှိဘူး''
ဟု ပြောတော်မူ၏။

၄၀ ယေရှုက ထိုသို့ပြောပြီးနောက် သူ၏ ခြေ
လက်တို့မှာ သံရိုက်ရာအပေါက်များကိုပြလိုက်၏။
၄၁ နောက်လိုက်တို့သည် အလွန်အံ့ဩသွားကြပြီး
ယေရှုအသက်ရှင်နေသည်ကို တွေ့ကြရသောအခါ
အတိုင်းထက်အလွန် ဝမ်းသာသွားကြ၏။ သို့တိုင်
အောင် အပြည့်အဝမယုံ ကြည်နိုင်ကြသေး။ ယေရှု
က သူတို့အား ''သင်တို့မှာ ဘာစားစရာရှိသလဲ''ဟု
မေးတော်မူရာ၊ ၄၂ သူတို့က ချက်ထားသောငါးတစ်
ဖဲ့ကို ပေးလိုက်ကြ၏။ ၄၃ နောက်လိုက်များကြည့်
နေစဉ်မှာပင် ယေရှုက ငါးကို ယူ၍ စားတော်မူ၏။

၄၄ ယေရှုက သူတို့အား''အရင်က ငါ သင်တို့
နဲ့အတူရှိခဲ့တာကို မှတ်မိကြသေးလား၊ မောရှေရဲ့
ပညတ်တရားတွေ၊ ပရောဖက်တွေရဲ့စာအုပ်တွေ
နဲ့ ဆာလံကျမ်းတွေမှာ ငါ့မှာဖြစ်လာမယ့်အကြောင်း
တွေ ရေးထားတယ်လို့ ငါပြောခဲ့တာတွေကို မှတ်
မိကြသေးလား''ဟု မေးတော်မူ၏။

၄၅ ထို့နောက် ယေရှုသည် ကျမ်းစာပါ မိမိ
နှင့်ပတ်သက်သည့် အကြောင်းအရာများနှင့်ပတ်

သက်၍ နောက်လိုက်များနားလည်လာအောင် ရှင်း
ပြတော်မူ၏။ ၄၆ ယေရှုက သူတို့အား “ခရစ်တော်
အသတ်ခံရမယ်၊ ပြီးတော့ သုံးရက်မြောက်နေ့မှာ
ရှင်ပြန်ထမြောက်မယ်ဆိုတာ ကျမ်းစာထဲမှာ ရေး
ထားပြီးသားဖြစ်တယ်၊ ၄၇-၄၈ ဒါတွေဖြစ်ရပ်တွေကို
သင်တို့မြင်ခဲ့ကြတယ်မဟုတ်လား၊ သင်တို့ဟာ
မျက်မြင်သက်သေတွေဖြစ်ကြတယ်၊ သင်တို့ လူ
တွေဆီသွားပြီး သူတို့ရဲ့အပြစ်တွေကို ခွင့်လွှတ်နိုင်
ပြီဆိုတာ ပြောပြကြပါ၊ သူတို့ရဲ့အပြစ်တွေအတွက်
ဝမ်းနည်းဖို့နဲ့ စိတ်နှလုံးပြောင်းလဲဖို့ ပြောပြကြပါ၊
တကယ်လို့ သူတို့တွေလုပ်ကြရင် ဘုရားသခင်က
ခွင့်လွှတ်လိမ့်မယ်၊ သင်တို့ဟာ ငါ့နာမည်ကို အသုံး
ပြုပြီး ယေရုရှလင်မြို့ကစပြီး ဒီအကြောင်းအရာတွေ
ကို ပြောပြရမယ်၊ ဒီသတင်းကောင်းကို ကမ္ဘာတစ်
ဝန်းမှာရှိတဲ့လူတွေကို ပြောပြကြရမယ်၊ နားထောင်
ကြပါ၊ ငါ့အဖက သင်တို့အတွက် တစ်စုံတစ်ခု
ကတိပေးခဲ့တယ်၊ အဲဒါကို ငါသင်တို့ဆီ ပို့လိုက်
မယ်၊ ဒါပေမယ့် ကောင်းကင်က တန်ခိုးကိုသင်တို့
မရမချင်း ယေရုရှလင်မြို့မှာပဲ နေကြရမယ်”ဟု
မိန့်တော်မူ၏။

**ယေရှု ကောင်းကင်ဘုံသို့ပြန်သွားခြင်း**

*(မာ ၁၆း၁၉-၂၀၊ တ ၁း၉-၁၁)*

၅၀ ယေရှုသည် သူ့နောက်လိုက်တို့အား ယေရု
ရှလင်မြို့ပြင်သို့ ဦးဆောင်ခေါ်သွားပြီး ဗေသနိမြို့
အနီးသို့ ရောက်သောအခါ ယေရှုက လက်နှစ်ဘက်
ကို မြှောက်ပြီး နောက်လိုက်တို့အား ကောင်းချီး
ပေးတော်မူ၏။ ၅၁ ထိုသို့ ယေရှု ကောင်းချီးပေးနေ
စဉ် ယေရှုသည် သူတို့အနီးမှခွါပြီး ကောင်းကင်သို့
သယ်ဆောင်ခြင်းကို ခံတော်မူ၏။ ၅၂ နောက်လိုက်
တို့က ထိုနေရာတွင် ယေရှုအား ဝတ်ပြုကိုးကွယ်
ကြ၏။ ထို့နောက် သူတို့သည် မြို့ထဲသို့ ပြန်လာခဲ့
ကြ၏။ သူတို့သည် အလွန်ဝမ်းမြောက်ပျော်ရွှင်ကြ
၏။ ၅၃ သူတို့သည် ဗိမာန်တော်တွင် နေကြပြီး အချိန်
ပြည့် ဘုရားသခင်အား ချီးမွမ်းနေကြတော့သည်။

ရှင်လုကာခရစ်ဝင်ကျမ်းပြီး၏။